www.burmeseclassic.com

# ကျား

ပန်းခူးသူဆူးစူးပါစေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ပန်းခူးသူဆူးရှုးပါစေ

စာမူခွင့်ပြုချက်အမှတ် - ၉၅၇/၂၀၀၁ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၅/၂၀၀၁ (၈)
၂၀၀၁ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀ိ/

ထုတ်ဝေသူ. . . ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ
အမှတ် ၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ. . . ဦးကျော်လှိုင် (စေတနာ-OFFEST) ၅၅၇၇
အမှတ် (၃၉)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

မောင်ကျော်လှိုင်
စီစဉ်သည်

# ရှား

## ပန်းခူးသူ ဆူးရှုးပါစေ. .



စေတနာစာပေ
၃၉ – ၁၉လမ်း၊ လသာမြို့နယ်။
ရန်ကုန်မြို့။ ဖုန်း၂၂၃၇၆၅

www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူ့သဘောထား

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ရှေးရှုဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်**

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား
ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား
ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်
ချေမှုန်းကြ

❋ ❋ ❋ ❋ ❋

အပိုင်း ( ၁ )

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com







'မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား' ဟူသော စာတန်းကို ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှာ မြင့်လိုက်ရတော့ ရင်ထဲမှာ ထိတ်ခနဲ ခုန်ပြီး ခြေထောက်တွေ နည်းနည်းလှုပ်ရှားသွားမိသည်ထင်၏။ သို့ပေမယ့် ပြတင်းပေါက်ဆီမှ မခွာလိုသေးပါ။ ပြတင်းအပြင်ဘက်ဆီက မြင်ကွင်းသည် အောင်ထက်ကို ကောင်းစွာဆွဲဆောင်နိုင်ဆဲပင် ဖြစ်ပါသည်။ ပြတင်းအပြင်ဘက် ခြံစည်းရိုးရှေ့က လမ်းကလေးသည် မီးရောင်နှင့် နှင်းမှုန်များအောက်မှာ ပျောက်ကွယ်လုမတတ် ခပ်ငေးငေးဝါးဝါးသာ ထင်နေ၏။ ပြတင်းပေါက်ကလေးနှင့်ကပ်လျက် အိမ်

www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းက ချယ်ရီပင်ပျိုမှာတော့ ချယ်ရီပန်းပွင့်တွေ ဆုပ်ခဲလျက် ပန်းရောင်ဖျော့ဖျော့နှင့် ဖြူဖတ်ဖတ် နှင်းပွင့်တွေ ရောယှက်လျက် အိမ်အတွင်းက လျှံကျနေသော မီးအလင်းရောင်အောက်မှာ တလျှပ်လျှပ်တောက်ပနေခဲ့လေသည်။ လမ်းမီးရောင် ဖြာကျနေသည့် အလင်းတန်းအောက်မှာ ဝေ့ဝဲနေသော နှင်းမှုန်များသည် အောင်ထက်ဟူသော လူငယ်က လူသားတစ်ယောက်အတွက်တော့ မမေ့နိုင်စရာ အမှတ်သညာတစ်ခုဖြစ်၏။ ပျံ့ဆွတ်ကြေကွဲဖွယ် ပုံပြင်ဟောင်းတစ်ခုကိုလည်း သူတို့က ပြောပြနိုင်လိမ့်မည်။ သည်ပြတင်းပေါက်ကနေပြီး သည်မြင်ကွင်းကို နှင်းပွင့်တွေကို စောင့်ကြည့်ခဲ့တာ ရက်ပေါင်းအတော်ကြာခဲ့ပြီ။

ညစဉ်မြင်နေကျပေမယ့် နှင်းငွေ့တွေထဲက စကားသံများစွာကို ကြားနေရဆဲပင်ဖြစ်သည်။ ချယ်ရီပင်ကလေးဆီက တီးတိုးသီချင်းညည်းသံကိုလည်း ကြားရသည် ထင်ဆဲပင်။ သည်တော့ သည်ပြတင်းကို ဖွင့်ပြီး နှင်းပွင့်တွေကို ညတိုင်း စောင့်ကြည့်မိသည်။ ရံဖန်ရံခါမှာ နှင်းတွေဝေ့ဝဲသော လမ်းကလေးပေါ် လျှောက်လာသည့် ခပ်ဖွဖွ ခြေသံကိုပင် သူ ကြားရ၏။ ချယ်ရီပွင့်တွေ မြေပြင်ပေါ် ဝေ့ခနဲ ကြွေကျသည့်အခါမှာလည်း အနားမှာ တစ်စုံတစ်ယောက် လွင့်ပါးရောက်ရှိလာသလို သူထင်သည်။

ဟောသည် အိမ်ကလေးထဲ ရက်ပေါင်းများစွာ နေ



သားကျခဲ့ပြီဆိုပေမယ့် သူတစ်ယောက်တည်းတော့ မဟုတ်ခဲ့။

လူတစ်ယောက်ဟာ ဘယ်လောက်ကြာကြာ အထီးကျန်နေနိုင်မှာလဲ. . .။

ဟော. . . ဟိုက စားပွဲပုလေးပေါ်မှာ နီညိုညိုအရည်များနှင့်ပုလင်းတစ်လုံးရှိသည်။ ဖန်ခွက်ထဲမှာ သောက်လက်စအရက်တစ်ပိုင်းတစ်စ ရှိသည်။ ဆေးလိပ်ခွက်နှင့် စားပွဲမျက်နှာပြင်ပေါ်မှာ ပြန့်ကျဲနေသည့် စီးကရက်အတိုအစတွေရှိသည်။ သားရေဖုံးအိတ်နှင့်တွဲလျက် ကင်မရာတစ်လုံးလည်း စားပွဲစွန်းနားမှာရှိနေသေးသည်။ ပြီးတော့ အင်္ကျီ၊ ပုဆိုးတွေဖြစ်သလိုပစ်တင်ထားသော တစ်ယောက်အိပ်ခုတင်တစ်လုံး. . .၊ ဖရိုဖရဲပစ်စလက်ခတ်ဖြစ်နေသည့် ခြင်ထောင်၊ မွေ့ရာ. . .၊ သည့်ထက်ပိုပြီး အောင်ထက်အတွက် အဖော်ဖြစ်နိုင်သည်က အခန်းထောင့်မှာ အဆက်မပြတ် အသံထွက်နေ သည့် ရုပ်မြင်သံကြား။

ပြတင်းပေါက်မှာရပ်လျက်ပင် ရုပ်မြင်သံကြားဆီလှမ်းကြည့်မိသည်။ ရင်းနှီးနေသည့်၊ ရယ်ပြုံးနေသည့်မျက်နှာများစွာထဲ တစ်စုံတစ်ယောက်ကို မသိစိတ်က ရှာမိပြန်၏။

လူအများ တပ်မက်လိုချင်ဆဲ အနုပညာသမားတစ်ယောက်ဘဝ။

မဟုတ်သေးဘူး. . .

အောင်မြင်ကျော်ကြားသည့် အနုပညာသမားတစ်ယောက်ဖြစ်လာဖို့ ဘယ်လိုအရည်အချင်းမျိုးတွေကို ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



မွေးမြူရမည်လဲ။

မချိုတင်ကဲ ပြုံးမိရင်း တစ်ယောက်တည်း ခေါင်းယမ်းပစ်လိုက်မိသည်။ ဆောင်းည၏ အေးစိမ့်နေသော လေပြည်သည် သူ့ကို ခန္ဓာကိုယ်အတွင်းထဲအထိ တုန်ခိုက်စေ၏။ သို့ပေမယ့် ပြတင်းကို ပိတ်ပစ်ဖို့ စိတ်မကူးမိ။ ရုပ်မြင်သံကြားရှေ့မှာ ထိုင်ချင်သည်။ သည်နေ့ကို အောင်ထက် အကြာကြီး စောင့်ခဲ့ရသည် မဟုတ်လား။

သို့ပေမယ့် ရုပ်မြင်သံကြားမှာ မြင်ရသည့် စိတ်လှုပ်ရှားမှုအပြည့်၊ မျှော်လင့်ချက်အပြည့်နှင့် မျက်နှာများကို သူ မြင်လိုသည်မဟုတ်။ ထို့ကြောင့်လည်း ပြတင်းမှာသာ ရပ်မြဲ ရပ်မိသည်။ လမ်းပေါ်လျှောက်သွားသော လူငယ်လေးတစ်စုထံက ဂစ်တာသံနှင့် သီချင်းသံကိုပါ ကြားရသည်။ ဂီတသံသည် ခဏသာ နီးကပ်လာပြီး တဖြည်းဖြည်း ဝေး၍ ဝေး၍ ပျောက်ကွယ်သွား၏။ စက်ဘီးတစ်စီး၊ နှစ်စီး ဖြတ်သွားသည်ကို ခပ်ဝါးဝါး မြင်ရပြီး မော်တော်ဆိုင်ကယ်စက်သံကိုလည်း ရံဖန်ရံခါ ကြားရသည်။

ကောင်းကင်ကို မော့ကြည့်လျှင်တော့ ကြယ်များဖြင့် ပြည့်နှက်နေသော ကောင်းကင်သည် စိတ်ဒဏ်ရာတွေကို တစ်မုဟုတ်ချင်း လျော့ပါးသက်သာစေသည်ဟု ထင်ချင်စရာပင်။ အဲသည် ကောင်းကင်ကြီးအောက်မှာ အရာရာသည် မှုန်ဝါးသေးငယ်လျက် အစက်အပြောက်ကလေးမျှပင် အရာမထင်



တတ်ပေဘူး မဟုတ်လား။ သို့ပေမယ့် အနုပညာသမားတစ်ယောက်၏ ဖန်ဆင်းနိုင်မှုဆိုတာကတော့ ဟောသည် ကောင်းကင်ကြီးထက် ပိုလို့ ကျယ်ပြန့်နိုင်သည်မဟုတ်လား။ ပြီးတော့ အနုပညာသမားတစ်ယောက်၏ နှလုံးသားကရော. . . ဟောဟိုက ချယ်ရီပွင့်ဖတ်တွေထက် ပိုလို့ပင် နူးညံ့နိုင်သေးသည် မဟုတ်လား။

သူ့မျက်လုံးတွေက ကောင်းကင်ဆီကနေ ရွေ့လျားသွားပြန်သည်။ တီဗီဖန်သားပြင်ပေါ်မှာ အပြုံးတွေကို သူ မြင်ရသည်။ ပြုံးနေသည့်မျက်လုံးတွေထဲက စိတ်လှုပ်ရှားမှုကိုပါ မြင်ရသည်။ သဇင်ပန်းတွေ၊ သစ်ခွပန်းတွေ၊ ကျောက်မျက်ရတနာတွေ၊ ပုံစံကျနသပ်ရပ်စွာ ဖြီးသင်ထားသည့် ဆံပင်တွေ၊ တိုက်ပုံအင်္ကျီနှင့် ပိုးယောပုဆိုးအရောင်လက်လက်တွေ၊ ကင်မရာမီးရောင်တွေက ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်. . .။

လက်ဆွဲနှုတ်ဆက်နေသည့် ပုံရိပ်တွေ. . .။

တစ်ချိန်က လျှမ်းလျှမ်းတောက် လင်းလက်ခဲ့သည့် အနုပညာကြယ်ပွင့်တွေ. . .။

ခုချိန်မှာ အစွမ်းကုန်တောက်ပဆဲ ကြယ်ပွင့်လေးတွေ. . .။

ခပ်ဝေးဝေး မထင်မရှားပေမယ့် သေးငယ်လျက် အရောင်တောက်ပဆဲ. . .။

ကြယ်ကို ကိုင်မြှောက်ထားသည့် နတ်သမီး၏ ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ခန်းနားလှသည့် အရှိန်အဝါ. . .။

ဂီတသမားတွေ၊ သီချင်းရေးဆရာတွေ၊ ကင်မရာမင်း(န်)တွေ၊ စီစဉ်ညွှန်ကြားသူတွေ၊ ရုပ်ရှင်ထုတ်လုပ်သူတွေ အဲသည်အထဲမှာ ဟိုးအရင်နှစ်တွေက သူ့အရိပ်ကို သူ ပြန်မြင်ရသည်။ ‘အောင်ကြီး’ဟု ချစ်စနိုးခေါ်ကြသည့် ရုပ်ရှင် ဒါရိုက်တာ အောင်ထက်။

ဆံပင်တိုတို၊ မျက်နှာရှည်သွယ်သွယ်၊ နားရွက်ကားကားနှင့် တိုက်ပုံအင်္ကျီဝတ်လိုက်လျှင် ကလန်ကလားအရုပ်ကြောင့် ‘သစ်ကုလားအုပ်’နှင့် တူလှသည်ဟု အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်တွေက ထင်သာမြင်သာအောင် တင်စားနိုင်းနှိုင်းကြသည့်အတိုင်းပင် မီးရောင်တွေအောက်မှာ သစ်ကုလားအုပ်လိုသူ့ကို ထင်းခနဲ မြင်နိုင်ခဲ့သည်။ သည်တုန်းက သူတို့အပြုံးတွေဟာ အားလုံးတစ်တန်းတစ်စားတည်းပါပဲ။

ခုတော့. . . အားလုံး မီးရောင်အောက်မှာ. . .။

သူတစ်ယောက်တည်း နှင်းမှုန်တွေထဲ. . .။

သူ ဘာလုပ်နေတာပါလိမ့်။

တစ်ယောက်ယောက်ကို ပုန်းရှောင်နေတာများလား။

စင်မြင့်ပေါ်မှာ နာမည်ကျော် ဂီတသမားတွေက ပရိသတ်ကို ဖြေဖျော်နေကြသည်။ သူ့လုပ်ဖော်ကိုင်ဖက်တွေ အဖွဲ့သားတွေကို ကင်မရာအဝေ့မှာ ဖျတ်ခနဲ မြင်သည်။ သူ မျှော်လင့်နေမိသည့် မျက်နှာတစ်ခုသည် ရောင်စုံမျက်နှာတွေကြား



ထဲမှာ မထင်မရှားပင် ရှိနေသေးသည်။

ပန်းနုရောင်လေးလား. . .။

အစိမ်းဖျော့လေးလား. . .။

မိုးပြာရောင်လေးလား. . .။

ပြတင်းက ခွာခဲ့ပြီး ခုတင်ဘေးမှာ ပက်လက်ကုလားထိုင်လေးဖြန့်ပြီး ထိုင်မိသည်။ ပြတင်းအပြင်က ချယ်ရီပွင့်တွေကြွေနေသည့် ဆောင်းညကို မေ့လျော့သွားပြန်သည်။ ရုပ်မြင်သံကြားမှာ သက်ဝင်လှုပ်ရှားနေသည့် ချယ်ရီပွင့်ကလေးသည် မကြာခင်မှာပဲ ချစ်စရာအပြုံးကလေးနှင့်အတူ သူ့မြင်ကွင်းထဲရောက်လာခဲ့တော့သည်။

“ချယ်. . .”

ညည်းညူသံလိုလို ခပ်တိမ်တိမ် ရေရွတ်သံတစ်ခုက အိပ်ခန်းငယ်အတွင်းမှာ ပျံ့လွင့်သွားခဲ့သည်။ ကင်မရာရှေ့မှာ အနီးကပ်ဆုံးရောက်လာသည့် ချယ်ရီရောင်လိုလို ပန်းဖျော့ရောင်လိုလို ဇာဝတ်စုံကလေးနှင့် နုနယ်လှပသည့် မင်းသမီးငယ်လေးသည် သည်နေ့သည်ရက်မှာ သည်လိုမြင်ရဖို့ အောင်ထက် မျှော်လင့်နေမိသည့် ချယ်ရီပင်ဖြစ်သည်။

ကြည့်စမ်း. . .။

အပြုံးလေးတွေကအစ နုနယ်သန့်စင်လိုက်တာ။

အဲသည်လို သန့်စင်မှုတွေကို အရှောင်ဆုံးခံရတာဝမ်းနည်းစရာ မကောင်းဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်နေသည့် သူ့မျက်ဝန်းတွေထဲ ချက်ချင်း မှုန်မှိုင်းရီဝေလာခဲ့ပြီး သူ့လက်ချောင်းတွေက အလိုလို အရက် ဖန်ခွက်ရှိရာသို့ ရောက်သွားခဲ့သည်။ ပန်းရောင်ကောင်မလေး သည် ဖန်သားပြင်ပေါ်က ပျောက်ကွယ်သွားပြန်သည်။ မျက်လွှာတွေ ပိတ်ထားလိုက်စဉ်မှာပင် နုနယ်လန်းဆန်းသည့် အပြုံး ရိပ်သည် သူ့အာရုံထဲဖျောက်မရအောင် စွဲမြဲထင်ဟပ်နေ၏။

သည်ကနေ့ညသည် သူမရဲ့ည ဖြစ်ရမည်။

ချယ်ရီဆိုသည့် အနုပညာရှင် တစ်ယောက်၏ ညဖြစ် ရမည်။

(လေးလေးအောင်မရှိဘဲ ချယ်ရီဆိုတာ ဘယ်ဖြစ်လာ မှာလဲ။)

မဟုတ်ဘူး...

မဟုတ်ပါဘူး ကလေးရယ်...။

အောင်ထက်ဆိုတာ မင်းအတွက် လှေကားတစ်ထစ် ပါ။ ဒီလို လှေကားထစ်တွေကို နင်းပြီး မင်း ရှေ့ဆက်တက်ရ လိမ့်ဦးမယ်။ တက်ခဲ့တဲ့ လှေကားထစ်တွေကို ပြန်ငုံ့ကြည့်မနေ ပါနဲ့တော့။

သူ ရင်းနှီးကျွမ်းဝင်ရာ ပတ်ဝန်းကျင်၊ သူ ခင်တွယ် လှသည့် ကမ္ဘာငယ်လေးနှင့် သူ ရှင်သန်နေထိုင်ရာ လောကကို ကျောခိုင်းပြီး သည်နေရာမှာ သူ ဘာကြောင့်တစ်ယောက်တည်း ရှိနေရသည်ဆိုသည့် အဖြေကို ရှာတွေ့လျှင်တော့ အောင်ထက်



စိတ်သက်သာရာရသည်။

ပေးဆပ်ခြင်းဆိုတာ အောင်ထက်အတွက် အဆန်း တကြယ် မဟုတ်တော့ပါ။ အနုပညာကို မြတ်နိုးမိသော သူသည် သူ့ရှိသမျှ ပေးဆပ်ဖို့အတွက် ဝန်မလေးဘဲ သူ ဖန်တီးရသည့် အနုပညာကို ကျေနပ်နေနိုင်သည်ပင်။

"အကယ်ဒမီရဖို့ မျှော်လင့်ထားသလားဟင်"

ဟော...မိုက်ကရိုဖုန်းတစ်ခုရှေ့မှာ...။

"မမျှော်လင့်ပါဘူး"

"ပန်းကြွေညမှာ ခင်နှင်းအဖြစ် သရုပ်ဆောင်တာ သိပ်ပီပြင်တယ်လို့ နာမည်ကြီးတယ်နော်၊ အဲဒီမှာ အကယ်ဒမီဆု ချိတ်နိုင်မယ်လို့ မထင်ဘူးလား"

သည်လိုမေးခွန်းတွေ မလွဲမသွေ ကြုံရမှာပဲ။ သူမ ကြို တင်ပြင်ဆင်ထားပြီးသားထင်သည်။ ချယ်ဟာ 'ပန်းတစ်ပွင့် မဟုတ်ဘူးလို့ သူမ မလိုလားနိုင်စွာ ပြောခဲ့တာကို သတိရသည်။ ဒါပေမဲ့ မင်းဟာ သဘာဝတရားတွေကိုလည်း မလွန်ဆန်နိုင်ပါ ဘူး ကလေးရယ်။ မင်း မျှော်လင့်တတ်ရမယ်...။

ရင်ခုန်တတ်ရမယ်...။

"ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပြီး သရုပ် ဆောင်ထားပါတယ်၊ ဆု ချိတ်မချိတ်ဆိုတာကတော့ ကျွန်မ တာဝန်မဟုတ်ဘူးလေ"

ပန်းရောင်အရိပ်ကလေး ဖြတ်ခနဲ ကွယ်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမောပန်းနွမ်းလျစွာ ရင်ခုန်လာသည်။ ရင်ဘတ်ထဲ ဆို့ကျပ်လာတာ ဘာတွေပါလိမ့်။ ဖန်ခွက်ကို နှုတ်ခမ်းအနားမှာ တေ့ပြီး တစ်ရှိန်ထိုး မော့ချပစ်လိုက်သည်။ စီးကရက်အသစ်တစ်လိပ်ပြီး တစ်လိပ် မီးညှိဖွာသည်။ စီးကရက်မီးခိုးငွေ့များ မြင့်တက်လွင့်မျောသွားပြီး ပြတင်းပေါက်ဆီ ဦးတည်ပျောက်ကွယ်သွားသည်ကို ငေးမောရင်း သူ့စိတ်တွေလည်း မီးခိုးငွေ့များလို ဦးတည်ရာမဲ့ မျောလွင့်သွားပြန်၏။ လက်ဖျားတွေက အေးစက်နေခဲ့ပြီး တဆစ်ဆစ် ကိုက်ခဲနေသည်။ မီးလင်းဖိုတစ်ခုရှိမနေသော အိမ်ကလေးအတွင်းမှာ သူသည် မိုက်မဲလှစွာပင် အနွေးဓာတ်ကို မျှော်လင့်နေမိသေး၏။ သူ့ဘဝ သူ့ရှင်သန်ရာသည် အနုပညာဖြစ်သည်။ အဲသည်အနုပညာအတွက်သာ သူ့အသက်ရှင်နေခြင်းဖြစ်သည်။

သို့ပေမဲ့...။

မီးလင်းဖိုတစ်ခုတော့ သူ့အတွက် လိုအပ်နေပါသည်။ အေးခဲနေသည့် သူ့လက်ဖဝါးတွေကို နွေးထွေးစေဖို့...။

ပြီးတော့... သူ့ နှလုံးသားကို အနွေးဓာတ် ပေးဖို့...။



ချယ်ရီဟူသော နုနယ်ပွင့်လင်းသည့် ချစ်စဖွယ်ကောင်မလေးကို နှင်းဆီပွင့်များနှင့် လွှမ်းသော၊ နှင်းဆီရနံ့များ သင်းထုံနေသော အသုဘအခမ်းအနားတစ်ခုမှာ စတင်မြင်တွေ့ခဲ့ရသည့် အချိန်ကစပြီး ချယ်ရီ ပွင့်ဖတ်လေးလို နူးညံ့ပြီး အဆိပ်အတောက်ကင်းမဲ့လှသည်။ သူမကို အောင်မြင်သည့် သရုပ်ဆောင်တစ်ယောက်ဖြစ်လာစေချင်သည့်ဆန္ဒ သူ့မှာ အခိုင်အမာရှိခဲ့ပါသည်။ သူမသည် သူမ၏ မိခင် မမနှင်းလိုပင် မျက်နှာခပ်ပါးပါးနှင့် စိတ်ထဲခံစားရသမျှ ပရိသတ်တွေ အကုန်သိရမြင်ရလေအောင် ဖွင့်ဟ ခံစားပြနိုင်မည့် ပါရမီရှင်မျိုးဆိုတာကို သူ နားလည်ရသည်။ သို့ပေမဲ့ ဝမ်းနည်းစရာကောင်းသည်က သူမသည် နာမည်ကျော်ကြားလှသည့် ရုပ်ရှင်မင်းသားတစ်ဦး၏ အစွန့်ပစ်ခံ သမီး ဖြစ်နေခဲ့ခြင်းပင်။

မမနှင်းမှာ သမီးတစ်ယောက်ရှိနေသည်ဆိုတာသည် အတွက် အံ့ဩစရာ သတင်းတစ်ခုမဟုတ်တော့ပါ။ ယင်းသည့် ပတ်သက်သမျှ ဘယ်လိုသတင်းမျိုးကမှ အောင်[illegible]ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မှ ပေးနိုင်လိမ့်မည်မဟုတ်ပါ။ သည်လိုတွေးထင်ခဲ့တာတောင် မမနှင်းဆုံးပြီဆိုတော့ အောင်ထက်သည် စကားမပြောနိုင်၊ အသက်မရှူနိုင်ပဲ မှင်သက်ခဲ့ရသေးသည်။ ပြီးတော့ နှလုံးသား က နာကျင်ကြေကွဲခဲ့ရသည်ဆိုတာကို မငြင်းဆန်နိုင်ပါ။ မမနှင်း က အောင်ထက်အတွက် ဝေဒနာများကိုသာ ပေးတတ်လေ သည်ထင်ရဲ့။

မမနှင်း၏ နောက်ဆုံးခရီးသည် သေဆုံးပြီး ဝိညာဉ် တစ်ခုအတွက်ဆိုလျှင်တောင်မှ အင်မတန် ကျေနပ်ဖွယ်ကောင်း လှပါလိမ့်မည်။ နှင်းဆီပွင့်တွေ ခင်းထားသည့် ပန်းမွေ့ရာပေါ် အိပ်စက်လဲလျောင်းနေသည့် မမနှင်းသည် ဇာတ်ဝင်ခန်းတစ်ခု ကို သရုပ်ဆောင်နေသလိုပင် မြင်ရသူအပေါင်းကို ထင်မှတ် စေသည်။ မင်းသမီးငွေနှင်းမှုန်၏ နောက်ဆုံးသရုပ်ဆောင်ချက် က ပရိသတ်ကို မျက်ရည်မစဲနိုင်အောင် ပရိသတ်၏ နှလုံးဘဝင် ကို ဆွဲယူသိမ်းပိုက်နိုင်ခဲ့ပါသည်။

မမနှင်း၏ ရုပ်ကလာပ်ဘေးမှာ ရပ်မိသည့်အောင် ထက်သည် လွန်ခဲ့သည့် ရှစ်နှစ်က ရုပ်ရှင်ဒါရိုက်တာပေါက်စ ဖိုးလေးအောင်ထက် မဟုတ်တော့ဘူးဟု ကိုယ့်ကိုယ်ကို သတိ နေလျက်ကပင် သူ ပင့်သက်တွေကြားထဲ မျက်ရည်မဝဲဖြ င် ပင်ပန်းစွာ ကြိုးစားထိန်းချုပ်ခဲ့ရသည်။ အချစ်ရူး အောင်ထက်ဟု သူ့ကို လှောင်ပြောင်ခံခဲ့ရသည့် အချိန် ဆိုလျှင်တော့ သူ ခုလိုမျိုး ကြိုးစားပန်းစား ဟန်ဆောင်



နေနိုင်လိမ့်မည်မဟုတ်ပါ။

အို. . . ဟိုတုန်းကလိုဆိုရင်တော့ ရူးမတတ် ကြေကွဲ ရမှာပေါ့။

အဲသည်အချိန်ကတည်းကသာ မမနှင်း သေဆုံးခဲ့လျှင် အောင်ထက်ရင်ထဲမှာ နာကြည်းခြင်းတွေ ကျန်ရစ်ခဲ့နိုင်မည် မဟုတ်ပါ။ နှမြောတမ်းတခြင်းနှင့် လွမ်းဆွတ်ခြင်းတွေကိုသာ သူ ရခဲ့မှာ။ ခုတော့ဖြင့် မမနှင်းက အောင့်ကို နာကြည်းစရာ တွေချည်း ပေးခဲ့သည်။

ယောက်ျားတွေကို လှေကားထစ်လို အသုံးချခဲ့သည့် ငွေနှင်းမှုန် သေဆုံးချိန်မှာတော့ အနီးမှာ ချစ်သူ ဒါမှမဟုတ် အဖော် ဒါမှမဟုတ် ခင်ပွန်းအဖြစ်ပင် ဘယ်သူမှ ရှိမနေခဲ့ပါ။ မမနှင်းသည် မာရီလင်မွန်ရိုးလ်လို အထီးကျန်ဆန်လှသည့် စိတ် ကျရောဂါဖြင့် သေဆုံးခဲ့လေသလား။ သူမ မသေခင်မှာ သူမ ကိုယ် သူမ လုပ်ကြံဖို့ ကြိုးစားခဲ့သည်လား။

သူ သေချာမသိပါ။

ဘယ်သူမှလည်း သေချာမသိနိုင်ပါ။

မမနှင်း သေဆုံးချိန်သည် နေ့လယ်နေ့ခင်းမဟုတ်၊ ရုပ်ရှင်ရိုက်ကွင်းမဟုတ်။ မမနှင်း ဘယ်အချိန်သေဆုံးခဲ့သည် ဆိုတာကိုပင် ဘယ်သူမှ မသိလိုက်ဘဲ မင်းသမီးငွေနှင်းမှုန်သည် ဘယ်သူ့ကိုမှ ဘာစကားမျှမချန်ရစ်ခဲ့ဘဲ သူမ ခင်တွယ်သည့် သည်လောကကြီးထဲကနေ ရုတ်တရက် ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မမနှင်း သေဆုံးရသည့်ရက်က အကယ်ဒမီ ဆုပေးပွဲအပြီး နောက်တစ်ရက်ဖြစ်သည်။

"ဒီနှစ် အကယ်ဒမီကို သူ သိပ်မျှော်လင့်ထားခဲ့
တာ၊ သူ မရတော့ စိတ်ဓာတ်ကျပြီး ရုတ်တရက် နှလုံး
တွေဘာတွေများ ထိခိုက်သွားလားမှ မသိတာ"

သူတို့လောကမှ ထုတ်လုပ်သူတစ်ယောက်က သည်လို ဝေဖန်ပါသည်။ သည်လိုဝေဖန်ရလောက်အောင်ပင် ငွေနှင်းမှုန် သည် အနုပညာကို အောင်မြင်ကျော်ကြားမှုနှင့် ငွေကြေးစည်းစိမ်ကိုလည်း ခုံမင်တတ်သူဖြစ်ပါသည်။

ချယ်ကို မမနှင်းသမီးအဖြစ် သူ သိခဲ့ရပေမယ့် ချယ် သည် မိခင်သေဆုံးခြင်းအတွက် မျက်ရည်စက်လက်ဖြင့် လာ သည်မဟုတ်ပါ။ နာမည်ကျော် မင်းသမီးတစ်ယောက်၏ အသုဘအခမ်းအနားကို ရောက်လာနှုတ်ဆက်သည့် ပရိသတ် ၏ မျက်နှာထားမျိုးနှင့်ပင် သူမကို မြင်ရသည်။ အဲသည်က တည်းက ချယ်ရီဆိုသော မိန်းကလေး၏ သရုပ်ဆောင်မှု အတတ်ပညာ၊ ပါရမီကို သူ မြင်တွေ့ခြင်းဖြစ်သည်။ ချယ်ရီ သည် သူမ၏မိခင် ငွေနှင်းမှုန်လိုပင် ထူးချွန်သည့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်သည်ဆိုတာ ချယ်ရီ့ကို မြင်သည့် နေ့ ကတည်းက သူ နားလည်ခဲ့သည်။

ချယ်ရီသည် အဲသည်အချိန်က ဆယ့်ရှစ်နှစ်အရွယ် မိန်းမငယ်တစ်ဦး၏ သွက်လက်ရဲဝံ့သည့် ပင်ကိုဟန်အတိုင်းပင်



သူမ၏ မိခင်ထံ ရောက်လာခဲ့သည်။ လည်ကုပ်မှာဝဲနေရုံ တလှုပ်လှုပ်တယမ်းယမ်းနှင့် ပျော့ပျောင်းစင်းအိသည့် ဆံပင် တိုကလေးနှင့် ကိုယ်လုံးပေါ်လွင်သည့် ရှပ်အကျီကလေးနှင့် ထဘီရှည်ရှည်ဝတ်ထားပြီး မျက်နှာပေါ်မှာ ဘာဆိုဘာမှ လိမ်း ခြယ်မထားသည့် ပကတိမျက်နှာနှင့် မိန်းကလေးသည် မမနှင်း ၏ မိခင် (သူမ၏ အဘွား)နံဘေးမှာ မျက်လွှာချလျက် ထိုင်နေ သည်။ အသက် သုံးဆယ့်ငါးနှစ်အရွယ် သမီးက အသက် ခုနစ် ဆယ်ကျော် အဘွားအိုကို အလျင်ခွဲခွာသွားသောအခါ အဘွား သည် ကာရန်မသင့်လှသော လောကကြီးကို အံ့ဩစွာ . . .၊ အားငယ်ဝမ်းနည်းစွာ ရေရွတ်တိုင်တည်လျက် ငိုကြွေးကျန်ရစ် ခဲ့ရရှာ သည်။

"အို . . . သား ကိုအောင်၊ မင်း လာတယ်လား"

သူ့ကိုမြင်တော့ အဘွားသည် သူ့ကို ဖက်လျက် သမီး ဖြစ်သူကို တမ်းတပြန်လေသည်။

"လာရမှာပေါ့ အဘွားရယ်"

"မင်းမမနှင်းလေ ရက်စက်လိုက်တာကွယ်၊
အဘွားကို တစ်ယောက်တည်း ထားသွားတယ်၊
တကယ်ဆို အဘွားက အရင်သွားရမယ့်သူပါ"

လောကီရေးရာရော၊ လောကုတ္တရာစာပေကျမ်းဂန်မှာ ပါ သူတို့လူငယ်တွေထက် နှံ့စပ်ကျွမ်းဝင်ပြီးသား အဘွားတစ် ယောက်ကို သူ ဘယ်လို နှစ်သိမ့်ရမည်လဲ။ နှစ်သိမ့်ဖို့ သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



စကားများစွာ မရှိ။ နှစ်သိမ့်ဖို့လည်း သည်လိုအချိန်မျိုးမှာ သိပ်ပြီး အရာမထင်နိုင်ဘူးထင်မိသည်။ အောင်ထက် ရုပ်ရှင်လောကမှာ နာမည်ရစအချိန်က အဘွား၏ လှည်းကူးက ခြံဝိုင်းသည် အောင်ထက်အတွက် စားအိမ်၊ သောက်အိမ်ဖြစ်ခဲ့သည်။ မမနှင်းအိမ်မေ့ကို သွားကြည့်လျှင် မမနှင်းနံဘေးမှာ အောင်ထက် အမြဲပါသည်။ အဲသည်တုန်းက နှစ်ဆယ့်ငါးနှစ်အရွယ် လူငယ်တစ်ယောက်အတွက် အောင်မြင်မှု၊ ကျော်ကြားမှုဆိုတာ အင်မတန် ယစ်မူးဖွယ်ကောင်းသော အရသာဖြစ်သည်။ လူငယ်ဒါရိုက်တာ အောင်ထက်၏ နာမည် အရှိန်အဝါသည် အနုပညာလောကထဲမှာ အတော်အတန် ရိုက်ခတ်ခဲ့၏။ သို့ပေမဲ့ အောင်ထက်သည် နာမည်ကျော်ကြားမှု၊ အနုပညာအောင်မြင်မှု၊ ငွေကြေးဆိုတာတွေထက် ပိုပြီး ငွေနှင်းမှုန်၏ နှုတ်ခမ်းဖျားက စကားသံတွေမှာ ယစ်မူးခဲ့သည်။ ငွေနှင်းမှုန်အနားမှာ အရိပ်လို တွယ်ကပ်နေရသည့်ဘဝကို သာယာခဲ့သည်။

မမနှင်းသည် အောင့်ဘဝ၊ အောင့်အနာဂတ်၊ အောင်ထက်၏ အရာရာကို စိုးပိုင်နိုင်သူဟု စိတ်ရှူးမိုက်စွာ ထင်မြင်ခဲ့သည်။

မမနှင်းအတွက်ကတော့ ကစားစရာအရုပ်ကလေးပါးနင်းတက်စရာ လှေကားတစ်ထစ်ပေါ့။

"အောင်က တကယ့်ကလေးပဲ၊ အဖြူထည်သက်သက်လေး၊ ဒါကြောင့် အောင့်ကို မမနှင်း သိပ်ချစ်



တာ သိလား"

အဲသည်စကားတွေက ကျန်ခဲ့ပြီ၊ အဝေးကြီးကျန်ခဲ့ပြီ။

သို့ပေမဲ့ မမနှင်းက အဖြူထည်သက်သက်လေးဟု ဆိုခဲ့သည်ကြောင့် ကျေးဇူးတင်ရသည်။ မမနှင်း၏ အဲသည်စကားကြောင့်ပဲ အဖြူရောင်ကို မစွန်းထင်းစေရအောင် သူ့မှာ ရှိရှိသမျှ အနုပညာသိက္ခာမညစ်နွမ်းစေရအောင် ကြိုးစားထိန်းသိမ်းနိုင်ခဲ့သည်။ ပြီးတော့ မိန်းကလေးများ (အထူးသဖြင့် ရုပ်ရှင်ရှူးမလေးများ)နှင့် ကင်းရှင်းစွာ နေနိုင်ခဲ့သည်။

ဒါပေမဲ့ ငွေနှင်းမှုန်နှင့်ပတ်သက်လျှင်တော့ အောင်ထက်သည် ခုထိ လှောင်ပြောင်ကျီစယ်စရာ သတ္တဝါတစ်ကောင်သက်သက်ပါပဲ။

"သားမသိဘူးနော်၊ ဒီနှစ်တွေမှာ သား မမနှင်းဟာ စိတ်သောကတွေရဲ့ဒဏ် အတော်ခံရတယ်၊ အင်းလေ. . . ဒါလဲ သူယူလို့သူရတာပဲပေါ့၊ အပူဆိုတာ ယူတတ်ရင် ရင်မှာအမြဲလောင်မြိုက်နေတတ်တာကိုးကွဲ့"

မမနှင်း၏ မိခင်သည် ပိန်ပိန်ပါးပါးနှင့် ကျက်သရေရှိဆဲပင်။ ရိုးသားခြင်းက အရေးအကြောင်းထင်သော မျက်ဝန်းတွေမှာ ထင်ဟပ်သည်။ မမနှင်း၏ ကောင်းခြင်း၊ ဆိုးခြင်းတွေကို ဆုံးပါးချိန်အထိ မိခင်တစ်ယောက်၏ မေတ္တာဖြင့် ယူမျှခံစားရဆဲဖြစ်သော အဘွားသည် မမနှင်း ရှင်သန်နေစဉ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း နာမည်ကျော်ကြားသလောက် တွယ်မက်စရာတွေ များလှသည့် သမီးအတွက် ရတက်ပွေခဲ့ရဦးမှာပါ။

"သမီး. . . ချယ်ရီ၊ စီးကရက်တည်ပါကွယ်"

မမနှင်း၏ ကိုယ်ပွားလို နုနယ်ကလေးဆန်လှသော မိန်းကလေးသည် စီးကရက်ဘူး၊ ဆေးလိပ်ခွက်၊ မီးခြစ်တို့ကို သူ့ရှေ့မှာ လာချရင်း သူ့ကို ရဲဝံ့စွာ မျက်လွှာပင့်ကြည့်သည်။ အဘွားက ဒါရိုက်တာတစ်ယောက်ဟု သူ့ကို မိတ်ဆက်တော့ ကောင်မလေးက မအံ့သြပေမယ့် မမနှင်းသမီးဟု သိလိုက်သည့်အခါမှာတော့ သူ့ရင်က နည်းနည်းလှုပ်ခတ်သည်။

ရုပ်ရှင်မင်းသမီးငွေနှင်းမှုန်မှာ ဆယ့်ရှစ်နှစ်အရွယ် သမီးတစ်ယောက် ရှိနေနိုင်သည်ဆိုတာကို သူက ကြိုတွေးမထားခဲ့ဘူးလေ။

သို့သော်လည်း ချယ်ရီသည် ငွေနှင်းမှုန်၏ သမီးဆိုတာကို ဘယ်သူမှ ထုတ်မပြောလည်း သိသာစေသည့် ငွေနှင်းမှုန်၏ အမှတ်သညာများစွာ သူမထံမှာ ရှိသည်။ ချယ်ရီ့မှာ မမနှင်းလိုပင် ဝိုင်းစက်ရွှန်းလက်နေသည့် မျက်ဝန်းတစ်စုံနှင့် စင်ရော်တောင်ပံလို မျက်ခုံးနက်နက်များ ရှိသည်။ မမနှင်းလို ထိပ်ဖျားမှာ လုံးဝန်းပြီး ပေါ်လွင်သော နှာတံအကျရှိသည်။ နှုတ်ခမ်းတွေကတော့ မမနှင်းနှင့် လုံးဝမတူချေ။ မမနှင်းနှုတ်ခမ်းတွေက ပါးလှပ်ပြီး ခပ်ပြေပြေလှပသည်။ ချယ်ရီကတော့ အပေါ်နှုတ်ခမ်းထူထူနှင့် ကကြီးပုံသဏ္ဍာန် ခပ်ပြည့်ပြည့်မို့



နှုတ်ခမ်းဆိုးဆေးဆိုးလိုက်လျှင် ခပ်စူစူ နှုတ်ခမ်းလို ဖြစ်သွားနိုင်ပါသည်။ သို့ပေမဲ့ သူမမှာ ပါးလွှာကြည်လင်နေသော အရေပြားရှိသည်။ မို့ဖောင်းပြီး သွေးရောင်လွှမ်းနေသော ပါးပြင်ကလေးများရှိသည်။ သူမ၏ ထူအမ်းအမ်းနှုတ်ခမ်းလွှာလေးများသည် နှုတ်ခမ်းဆိုးဆေးတင်မထားဘဲ နှင်းဆီသွေးလို နီမြန်းမြန်းနှင့် စိုဖတ်နေပါသည်။ ခြေတံလက်တံရှည်သွယ်သွယ်နှင့်မို့ ကိုယ်လုံးကိုယ်ထည် သေးသွယ်သော မမနှင်းထက် ပိုပြီး ထွားကျိုင်းကာ ခန္ဓာကိုယ်လှပရမည်ဟု သူ အနိုင်အမာ မှတ်ချက်ချလိုက်မိသည်။

"သီလေး မင်းသမီးမဖြစ်ခင်ကတည်းက အိမ်ထောင်ကျပြီး မွေးခဲ့တာလေ၊ မင်းသမီးဖြစ်ပြီး သိပ်မကြာခင် ကွဲကြရော၊ ရုပ်ရှင်မင်းသမီးဆိုတဲ့ဘဝမျိုးကို နားလည်ပေးနိုင်မယ့် ယောကျ်ားကလဲ အရှားသားမဟုတ်လား. . .

ဒါပေမဲ့ အဘွားကတော့ မြေးဦးမို့ မခွဲနိုင်ဘူးပေါ့အောင်ရဲ့၊ သူတို့သားအဖကို မကြာခဏ သွားသွားကြည့်တယ်၊ မိချယ်လေးကလဲ လိမ္မာရှာတယ်၊ သီလေးလဲ သေသာသွားရော သူ့အဖေက ခွင့်မပြုလို့ သမီးနဲ့အတူ မနေရရှာဘူး"

သူမမျက်နှာမှာ ငွေနှင်းမှုန်ကို မိခင်တော်ရသည့်အတွက် ဂုဏ်ယူလိုဟန်မျိုး တစ်စွန်းတစ်စမျှ မရှိပါ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်လောကသားတွေထဲ ဝင်ရောက်ရောနှောလိုဟန်မရှိ။ အထင်ကြီးဟန်လည်းမရှိ။ ထို့ကြောင့်ပဲ ချယ်ရီဆိုသည့် မိန်းကလေးကို ငွေနှင်းမှုန်နှင့် သီးခြားလို ခွဲပြီး သူ မြင်ခဲ့သည်။

"ချယ်ရီရဲ့အဖေက မလာဘူးလား"

ဟု သူက အလိုက်မသိစွာ မေးမြန်းလျှင် သူမက နှုတ်ခမ်းမဲ့ ခေါင်းယမ်းလျက်သာ နေသည်။

"သူ့အဖေက မင်းမမနှင်းကို သိပ်နာကြည်းတာ
ကွဲ့၊ ငါ့သမီးကလဲ သူ လုပ်ချင်တာဆို နောက်လှည့်
မကြည့်ဘဲလုပ်တော့တာကိုး"

အဘွားက မပြောရက်၊ မဆိုရက်နှင့်ပင် သည်လိုညည်းပါသည်။ ချယ်ရီ၏ ဖခင်သည် သဘောထားသေးသူ၊ သဝန်ကြောင်သူလည်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဒါမှမဟုတ် သဘောထားကြီးကြီးထားလျက်ကပင် သဘောထားကြီးမိသည်ကို အစော်ကားခံရတာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ချယ်ရီ့အဖေသည် အောင်ထက်လို ရူးရူးမူးမူး မိုက်မဲတတ်သူမဟုတ်သည့်အတွက်တော့ ချီးမွမ်းသင့်သည်။ ကြိုးတစ်ချောင်းကို ဆင်ခြင်ဉာဏ်ဖြင့် တိတိရိရိ ဖြတ်တောက်နိုင်ဖို့ဆိုတာ တကယ်တော့ လွယ်ကူသည့်ကိစ္စမဟုတ်ဘူးလေ။

နာမည်ကျော်အနုပညာရှင်တစ်ယောက်၏ နောက်ဆုံးခရီးမို့ နှုတ်ဆက်ကြသူတွေ နေရာမလပ်ပင်။ အောင်ထက်က



တော့ သိပ်ကြာကြာနေဖို့ စိတ်ထဲကလည်း မရှိ့မရဲမို့ မမနှင်းမျက်နှာကို နောက်ဆုံးကြည့်ပြီး ပြန်ခဲ့သည်။ အဘွားက. . .။

"ကိစ္စတွေပြီးရင် လာဦးကွယ်"

ဟု သူ့ကို ခပ်တိုးတိုးမှာသည်။ ချယ်ရီသူ့ကိုကြည့်သည့် အကြည့်က တစ်မျိုးဟု ထင်သည်။ အေးစက်လှသည်ဟုထင်သည်။ မိခင်ဖြစ်သူအပေါ်မှာ မကြည်မလင်နိုင်သည့် သဘောထားမျိုးဆိုတာကို ခန့်မှန်းမိပေမယ့် ချယ်ရီသည် တခြားသူတွေနှင့်ဟော့ ဖော်ရွေလိုက်လျောဟန်ပြသွားပင်။

သူမ မိခင်ရဲ့ ရည်းစားဟောင်းလို့များ. . .။

ဩော်. . .။

တကယ်တော့ ကိုယ်က ခဏအသုံးချခံခဲ့ရတာပါကလေးရယ်။

ဒါဟာ ရုပ်ရှင်လောကရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ သမားရိုးကျ ဇာတ်လမ်းတစ်ပုဒ်ပါပဲ။

ဒါပေမဲ့. . .။

ရင်ထဲမှာ ဝမ်းနည်းထိခိုက်ရပါသည်။

နှင်းဆီပန်းတွေ လွှမ်းခြုံလျက် နှင်းဆီရနံ့တွေ သင်းထုံနေသော အသက်မဲ့ခန္ဓာကိုယ်သည် ပရိသတ်ကို ငိုအောင်၊ ရယ်အောင်၊ လိုက်မောအောင် ကြည်နူးအောင် ဖန်တီးဖမ်းစားနိုင်စွမ်းသော အနုပညာ၏ မျှော်နတ်သမီးလေး တစ်ပါး။

ပြီးတော့ ယောက်ျားအတော်များများကို ရူးသွပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ရင်ခုန်အောင် ညှို့ငင်နိုင်စွမ်းသော အချစ်ကဝေမယ်။

သည်လိုစွမ်းဆောင်နိုင်စွမ်းတွေ မပြယ်ခင် ဘဝကို အနိုင်ပိုင်းသွားလေသလား မမနှင်းရယ်. . .။



အသုဘပို့အခမ်းအနားမှာ များပြားလှသည့် လူအုပ်တွေကြား ချယ်ရီနှင့်နောက်ထပ် မဆုံဖြစ်တော့ပေမယ့် လူအုပ်ကြားထဲမှာ ချယ်ရီ့ကိုရှာမိသေးသည်။ ဘာကြောင့်ရယ်တော့ မသိ။ မီးသင်္ဂြိုဟ်စက်ရှေ့မှာ အနက်ရောင် ဇာပါးပါးဖြင့် ရပ်နေသည့် ချယ်ရီ့ကို လှစ်ခနဲ မြင်လိုက်ရပေမယ့် ချယ်ရီ့မျက်ဝန်းမှာ မျက်ရည်တွေ ရှိမနေပါ။ ပရိသတ်က စွဲလမ်းချစ်ခင်ကြသည့် ရုပ်ရှင်မင်းသမီးတစ်ဦး၏ နောက်ဆုံးခရီးမှာ ဆွေမျိုးသားချင်းတွေထဲက မျက်ရည်ကျမည့်သူဆို၍ မမနှင်း၏ မိခင်တစ်ယောက်သာ ရှိသည်ကို သူကတော့ မမနှင်း၏ စိတ်ဓာတ်အကျင့်စရိုက်ကို သိနေသူမို့ နားလည်ရသည်။

အဲသည်တုန်းက ချယ်ရီဟာ တကယ့်ကျောက်ရိုင်းတုံးလေး သက်သက်။

ချယ်ရီပဲပေါ့. . .။

ပန်းကြွေညရဲ့ ခင်နှင်းမဟုတ်သေးဘူးလေ။

တကယ်တော့ မမနှင်းသာ အသက်ရှင်လျက်ရှိမည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် မမနှင်းသည် ဟောသည်ချယ်ရီရောင်မိန်းကလေးနေရာမှ ဝင့်ဝင့်စားစား အပြုံးတစ်ခုဖြင့် ရှိနေလိမ့်မည်။ အဲသည်အခါမှာ မိုက်ကရိုဖုန်းရှေ့က အဖြေစကားများလည်း ပြောင်းလဲသွားနိုင်ပါသည်။

မမနှင်းမှာကအမြဲ မျှော်လင့်ချက် ဒါမှမဟုတ် ရည်ရွယ်ချက် တစ်ခုခု ရှိနေခဲ့သည်လေ။

ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အစီအစဉ်တွေကို အခမ်းအနားမှူးက ဖတ်ကြားနေစဉ်မှာပင် သူ မေ့ခနဲ အိပ်ပျော်သွားခဲ့သည်။ ပြတင်းဆီက စိမ်းပြီး ခေါသွားတွေလို ကြမ်းရှချွန်မြနေသည့် ဆောင်းလေအေးအေးက သူ့ကိုပိုပြီး မူးရီစေပါသည်။ ပြတင်းပေါက်မပိတ်ဘဲ အိပ်ပျော်သွားခဲ့မိလျှင်လည်း ခုတော့သူ့ကို စိုးရိမ်တကြီး အပြစ်တင်မည့်သူ မရှိပါ။ သို့ပေမဲ့ ပြင်းထန်သော ရာသီကြောင့် ခဏအတွင်း သူ ပြန်နိုးလာခဲ့သည်။ အစီအစဉ်မှာ မိန့်ခွန်းတွေခြွေနေသည့်အချိန်ဖြစ်ပါသည်။ ပြတင်းဆီ ထသွားပြီး ပြတင်းကိုပိတ်ဖို့ ကြိုးစားသည်။ အပြင်ဘက်မှာ နှင်းတွေက ပိုပြီး သိပ်သိပ်သည်းသည်းကျနေခဲ့သည်။ လမ်းမီးအတိုင်း အလင်းအောက်မှာ ဝေ့ဝဲကျနေသော နှင်းတွေကိုမြင်တော့ ဂျပန်ရုပ်ရှင်ကားတစ်ကား၏ ညရှုခင်းကို သူ ဖြတ်ခနဲ သတိရသည်။ သည်လိုလှပသည့် ညမျိုးကို သဘာဝအတိုင်းရဖို့ သူတို့ အတော်ကြိုးစားရပါလိမ့်ဦးမည်။ စက်ကိရိယာများ၏ ချွတ်ယွင်းအားနည်းမှုအပိုင်းသည် မြန်မာ့ရုပ်ရှင်



အဆင့်အတန်းကို မြှင့်တင်ဖို့ နှောင့်နှေးရခြင်း၏ အကြောင်းခြင်းရာတစ်ခုဖြစ်ကြောင်း သူတို့လောကသားအားလုံး သိပေမယ့် ဘယ်လိုမှ မတတ်နိုင်ကြပါ။

ပြတင်းကို ပိတ်ဖို့ နှမြောပေမယ့် သည်တစ်ကြိမ်မှာတော့ တံခါးကို အမိအရ ပိတ်လိုက်သည်။ နှင်းပွင့်များနှင့်အတူ ကြွေလွင့်သွားသော ချယ်ရီပွင့်ဖတ်လေးတွေတချို့ကို သူ မြင်ဖြစ်အောင် မြင်လိုက်ရပါသေးသည်။ ပြတင်းတံခါးပိတ်လိုက်တော့ အခန်းက အနည်းငယ် နွေးထွေးသွားသည်။ သိုးမွှေးလက်အိတ်တွေစွပ်ပြီး ပက်လက်ကုလားထိုင်မှာ ပြန်ထိုင်သည်။ ပုလင်းထဲက မန္တလေးရမ်ကို ဖန်ခွက်ထဲ ငှဲ့ထည့်သည်။ ခြေစွပ်စွပ်ထားသော ခြေထောက်များဆီက အေးစက်မှုသည် ခန္ဓာကိုယ်အတွင်းထဲအထိ ထိုးဖောက်ဝင်ရောက်လာ၏။ ခြေစွပ်ကိုအမြဲစွပ်ထားပေမယ့် သူ့ခြေထောက်တွေက အေးစက်မြဲပင်။

"....ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို

ကြေညာပါတော့မယ်"၊

မျှော်လင့်တကြီးမျက်နှာများ...။

ငံ့စောင့်စားရင်ခုန်နေသည့် မျက်ဝန်းများ...။

စိတ်လှုပ်ရှားနေသည့် နှုတ်ခမ်းက အပြုံးများ...။

ဒီနေရာမှာ ဟန်မဆောင်ပါနဲ့ ချယ်...။

မင်းဟာ မျှော်လင့်တတ်ရမယ်၊ မင်း စိတ်လှုပ်ရှားရမယ်၊ အနုပညာဆိုတာ လူတွေရဲ့ နှလုံးသည်းပွတ်ပဲ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။

"ဒါဆိုရင် လေးလေးအောင်ရဲ့ နှလုံးသည်းပွတ်ကရော"

"ကိုယ့်နှလုံးသည်းပွတ်ကတော့ အနုပညာပေါ့ချယ် ရဲ့"

"မယုံဘူး၊ မယုံပါဘူး၊ လေးလေးအောင်ရဲ့ နှလုံးသားဟာ အနုပညာနဲ့ချည်း ပြည့်နေတာတော့ မဟုတ်နိုင်ဘူး"

အို...။

ပြန်သတိမရချင်တော့ပါဘူး။

နာကျင်မှုဖြင့် ရင်ထဲက လှိုက်လှဲလာခဲ့သည်။ မျက်ဝန်းအိမ်တွေ ပူနွေးလာပြီး ခြောက်သွေ့အက်ကွဲသော နှုတ်ခမ်းများဆီက နာကျင်မှုသည် ပို၍ သိသာလာ၏။ မျက်ခွံများကို ဖိပိတ်ထားလိုက်မိသည်။ အစီအစဉ်ကြေညာသူ၏ အသံနှင့် နောက်တစ်ဆက်တည်း စင်မြင့်ပေါ်တစ်ယောက်ယောက် ရောက်ရှိလာပြီး စာရွက်လှန်လျှောသံ...။

အောင်ထက်ဟာ ဘာကြောင့် သည်နေရာမှာ တစ်ယောက်တည်း...။

"လေးလေးအောင် ချယ့်ကို ဘာကြောင့် ချုပ်ကိုင်ထားချင်ရတာလဲ"

"အနုပညာသမားအချင်းချင်း အညွန့်ချိုးတာမျိုး



ဘာဖြစ်လို့ လုပ်ချင်ရတာလဲ၊ တကယ်တော့ သူဟာ ဒီလောကထဲမှာ ထည်ထည်ဝါဝါနဲ့ တောက်ပနေနိုင်ပါပြီ"

ချယ်...။

မင်းကိုယ့်ကို နားမလည်ဘူး။

တစ်စုံတစ်ရာ တရှုက်ရှက် လွင့်မျောလာသံကြားရသည်။ စားပွဲပေါ် ဖန်ခွက်ပြန်ချလိုက်သံသည် လိုအပ်သည်ထက် ပိုပြီး ကျယ်လောင်သွား၏။ မျက်ရည်စက်များသည် ပါးပြင်ပေါ် စီးကျလာပြီးမှ မေးဖျားသို့ မရောက်ခင် လျင်မြန်စွာ သွေ့ခြောက်သွားကြသည်။

ထွက်ပြေးလာခဲ့ပြီးမှ သူသည် ဘာကြောင့် နောက်ပြန်လှည့်ကြည့်နေချင်ရသည်လဲ။ သည်မေးခွန်းက ကိုယ့်ကိုယ်ကို ရှက်ရွံ့စေသည်။ သည်လောကကို နောက်ဆုံးဟု နှုတ်ဆက်ထွက်ခဲ့ပြီ။ သို့ပေမဲ့ သည်လိုသံယောဇဉ်ဖြတ်ဖို့ဆိုတာ စကားတစ်ခွန်းဆိုရုံ၊ ခြေလှမ်းတစ်လှမ်း လှမ်းရုံဖြင့် ပြီးလွယ် ပျောက်လွယ်သည်မှ မဟုတ်ဘဲ။

ပထမအကြိမ်တုန်းကတော့ အောင်ထက်သည် သူ့အရိပ်ကို သူ ပြန်ပြီး ရှက်ရွံ့ခဲ့သည်။ မိန်းမတစ်ယောက်၏ အသုံးချခံဘဝကို နာကြည်းခဲ့ဖူးသည်။

ထို့ကြောင့်လည်း သည်လောကထဲမှာ ခြေလှမ်းခိုင်ခိုင် စိုက်နိုင်ဖို့ သူ မခံချင်စိတ်ဖြင့် ကြိုးစားခဲ့သည်။ အရှုံးအမှုး

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကနေ နိုးထခဲ့သည်။

ခုတော့...။

အဲသည်အချစ်ကြောင့်ဘဲ သူ မိုက်မဲစွာ သည်လောကကို ကျောခိုင်းသွားဖို့ ဆုံးဖြတ်ခဲ့ပြီ။ စိတ်ဓာတ်တွေဖမ်းဆုပ်မရလောက်အောင် လွင့်စင်ပြိုကွဲနေခဲ့ပြီ။ နောက်ဝယ် ဘာကိုမှ မျှော်လင့်စရာ မရှိတော့ဘူးထင်သည်။ ဆုလာဘ်ဆိုတာကို သူက သူ့ခံစားမှုနှင့်သာ တန်ဖိုးဖြတ်သည်။ အနုပညာအပေါ် သူ့ဖန်တီးနိုင်မှုသည် သူ့အတွက် စိတ်ကျေနပ်စေသည်ဆိုလျှင် ဒါဟာ အောင်ထက်အတွက် ဆုလာဘ်ပေါ့။

အကယ်ဒမီပေးပွဲတွေကို သူ မတက်ဖြစ်တာက များပါသည်။ သူများတကာ၏ မက်မောမှုသည် သူနှင့်ထပ်တူ ကျချင်မှ ကျလိမ့်မည်။ သူ့တန်ဖိုးထားမှုကိုလည်း အများက နားလည်ချင်မှ နားလည်လိမ့်မည်။

သို့ပေမဲ့ ချယ့်အပေါ်ကျတော့ သည်လိုမဟုတ်။

ချယ့်အပေါ် သူ မျှော်လင့်ချက်တွေ အများကြီး ထားခဲ့သည်။



ချယ့်အပေါ်ထားသည့် မျှော်လင့်ချက်သည် ငွေနှင်းနှင်းအပေါ် သူ မျှော်လင့်ခဲ့ဖူးသည်နှင့်တော့ သီးခြားဖြစ်သည်။ ချယ့်ကို တတိယအကြိမ် ဆုံရသောအခါ အဲသည်မျှော်လင့်ချက်မျိုး သူ့ရင်ထဲမှာ ကိန်းဝပ်လာခဲ့သည်။ ချယ့်ကို ပရိသတ်အားပေးလက်ခံပြီး အနုပညာအရ စစ်စစ်မှန်မှန် အောင်မြင်သည့် သရုပ်ဆောင်တစ်ယောက်ဖြစ်စေချင်မိသည်။ လှည်းကူးက အဘွားအိမ် ဧည့်ခန်းလေးထဲမှာ ဖျက်ရည်ဝေ့သော မျက်ဝန်းများဖြင့် ခေါင်းခါငြင်းခဲ့သည့် မိန်းကလေးတစ်ယောက်အပေါ် သူ မျှော်လင့်ချက်ကြီးကြီးထားခဲ့မိသည်ဆိုတာ တကယ်တော့ စွန့်စားခန်းတစ်ရပ်သာဖြစ်သည်။

ပထမအကြိမ် မမနှင်း၏ အသုဘမှာ ချယ့်ကို ဆုံရပြီး အမှတ်မထင်သာ ဖြစ်ခဲ့ရပြီးနောက် အဘွား၏ လှည်းကူးအိမ်မှာ ချယ်နှင့် အောင်ထက် ထပ်မံဆုံရသည်။ ဒုတိယအကြိမ် ဆုံရတော့လည်း ချယ်သည် အောင်ထက်ကို မျက်လုံးစိမ်းများဖြင့်သာ နှုတ်ဆက်၏။ အဘွားအိမ်ကို မန္တလေးအတက်မှာ သူ

www.burmeseclassic.com

www.burmeseclassic.com



ခဏာဝင်တော့ ချယ်သည် ဘွားအေးထံမှာပဲ ရှိနေသေးသည်။ အဘွားခြံကလေးက ပဲခူးနှင့် လှည်းကူးအကြားမှာ ရှိသည်။ သီဟိုဠ်ပင်များကြားက တစ်ထပ်တိုက်အိမ်လေးဆိုပေမယ့် နေရာထိုင်ခင်း ကျယ်ဝန်းသည်။ အလင်းရောင် လုံလောက်စွာ ရသည်။ မမနှင်းသည် သူမ၏ စိတ်ကူးအတိုင်း သည်အိမ်က လေးကို ဖန်တီးခဲ့ပြီး ကားရိုက်နားသည့်ရက်တွေမှာ မိခင်နှင့် အတူ လာနေလေ့ရှိသည်။ မမနှင်း၏ အဖော်များစွာရှိခဲ့ပြီး အဲသည်အဖော်သည်ပင် ခင်ပွန်းဟု အသိအမှတ်ပြုချင်လည်း ပြုသည်။ စာချုပ်စာတမ်းမှာ လက်မှတ်မထိုးဘဲ မင်္ဂလာဆွမ်း ကျွေးဖြင့် မိတ်ဆွေအပေါင်းအသင်းတွေကို အသိအမှတ်ပြုစေခဲ့ တာလည်း ရှိသည်။

အဘွားသည် အဲသည်လူတွေအားလုံးကို 'သား'ဟု သိသိမှတ်မှတ်ရှိချင်လည်း ရှိရမည်။ (စိတ်ရင်းက လိုလားသည် ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ) သို့ပေမဲ့ အဲသည်လူတွေအားလုံး ကတော့ အဘွားကို မိခင်တစ်ယောက်လို ရိုသေလေးစားမြ ဂါရဝတရားဖြင့် ဆက်ဆံကြမြဲပင် ဖြစ်သည်။

အဘွားအရပ်က ပုပုနှင့် ခန္ဓာကိုယ် သေးသေးသွယ် သွယ်ပေမယ့် မျက်နှာချိုသည်။ အသားဖြူဖြူနှင့် အမြဲလို သနပ် ခါးအဖွေးသားနှင့် မွှေးကြိုင်နေတတ်၏။ အဘွားက အလှအပ အမွှေးနံ့သာ ကြိုက်တတ်သည်ဆို၍ မမနှင်းကိုယ်တိုင်ရော မမနှင်းနှင့် ပတ်သက်သူတွေကပါ လက်ဆောင်ပေးသည့် သနပ်



ခါးတုံး၊ ရေမွှေးတွေ အဘွားမှာ သိမ်း...

သို့ပေမဲ့ သမီးအတွက် သော...

သည့် အဘွားရင်ထဲ နားလည်မြင်တတ်ရ...

လှဘူးထင်သည်။

"မန္တလေးဘက် ကားရိုက်သွားမလို့ ...

များမှာချင်သေးလဲ၊ အဘွား နေ...

ဝင်ကြည့်တာ"

ချယ်က သူ့ကို စကားမပြောသည့် ...

အောင့်မြက်မြက်မဖြစ်ခဲ့။ ချယ့်ရင်ထဲက ...

...တ်တစ်ပိုင်း နားလည်နိုင်သည်။

"နေကောင်းပါတယ်ကွယ်၊ ...

ပျောက်သွားလိုက်တာ၊ နှစ်တွေ...

အမေ့ဆီရောက်မလာဘူးနော်၊ ...

လာတော့တယ်လား"

ကျီစယ်စကားလားထင်သည်။ အဘွား...

...ည်း လိမ္မော်သီးတွေလားမသိ၊ ထည့်ထားသည့် ပလတ်စတစ်

...တ်ပါးတစ်လုံး ကိုင်လာသည်။ ချယ်က ...

...ခနဲ ပျောက်သွားပေမယ့် သူတို့ စကား...

...နေရာရာမှာ ရှိနေလိမ့်မည်ဟု သူ ယုံကြည်နေ၏။

"အဘွားကို အောင် သတိရပါတယ်၊ ...

မလာဖြစ်ဘူး အဘွား၊ အဘွားဆီလာ...

www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ဆုံမိမှာစိုးလို့၊ ကျွန်တော့်ကို မမနှင်းက ကောင်းကောင်းပညာပေးခဲ့တာလေ၊ အဘွားလဲ နည်းနည်းပါးပါး ရိပ်မိမှာပါ"

"ဟဲ့...ကလေး တော်...တော်...သူ့သမီး မကောင်းကြောင်း အမေရှေ့ ပြောရတယ်လို့ကွယ်၊ တော်တော်ခက်တဲ့ကလေးပဲ"

သည်လိုဆိုပေမယ့် အဘွားက ရယ်မောပါသည်။

"ကျွန်တော်က အမှန်အတိုင်းပဲ ပြောတတ်တယ် အဘွားရဲ့၊ ဒါပေမဲ့ မပြောတော့ပါဘူး၊ ဒါတွေက ပြီးသွားပြီပဲ နော် အဘွား"

"ဟုတ်တာပေါ့ကွယ်၊ လောကကြီးထဲ မြူသူအသစ်ဖြစ်သူအဟောင်းပဲ၊ သံသရာစက်ဝန်းက ပြေးမလွတ်ဘူးသားရဲ့"

"ဒီမှာ အဘွားနဲ့မြေး နှစ်ယောက်တည်းလား"

"မဟုတ်ဘူး မဟုတ်ဘူး နီနီ ရန်ကုန်ခဏသွားလို့ ချယ်ရီလေး လာစောင့်ပေးနေတာပါ၊ မချယ်က သူ့အဖေနဲ့ပဲနေတာ၊ အဘွားခေါ်ထားလို့ မရဘူး"

ဧည့်ခန်းထဲမှာ ရှိမနေသည့် သူမကို ခြံဝင်းထဲ ဝေ့ဝဲရှာကြည့်မိသည်။ သီဟိုဠ်ပင်တွေအောက်မှာလည်း မတွေ့ပါ။

"အဘွားမြေးရော ရုပ်ရှင်မင်းသမီးမလုပ်ချင်ဘူးလား"



"အမလေး...မလုပ်နဲ့...မလုပ်နဲ့"

ကျီစယ်စကားပေမယ့် အဘွားက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး

"သူ့အဖေ အဘွားကို လာသတ်လိမ့်မယ်"

ဟု လေသံကို နှိမ့်လျက် ပြောသည်။ သည်ကတည်းက ချယ်ရီတို့သားအဖ ရင်ထဲက အကျိတ်အခဲကို အောင်ထက် ခန့်မှန်းမိခဲ့သည်။ သူတို့ရင်ထဲမှာ ငွေနှင်းမှုန်သည် နာကြည်းစရာကောင်းလှသည့် မိခင်စိတ်ကင်းမဲ့သည့် မိန်းမတစ်ယောက်ဖြစ်သလိုပင် ငွေနှင်းမှုန်ကို သိမ်းသွင်းခေါ်ဆောင်သွားခဲ့သည့် လောကသည်လည်း အတုအယောင် ဖန်တီးချက်တွေ၊ ဖောက်ပြန်မှုတွေချည်း ပြည့်နှက်နေသည့် လောကကြီးဖြစ်နေလိမ့်မည်။

အဘွားကို နှုတ်ဆက်ပြီးသည့်အခါ ချယ်ရီ့ကို နှုတ်ဆက်ဖို့ သူ လိုက်ရှာပေမယ့် မတွေ့။

"ချယ်ရီ့ကိုလဲ နှုတ်ဆက်တယ်ပြောလိုက်ပါ အဘွား"

ဟု ချယ်ရီ ကြားသာအောင် ခပ်ကျယ်ကျယ်ပြောခဲ့ပြီး သူ ခြံပြင်ဘက် ထွက်ခဲ့သည်။ ကားပေါ်ရောက်တော့မှ...။

"ဦးအောင်ထက်"

ဟူသော ခေါ်သံဖြင့် ခြံထဲက ပြေးထွက်လာသည့် ချယ်ရီ့ကိုမြင်သည်။ ချယ်သည် အဖြူရောင်တီရှပ်၊ ထဘီတိုတိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးကို ပါးပါးလိမ်းထားရုံနှင့်ပင် ငွေနှင်းမှုန်၏ တောက်ပသော အလှကို မမီနိုင်လျှင်တောင် နုပျိုဝင့်ကြွားသော လန်းဆန်းရှင်းသန့်သော အလှကပေါ်လွင်နေပြီးဖြစ်သည်။

“အဘွားက လမ်းမှာ စားဖို့ လိမ္မော်သီးပေးခိုင်းလိုက်တယ်”

“အေး...ကျေးဇူးပဲ သမီး”

သူ့ကိုမော်ကြည့်သည့် အကြည့်တွေ အနည်းငယ် နွေးထွေးလာသည်ဟု ခံစားရသည်။

နောက်တော့ ခရီးဆက်ထွက်ခဲ့ရပြီး ချယ်ရီအပါအဝင် အဟိတ်အနောဂတ်ဆိုတာကို မေ့လျော့ပြီး အလုပ်ခွင်မှာ စိတ်နှစ်မြှုပ်ထားမိပြန်လေသည်။ အလုပ်ခွင်ဆိုတာကလည်း သူဝါသနာပါရာ၊ သူ စိတ်ဝင်စားရာ အနုပညာမို့ သူ့ရင်ထဲက အနုပညာကလှိုသည့်အရာ အားလုံးကို အလွယ်တကူ ဖယ်ထုတ်သိမ်းပြီး ကြိုးပမ်းရသည်မဟုတ်။ အနုပညာသည်သာ အောင်သက်၏ ဝိညာဉ် နှလုံးသားမြှုပ်နှံရာ တစ်ခုတည်းသော အမြုတေဖြစ်သည်။

ထို့နောက်တော့ တတိယအကြိမ်ဆိုတာကို မကြုံခင်အထိ သူ ချယ်ရီကို မေ့လျော့နေခဲ့သည်။



တတိယအကြိမ်ဆိုတာကတော့ သတိရဖို့ကို အကြောင်းက တိုက်ဆိုင်လာခဲ့သည်။ ဒါကလည်း အောင်ယက်လက်ထဲ တစ်ပိုင်းတချို့ ပြီးစီးနေသည့် ဖလင်ထုတ်ကြီးနှင့် ဇာတ်ညွှန်းတွေ တစ်ထပ်ကြီးရောက်လာပြီး...။

“အောင်ကြီးရေ...ဒါကိုတော့ နင် မဖြစ်မနေ လုပ်ပေးပါ”

ဆိုပြီး ငြင်းမရလောက်အောင် မငြင်းရက်လောက်အောင် ရင်းနှီးပြီးသား ထုတ်လုပ်သူ အစ်မကြီး၏ ဒုက္ခတချို့ဘစ်ဝက်ကို ခွဲဝေယူလိုက်ရခြင်းကြောင့် ဖြစ်သည်။

“မသီနဲ့ ရိုက်ထားတဲ့ ဇာတ်၊ တစ်ပိုင်းတစ်စနဲ့ ငါ ဘာဆက်လုပ်ရမှန်း မသိဘူး။ မသီနဲ့ဆို နင် ရိုက်ပေးမှာမဟုတ်ဘူးဆိုတာသိလို့ တခြားသူတွေနဲ့ အပ်ပြီးပြီ၊ ရိုက်ရက်မအားတဲ့သူနဲ့ အဲလို တစ်ပိုင်းတစ်စဆို ဆက်မလုပ်ချင်တဲ့သူနဲ့ မင်းသမီးတွေကလဲ မသီနေရာဆို ဝင်မပေးချင်ကြဘူးဟ...

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မသီရဲ့ ဇာတ်ကောင်နေရာက တော်ရုံလူမလုပ်ရဲတဲ့နေရာဆိုတော့ မင်းသမီးရှာရတာလဲ ခက်တယ်၊ သူ့ရှေ့က လုပ်ခဲ့သမျှ လိုက်မမီဘူးဆိုလဲ တစ်ကားလုံးပစ်ရမယ်"

"ဒီကားက ဆရာကိုလူမော်နဲ့ ရိုက်ထားတာပဲ"

"အေး. . . ဆရာကလဲ ခုံ အကျိုးပြုကားကြီး ရိုက်ပေးနေရတယ်လေဟာ၊ ဒီဘက်ကို လုံးဝ မလှည့်နိုင်ဘူး၊ ရိုက်ပြီးရင်လဲ ကူးတာဆက်တာ အသံထည့်တာနဲ့ ဒီဘက်ကို အချိန်ပေးနိုင်မှာမဟုတ်ဘူး၊ နင်ပဲ ဆက်လုပ်ပေးစမ်းပါဟာ၊ ငါ ဒီထဲ ငွေတွေမြှုပ်နေလို့ ထည့်ထားရတာကလဲ နည်းနည်းမဟုတ်ဘူး၊ ပြီးတော့ မသီကို ငွေကြိုပေးထားရတာ"

သည်လိုနှင့်ပဲ 'ပန်းကြွေည'သူ့လက်ထဲ ရောက်လာခဲ့သည်။

'ပန်းကြွေည'သည် ဝတ္ထုအနေကတည်းက ပရိသတ်လက်ခံပြီး ကျော်ကြားခဲ့သည့်ဇာတ်မို့ ဝတ္ထုသားမပျက်စီးအောင် အနှစ်သာရ ပီပြင်ထိမိအောင် ပြနိုင်ဖို့က အရေးကြီးသည်မှန်း သူ ကြိုသိခဲ့သည်။ အဲသည်ဇာတ်မျိုးကို မမနှင်းက လုပအောင် ပီပြင်အောင် သရုပ်ဆောင်ပြနိုင်လိမ့်မည်ဆိုတာလည်း သူ ယုံကြည်ပါသည်။ ငွေနှင်းမှုန်သည် အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး ဘယ်လိုပဲနာမည်ဆိုးထွက်ထွက် သူမ၏ ဇာတ်ကောင်စရိုက်ကိုတော့ဖြင့် ဘယ်သူမှ မယှဉ်နိုင်အောင် ပီပြင်သည်ဆိုတာ သူကလွဲပြီး ဘယ်သူမှ အစားမထိုးနိုင်လောက်အောင် အစွမ်းပြနိုင်သည်ဆိုတာ ခေါင်းမညိတ်ချင်၍ မဖြစ်ပါ။

"တော်တော်ခက်တယ် မမကြီးရဲ့၊ ကျွန်တော် ဆက်ရိုက်လို့ ဖြစ်တယ်ထားဦး၊ မင်းသမီးဘယ်လို ရှာမလဲ၊ အဲဒီဝတ္ထုကို ကျွန်တော်သိတယ်၊ ခင်နှင်းဆိုတဲ့ ဇာတ်ကောင်က မိန်းမရွှင်လဲဖြစ်ရဦးမယ်၊ ဗီလိန်လဲ ဖြစ်ရဦးမယ်၊ နောက်ဆုံး သွက်သွက်ခါအောင် ရှုံးရဦးမယ်၊ ဘယ်သူမှ လုပ်ချင်မှာ မဟုတ်ဘူး၊ ပြီးတော့ ခုမင်းသမီးတွေက အလှပျက်မှာသိပ်စိုးတာ"

"ငါ့မောင်ရယ် နင်လုပ်နိုင်မှာပါ၊ နင့်အရည်အချင်း ငါသိပါတယ်"

"ဟာဗျာ မမကြီးကလဲ ကျွန်တော့်ကို မြှောက်နိုင်းနေပြန်ပါပြီ"

"အဲဒီဝတ္ထုက နာမည်ကြီး၊ နင် အကယ်ဒမီဟောင်. . ."

"ကျွန်တော် အဲဒါတွေ မမက်ပါဘူး၊ မမကြီး သိပါတယ်၊ ကျွန်တော် အနုပညာကို ချစ်တဲ့စိတ်နဲ့ပဲ အလုပ်လုပ်တာ"

"အေးပါဟယ်. . . ငါ့ဖလင်တွေနှင့် မနှမြောဘူးလား"

www.burmeseclassic.com



အဲသည်လို အချိန်မျိုးမှာ ချယ်ရီ့ကို သူ သတိရမြင်ယောင်သည်။ ချယ်ရီတစ်ယောက်ကလွဲပြီး 'ပန်းကြွေသည်'ကို သူ့ရှိရင်းစွဲ ဂုဏ်ဒြပ်တွေကနေ မလျော့ပါးမပျက်စီးသွားအောင် စွမ်းဆောင်ဖို့ ဘယ်သူမှ မရှိဘူးဟု သူက သူ့ရဲကောင်းဆန်ဆန်တွေးမိခဲ့လေသည်။

တကယ်တော့ ဒါဟာလည်း ရူးမိုက်ခြင်းတစ်မျိုးပါပဲ။



သူ ဘယ်လောက်ထိ ရူးမိုက်ခဲ့သည်ဆိုတာ ချယ်ရီနှင့် တတိယအကြိမ် သေချာမျက်နှာချင်းဆိုင်ရတော့မှ ရိပ်မိရသည်။ ချယ်ရီသည် ငွေနှင်းမှုန်လို လိုရာကိုရဖို့ မျက်နှာအမျိုးမျိုး၊ အမူအရာအမျိုးမျိုးပြင်တတ်သူမဟုတ်။ ချယ်ရီ့ရင်ထဲက နာကြည်းခြင်းတွေကို သူ ဘယ်လိုမှ မဆွဲနုတ်နိုင်ခဲ့။ သို့ပေမဲ့ ချယ်ရီသည် မိခင်ဖြစ်သူကို နာကြည်းခြင်းထက် ဖခင်အပေါ် ငဲ့ညှာမှုက ပိုသည်ဆိုတာ စကားတွေကနေ သိရသည်။

ချယ်ရီက လိမ္မော်ရောင် ဂါဝန်ရှည်ကြီးဖြင့် အဘွားဖြစ်သူ နံဘေးမှာ မျက်နှာထားပုပ်ပုပ်ဖြင့် ထိုင်နေသည်။ မျက်ခုံးတွေ ကုပ်ကျပြီး နီစွေးစွေး နှုတ်ခမ်းတွေ ဆူစုစုထားသည့်အခါ ချယ်ရီသည် ကလေးဆိုးတစ်ယောက်နှင့်သာ တူပါသည်။ ပြီးတော့ ချစ်စရာကောင်းလှသည်။ ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်အဖို့ ရုပ်ရှင်မင်းသမီးတစ်ယောက်လုပ်ဖို့သည်လောက်ခါးခါးသီးသီး ငြင်းဆန်မှာ မဟုတ်ဘူးဟုသည့် သူ့အတွေးအထင် မှားယွင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘွား... သမီး မင်းသမီး မလုပ်ချင်ပါဘူး၊ ဖေဖေလဲ ကြိုက်မှာမဟုတ်ဘူး"

ဟု ကလေးဆန်ဆန်ပင် ငြင်းသည်။

"သမီးရယ် ဖေဖေက အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြရင် လက်ခံမှာပါ၊ ဘွားကတော့ သမီးကို ရုပ်ရှင်ရိုက်ကြည့်စေချင်တယ်၊ သမီးလုပ်ရင် အောင်မြင်မှာလို့ ဘွား ထင်နေတယ်"

"အို... ဒါပေမဲ့ ဖေဖေက သမီးရုပ်ရှင်မင်းသမီး လုပ်တာ မြင်ချင်မှာမဟုတ်ဘူး"

"သမီး ဖေဖေ့ကို ဘွား ပြောမှာပေါ့"

"ဖေဖေ့ရင်ထဲ ဘယ်ကောင်းပါ့မလဲ၊ ပြီးတော့ သမီးလဲ ရုပ်ရှင်မရိုက်ချင်ပါဘူး၊ သမီးရုပ်ရှင်မင်းသမီးလဲ မလုပ်ချင်ဘူး၊ နာမည်လဲ မကြီးချင်ဘူး၊ ပြီးတော့ ငွေနှင်းမှုန့်ရဲ့ သမီးဆိုပြီးပရိသတ်က အားပေးတာမျိုးလဲ မလိုချင်ဘူး"

မြေးအဘွားနှစ်ယောက်ကြားမှာ သူ ဝင်ပြောဖို့ အလှည့်မရောက်။ ချယ်ရီ့ရင်ထဲက အစွဲတွေကို ချွတ်ဖို့ အချိန် အတော်ပေးရမည်ဆိုတာ သူ နားလည်လိုက်သည်။ ငွေနှင်းမှုန်၏ အရိပ်သည် ချယ်ရီ့နှလုံးသားတစ်ခုလုံးကို ဖုံးအုပ်လွှမ်း ထားခဲ့၏။ အဲသည်အရိပ်ကို ချယ်ရီ့နှလုံးသားပေါ်က ဖယ်ရှား ပေးနိုင်ဖို့ သူ ကြိုးစားရလိမ့်မည်။



"ချယ်ရီက ရုပ်ရှင်မကြိုက်ဘူးပေါ့"

"ဟင်အင်း"

"ငွေနှင်းမှုန့်ရဲ့ ရုပ်ရှင်တွေရော မကြည့်ဖူးဘူးလား"

သူမက ခပ်သွက်သွက် ခေါင်းယမ်းပါသည်။

"လုံးဝ မကြည့်ဘူး"

"မေနှင်းအပေါ် သိပ်စိတ်နာခဲ့တာပဲနော်"

သူမ မျက်လွှာချသွားခဲ့သည်။

"ဒါပေမဲ့ ငွေနှင်းမှုန့်တစ်ယောက်တည်းကြောင့် ရုပ်ရှင်ကို အနုပညာတစ်ခုကို အထင်သေးတာမျိုးတော့ မဖြစ်သင့်ဘူး ချယ်ရီ၊ အနုပညာဆိုတာက လူတွေရဲ့ စိတ်ကို ဖြေသိမ့်ပေးတာ၊ ကျေနပ်စေတာ၊ ခံစားမှုပေးတာ၊ အဲဒီအနုပညာကို ခံစားတဲ့လူဆိုတာကတော့ ကိုယ်တိုင် ဝေဖန်ပိုင်းခြားနိုင်တဲ့ ဦးနှောက်နဲ့...၊ ချယ်ရီက ဘယ်သူ့ကို နာကြည်းချင်တာလဲ"

"ချယ်... ရုပ်ရှင်မရိုက်ဘူး ဦးအောင်ထက်"

ချယ်ရီ့နှုတ်ခမ်းတွေ တင်းတင်းစေ့ပိတ်သွားတာကို သူ တအံ့တသြ ငေးကြည့်နေခဲ့ရသည်။ ချယ်ရီက အဖေတူသမီးသာဖြစ်ရမည်။ ငွေနှင်းမှုန့်မှာ သည်လိုခေါင်းမာပြီး အစွဲအလမ်းကြီးသည့် စရိုက်မျိုးမရှိ။

သို့ပေမဲ့ ကိစ္စမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



လူမှန်လျှင် အနုပညာနှင့် ကင်းကွာပြီး နေလို့ရသည် ဆိုတာ မရှိ။

အထူးသဖြင့် နုလုံးသားနူးညံ့တတ်သည့် မိန်းမသား တွေမှာ အနုပညာကို မြတ်နိုးတတ်သည့် စိတ်မျိုးဆိုတာ နဂိုကပင် ကိန်းဝပ်နေပြီးသား။

ချယ်ရီ့မျက်ဝန်းတွေ စိုစွတ်တောက်ပလာသည်ကို မြင်တော့ သူ့မျှော်လင့်ချက်တွေလည်း ကလေးမ၏ မျက်ဝန်းအိမ်တွေလို ပြန်လည်တောက်ပလာခဲ့သည်။ ချယ်ရီက သူ့ကို လုံးဝမကြည့်ဘဲ လက်ချောင်းကလေးတွေကို ကွေးချည် ဆန့်ချည် ဆော့ကစားနေသည်။ အဲသည်လက်ချောင်းကလေးတွေက ဖယောင်းတိုင်ရှည်လေးတွေလို ကြည်လင်ပျော့ပျောင်းပြီး သွယ်လျလျနှင့် ကဗျာဆန်လှသည်။ သည်လက်ချောင်းလေးတွေက အောင်မြင်သည့် အနုပညာသမားတွေမှာ အများဆုံး ရှိတတ်တာမျိုးပါ။

"ချယ်ရီ ရှရွန်စတုံးတို့ ဂျူလီယာရောဘတ်တို့ ရော ကြည့်ဖူးလားဟင်"

သူမက ခေါင်းညိတ်သည်။ မျက်တောင်တွေကို ပုတ်ခတ်ပစ်လိုက်သည်။ အိပ်ရာက နိုးကာစ မိန်းမငယ်လေးတစ်ဦး၏ ကြည်လင်နေသော မျက်ဝန်းများကို တွေ့ရပြန်သည်။ ဘွားကတော့ သူ့မြေးမလေးကို ဘယ်လိုနှစ်သိမ့်ရမလဲဆိုတာကိုသာ တွေးတောနေပုံရသည်။



အစိမ်းပုပ်ရောင်ဆိုဖာဆက်တီများပေါ် လျော့ရဲရဲတင်ထားသည့် လက်ချောင်းတွေဆီ နောက်တစ်ခေါက် ကြည့်မိပြန်သည်။ ယုံကြည်ချက်တွေ ပိုပြီး ထက်သန်လာ၏။

"ကိုယ် နောက်တစ်ခေါက် လာခဲ့ပါဦးမယ်၊ ချယ်ရီ့မေမေနဲ့လဲ တွေ့ပါဦးမယ်၊ ချယ်ရီကြည့်ဖို့ တိပ်ခွေတချို့လဲ ယူလာခဲ့မယ်၊ ခုလောလောဆယ်တော့ 'ပန်းကြွေသည်'ဆိုတဲ့ ဇာတ်စာအုပ်၊ ဒါက အပျင်းပြေဖတ်ဖို့. . .

ပြီးတော့ ဒဘွား ပျင်းရင်ကြည့်ဖို့ ကျွန်တော်ရိုက်ထားတဲ့ ကားကြီးတွေ ဗီဒီယိုပြန်ထုတ်ထားတာ ယူလာတယ်၊ ကျွန်တော့်လက်ရာတွေ ဝေဖန်ကြည့်ပါဦး နော်"

အောင်မြင်ဖို့ ရာခိုင်နှုန်းနှစ်ဆယ်ပင် ကိုယ့်ဘက်က ရှိသေးပေမယ့် အောင်မြင်ရမည်ဟု သူ့စိတ်ထဲမှာ ယုံကြည်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ထက်က ယုံကြည်စွာ စွဲမြဲမိပြီဆိုလျှင် လွယ်လွယ်ကူကူ လက်လျှော့တတ်သူမဟုတ်။ ထို့ကြောင့်လည်း ကားရိုက်နားသည့် ရက်တွေတိုင်းမှာ ချယ်ရီ့ဆီ ရောက်အောင်သွားခဲ့သည်။ ချယ်ရီ့ဖခင်နှင့် တွေ့ခွင့်ရသည့် ရက်တစ်ရက်ကတော့ မှတ်မှတ်ထင်ထင်ပင်ဖြစ်ပါသည်။ ပဲခူးမှာ ကားရိုက်ပြီး ပြန်သည့် တစ်ရက် အဘွားအိမ်ဝင်သည်။ မမနှင်း၏ မိခင်သည် မမနှင်းလိုပင် သစ်ခွပန်းကြိုက်၏။ မမနှင်းက ပန်းကိုကြိုက်ရုံသာ ကြိုက်တတ်ပြီး ပန်ဖို့ မွှေးဖို့လောက်သာ စိတ်ဝင်စားသူဖြစ်သည်။ အဘွားကတော့ သစ်ခွပန်းလဲကြိုက်ပြီး ပန်းစိုက်ဖို့လည်း ဝါသနာပါ၏။ အဘွားခြံထောင့်မှာ သစ်သားစင်နှင့် ပလတ်စတစ်အမိုးကလေးဖြင့် သစ်ခွပန်းတွေ အတော်များများစိုက်ထားသည်။ အဲသည်တစ်ရက်က အဘွားအတွက် သစ်ခွပန်းတစ်အိုး သူ ယူလာခဲ့သည်။ ခရမ်းပြာရောင်ရှိသည့် ဗင်ဒါသစ်ခွမျိုးဖြစ်သည်။ ပေရယ်လမို့ သစ်ခွပန်းပြာတွေလည်း ပွင့်နေပြီ။ အဘွားက အောင်ထက်ကို ဆီးကြိုရင်း လက်ထဲက ဗင်ဒါသစ်ခွကိုမြင်တော့ ဝမ်းသာအားရပင်. . ။

"အမေ့ဖို့လား"



ဟု မေးသည်။ သူက ပန်းအိုးကို ပန်းစင်ပေါ်က နေရာလပ်တစ်ခုမှာ တင်လိုက်၏။ အဲသည်မှာပင် ချယ်ရီ့အဖေကို သူ စတင်မြင်ဖူးသည်။ သစ်ခွပန်းစင်အနားမှာ လူတစ်ယောက်ရှိနေသည်ဆိုတာ အနားရောက်မှပင် မြင်သည်။ သူ့ထက် အသက်ခုနစ်နှစ် ရှစ်နှစ်ခန့် ပိုကြီးမည်ထင်ရသည့် ထိုသူသည် ချယ်ရီ့လိုပင် ထူထဲပြည့်တင်းသော နှုတ်ခမ်းများရှိသည်။ အညိုရင့်ရောင်မျက်ဆန်များနှင့် ရှည်မျောမျော မျက်လုံးတွေထဲမှာ တည်ကြည်မှုနှင့် သဘောထားကြီးမြတ်သူတစ်ယောက်၏ ငြိမ်သက်လေးနက်ခြင်းအရိပ်အယောင်ကို တွေ့သည်။ ထိုသူက ခွပ်ကျယ်အင်္ကျီလက်ပြတ်သာ ဝတ်ထားပြီး ပုဆိုးတိုတိုနှင့် ရေပန်းကရားကို ကိုင်မလျက်မို့ ဖြူဝင်းသော အသားအရေနှင့် သန်မာသော ကြွက်သား၊ အရိုးအဆစ်များက ထင်ရှားနေ၏။

"မောင်သန်းထွန်း"

ဟု အဘွားက ခေါ်လိုက်သည်။

"ဒါ မောင်အောင်ထက်လေ၊ ဒါရိုက်တာအောင်ထက်၊ ဟိုတစ်နေ့က အမေပြောတာ သူပေါ့"

"ဩော်. . . ဟုတ်ကဲ့ခင်ဗျ၊ ဒါရိုက်တာအောင်ထက်၊ ကြားဖူးပါတယ်"

စိတ်ထဲ နည်းနည်းတော့ ဇဝေဇဝါဖြစ်သွားခဲ့သည်။ ချယ်ရီ့ဖခင်ကို သည်လိုပုံစံမျိုး လက်ဆွဲနှုတ်ဆက်ရလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မှတ်မထားပါ။ ခေါင်းမာပြီး ရိုးစွဲကြီးသော၊ မာနကြီးသော၊ ပညာတတ် ယောကျ်ားတစ်ယောက်ကို ရင်းနှီးဖို့ လွယ်ကူလိမ့်မည်မထင်ခဲ့။ စွပ်ကျယ်လက်ပြတ်၊ ပုဆိုးတိုတိုနှင့် ရေပန်းကရားကိုင်ပြီး အပင်တွေ ရေလောင်းဖို့ ပြင်ဆင်နေသည့် သမားရိုးကျ အလုပ်သမားပုံစံမျိုးဖြင့် တွေ့ရလိမ့်မည်ဆိုတာကို ပို၍ပင် မျှော်လင့်မထားခဲ့ပါ။ မမနှင်း၏ ငယ်ချစ်သည် သစ်တောအရာရှိတစ်ယောက်ဖြစ်၍ ရုပ်ရည်ချောမောခန့်ညားသည်။ ငွေကြေးချောင်လည်သည်။ မမနှင်းကိုလည်း မြတ်နိုးခဲ့သည်ဆိုတာလောက်သာ သိထားပြီး သူတို့ဘာကြောင့် လမ်းခွဲခဲ့ရသည်ဆိုတာကိုပင် မသိခဲ့ရ။

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော်လဲ အစ်ကိုနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

"ခင်ဗျား အတော်ငယ်သေးတာပဲ၊ ဒီလောက်အသက်အရွယ်နဲ့ ဒီလို အတွေးအခေါ်မြင့်တဲ့ကားတွေ ရိုက်နိုင်တယ်၊ ချီးကျူးပါတယ်ဗျာ"

ရုပ်ရှင်ရိုက်နေတာလိုပင် စိတ်ထဲ ထင်လိုက်မိသေးသည်။ သူ့ပခုံးကို ကိုသန်းထွန်းက ဖေးမလျက်. . .။

"အိမ်ထဲဝင်လိုက်ပါဦး"

ဟု လိုလိုလားလား ဖိတ်ခေါ်လိုက်တော့ သူ ဝမ်းသာအားတက်သွားခဲ့ရပါသည်။



ကိုသန်းထွန်းနှင့်ပြောကြသည့်စကားတွေက ရုပ်ရှင်ကြောင်းတွေချည်းမို့ ရုပ်ရှင်မင်းသမီးတစ်ယောက်နှင့် ရုပ်ရှင်ဘကကို စိတ်နာကြည်းနေသည့် လူတစ်ယောက်အဖြစ် သူ့ သုံးဖော် စိတ်ကူးတွေ ရေစုန်မျောသွားခဲ့ရပါသည်။ ချယ်ရီ ်ကို သူ တော်တော် အောက်ကျို့လိုက်လျောရမည်လားဟု ကြောက်ခဲ့ပေမယ့် ထင်သလို စွန့်စားခန်းမျိုး မဟုတ်ခဲ့။

ကိုသန်းထွန်းက ပညာတတ်ပီသစွာပင် အရာရာကို ်စွာ လေ့လာနိုင်ခဲ့သည်။ ပြီးတော့ ပညာတတ်တစ်ယောက် ယဉ်ကျေးမှုရာလည်းရှိသည်။ သည်လိုယောကျ်ားတစ် ာက်နှင့် အိမ်ထောင်ရေးကို မမနှင်းသည် ဘာကြောင့်များ ိုးမထားခဲ့ပါလိမ့်။

သို့ပေမဲ့. . . ငွေနှင်းမှုန်နှင့် နှစ်နှစ်နီးပါး နီးကပ်စွာ ဆံဖူးသူတစ်ယောက်အနေဖြင့်. . .၊ ငွေနှင်းမှုန်၏ ချစ်သူ ာင်းတစ်ယောက်အနေဖြင့် သည်မေးခွန်းကို သူ မေးရော ဘူးဆိုတာ ချက်ချင်းပြန်တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းမှုန်သည် သူမ ထိပ်ဆုံးရောက်ဖို့ဆိုတာ လွဲလျှင် ဘာကိုမှ တန်ဖိုးထားတတ်သူမဟုတ်။

ချယ်ရီ့အကြောင်းကို ရောက်လျှင်တော့ ကိုသန်းထွန်း၏ ခေါင်းမာလှသည့်အစွဲကို သည်လိုတောင်းဆိုရုံမျှဖြင့် ပြောင်းလဲစေဖို့ မတတ်နိုင်ဘူးဆိုတာ ရိပ်စားမိတော့သည်။

ကိုသန်းထွန်းက အတိုက်အခံ အငြင်းအခုန်သမား မဟုတ်။

သို့သော်လည်း သူ့ထင်မြင်ယူဆချက် သူ ဆုပ်ကိုင်ထားသည့်အရာကိုလည်း ဘယ်တော့မှ လွယ်လွယ်ကူကူ အလျှော့ပေးတတ်မည့်သူ မဟုတ်။

"ရုပ်ရှင်လောကဆိုတာကတော့ ပြောရရင် တစ်ထောင့်တစ်ညပုံပြင်လို ဆုံးနိုင်မယ်မထင်ဘူး၊ ဒီအဝန်းအဝိုင်းက သီးခြားကမ္ဘာလေးလိုဖြစ်နေပြီး ဒီအထဲမှာပဲ လူမှုရေးတွေ၊ အတတ်ပညာတွေ၊ အယူအဆတွေ ခံစားချက်တွေ အချင်းချင်း ထိုးနှက်မှု၊ ငဲ့ညှာမှုဆိုတာတွေ အများကြီးပေါ့လေ ကျွန်တော် အဲဒီကမ္ဘာလေးထဲကို ရောက်သွားတော့ ပျော်လဲပျော်ခဲ့ရတယ်၊ ငိုလဲငိုခဲ့ရတယ်၊ သေချင်လောက်အောင် စိတ်ဓာတ်ကျရတဲ့ အခါမျိုးလဲ ရှိတယ်"

"အဲဒါ ဘယ်လိုအချိန်မျိုးတွေလဲဗျ"

သူက စိတ်ဝင်တစား မေးပါသည်။



"ကိုယ်လုပ်ချင်တာ ဖန်တီးချင်တာလေးတွေ အကြောင်းကြောင်းကို ငဲ့ပြီး ဖန်တီးခွင့်မရခဲ့တာပေါ့ဗျာ၊ ဥပမာ ကျွန်တော်က မင်းသားကို စကားမပြောဘဲ မျက်လုံးအကြည့်၊ မျက်နှာအမူအရာနဲ့ချည်း သူ့ရင်ထဲက စကားတွေကို ထင်ဟပ်စေချင်တယ်၊ အဲဒီမှာ မင်းသားက တစ်ဖက်လူကို ပြန်ချေပဖို့ သူ့အတွက် ဒိုင်ယာလော့နဲ့ အက်ရှင်ကို အတင်းထည့်ခိုင်းတယ်...

ဒါရိုက်တာပေါက်စဆိုတော့ မင်းသားက မလေးစားဘူး၊ အထင်မကြီးဘူး၊ ထုတ်လုပ်သူကလဲ မင်းသားမျက်နှာကိုကြည့်ရတယ်...

ဇာတ်သိမ်းခန်းမှာ မင်းသားနဲ့မင်းသမီး ကွဲသွားတဲ့ ဇာတ်မျိုးဆိုပါတော့၊ မညားရင် ပိုက်ဆံမရဘူး၊ လူကြိုက်နည်းတယ်ဆိုတော့ ပိုက်ဆံမျက်နှာကို ကြည့်ပြီး ပေါင်းပေးရပြန်ရော၊ သေရာကနေ အတင်းပြန်ရှင်ခိုင်းပြီး ပေါင်းပေးရ...

ဟာ...စိတ်ပျက်စရာတွေချည်းပေါ့ဗျာ၊ ကျွန်တော်က အဆွေးခန်းတွေမှာ ပလေးဘက်တီးလုံးမှိန်မှိန်လေးနဲ့ မှောင်ရိပ်ကွယ်ပြီး တိတ်တိတ်ဆိတ်ဆိတ် မျက်ရည်ကျတာကို လိုချင်တယ်၊ မင်းသမီးက မင်းသားကို ဖက်ပြီး ငိုပြချင်တယ်၊ ပရိသတ်ကလဲ

www.burmeseclassic.com

www.burmeseclassic.com

အဲလိုမှ ကြိုက်တယ်၊ အဆိုးဆုံးက အနုပညာကို ရင်ထဲမှာ မခံစားဘဲ အပြင်ပန်းအလှအပကို ဦးစားပေးလွန်းတာပဲ. . .

ကျွန်တော်တို့မင်းသားမင်းသမီးတွေက အလှပျက်မှာသိပ်စိုးတယ်"

"နောက်ပြီး ခုနောက်ပိုင်းမှာ ပိုက်ဆံရပြီးရော ဆိုတာမျိုး ဖြစ်ကတတ်ဆန်း ရိုက်ကြတဲ့ ခပ်ပေါပေါ ဗီဒီယိုတွေ သိပ်များလာတာပဲနော်"

"ဟုတ်ကဲ့. . . အဲဒါမျိုးတွေက သူတို့တစ်ကဏ္ဍပေါ့ဗျာ၊ အနုပညာအတွက်မဟုတ်ဘဲ ငွေရှာတာသက်သက်ပေါ့"

"ကျွန်တော်တို့ရဲ့ ဒရမ်မာကားတွေ ဇာတ်လမ်းပိုင်း တင်ပြပုံအပိုင်းက အဆင့်မြင့်ပါတယ်၊ ဒါပေမဲ့ ခံစားတဲ့ နေရာမှာတော့ လိုနေသေးတယ် ထင်တယ်နော်"

"ကိုသန်းထွန်းက ရုပ်ရှင်တွေကို တော်တော်လေ့လာနိုင်သားပဲ"

သူ့အပြုံးက နာကျင်နေသည်ဟု ထင်သည်။ နာကြ ရိပ်တွေ စွန်းထင်းလာသည့် မျက်ဝန်းညို့များဖြင့် သူက ထားသော တာရုပ်ကပ်တံခါးများအပြင်ဘက်ဆီ ငေးကြည့် သူ့မျက်ခုံးတွေကုပ်ကျနေသည်။ ငွေနှင်းမှုန်တစ်ဖြစ်လဲ သီ



ဆိုသည့် အမျိုးသမီးတစ်ယောက်၏ အတ္ထုပ္ပတ္တိမှာ ကိုသန်းထွန်းသည် အရေးပါသည့် ဇာတ်ကောင်တစ်ကောင်ဖြစ်သည်။ နာကြည်းခြင်းတွေကြောင့်လည်း သတိရဆဲပင်ထင်သည်။

သို့ပေမဲ့ သူတို့ရဲ့ အတိတ်မှာ နာကြည်းခြင်းတွေချည်း ရှိခဲ့မှာမဟုတ်ပါ။

"ကျွန်တော် နိုင်ငံခြားကားတွေ တော်တော်ကြည့်ပါတယ်၊ အရင်တုန်းက ကြည့်ဖြစ်တယ်ပေါ့ဗျာ၊ ခုတော့ မကြည့်ဖြစ်တော့ဘူး၊ ဘာကြောင့်ရယ်မဟုတ်ပါဘူး၊ ရုပ်ရှင်ကြည့်ချင်စိတ်လဲ ဖြစ်မလာလို့ အချိန်လဲ မရတော့လို့ ဆိုပါတော့၊ သမီးကိုတော့ အိမ်မှာပဲ မြန်မာကားကြည့်ကြည့်၊ နိုင်ငံခြားကားကြည့်ကြည့် သူ့သဘောအတိုင်း ခွင့်ပြုထားပါတယ်၊ ဒါပေမဲ့ သမီးကလဲ မြန်မာကားသိပ်ကြည့်လေ့မရှိဘူးဗျ"

"သူ့အမေရဲ့ ကားတွေရော"

သူ့မျက်နှာပို၍ မှုန်မှိုင်းသွားသည်။

"လုံးဝမကြည့်ဘူး၊ ဒါပေမဲ့ ဒါဟာ ကျွန်တော့်ကြောင့်လို ထင်ပါတယ်၊ ဘယ်ကလေးမဆို နိုင်ငံကျော် မင်းသမီးတစ်ယောက်ရဲ့ သမီးဖြစ်တာကို ဂုဏ်မယူချင်ဘဲ ရှိမလား၊ ဒါပေမဲ့ သမီးဟာ သိပ်လိမ္မာသိတတ်တယ်၊ ကျွန်တော့်ကိုလဲ သိပ်ချစ်တယ်၊ သမီးဟာ ကျွန်တော့်လက်ထဲမှာ ကြီးရတာကိုးဗျ. . .

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းပြောရရင် ခင်ဗျားတို့ရဲ့ မင်းသမီးက သမီးကိုမွေးရုံမွေးပြီး ထားသွားခဲ့တာ၊ ကျွန်တော်က အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး စောင့်ရှောက်ခဲ့ရတာ၊ သူ့ စိတ်လိုတဲ့ အချိန်မှ မျက်နှာလေးလာပြ၊ အဝတ်အစားတွေ ဝယ်ပေးပြီးတော့ တမေ့တမော ကျောခိုင်းသွားပြန်တာပဲ၊ ဒါကြောင့် သမီးသိတတ်တဲ့အရွယ်ကတည်းက သူ့အမေ ပေးကမ်းထောက်ပံ့တာမှန်သမျှ ဘာမှ လက်မခံရဘူးလို့ ကျွန်တော် တင်းတင်းကျပ်ကျပ် တားမြစ်ထားခဲ့တယ်. . .

ဒါပေမဲ့ မတွေ့ရဘူးလို့တော့ ကျွန်တော် မတားပါဘူး၊ ကျွန်တော် အဲလောက် မရက်စက်ပါဘူး၊ ကျွန်တော့်ရဲ့ နာကြည်းမှုတွေကြောင့် သမီးစိတ်ထဲမှာ ဒဏ်ရာမရစေရဘူး"

မျက်လွှာချပြီး ကြမ်းခင်းထားသည့် ပါကေးကွက်များဆီ ငေးကြည့်မိစဉ်မှာပင် ကိုသန်းထွန်း မျက်လုံးတွေထဲက နာကြည်းရိပ်ကို မြင်နေရသည်ထင်၏။ တစ်ချိန်ကတော့ မမနှင်းရဲ့ အရက်စက်ဆုံး၊ အလှပဆုံး သရုပ်ဆောင်ချက်တွေကြောင့် 'အောင်'ဆိုသည့် ကောင်လေးတစ်ယောက် အသည်းနှလုံးတွေ ကြေမွမတတ် နာကျင်ခံပြင်းခဲ့ရတာပေါ့။

ယောကျ်ားတန်မဲ့ မျက်ရည်တွေလည်း ကျခဲ့ဖူးတာပါ။ နောက်တော့ အဲသည်ခံစားချက်တွေအားလုံး ချော်ရည်၊ ချော်



ပ်တွေ အေးခဲပြီး ကျောက်ဆောင်တွေဖြစ်သွားသလို နာကျင်တွေ အေးခဲသွားခဲ့ရသည်။ မမနှင်း နှင်းတက်ခဲ့သည့် လှေကားစ်တစ်ထစ်သက်သက်တော့ မဖြစ်စေရ။

ပြီးတော့ မိန်းမတစ်ယောက်ကြောင့်တော့ဖြင့် နောက်ပ် မငိုကြွေးရ၊ မျက်ရည်မကျစေရ။

"တကယ်တော့ မမနှင်းဘဝက တကယ့်ကို အထီးကျန်ပါ အောင်ရယ်"

မမနှင်း မျက်ရည်တွေကို အစစ်အမှန်လို့ ယုံခဲ့သည်။ ယ်လောက်ညှို့ဖျင်းခဲ့သလဲ။ ငွေနှင်းမှုန်ဟာ မျက်ရည်တွေကို စားနိုင်သူရယ်လို့ နာမည်သတင်းကြီးလှတာကို အောင်က က်မဲ့စွာ မေ့လျော့ထားပစ်ခဲ့သည်။

ဒါပေမဲ့ အဲသည်နာကြည်းခြင်းတွေ ခုတော့ ရင်ထဲမှာ ာဆိုဘာမျှ မရှိ။

ကိုသန်းထွန်းမျက်နှာကို မော်မကြည့်ဘဲ ရင်ထဲရှိသမျှ ိုတော့ မြင်နေရသည်။ သူ ခံစားရသမျှသည် အောင်ထက်၏ စ်ချိန်က ဆိုတာထက် အဆများစွာ ပိုပြီး နက်ရှိုင်းသိပ်သည်း ိသိမ့်မည်။

စားပွဲပေါ်မှာ တည်ထားသည့် ရေနွေးခွက်ကို လှမ်းယူ ီး လက်ဖဝါးထဲ ဆုပ်ထားမိသည်။ လက်ဖဝါးက အတွေ့ နွေး ွေးသည် အောင်ထက်အတွက် စိတ်ဖြေရာ တစ်ပိုင်းတစ်စ ်နိုင်၏။ တရုပ်ကပ်မှန်လေးတွေဟနေသည့်ကြားက မြင်ရ

www.burmeseclassic.com

www.burmeseclassic.com



သည့် သီပိုဋ္ဌပင်အုပ်တွေဆီ အကြည့်လွှဲမိသည်။ လာရင်းရည်ရွယ်ချက်ကို မေ့လျော့ထား၍တော့ မဖြစ်။

သို့သော်လည်း ပြောဖို့ အစ ခက်လှသည်။

အောင်ထက် ဘယ်လိုရည်ရွယ်သည်ဆိုတာ သူလည်း သိထားရောပေါ့။

ချယ်ရီ့အရိပ်ကို မမြင်ရသည့်အတွက် စိတ်ထဲမှာ နည်းနည်းထင့်သည်။ သို့ပေမယ့် ကလေးမလေးသည် သူ့အဘွားနှင့် မီးဖိုချောင်မှာ ကူညီနေလိမ့်မည်ထင်ရ၏။

"ဒါပေမဲ့ သမီးကို ရုပ်ရှင်ရိုက်ဖို့ ခွင့်ပြုပါဆိုရင်တော့ ကျွန်တော် ငြင်းရမှာပဲ"

ခန္ဓာကိုယ်ထဲက သွေးတွေ ဖျဉ်းခနဲ ဖြစ်သွားသည်၊

"သမီးကို ရုပ်ရှင်လောကထဲ မရောက်စေချင်ဘူး၊ သမီးက သိပ်ပြီး သန့်စင်တယ်၊ ပြီးတော့ ရိုးစင်းတယ်"

"ရုပ်ရှင်လောကကိုတော့ အစွန်းအထင်းတွေချည်း ပြည့်နေတယ်လို့ အစ်ကိုက ဆိုချင်တာလား"

သည်အမေးစကားမှာ မလိုလားနိုင်သည့် အရိပ်မိုး ထင်ဟပ်နေလိမ့်မည်ဆိုတာ ကိုယ့်ဘာသာ သိပြီးဖြစ်ပါသည်၊

"အဲလိုတော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ သီသီဟာ ရုပ်ရှင်မင်းသမီးသာ မဖြစ်ခဲ့ရင် တို့အိမ်ထောင်ဟာ ခုလို ပျက်စီးချင်မှ ပျက်စီးရမယ်လို့တော့ ထင်မိတွေး မိခဲ့တာ အမှန်ပဲ၊ ရုပ်ရှင်လောကဟာ မှားယွင်းဖို့၊



ဖောက်ပြန်ဖို့ အခွင့်အရေးတွေ အများဆုံးပဲ မဟုတ်လား"

ခင်တွယ်ရင်းနှီးခဲ့သည့် အဝန်းအဝိုင်းကို ထိပါးခံရတော့ စိတ်ထဲ မျက်ချင်ချင်။

သို့ပေမဲ့ ပြတ်ပြတ်သားသား မငြင်းဆန်ရဲပါ။

"အဲဒါက ဖောက်ပြန်သူတွေအတွက်တော့ မှန်ပါတယ်၊ ဒါပေမဲ့ အမှန်အကန်သမားတွေအတွက်ကတော့ စော်ကားခံရတာပဲ"

"စိတ်မဆိုးပါနဲ့ ကိုအောင်ထက်၊ လူဆိုတာ မှားယွင်းဖို့အတွက် ဝန်မလေးတတ်ကြတဲ့ သူတွေပဲ၊ အမှားနည်းတာနဲ့ များတာ၊ အခွင့်အရေးရတာနဲ့ မရတာ ဒါပဲ ကွာမယ်"

"ကျွန်တော် စိတ်မဆိုးပါဘူး၊ စိတ်ဆိုးစရာလဲ မဟုတ်ပါဘူး၊ အကောင်းနဲ့အဆိုးဆိုတာ အမြဲ ဒွန်တွဲနေတာပဲ၊ ရုပ်ရှင်လောကထဲမှာ မှန်မှန်ကန်ကန် ရပ်တည်နေတဲ့သူတွေ အများကြီးရှိပါတယ်"

"ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ ချယ်ရီ့ကို ရုပ်ရှင်ပေးရိုက်ဖို့ကိုတော့ ကျွန်တော် သဘောမတူဘူး၊ မတိုက်တွန်းချင်ဘူး၊ သမီးက သိပ်ပြီး ဝါသနာပါတယ်ဆိုရင်တော့ တစ်မျိုးပေါ့၊ ခုဟာက သမီးကိုယ်တိုင်က လဲ လိုလားခဲ့တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ချယ်ရီဟာ သူ့အမေလိုပဲ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်လိမ့်မယ်လို့ ယုံတယ်၊ ပြီးတော့ သူ့ရဲ့ဝါသနာကို နာကြည်းစိတ်တွေက ဖုံးကွယ်နေတာပါ၊ အစ်ကိုမယုံရင် ချယ်ရီ့ကို ရုပ်ရှင်ရိုက်ဖို့ ခွင့်ပြုကြည့်ပါ၊ ကျွန်တော် ဒီခြံထဲမှာတင် သူ့ရဲ့ Mood ကို စမ်းသပ်ပြမယ်"

ကိုသန်းထွန်းက ဟက်ဟက်ပက်ပက် ရယ်ရင်း ခေါင်းယမ်းနေသည်။ ရေနွေးကြမ်းကျကျသည် လျှာပေါ်မှာ ချိုမြသည် ထင်မိ၏။ ချယ်ရီ ရုပ်ရှင်ရိုက်ကွင်းပေါ် မရောက်မချင်း မျှော်လင့်ချက်ကို မစွန့်လွှတ်ဟု သန္နိဋ္ဌာန်ချမိသည်။



အောင်ထက် ပြန်ဖို့ နှုတ်ဆက်စဉ်မှာ ချယ်ရီ စက်ဘီးကလေးတစ်စီးဖြင့် ရောက်လာသည်။ စက်ဘီးရှေ့ ခြင်းထဲမှာ စတီးလ်သုံးဆင့်ချိုင့် ထည့်ထားလျက်သား ချယ်ရီနှင့်အတူ မမနှင်း၏ညီမ နီနီလည်း ပါလာသည်။ နီနီက အပျိုကြီးဖြစ်ပြီး ကျောင်းဆရာမတစ်ယောက်ဖြစ်သည်။ နီနီနှင့် သီသီဟု သူမ၏ ဆွေမျိုးသားချင်းများက ခေါ်ကြသည့် ငွေနှင်းမှုန်သည် ရုပ်ရည်ရော၊ အကျင့်စရိုက်၊ အတွေးအခေါ်၊ စိတ်ဓာတ်ကအစ ဘာဆိုဘာမျှ မတူညီကြပဲလျက် သိပ်ချစ်ကြသည့် ညီအစ်မနှစ်ယောက်ဖြစ်သည်။ နီနီကတော့ သူမထက် ငယ်သူမို့...။

"အောင်ကြီးရေ ပြန်တော့မလား"

ဟု နှုတ်ဆက်သည်။ နီနီနှင့် မဆုံဖြစ်တာလည်း နှစ်တွေအကြာကြီး ရှိခဲ့ပါပြီ။ မမနှင်း၏ အသုဘမှာပင် မျက်မှာ ချင်းမဆိုင်ခဲ့ရ။ ပရိသတ်တွေများလှသည်မို့ အားနေပြုံးဖြင့် ပြုံးရုံသာ နှုတ်ဆက်ခဲ့ရသည်။ ချယ်ရီကတော့ အောင်ထက်ကို ဖခင်နှင့်အတူ တွေ့လိုက်ရသည်မို့ အံ့သြတကြီး ဖြစ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးအနည်းငယ် နီမြန်းနေခဲ့ပေမယ့် အောင်ထက်
အပေါ်မှာ စိမ်းကားအေးစက်သည့် အကြည့်မျိုးကို မတွေ့ရ
တော့။ ဖော်ရွေနှစ်လိုဟန်သို့ပင် ပြောင်းလဲလာသည်ဟု ထင်
မိသည်။ သို့ပေမဲ့ ရဲရဲဝံ့ဝံ့ မနှုတ်ဆက်ဘဲ နီနီ့နောက်ဘက်မှာ
ခပ်ကွယ်ကွယ် ရပ်နေသည့် ချယ်ရီ့ကို အဘွားက...

"ဟဲ့... လေးလေးအောင်ကို နှုတ်ဆက်လိုက်ဦး
လေ"

ဆိုတော့မှ...။

"နှုတ်ဆက်မလို့ပါ ဘွားရဲ့"

တဲ့။ သည်လို ကလေးဆန်သည့် အကြည့်ကလေး၊ အ
ပြောကလေးတွေကို နှမြောမိပေမဲ့ သူဟာ အနုပညာအတွက်
လိုအပ်ချက်တစ်ခုဟုပင် ဖွတ်နှစ်ယုံကြည်မိသည်။ ချယ်ရီမှာ
ငုပ်ကွယ်နေသည့် ပါရမီရှိသည်။ ဗီဇသွေးရှိသည်။

ချယ်ရီ ဘာကြောင့် မင်းသမီးကောင်းတစ်လက် မဖြစ်
နိုင်ရမှာလဲ။

ခြံစည်းရိုးအစပ်မရောက်ခင်...။

"ပန်းကြွေည ဖတ်ပြီးပြီလား ချယ်ရီ"

ဟု မေးဖြစ်သည်။

"ဟုတ်ကဲ့"

ချယ်ရီက အပြုံးဖြင့် ခေါင်းညိတ်သည်။ နောက်ဆက်
တွဲ မေးလိုသည့်မေးခွန်းကို သူမဘာသာ နားလည်နိုင်လိမ့်မည်



ထင်သည်။

"အောင်ကြီး နင် ငါ့တူမကို မင်းသမီးလုပ်ခိုင်း
မလို့လား၊ ထုတ်လုပ်သူ စည်းစိမ်ပြုတ်သွားဦးမယ်၊
ကြည့်လုပ်နော်၊ မင်းသမီးလုပ်ဖို့ နေနေသာသာ၊
သနပ်ခါးတောင် ညီအောင်လိမ်းတတ်တာမဟုတ်ဘူး"

ဟု နီနီက ချယ်ရီ့ခါးကို ဖက်လျက် ချစ်စနိုးကျီစယ်
သည်။

သူတို့အမြင်မှာတော့ ချယ်ရီဟာ အရွယ်မရောက်တ
ရောက် ကလေးစိတ်မကုန်သေးသည့် မိန်းမငယ်လေးပေါ့။

အောင်ထက်ကတော့ သည်လိုမထင်ချေ။

ထို့ကြောင့်လည်းပဲ...။

"ပန်းကြွေညကို ရုပ်ရှင်ရိုက်ရင်ကောင်းမယ်
မထင်ဘူးလား"

ဟု ပိုင်နိုင်သေချာစွာ မေးလိုက်သည်။

"ဖေဖေကတော့ မြန်မာအမျိုးသမီးတွေအတွက်
ရည်ရွယ်ချက်ကောင်းတဲ့ ဇာတ်လမ်းမို့ ရုပ်ရှင်ရိုက်
သင့်တယ်တဲ့၊ ချယ်... မင်းသမီးလုပ်ရင်တော့
ဖြစ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ချယ်ရီက သူမ၏ ဖခင်ဆီ လှမ်းကြည့်လျက်...။

"ချယ်က ခင်နှင်းဖြစ်ဖို့ အရည်အချင်းမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စိတ်လဲ မဝင်စားပါဘူး"

ဟု ခပ်လေးလေးပြောသည်။

ချယ်ရီ့စကားကို သူ မယုံပါ။ ချယ်ရီ့မှာ အရည်အ ချင်း မရှိဘူးလို့ ဘယ်သူပြောသလဲ။

"သမီးလေးရဲ့ လေးလေးအောင်ကတော့ သမီးကို အရမ်းကို ယုံကြည်နေတော့တာပဲ"

ဟု အဘွားက သူ့ဘက်က ကူပြောရှာပါသည်။

"နာမည်ကြီးဒါရိုက်တာကြီးကို အားနာစရာနော်၊ မင်းသမီးတွေ အများကြီးဟာကို လေးလေးအောင်က လဲ ချယ်က ဖြစ်မြောက်မှာ မဟုတ်ပါဘူး"

ဆိုပြီး သူကလေးက လူကြီးတွေရှေ့မှာ သူ့ကို ရင်း ဟန် ကျီစယ်သည်။

အဲဒါကိုက သရုပ်ဆောင်နေတာပေ့ါ။

ချယ် အားလုံးရှေ့မှာ သရုပ်ဆောင်နေတာပေ့ါ။

ဘယ်လောက် ပီရိသေသပ်တဲ့အက်ရှင်လေးလဲကွ

"အစ်ကို ကျွန်တော် အစ်ကို့ဆီကို အေးအေး ဆေးဆေး လာတွေ့ပါဦးမယ်"

"ကိုအောင်ထက်က သိပ်ဖွဲ့ကောင်းတာကိုး"

ကိုသန်းထွန်းက သူ့ကို ခနဲ့သည်လား၊ ချီးမွမ်းသည် လားမသိ။

တိမ်ပြာသော နေ့တစ်နေ့မှာ သီဟိုဠ်ခြံကလေးထဲ



သူ အောင်မြင်စွာ ဆုတ်ခွာခဲ့ပါသည်။ သည်အတိုင်းဆိုလျှင် ပန်းကြွေသည်ကို ဖြစ်သလို ဖန်တီးရတော့မည်လား။ ငွေနှင်းမှုန် နှင့် သီးခြားဖြစ်သော တစ်ခုံတစ်ယောက်နှင့် အစားထိုးရတော့ မည်လား။

ပြီးတော့ ချယ်ရီ့ရင်ထဲက အနုပညာဗီဇကို ဆွဲထုတ် ခွင့်မရနိုင်တော့ဘူးလား။

"အဘွား စိတ်မကောင်းပါဘူး သားရယ်"

ဟု အဘွားက သူ့အနားကပ်ပြီး ခပ်တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ့်ကို ခုလိုအခြေအနေမျိုးရောက်လာဖို့ ဘယ်လောက်အထိ ကြိုးစားပျိုးထောင်ခဲ့ရသည်ဆိုတာတွေကို ခုချိန်မှာ သူ မမေ့ချင်လည်း မေ့ပစ်ရတော့မည်။ ဘာကြောင့်လဲဆိုလျှင်တော့ ချယ်ကိုယ်တိုင်က တစ်ချိန်က လေးလေးအောင်ဆိုတာကို အသိအမှတ်မပြုချင်တော့သလို သူမရဲ့ အနာဂတ်ကို သူမဘာသာ စီမံဖန်တီးခွင့်ရချင်ခဲ့ပြီ။

အို. . . ။

သူကိုယ်တိုင်ကရော ချယ့်ကို ဘာကြောင့် လွတ်လပ်ခွင့်မပေးချင်ရသည်လဲ။

ဘာကြောင့် သူ့တစ်ယောက်တည်းသာ လွှမ်းမိုးပိုင်ဆိုင်ထားချင်သည်လဲ။

ချယ်ဟာ အရုပ်ကလေးတစ်ရုပ်မှ မဟုတ်ဘဲ။

ပြီးတော့ ချယ်ရီဟာ ငွေနှင်းမှုန်မဟုတ်ပါဘူးလေ။

အစိုးရိမ်မလွန်စမ်းပါနဲ့။

စီးကရက်အသစ်တစ်လိပ် မီးညှိသည်။ မျက်တောင်



တွေ စင်းကျလာပေမဲ့ မအိပ်ချင်သေးဘူးဟု စိတ်ထဲက ရေရွတ်နေမိသည်။ ခုတင်ခေါင်းရင်း ပလတ်စတစ်စင်ကလေးပေါ်က ကြက်ဥမြေပဲဘူးခွံကို ထပြီး လှုပ်ကြည့်မိသေးသည်။ ပြီးတော့ စောင်ခြုံထဲမှာ ငြိမ်ငြိမ်ထိုင်နေဖို့ ကိုယ့်ကိုယ်ကို သတိပေးရင်း ခုတင်ပေါ်ကစောင်ကို ဆွဲယူပြီး ကိုယ်မှာပတ်လိုက်သည်။

". . . . ခုနှစ်ရဲ့ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု ကတော့. . ."

သည်နှစ်ထဲမှာ ရုပ်ရှင်ကားကြီးသုံးကားရိုက်ခဲ့ပြီး နှစ်ကားရုံတင်ခဲ့သည်။ သူ့ကားတွေ အကယ်ဒမီစာရင်းထဲ ပါမပါဆိုတာကို အောင်ထက် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ချေ။ ခုပ်မြင်သံကြားထဲက စင်မြင့်ပေါ်မှာ ဆုကြေညာနေသူ၏ ပုံရိပ်သည် မြင်လွှာထံမှာ ခပ်ပါးပါးသာရှိသည်။

"ပန်းကြွေည. . . ဖြစ်ပါတယ်"

အို. . . ။

လက်ခုပ်သံတွေ. . . ။

ဆလိုက်မီးရောင် အလင်းတန်းတွေက သဇင်ပန်းတွေဆနေသည့် မမကြီးအနားမှာ ဝေ့ဝဲရောက်ရှိပြီး မပြီးနိုင်သည့် ဆက်ဆွဲနှုတ်ဆက်ခြင်းတွေ၊ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းစကားတွေ. . . ။

"ပန်းကြွေညဇာတ်ကားကို မနော်ဟရီရုပ်ရှင်ထုတ်လုပ်ရေးအတွက် လူငယ်ဒါရိုက်တာ အောင်

www.burmeseclassic.com

www.burmeseclassic.com



ထက်က ရိုက်ကူးပေးခဲ့တာ ဖြစ်ပါတယ်. . .

ပန်းကြွေညဇာတ်ကားရဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေ. . . ."

အားရဝမ်းသာ နှုတ်ဆက်သူတွေကြားမှာ ချယ်ရီ့ကို တွေ့သည်။ ကလေးတစ်ယောက်လို နုနယ်သောအပြုံးနှင့် ချယ်ရီက ပြင်သစ်ဆံထုံးမှာ ဆံထိုးလေးတွေ စိုက်လို့ တကယ့်ကို ရင့်ကျက်သည့် အမျိုးသမီးကြီးအသွင်နှင့်ပါလား။ အနားမှာ ယနေ့ရုပ်ရှင် ဗီဒီယိုလောကရဲ့ မျက်နှာစာ လူသစ်တန်းစာရင်းဝင် မင်းသမီးလေးတွေ. . .

'ပန်းကြွေည'ဇာတ်ကားဆုချိတ်ပြီ ဆိုတော့ သရုပ်ဆောင်ဆုကိုပါ မျှော်လင့်လို့ ရပြီပေါ့။

သရုပ်ဆောင်ဆုဆိုတာလည်း မင်းသားကို ထည့်စဉ်းစားစရာ မလို။ ဇာတ်ကိုက မင်းသမီးဇာတ်မို့ သရုပ်ဆောင်ဆုသည် ခင်နှင်း (သို့မဟုတ်) ချယ်ရီ့အတွက်ပဲ ဖြစ်ရမည်။

ချယ်ရေ. . .။

မင်း ဆုချိတ်လို့ကတော့ မျက်ရည်မကျစမ်းပါနဲ့နော်။

အဲသည်မျက်ရည်တွေကို တခြားသူတွေ ယုံပေမယ့် ငါ မယုံကြည်နိုင်လို့ပါ။ ပုံသေနည်းတစ်ခုလိုဖြစ်နေတဲ့ အဲဒီမျက်ရည်တွေအတွက် ငါ့ရင်ထဲမှာ လှောင်ရယ်ချင်စိတ်သာ ရှိတယ်။

ရင်ထဲက စကားတွေပြောရင်းပြောရင်း မျက်ဝန်းတွေက စိုစွတ်လာပြန်သည်။ တီဗီဖန်သားကို စိုက်ကြည့်နေရင်းပဲ



လည်ကုပ်ထောက်နေသည့် ဆံပင်လေးကို နှစ်ဘက်စည်းထားပြီး ခပ်ပျော့တွဲတွဲဂါဝန်ရှည်ကြီးနှင့် ချယ့်ကို အာရုံထဲ ပြန်မြင်သည်။

မျက်စိထဲ အထက်တန်းကျောင်းသူလေးလိုလို မိန်းကလေးတစ်ယောက်က သူ့ကို အင်မတန် လေးနက်ပြီး အဓိပ္ပာယ်ကျယ်ပြန့်လှသည့် မေတ္တာတရားအကြောင်း ပြောပြခဲ့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အောင်ထက်အဖို့ သရုပ်ဆောင်၏ အမူအရာ၊ ဖလင်ပေါ်က အရုပ်တွေကြည်လင်ဖို့၊ အသံတွေပြတ်သားဖို့၊ ရုပ်ရှင်ဇာတ်ကားတစ်ကားကို စိတ်ကျေနပ်လောက်အောင် ဖန်တီးဖို့ ဆိုတာကလွဲပြီး ဘယ်အရာမှ မလေးနက်ဘူးဟု ထင်မှတ်ရလောက်အောင် ကိုယ့်စိတ်တွေကို ထိန်းချုပ်စေစားနိုင်ခဲ့တာ ရှစ်နှစ်ကြာခဲ့ပြီမို့ အဲသည်အရာတွေထက်ပိုပြီး လေးနက်အဓိပ္ပာယ်ရှိသည့်စကားတွေကို ချယ့်ထံက ကြားရတော့ အံ့ဩတကြီးဖြစ်ခဲ့ရပါသည်။

"မိခင်ကစွန့်သွားတဲ့ ကလေးတစ်ယောက်ရဲ့ ခံစားချက်ကို သမီး နားလည်တယ် လေးလေးအောင်၊ ပန်းကြွေညရဲ့ ဇာတ်ကောင်ခင်နှင်းကို သမီးကိုယ်ချင်းစာလို့ရတယ်၊ မိခင်တစ်ယောက်ယောက်ရဲ့ တာဝန်မဲ့မှုဟာ ကလေးတစ်ယောက်ရဲ့ အနာဂတ်ကို ဘယ်လောက်အထိ ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်တယ်ဆိုတာ ဒီဝတ္ထုရဲ့ အနှစ်သာရပဲ. . .



ငွေနှင်းမှုန်က ရုပ်ရှင်ပိတ်ကားပေါ်မှာ သမီးပျောက်သွားလို့ မျက်ရည်မစဲနိုင်ဖြစ်နေတဲ့အချိန်မှာ ချယ်တို့သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး မျက်ရည်မကျဖြစ်အောင် မငိုဖြစ်အောင် ဟာသဝတ္ထုတွေဖတ်ရင်း ရယ်စရာတွေ ရှာကြံပြောရင်း၊ နာကျင်မှုတွေကို ဖြေဖျောက်ခဲ့ရတယ်၊ အနုပညာအတွက် အနုပညာအတွက်လို့ ကြွေးကြော်ပြီး ကုမ္ပဏီပိုင်ရှင်က ဝယ်ပေးတဲ့ ဂရန်ဒီမတ်တူးကားကြီးနဲ့ သူ ဈေးဝယ်ထွက်နေတဲ့အချိန်မှာ ဖေဖေဟာ ဘတ်စ်ကားတိုးစီးပြီး ရုံးသွားခဲ့ရတယ်. . .

ဖေဖေနဲ့မေမေ သဘောထားမတိုက်ဆိုင်လို့ ကွဲသွားကြတယ်လို့ ပတ်ဝန်းကျင်က ထင်ကြမှာပေါ့၊ ရုပ်ရှင်မင်းသမီး ငွေနှင်းမှုန်ဟာ အိမ်ထောင်နဲ့ ကွဲလာတဲ့ တစ်ခုလပ်လို့ ရုပ်ရှင်လောကက သိကြမှာပေါ့၊ မဟုတ်ဘူး လေးလေးအောင်ရဲ့. . .

တကယ်တော့ မေမေက ဖေဖေ့ကို သစ္စာဖောက်ခဲ့တာ၊ တစ်ဖက်သတ် စွန့်ခွာခဲ့တာပါ၊ ဖေဖေဟာ နောက်ဆုံးချိန်အထိ မေမေ့ဆိုးမျိုးကို ခံခဲ့ပါတယ်၊ ဒါပေမဲ့ မေမေက ဘာကိုမှ ပြန်မငဲ့ဘူးလေ၊ ဖေဖေ့ကိုမှ သူ့ကို နာမည်ကြီးအောင် လုပ်မပေးနိုင်ဘဲ. . .

အဲတော့ သူ့ကို နာမည်ကြီးအောင် ပံ့ပိုးပေးမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေဆီ သွားကပ်တော့တာပေါ့"

စီးကရက်မီးခိုးငွေ့တွေကြားထဲမှာ သူ မွေ့မွေ့လျော့လျော့ နစ်မျောခဲ့ပါသည်။ အဘွား၏ သီဟိုဠ်ပင်တွေကြားက အိမ်ကလေးမှာ ပြောမထွက်ခဲ့သော စကားများစွာကို ချယ်က စိန်ပန်းပင်တွေ၊ ယူကလစ်ပင်တွေ၊ တန်းစီနေသည့် လမ်းကလေးပေါ်က ကာရီနားဗင်(န်)ကား၏ ရှေ့ခေါင်းပေါ်မှာ တက်ထိုင်ပြီး မမောနိုင်မပမ်းနိုင် မရပ်မနား ပြောခဲ့ပါသည်။ ဦးသန်းထွန်းကတော့ သစ်တောကျောင်းကြီးပေါ်က ရုံးခန်းသို့မဟုတ် စာသင်ခန်းတစ်နေရာမှာ ရှိနေနိုင်ပါသည်။

နာကြည်းခြင်းတွေ ပြည့်သိပ်လျက် ဒေါသဖြင့် နီမြန်းမြန်း ဖြစ်နေသည့် မျက်နှာလေးသည် ပန်းသီးတစ်လုံးနှင့်ပင် တူနေပါသည်။ သည်ကလေးထံမှာမိခင်အပေါ် နာကြည်းခြင်းတွေကလွဲပြီး တခြား ဘာမှ မကျန်ရစ်တော့ဘူးဆိုလျှင်. . .။

"မဟုတ်သေးဘူး သမီး၊ သမီး နာကျင်ရတာတွေကို လေးလေးအောင်သိပါတယ်၊ ဒါပေမဲ့ ငွေနှင်းမှုန်ဟာ သမီးရဲ့အမေ"

သူဖျောင်းဖျဖို့ ကြိုးစားခဲ့ပါသေးသည်။ ဒါပေမဲ့ သည်စကားလုံးတွေက ချယ့်ရင်ထဲ ဒေါသအစိုင်အခဲကို တိုးမပေါက်နိုင်ခဲ့။ သည်တော့လည်း ယူကလစ်ပင်၏ ပင်စည်ကိုမှီရပ်ရင်း စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်ရင်း ချယ့်ရင်ထဲက



စကားတွေ ကုန်အောင် စောင့်ခဲ့ရသည်။ သည်စကားတွေကို နားထောင်ဖို့ အောင်ထက် သည်ကိုရောက်ခဲ့ရသည်လို့ ဆိုလျှင်လည်း မမှားနိုင်ပါ

သို့ပေမဲ့ ချယ့်အပေါ် ထားမိသည့် မျှော်လင့်ချက်တွေနှင့်အတူ သူ့ရင်ထဲ တစ်ခုခုပိုလာခဲ့သည်ဆိုတာ သူ့ဘာသာ ဆန်းစစ်နေမိရင်းပင် အဖြေကိုရှာမတွေ့ခဲ့။ ရှာမတွေ့တာလား အဖြေကို လက်မခံချင်တာလား။

ကောင်းကင်မှာ အုပ်ဖွဲ့ပျံသွားကြသည့် ငှက်များ၏ နားခိုရာသည် ဘယ်ဆီမှာမသိ။ ယူကလစ်ရွက်များ၏ မွှေးရှသောရနံ့သည် ချယ့်စကားတွေလိုပင် သူ့ကို မှတ်မှတ်ရရ ဖြစ်စေနိုင်၏။ သူ့ထက် ဆယ့်ငါးနှစ်လောက် အသက်ပိုငယ်သော မိန်းကလေးတစ်ယောက်၏ စကားတွေကို အချိန်ပေး နားထောင်ဖို့ အမှန်တကယ် လိုလားခဲ့သည်လားဆိုတာ သူ ကိုယ်တိုင်ပင် မသိ။

နောက်တော့ ချယ့်စကားတွေနောက် စီးမျောရင်း အောင်ထက်သည် အသက်နှစ်ဆယ့်ငါးနှစ်အရွယ် ရုပ်ရှင်ရှူး ဒါရိုက်တာပေါက်စကလေး ပြန်ဖြစ်သွားခဲ့သည်။

သူ့ရှေ့ကပုံရိပ်ကတော့ ရုပ်ရှင်မင်းသမီးငွေနှင်းမှုန်ပေါ့။

"ငါ့မောင်က လူသာငယ်တယ်၊ ပညာကတော့ မခေဘူးနော်၊ ဒါရိုက်တာပေါက်စဆိုပေမယ့် ရိုက်သမျှ

www.burmeseclassic.com

www.burmeseclassic.com



ကားတွေပေါက်တာပဲ၊ မင်းသမီး၊ မင်းသားတွေလဲ အတော်ထိန်းနိုင်တာပဲ၊ 'သစ္စာဖြင့်ဖွဲ့နှောင်သော'ကို မင်းပြတဲ့ အိုက်ဒီယာက တော်တော်မြင့်တာပဲ၊ မမ ကားတွေလဲ အပ်မယ်နော်၊ အကောင်းဆုံး လုပ်ပေးရမှာ"

ဩော်. . .။

ဘာကြောင့် မမေ့နိုင်သည်လဲ။

ဘာကြောင့် သည်လောက်ထိ နီးနီးစပ်စပ် ပြန်သတိရတတ်လေသည်လဲ။

"ဘာလဲ လေးလေးအောင်က ချယ့်ကို ဘာ့ရှား ပြောဦးမလို့လား၊ ငရဲကြီးမှာတို့ ကံကြီးထိုက်မှာတို့. . ."

"အဲဒါတွေလဲ တစ်စိတ်တစ်ပိုင်းပါတာပေါ့ သမီးရယ်၊ ကိုယ်ကတော့ သူ့ကို ချယ်ခွင့်လွှတ်ပေးစေချင်တာပဲ၊ ပြီးတော့ ချယ်တို့ရဲ့ မိသားစုဘဝထဲမှာ သူ့ရဲ့ အနုပညာပါရမီဆိုတာက သီးခြားဖြစ်တည်နေတယ်လို့ နားလည်ရမယ်"

"အနုပညာ ဟုတ်လား၊ မေမေ့မှာ အနုပညာပါရမီရှိချင်ရှိပါလိမ့်မယ်၊ ဒါပေမဲ့ မေမေဟာ အနုပညာအတွက် သူ့ရဲ့ဘဝ၊ သူ့ရဲ့ သိက္ခာကို စတေးခဲ့တာမှ မဟုတ်ဘဲ"



ကောင်မလေးက ကားခေါင်းပေါ်က ဆတ်ခနဲခုန်ချလိုက်သည်။ သူက မေးခွန်းများစွာပါသော အကြည့်မျိုးဖြင့် ချယ့်မျက်နှာတွေထဲ စိုက်ကြည့်လိုက်သောအခါ ချယ်က နှုတ်ခမ်းထောင့်တွေ ကွေးသည်ဆိုရုံမျှ ကွေးလျက် ခံပြင်းသော မဲ့ပြုံးဖြင့် သူ့အကြည့်ကို ပြန်ဖြေပါသည်။

"အနုပညာအတွက် ဘာမဆို ပေးဆပ်မယ်ဆိုတဲ့ စိတ်မျိုး မဟုတ်ဘူး၊ သူ ပေးဆပ်ခဲ့တာက သူ့ရဲ့ အောင်မြင်ကျော်ကြားမှုအတွက်၊ သူ့ရဲ့ ပကာသနတွေချည်းရှိတဲ့ ဘဝအတွက်၊ အဲဒါကြောင့်လဲ သူ့ဘဝမှာ လူတွေအများကြီးကို အသုံးချခဲ့တာ မဟုတ်လား၊ အဲဒီ အထဲမှာ လေးလေးအောင်လဲ ပါတယ်လေ"

စီးကရက်တိုကို လွှင့်ပစ်ပြီး ဖိနပ်ဦးဖြင့် နင်းခြေပစ်လိုက်သည်။

"ကိုယ် ဝန်ခံပါတယ်၊ ကိုယ်ဟာ မိန်းမတစ်ယောက်ရဲ့ အသုံးချခံဖြစ်ခဲ့ဖူးတယ်"

"ဒါပေမဲ့ အများကြီးဖြေသာပါတယ်၊ သမီးတို့ သားအဖနှစ်ယောက်ရဲ့ ဘဝထက်စာရင် လေးလေးအောင်ရဲ့ အသုံးချခံရတယ်ဆိုတဲ့ဘဝဟာ အများကြီးဖြေသာပါတယ်၊ သမီးတို့မှာက ဖျက်ဆီးခံရတာ၊ ခြေမွခံရတာ ဘဝကိုမဟုတ်ဘူး၊ စိတ်ဓာတ်ကို၊

www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးကို...

အနုပညာသမားဆိုတာ စိတ်ခံစားချက်နူးညံ့သိမ်မွေ့တယ်၊ ခံစားချက်ပြင်းထန်တယ်လို့ ကြားဖူးတယ်၊ ဒါဆိုရင် ငွေနှင်းမှုန်ရဲ့ အနုပညာဆိုတာ ဖန်တီးထားတဲ့ အတုအယောင်ပဲ ဖြစ်မှာပဲ၊ သူ့မှာ မေတ္တာတရားမရှိဘူး၊ မိခင်စိတ် မရှိဘူး...

သူ့ရဲ့အောင်မြင်ကျော်ကြားမှုအတွက် ခင်ပွန်းသည်နဲ့ တစ်နှစ်မပြည့်သေးတဲ့ သမီးလေးကို စွန့်သွားခဲ့တာ၊ ချယ်ဟာ ကျန်းမာဖွံ့ဖြိုးတဲ့ မိခင်တစ်ယောက်က မွေးတဲ့ကလေးဖြစ်ခဲ့လျက်နဲ့ မိခင်ရဲ့ နို့ကို မစို့ခဲ့ရဘူး၊ အို..အမေကိုတောင် သေသေချာချာ မရင်းနှီးခဲ့ရပါဘူး၊ အမေ့ရင်ခွင်ထဲမှာ တခြားကလေးတွေလို နွေးနွေးထွေးထွေးမနေခဲ့ရပါဘူး...

ဖေဖေဟာ ချယ့်အတွက် သူ့ဘဝကို မြှုပ်နှံခဲ့တယ်၊ မိန်းမတစ်ယောက်အတွက် အရက်သမားဖြစ်မသွားတာ၊ နောက်အိမ်ထောင်ထပ်မပြုတာ၊ အဲဒါ သူ ချယ့်ကို ငဲ့ညှာခဲ့လို့ပေါ့၊ ဖေဖေ့လိုအဖေမျိုးရတာ ချယ် သိပ်ကံကောင်းတယ်...

ဒါပေမဲ့ ငွေနှင်းမှုန်လိုအမေမျိုးရတာတော့ ချယ်ကံဆိုးတယ်"

"ချယ်ရီ"



ကားနောက်ဘက်ဆီက ထွက်ပေါ်လာသော ခေါ်သံကြောင့် ချယ့်ခေါင်းကလေး ဆတ်ခနဲ လှည့်သွားခဲ့သည်။ ချယ့်ဖခင် ဦးသန်းထွန်းသည် ခပ်စောစောကပင် အိမ်ရှေ့နားဆီရောက်နေခဲ့ပြီး ချယ့်စကားတွေကို ခပ်လှမ်းလှမ်းက နားထောင်နေဟန်တူပါသည်။ ချယ်က ယုန်ကလေးတစ်ကောင်ကို ငြိမ်ဝပ်သွားပြီး ဖခင်ဧရှေ့မှာ ဝမ်းနည်းနေသော အမူအရာမျိုးဖြင့် ခေါင်းငုံ့မျက်လွှာချထားသည်။

သူမလက်ချောင်းတွေကို ကွေးလျက် လက်သည်းခွံမတွေကို ငုံ့ကြည့်နေသည့် ကောင်မလေးသည် ဖခင်၏ ကွယ်ရာသူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ ပေါက်ကွဲခဲ့သည့် သူမရင်ထဲက ခံစားချက်အတွက် အပြစ်ရှိသည်ဟူ၍တော့ ယူဆဟန်မတူပါ။

"သမီးရင်ထဲမှာ ဘာဖြစ်လို့ ဒါတွေကို သိမ်းထားရတာလဲ၊ ကြည့်စမ်း ကိုအောင်ထက်က ဖေဖေ့ကို အဆုံးအမ နည်းလိုက်တာလို့ ထင်တော့မှာပဲ၊ ဆုံးပါးသွားပြီးတဲ့ သူတစ်ယောက်ကို နာကြည်းစကားတွေ ပြောမနေပါနဲ့တော့ကွယ်၊ သမီးဘွားဘွားသာကြားရင် တော်တော်စိတ်မကောင်းဖြစ်ရမှာပဲ"

"အဲဒါကြောင့် ဘွားဘွားမကြားနိုင်တဲ့နေရာမှာ ပြောတာပေါ့ ဖေဖေရဲ့"

"ကဲ...လာ...လာ..အိမ်ထဲဝင်ကြ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ထက်လဲ စောင့်ရတာ တော်တော်ကြာသွားပြီ၊ ကျွန်တော်လဲ ကိုအောင်ထက်လာမယ်ပြောလို့ ဘယ်မှ မသွားဘဲ ထိုင်စောင့်နေတာပဲ၊ နိုင်ငံခြားသားက ခေါ်ပြီး စကားပြောနေလို့ဗျာ"

ကိုသန်းထွန်းက သားအဖနှစ်ဦးသာရှိပြီး သပ်ရပ်အေးချမ်းသည့် အိမ်ကလေးဆီ ဦးဆောင်လျှောက်သွားသည်။ ချယ်ရီတို့သားအဖ၏ မှော်ဘီသစ်တောကျောင်းဝင်းထဲရှိ အိမ်ကလေးဆီ သူ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ပြီး အကယ်၍သာ သည်တစ်ခေါက် မအောင်မြင်ခဲ့ဘူးဆိုလျှင်တော့ နောက်တစ်ကြိမ်ဆိုတာ ဘယ်တော့မှ မရှိနိုင်တော့ဘူးဟု သူ ဆုံးဖြတ်ခဲ့မိသည့် ပထမဆုံးနှင့် နောက်ဆုံးလည်း ဖြစ်ခဲ့ပါသည်။

သို့ပေမဲ့ ကံကောင်းထောက်မပြီး ချယ်ရီ့ဖခင်ထံက ခွင့်ပြုချက်ကို ရခဲ့၏။ သို့ပေမဲ့လည်း ချယ်ရီကိုယ်တိုင်ကတော့ ခေါင်းညိတ်သည်မဟုတ်ချေ။ ချယ်ရီ့ရင်ထဲက အနုပညာဗီဇသွေးကို နှိုးဆွဖို့တော့ သူ နှစ်နှစ်လောက် အချိန်ယူခဲ့ရသည်။ အောင်ထက်အတွက် အနုပညာနယ်ပယ်မှာ ငွေနှင်းမှုန် မဟုတ်သည့် ငွေနှင်းမှုန်တစ်ယောက် မွေးဖွားစေခဲ့ခြင်းက ကျေနပ်စေခဲ့သည်။

ချယ်ရီသည် ငွေနှင်းမှုန်လိုပင် မျက်ရည် အပြုံးတွေကို စေစားနိုင်သူဖြစ်ရမည်။

သို့ပေမဲ့ ချယ်ရီသည် ငွေနှင်းမှုန်မဟုတ်စေရ။



"ကျွန်တော် ချယ်ရီအမေနဲ့ လက်ထပ်ခါစက နယ်တွေဆင်းနေရတာပေါ့၊ ကြိုးဝိုင်းသစ်တောတွေထဲ သွားနေရတယ်။ ကျွန်တော် နောက်ဆုံးနေခဲ့တာ ပျဉ်းမနား၊ နောက်တော့ ရန်ကုန်ရောက်လာတယ်၊ အဲဒီမှာ ချယ်ရီ့ကို ကိုယ်ဝန်စရတယ်၊ ကျွန်တော်နဲ့ လက်ထပ်တော့ ချယ်ရီ့အမေဟာ ချယ်ရီ့အရွယ်ပဲ ရှိသေးတယ်၊ ဆယ့်ရှစ်နှစ်သမီးပေါ့. . .

သူ ရုပ်ရှင်စရိုက်တော့ အသက်နှစ်ဆယ်၊ ချယ်ရီ့ကို မွေးတော့ နှစ်ဆယ့်သုံးနှစ်၊ ကျွန်တော်တို့ အိမ်ထောင်သက် ခြောက်နှစ်တောင်မပြည့်လိုက်ပါဘူး၊ ကျွန်တော်နဲ့ လက်မထပ်ခင်ကတည်းက ရုပ်ရှင်မင်းသမီးဖြစ်ဖို့ သူ ကြိုးစားခဲ့တာတဲ့၊ ရုပ်ရည်ကလဲ ချောတာကိုး၊ ကျွန်တော်ကလဲ သူ့ကို အရူးအမူး စွဲလမ်းခဲ့တယ်ဆိုပါတော့. . .

ကျွန်တော်က တောတွေ၊ တောင်တွေထဲ လှည့်ပတ်သွားနေတုန်း သူက ရန်ကုန်မှာ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ ကြိုးစားနေခဲ့တာကိုး၊ ပြောရရင် ကျွန်တော်ကလဲ ကိုယ့်မိန်းမ နုနုနယ်နယ်လေးကို တောတွေ၊ တောင်တွေထဲ ခေါ်မထားရက်ဘူးဗျ"

သူတို့စကားတွေအများကြီး ပြောခဲ့ကြပါသည်။ အများအားဖြင့်တော့ ငွေနှင်းမှုန်အကြောင်းတွေပဲ ဖြစ်ပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဇနီးဟောင်းဖြစ်သူနှင့်ပတ်သက်ခဲ့ဖူးသည့် ယောက်ျား တစ်ယောက်အပေါ် သည်မျှ အရိုးခံအတိုင်း ဆက်ဆံနိုင်သည့် လူတစ်ယောက်ကို သူ မချီးမွမ်းပဲ မနေနိုင်ပါ။ ဟိုတုန်းကတော့ ကိုသန်းထွန်းသည် မမနှင်း၏ ကစားစရာ အရုပ်တစ်ရုပ်သာ သာ ဖြစ်နိုင်ပါသည်။ ကိုသန်းထွန်းရင်ထဲက နာကြည်းမှုသည် အမုန်းကြောင့်မဟုတ်ဘဲ အချစ်ကြောင့် နာကြည်းရခြင်းသာ ဖြစ်လေသည်မို့ မေ့နိုင်ဖို့တော့ လွယ်ကူလိမ့်မည်မဟုတ်ပါ။

တကယ်တော့ ကိုသန်းထွန်းဆီ သူ ရောက်လာသည့် အကြောင်းက တစ်ပိုင်းတစ်စ ပြီးစီးနေသည့် 'ပန်းကြွေ'၏ အခြေအနေကို ပြောပြပြီး ရှိုးသားပွင့်လင်းစွာ အကူအညီ တောင်းရန်သာဖြစ်ပါသည်။ အဲသည်အကြောင်း စကားမစဖြစ် သေးခင်မှာဘဲ သူတို့စကားတွေ တရှည်တလျား ပြောနေမိပြီး ချယ်ရီက ထမင်းစားဖို့ခေါ်မှ စကားအမျှင်ပြတ်ကြသည်။ ချယ်ရီတို့သားအဖနှစ်ဦး၏ ထမင်းစားပွဲမှာ အောင်ထက်က အထူးဧည့်သည်တော်ဖြစ်ခဲ့သည်။ သည့်နောက်မှာတော့ ချယ်ရီ က သူယူလာသည့် ဗီဒီယိုတိတ်ခွေတွေကြည့်ရင်း တက်တင်းထိုး နေခဲ့ပြီး သူတို့နှစ်ဦးက အိမ်ရှေ့ယူကလစ်ပင်ရိပ်အောက်မှာ စကားဆက်ပြောဖြစ်ကြသည်။ ရေနွေးကြမ်း၊ မြေပဲယို၊ လက်ဖက် စသဖြင့် စားသောက်ဖွယ်ရာများ ပါဝင်သည့် သည် လက်ဖက်ရည်ဝိုင်းကလေးသည် ချယ်ရီနှင့် စတင်ပတ်သက်ခဲ့ ရသော သူ့ဘဝမှာ မကြာခဏ ပြန်သတိရနေစေမိသည့် ငြိမ်း



ချမ်းဖွယ် ကြည်နူးဖွယ် ကာလငယ်တစ်ခုပင် ဖြစ်သည်။

"ပန်းကြွေကို ကျွန်တော် ဖတ်ပြီးပါပြီ၊ တော် တော်ကောင်းတဲ့ ဝတ္ထုပဲဗျ၊ မြန်မာအမျိုးသမီးတွေ အတွက် အတွေးအခေါ်ကောင်းကောင်းပေးနိုင်မယ့် ကားပဲ၊ ဒါပေမဲ့ သမ္မာရင့်မင်းသမီးတွေရှိရက်နဲ့ ဘာ ကြောင့် ချယ်ရီနဲ့မှ ဒီကားကို ရိုက်ချင်ရတာလဲ ကိုအောင်ထက်၊ ချယ်ရီဟာ အရိုင်းသက်သက်ပဲ၊ ရုပ် ရှင်နဲ့ပတ်သက်ပြီးတော့လဲ ဘာမှ ဗဟုသုတရှိတာ မဟုတ်ဘူး"

သူ စတင်တောင်းဆိုရမည့် စကားကို ကိုသန်းထွန်းက စတင်လမ်းခင်းခဲ့သည့်အတွက် အများကြီး လွယ်ကူအဆင်ချော သွားခဲ့သည်ဆိုတာ ကိုသန်းထွန်းကတော့ မရိပ်မိပါ။

"ချယ်ရီနဲ့မှ ဘာကြောင့် ရိုက်ချင်တာလဲဆိုတော့ ချယ်ရီနဲ့ရိုက်မှ ဖြစ်မှာမို့လို့ပါ၊ ဒီကားကို ငွေနှင်းမှုန် နဲ့ရိုက်ထားလက်စဖြစ်နေလို့ပါ"

"ဩော် . . . သီသီနဲ့ရိုက်ခဲ့တာလား"

ကိုသန်းထွန်းက နှုတ်ခမ်းတွေ လူးလွန့်လျက် နာကျင် စွာ ပြုံးရင်း . . .။

"သိပ်လိုက်ဖက်တဲ့ဇာတ်ပေါ့ဗျာ"

ဟု ခပ်အက်အက် စကားသံဖြင့် ပြောသည်။

"ဟုတ်ပါတယ် အစ်ကို၊ ရိုက်နေရင်းနဲ့ မမနှင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတော့ ပရိဂျူဆာအနေနဲ့ တော်တော် ကသိကအောက်ဖြစ်ပြီး ကျန်ခဲ့ပါတယ်၊ အပြင်လူတစ်ယောက် ပရိသတ်တစ်ယောက်အနေနဲ့ကြည့်ပြီး ပြောရင်တော့ နောက်တစ်ယောက်နဲ့ ဆက်ရိုက်ပေါ့၊ ဒါမှမဟုတ်လဲ အစအဆုံး နောက်တစ်ယောက်နဲ့ ပြန်ရိုက်ပေါ့. . .

အဲဒါလဲဖြစ်သင့်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဘက်မှာက အခက်အခဲတွေ ရှိပါတယ်၊ ရုပ်ရှင်ကားကြီးတစ်ကားရိုက်ဖို့ဆိုတာ ဖလင်ခွဲတမ်းကို စောင့်ရပါတယ်၊ ဖလင်ဆိုတာကလဲ ပေါပေါများများ ပိုပိုလျှံလျှံရတာမျိုးမဟုတ်ဘူးဆိုတော့ ရိုက်ပြီးသားအကွက်တွေကို မသုံးတော့ဘဲ အစအဆုံး ပြန်ရိုက်ဖို့ဆိုတာ ဖလင်ကို တော်တော် ခြိုးတာမှ ဖြစ်မှာပါ၊ အဲလိုဆို ဇာတ်ကိုပါ ချုံ့လိုက်ရတာမျိုး ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ အဲလို ဖြစ်ရင်တော့ ပရိသတ်ကို မတန်မရာ ပေးရသလိုမျိုး ဖြစ်သွားမယ်. . .

နောက်တစ်ချက်က မင်းသမီးအစားထိုးလိုက်တာနဲ့ မူလရှိနေတဲ့ ဇာတ်ရဲ့ အရသာ ပျက်သွားနိုင်ပါတယ်၊ နောက်အရုပ်တစ်ခုနဲ့ အသံရော အမူအရာရော ပြောင်းသွားတဲ့အခါ မူလရှိနေပြီးသား ဇာတ်ရဲ့ အရှိန် ကျသွားပါတယ်၊ ကျွန်တော်က အဲဒါမျိုး မဖြစ်စေချင်ဘူး. . .



ဒီဝတ္ထုကို ပိုပြီး မဖြစ်စေချင်ဘူး. . .

ဝတ္ထုတွေကို ရုပ်ရှင်ရိုက်တဲ့အခါ ဝတ္ထုရဲ့ မူလ အနှစ်သာရကိုမီဖို့ ကျွန်တော်တို့ တော်တော် ကြိုး
ားရတာပါ၊ ဒီကြားထဲ ခုလို အဆင်မပြေမှုတွေနဲ့
ဆိုတော့ ကောင်းနေပြီးသား နာမည်ကြီးပြီးသား ဝတ္ထု
တစ်ပုဒ်ကို ဖျက်ဆီးလိုက်သလို ဖြစ်သွားပါလိမ့်မယ်"

"အင်း. , ဒါဟုတ်တယ်ဗျ"

ကြွေပန်းကန်ထဲ ထည့်ထားသည့် ရေနွေးပူတွေ
န်စွာ အေးစက်သွားကြသည်။ ယူကလစ်ရွက်ခြောက်တွေ
ာ လျှပ်တိုက်မှောပါသွားသည့်အခါ လူတစ်ယောက်
တ် လျှပ်တိုက်လျှောက်လာသည့်ခြေသံလိုပင် ထင်မှတ်
း။ ပက်လက်ကုလားထိုင်ပေါ် ခပ်လျော့လျော့ထိုင်နေ
ကိုသန်းထွန်းသည် မျက်ခုံးတွေ ကုပ်ကျလျက် ပင်ထက်မှာ
ပ်လှုပ်နေသည့် ယူကလစ်ရွက်တွေကို စိုက်ကြည့်နေသည်။
မဲ့ ယူကလစ်ရွက်တွေကို မြင်ချင်မှလည်း မြင်လိမ့်မည်။

"ကျွန်တော် ဆယ်တန်းကျောင်းသား ဘဝက
ဂရက်မစ်ချယ်ရဲ့ ဂွန်းဝစ်သ်သည်ဝင်း(န်)ကိုဖတ်
ာယ်၊ ဆရာမြသန်းတင့်ရဲ့ လေရူးသုန်သုန်ကိုလဲ
ာ်တယ်၊ ရုပ်ရှင်ကိုလဲ ကြည့်ရတယ်၊ မင်းသား မင်း
မီးတွေ သရုပ်ဆောင်တာ တော်တော်ကောင်းပါ
ယ်ဗျာ၊ ဒါတောင် ကျွန်တော့်စိတ်ထဲမှာ ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



လောက် ပြည့်စုံတယ် မထင်မိဘူး၊ နောက်ပြီး ဆရာမြတ်ထန်ရဲ့ နှောင်းတမြေ့မြေ့တို့၊ ခင်နှင်းယုရဲ့ မွှေးတို့၊ ရုပ်ရှင်တွေလဲ ကောင်းတာပဲဗျ၊ ဒါပေမဲ့ ဝတ္ထုထဲက လေးနက်မှုမျိုးထက်တော့ လျော့ကိုလျော့တယ်"

အရိုးသားဆုံး အကြောင်းအရာ၊ အရိုးသားဆုံး ရည်ရွယ်ချက်တွေကို အရိုးသားဆုံး ဖွင့်ချပြောပြပြီး 'ပန်းကြွေည'အတွက် ချယ်ရီသည် လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဆိုတာကို သူတို့တစ်တွေ နားလည်နိုင်အောင် သူ အစွမ်းကုန် ကြိုးစားခဲ့ပါသည်။

"ချယ်ရီရဲ့ မျက်နှာအနေအထားက မိခင်နဲ့တူပြီး သားဆိုတော့ မိတ်ကပ်နဲ့ ပြုပြင်ယူလိုက်ရင် ခင်နှင်းဟာ ပရိသတ်တွေရဲ့ အာရုံထဲမှာ အပြောင်းအလဲမရှိဘဲ အဆင်ချောသွားပါလိမ့်မယ်၊ မင်းသမီးတွေမှာ စကားပြောတဲ့ လှုပ်ရှားတဲ့ အမူအရာတွေမှာ ကိုယ်ပိုင်ဟန်လေးတွေက မသိမသာ ရှိနေတာမို့ အဲဒါတွေကို ဖျောက်ပြီး တခြားတစ်ယောက်လုပ်ဖို့ဆိုတာ နည်းနည်းခက်ပါတယ်. . .

ချယ်ရီကတော့ ဘာအရောင်၊ ဘာပုံသဏ္ဌာန်မှ မရှိတဲ့ ပကတိအကြမ်းထည်သက်သက်လိုမို့ သူ့ကို သင်ပြရတာ ပိုပြီး လွယ်ကူပါလိမ့်မယ်၊ ပြီးတော့ သူဟာ မမနှင်းရဲ့ သမီးဖြစ်နေတဲ့အတွက် သမီးတစ်



ယောက်အနေနဲ့ အမေကို အတုခိုးဖို့ဆိုတာ လွယ်ကူပါတယ်"

"ဒါပေမဲ့ ချယ်ကြ အဲဒီအနေအထားမျိုးကို လိုချင်မှာမဟုတ်ဘူး"

"ဒါကတော့ သူ့စိတ်ထဲမှာ မိခင်ကို နာကြည်းစိတ်တွေရှိနေတာကိုး၊ ဒါကို ကျွန်တော် နားလည်ပါတယ် အစ်ကို"

"ဟုတ်တယ် သမီးဟာ သူ့အမေကို အတော်စိတ်နာနေခဲ့တာပဲ၊ ဒါတောင် ကျွန်တော်သူ့ကို သူ့အမေနဲ့ နီးစပ်အောင် အမြဲ ခွင့်ပြုခဲ့ပါတယ်။ သူ့အမေလာရင် အမြဲပေးတွေ့တာပဲ။ သူ့အဘွားအိမ်ကို လှမ်းခေါ်ရင်လဲ ပို့ပေးခဲ့တာပဲ၊ ဒါပေမဲ့ ရှစ်တန်းလောက်ရောက်လာတော့ သမီးက ခေါ်လဲ မသွားတော့ဘူး၊ သူ့အမေပေးသမျှလဲ ဘာမှ မယူတော့ဘူး၊ ကျွန်တော်ကလဲ ကလေးကို မုန့်ဖိုးပေးတာတို့ ရွှေဆွဲကြိုး လက်ဝတ်ရတနာတွေ ဆင်တာကိုတော့ လက်မခံဘူး၊ မယူရဘူးလို့ မှာထားတယ်. . .

အေးလေ. . . ဒါပေမဲ့ အမေဟာ အမေပါပဲ၊ သူ့ဘက်က တာဝန်မကျေခဲ့ပေမယ့် ဒီကလေးကို ကိုးလလွယ် ဆယ်လဖွားခဲ့တဲ့ ကျေးဇူးကတော့ ရှိနေတာပဲ၊ မချစ်ဘူးဆိုရင်လဲ ဒီလိုစော်ကားလို့တော့ ဘယ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါမလဲ...

သူ့မှာ သူ့အမေလို အနုပညာပါရမီရှိတယ်ဆို တာတော့ ဖြစ်ချင်လဲ ဖြစ်မယ်ပေါ့လေ...

ဒါပေမဲ့ သူမလုပ်ချင်တဲ့ ကိစ္စတစ်ခုကို အတင်းအ ကျပ် တိုက်တွန်းလို့တော့ ရချင်မှ ရမယ်"

သည်အခြေအနေလောက် လိုက်လျောလျှင် သူ နပ်ပြီ။ ချယ်ရီ့ကို ခေါင်းညိတ်စေဖို့ဆိုတာ ကိုသန်းထွန်း သဘောတူညီချက်ရပြီးလျှင် မခဲယဉ်းဘူးထင်ရသည်၊ ချယ်ရီသည် သူမနှင့် ရွယ်တူမင်းသမီးငယ်လေးတွေ သ ဆောင်သည့် ဗီဒီယိုတိတ်ခွေ တချို့ကို ကြည့်နေပြီ မ လား...။

သူမသည်လည်း သူတို့လို စွမ်းဆောင်နိုင်သည် သည့် ယုံကြည်မှုမျိုး၊ အတွေးအခေါ်မျိုးသည် ထက်မြက်သ မိန်းကလေးတစ်ယောက်မှာ မူလကပင် ရှိနှင့်ပြီးဖြစ်ပါ မည်။

နောက်ဆုံးတော့ သူ ရည်ရွယ်ကြိုးပမ်းခဲ့သည့် အ အနေတစ်ခုသို့ ရောက်လာဖို့ နီးစပ်လာပြီဟု ယူဆနိုင်ခဲ့သ ကိုသန်းထွန်းသည် နားလည်ရလွယ်ကူသည့် ရိုးသားသ ပညာတတ်တစ်ယောက်ဖြစ်၏။ ချယ်ရီကတော့ နာကြ တတ်ပြီး စိတ်မှတ်ကြီးသော်လည်း နူးညံ့လှသည့်၊ ပျော်ရွှင် သည့်၊ အတွေးအခေါ် ထက်မြက်သည့် လူငယ်တစ်ယော



ဖြစ်သည်။

"သမီးရဲ့ ဆန္ဒကို ကျွန်တော် အလေးထားပါ တယ်"

ဟု ကိုသန်းထွန်းက ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီကို 'ပန်းကြွေသည'ဇာတ်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ထားပြီး ရိုက်ကူးမည်ဆိုတော့ တချို့က အံ့သြပြီး တချို့က စုတ်သတ်ခဲ့ကြသည်။ ငွေနှင်းမှုန်၏သမီးဖြစ်ရုံဖြင့် မိခင်၏ ကျော်ကြားမှုကို အားကိုးပြီး သည့်လို မစွန့်စားသင့်ဘူးဟု ဝေဖန်သူတွေက ဝေဖန်ကြသည်။ ချယ်ရီ၏ နဂိုနေမျက်နှာက နုနယ်အပြစ်ကင်းပေမယ့် အပြုံးရိပ်မရှိ၊ မျက်နှာထားတည်လွန်းသည်။ မျက်နှာမှာ အသက်မဝင်သည့် အရုပ်တစ်ရုပ်လိုပဲဟု ဆိုသူကဆိုကြသည်။ သို့ပေမဲ့ 'ပန်းကြွေသည'သည် ခုတော့ အကယ်ဒမီဆုချိတ်ခဲ့ပြီ။ ပြီးတော့ ပန်းကြွေသည၏ သရုပ်ဆောင်မင်းသမီးသည်လည်း ရွှေစင်ရုပ်ဆုကို ပိုင်ပိုင်နိုင်နိုင် ရလိမ့်ဦးမည်ဟု သူ ယုံကြည်သည်။




အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com







စားပွဲပုလေးပေါ်က ပုလင်းထဲမှာ နီညိုရောင်အတော်လျော့သွားပြီ။ သို့ပေမဲ့ သူ မမူးသေးပါ။ စီးကရက်တိုတွေလည်း စားပွဲပေါ်မှာ ပြန့်ကျဲနေခဲ့ပြီ။ ပြတင်းပေါက်ပိတ်ထားသော အခန်းထဲမှာ ပြင်းရှမူးရီစေသော အရက်နံ့နှင့် စီးကရက်မီးခိုးနံ့တွေသာ မွှန်းထုံပြည့်နှက်နေသည်။ ပြီးတော့ ရုပ်မြင်သံကြားက စကားပြောသံ ခပ်တိုးတိုး. . .။

မျက်စိတွေ မှိတ်ထားပေမယ့် ကြားနေရသည်။ ခာတ်ပုံဆု၊ ဒါရိုက်တာဆုရှင်တွေ ကြေညာပြီးသွားပြီ။ အညီနှစ်တေးဂီတဆုနှင့် ဇာတ်ညွှန်းဆုတွေပါ အတော်စုံလင်လင် ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါရိုက်တာဆု ဘယ်သူရနိုင်သည်ဆိုတာ သူ မျှော်လင့်ထားပြီးသား အတိုင်းပင် ရှမ်းပြည်မြောက်ပိုင်းအထိ စစ်ပွဲဇာတ်ဝင်ခန်းတွေ သွားရောက်ရိုက်ကူးခဲ့သည့် ဇာတ်ကားက ရရှိသည်။ ဇာတ်ပို့ဇာတ်ရံဆုတွေပြီးလျှင် ဇာတ်ဆောင်ဆုကို ကြေညာလိမ့်မည်။

ခေါင်းထဲ ခပ်ထွေထွေဖြစ်နေသည့် ကြားကပင် အခန်းတံခါးကို ဖွင့်ပြီး ဧည့်ခန်းဘက် ထွက်လိုက်သည်။ ဧည့်ခန်းမှာ အိမ်ထောင်ပရိဘောဂဟူ၍ ခြေထောက်တွေ မခိုင်တော့သည့် ကြိမ်ခုံဝိုင်းနှစ်ခုနှင့် ဆက်တီစားပွဲရှည်တစ်ခုသာ ရှိသည်။ အဝါနုရောင် နံရံပေါ်မှာ ပြက္ခဒိန်မရှိ၊ နာရီမရှိ၊ ဓာတ်ပုံ မှန်ဘောင်မရှိ၊ ဘာဆိုဘာမျှမရှိ။

ဧည့်ခန်းထဲမှာ အသစ်စက်စက် သင်္ဘောဆေးနံ့သာ စွဲနေသည်။ ဧည့်ခန်းကိုဖြတ်ပြီး အိမ်ရှေ့တံခါးမကြီးကို ဖွင့်လိုက်သည်။ တံခါးက ခြင်ဆန်ခါတံခါးတစ်ထပ်၊ သံဘာဂျာတံခါးတစ်ထပ်၊ ဆွဲတံခါးတစ်ထပ်၊ သုံးထပ်ဖြစ်သည်။ သည်အိမ်ကလေးကို ရုပ်ရှင်မင်းသားတစ်ယောက် အလျှင်က ပိုင်ဆိုင်ခဲ့သည်။ ခုတော့သည်အိမ်ကလေးကို ဒါရိုက်တာ အောင်ထက် ပိုင်ဆိုင်သည်။ မန္တလေး၊ မေမြို့ဘက် ဇာတ်ဝင်ခန်းများ ရိုက်ကူးလျှင် သည်အိမ်မှာပင် သူတို့အဖွဲ့ စတည်းချသည်။ ချက်ပြုတ်သည့်အဖွဲ့တွေက သည်မှာပဲ ချက်ပြုတ်ပြီး ရိုက်ကွင်းနားချိန်တွေ သည်မှာပြန်ထမင်းစားကြသည်။ ဒါမှမဟုတ်



လည်း သည်မှာ ချက်ပြီး အိုး၊ ခွက်၊ ပန်းကန်တွေ သယ်မ,ကာ ရိုက်ကွင်းပေါ် ရောက်လာကြသည်။

တကယ်တော့ သူ ကျွမ်းဝင်ခဲ့သည့် ရုပ်ရှင်အလုပ်ဆိုတာ ခုလို တစ်ယောက်တည်း အထီးကျန်နေရသည့် အချိန်တော်တော် ရှားပါးပါသည်။ အဖွဲ့အစည်းအလိုက် မိသားစုစိတ်ဓာတ်နှင့် စုပေါင်းလုပ်ကိုင်ရပြီး အဲသည်လို အဖွဲ့အစည်းဆိုတာကလည်း တကယ့်ကို တစ်အုပ်တစ်မကြီး ဖြစ်သည်။ ရိုက်ကွင်းတစ်ခါထွက်ပြီဆိုလျှင် မင်းသား၊ မင်းသမီး၊ ဒါရိုက်တာကအစ မီးထိုး၊ မှန်ထိုး၊ ကလက်ရိုက်၊ ထမင်းချက်ကအစ ဘတ်စ်ကားနှစ်စီးစာလောက် လူတွေပါရသည်။ ပြီးတော့ အဲသည်လူတွေ နေ့စဉ် တက်ညီလက်ညီ လှုပ်ရှားကြရသည်။ စစ်ကား၊ ရာဇဝင်ကားလို လူတွေအများကြီး ပါဝင်သည့် ဆင်း(န်)တွေကတ်တွေဆိုလျှင်တော့ အဲသည်လူတွေအားလုံး ချိန်ကိုက်လှုပ်ရှားဖို့အတွက် အဆက်အစပ်မိသည့် ဇာတ်ဝင်ခန်းတစ်ခန်းရဖို့အတွက် လေးငါးရက်လောက် မနားမနေ ပင်ပန်းကြရသည်။

အဲသည်လို ပတ်ဝန်းကျင်ကနေ ဖယ်ခွာခဲ့ရတာ သူ့အတွက် အသားကျဖို့ အတော်ခဲယဉ်းခဲ့သည်။ မနေမနား ဆက်တိုက် လှုပ်ရှားနေခဲ့သည့် လှုပ်ရှားမှုတွေ ရပ်တန့်သွားပြီး ရုတ်တရက် ငြိမ်သက်သွားရသည့်အခါ အသက်ရှူနေရဲ့လားဟု သူ့ဘာသာ မကြာခဏ ပြန်ဆန်းစစ်ကြည့်နေမိပြီး တစ်ယောက်တည်း ကယောင်ချောက်ချားဖြစ်နေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်. . . ။

ခုလို နှင်းတွေကျသည့် ညဘက်တွေမှာပေါ့. . . ။

ရုပ်မြင်သံကြားမှာ အကယ်ဒမီဆုရသည့် ဇာတ်ဝင်ခန်းတချို့ပြသနေသည်။ သူနှင့်ရင်းနှီးပြီးသားအသံများသာ ဖြစ်၏။ တံခါးဖွင့်လိုက်တော့ အအေးဓာတ်က အိမ်အတွင်းထဲဆီ လှစ်ခနဲ ပြေးဝင်လာ၏။ သိုးမွေးဆွယ်တာပေါ် ထပ်ဝတ်ထားသည့် လောင်းကုတ်အင်္ကျီအိတ်အကြီးကြီးထဲ လက်နှစ်ဖက်ကို ထိုးထည့်လိုက်ပြီး အိမ်အပြင်ဘက်ထွက်လိုက်သည်။ ချယ်ရီပင်ဆီ လှမ်းနေမိသော ခြေလှမ်းများသည် ခပ်စိပ်စိပ်နှင့် သွက်လက်နေ၏။

စီးကရက်ယူလာဖို့ မေ့ခဲ့ပြန်သည်။

ရှိုက်ပြီး ပြန်ထုတ်လိုက်သော ပင့်သက်လေငွေ့ကို မြင်ရ၏။ ဝန်းကျင်က တိတ်ဆိတ်လျက်ပင် သူ့ကို စကားများစွာဆိုနေသည်။ ချယ်ရီပင်အောက် ပင်စည်ကို မှီရပ်လျက် ချယ်ရီပွင့်ဖတ်များစွာ မြေပေါ်ကြွေကျလာပြန်၏။

"တကယ်တော့ အချစ်ဆိုတာကို ရင်ထဲမှာ သိမ်းထားရတာ ဝန်လေးလွန်းပါတယ် ကိုကို"

ပြတင်းအပြင်ဘက်ဆီ ခပ်သဲ့သဲ့ လျှံထွက်လာသည့် ဒိုင်ယာလော့တစ်ပိုင်းတစ်စ. . . ။

အချစ်ဆိုတာကို သိမ်းထားရတာ ဝန်လေးသတဲ့လား. . . ။



ခပ်အက်အက်ရယ်လိုက်မိသည်။

"လေးလေးအောင် မျက်စိထဲမှာ ချယ်ဟာ ငွေနှင်းမှုန်များ ဖြစ်နေသလား"

တစ်ယောက်တည်း ခေါင်းယမ်းပစ်လိုက်သည်။ ရင်ထဲဘာတွေတင်းကျပ်နေမှန်းမသိ။ နေလို့မရဘူးကွယ်။

အားလုံးကို မေ့ထားချင်တယ်။

ဘာအကြောင်းကြောင့်မှ အနုပညာကို စွန့်ခွာမသွားသူ့ကိုယ်သူ သေချာခဲ့ဖူးတာလည်း ခုချိန်မှာ ရယ်စရာ. . . ။

အောင်ထက်သည် ညှို့ဖျင်းသူတစ်ယောက်ဖြစ်သည်။

အောင်ထက်သည် ပျော့ညံ့သည့် ယောကျ်ားတစ်ယောက်ဖြစ်သည်။

ထွက်ပြေးလာခဲ့ပြီးသည့် အခါမှာ အရာရာကို ပြုထားလိုက်ဖို့လည်း သူ သတ္တိမရှိခဲ့ချေ။

သူ့နှလုံးသားက နခကျင်စွာ မြည်တမ်းရေရွတ်နေခဲ့

ချယ့်ကို မြင်နိုင်သမျှတော့ မြင်နေချင်သေးသည်။ တင်းစကားတွေကို လက်လှမ်းမီသလောက်တော့ ကြားသည်။ ချယ်ကတော့ ပြီးပြည့်စုံခဲ့ပြီမို့ လေးလေးအောင်ည့် လူတစ်ယောက်ကို အလေးထားစရာ မဟုတ်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အောင်ထက်၏ အရိပ်တွေ လက်တံရှည်တွေကြောင့် ချယ် ဂုဏ်သိမ်မည်ကိုးနွမ်းစေရ။

ချယ်သည် သန့်စင်တောက်ပသည့် ပန်းကလေးတစ်ပွင့်ဖြစ်ရမည်။ အဲသည်ပန်းကလေးကို ဘယ်သူမှ မထိရ၊ မမွှေးရ၊ မခူးရ၊ ရင်ထဲမှာ တစ်ကိုယ်ကောင်းဆန်ဆန် အုပ်မိုးထားချင်သည့် ဆန္ဒမျိုးအမှန်တကယ်ရှိပေမယ့် ချယ်သည် သူ့အရိပ်အောက်မှာ တစ်သက်လုံး ဖန်အိမ်ကလေးထဲက ပန်းတစ်ပွင့်ဖြစ်နေမှာမဟုတ်။

သည်တော့လည်း သူ လက်တံရှည်တွေကို ရုပ်သိမ်းပေးရမည်။

အရိပ်တွေကို ဖယ်ရှားပစ်ရမည်။

ပန်းကလေးကို ဘယ်သူမှ မခူးဆွတ်စေချင်သည့် စေတနာတော့ ရှိမြဲပင်။ သည်တော့ ပန်းကလေးမှာ ဆူးလက်တံတွေ ရှိစေချင်သည်။

"**အမျိုးသားဇာတ်ဆောင်ဆုရှင်ကို ကြေညာပါမယ်**"

မင်းသားကြီး ဦးညွန့်ဝင်း အသံ။

"....ခုနှစ်ရဲ့ အမျိုးသားဇာတ်ဆောင်ဆုကိုတော့..."

လက်ခုပ်သံ၊ အော်ဟစ်အားပေးသံ တဖြည်းဖြည်းတစ်စစ နီးကပ်လာသည်ထင်ရ၏။ မင်းသားပြီးရင် မင်းသမီး



ပေါ့။ တဒိတ်ဒိတ် ရင်ခုန်လာသည်။ နှုတ်ခမ်းတွေ၊ လည်ချောင်းတွေ သွေ့ခြောက်လာသည်။ မသိချင်ဘူး၊ မကြားချင်ဘူး။ ရင်ထဲက အော်ဟစ်ပြီး ခြေလှမ်းတွေက အိမ်တံခါးဆီ လှမ်းမိပြန်သည်။ အောင်ထက်သည် ခုချိန်မှာ သူ့ကိုယ်သူ ဘာလုပ်နေမှန်း ဘာဖြစ်နေမှန်း မသိ။

"အကယ်ဒမီဆုဆိုတာ ရုပ်ရှင်လောကသားတွေကို တော်တော်လွှမ်းမိုးနိုင်တာပဲနော် လေးလေးအောင်၊ သမီးသာ အကယ်ဒမီရခဲ့ရင် သမီး ဘယ်လိုခံစားရမယ်ဆိုတာ တကယ်မတွေးတတ်ဘူး"

ဘယ်သူလဲ...။

အဲသည်လိုပြောခဲ့တာ ဘယ်သူလဲ။

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး လေးလေးအောင် သမီး မဖြစ်ပါဘူးဆို"

ရှက်ရွံ့ပြီး မျက်ရည်ဝဲလာသည့် ကောင်မလေးကို သနားကရုဏာသက်လျက် သူ့ရင်ထဲ ခံစားမှုအသစ်တွေ နူးညံ့သိမ်မွေ့စွာ စီးမျောဝင်လာသည်က မီးရောင်များဖြင့် ပူပြင်းလှောင်စပ်နေသည့် အိမ်ခန်းတစ်ခုအတွင်းမှာဖြစ်သည်။ ငွေနှင်းမှုန်၏ အငွေ့အသက်တွေ လွှမ်းမိုးသည်ဟု သူ ထင်ခဲ့သည်။ ကလေးမသည် တကယ်တော့ သူမဘာသာ သီးခြားရပ်တည်နိုင်စွမ်းရှိသည့် 'ချယ်ရီ'ဆိုတာ စိတ်ထဲမှာ ခွဲခြား၍ ရလာသည်။ ဆန်းဂန်းတွေအများကြီးထိုးထားပြီး ပူပြင်းလှသည့် မီးရောင်တွေအောက်မှာ ချယ်ရီသည် မိတ်ကပ်မျက်နှာဖြင့် ချွေးတွေစို့နေခဲ့သည်။

မရဘူး၊ မဖြစ်ဘူးဟု ပြောပြီး မျက်ရည်ဝဲနေသည့် မျက်ဝန်းထဲမှာ မခံချိမခံသာ အံကြိတ်ပြီးထားသည့် မာန်မာနမျိုး ရှိနေသည်ဆိုတာလည်း သူ မြင်သည်ပင်။ ချယ်ရီနှင့် ပတ်သက်ပြီး ဘယ်လောက်ထိ ကိုယ့်ကိုယ်ကို အထင်ကြီးလိုက်



သလဲဆိုလျှင် ချယ်ရီ့အတွင်းစိတ်ကို အောင်ထက်မှတစ်ပါး ချယ်ရီကိုယ်တိုင်ပင် မသိနိုင်ဘူးထင်မိသည်အထိ။

"မိချယ်"

"လေးလေးအောင်. . . သမီးစိတ်တွေ ညစ်လာပြီ"

"သမီး မျက်နှာသွားသစ်ပစ်လိုက်၊ ပြီးရင် ခြံထဲဆင်းမယ်"

"ရှင်"

"ဆန်းဂန်းတွေ ပိတ်လိုက်တော့၊ စက်သမားတွခကာနားမယ်"

ချယ်က သူ စိတ်ပျက်သွားပြီထင်ပြီး မျက်နှာညှိုးငယ်ငယ်ဖြင့် အိမ်အတွင်းဘက် ရေချိုးခန်းထဲဝင်သွားသည်။ နီက. . .။

"နင် သိပ်မဆူနဲ့နော် အောင်ကြီး"

ဟု သူ့ကို သတိပေးသည်။

"မဆူပါဘူး နီနီရယ်၊ ကျွန်တော် ဘယ်မှာဆူရက်ပါ့မလဲ၊ သူ ဒီလောက်ထိ လိုက်လျောလာအောင် ကျွန်တော် မနည်းကြိုးစားထားရတာ၊ အစိမ်းသက်သက်မိန်းကလေးတစ်ယောက် ကင်မရာရှေ့မှာ ငိုဖို့ ရယ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ"

နီနီက တမဖြစ်သကို အစိးငိုကြီးလက် အနိပ်ကြည်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့၏။ ချယ်က မိတ်ကပ်တွေဖျက်ပြီး မျက်နှာသစ်ပြီးစ ပြောင် ရှင်းရှင်း မျက်နှာလေးဖြင့် ထွက်လာသည်။ သည်အချိန်မှာ မင်းသားရောက်လာတော့ မင်းသားကို အချိန်ခဏပေးဖို့ ဒေါ်ကူ အညီတောင်းပြီး အောက်ဒိုးမရိုက်ခင် ချယ့်ကို မင်းသားနှင့် စိတ်လွတ်လပ်လပ်ဖြင့် စကားပြောစေရသည်။ ရင်းနှီးစေရသည်။ နီနီကလေး မမနှင်းရှိစဉ် ဟိုးနှစ်ပေါင်းများစွာ သူ့ရှုံတင်ကို လိုက်လာကုန်းကလိုပင် စတီးလ်လေးဆင့်ချိုင့်ထဲ ထမင်းနဲ့တွေ၊ လက်ဖက်နကွဲ၊ ဆနွင်းမကင်းတွေ ထည့်လာသည်ကို ဖွင့်ပြီး သူ့ကိုလည်း ကျွေး၊ သူမဘာသာလည်း စား၊ ရင်းနှီးပြီးသား ဇာတ်ပို့ဇာတ်ရံ၊ နေ့စားအဖွဲ့တွေလည်း ကျွေးနှင့် မအားလပ် နိုင်အောင် ရှိသည်။

သူက ထန်ရှိုင်ပေါ့ပေါ် ဗီဒီယိုကင်မရာချိန်ထားပြီး မော်နီတာကတစ်ဆင့် ချယ့်လှုပ်ရှားမှုတွေကို ကြည့်သည်။ မင်းသားကို မော်ကြည့်နေသည့် ချယ့်မျက်ဝန်းတွေ အရောင်စိုလျက် အရည်လဲ့နေသလိုပင် ထင်ရ၏။ မင်းသားပြောသမျှကို ချယ်က လိုက်ရယ်သည်။ ခေါင်းညိတ်သည်။ တစ်ခါတစ်ရံ ရှေ့ဘက်ဝိုက် ကျလာသည့် ဆံစလေးတွေကို နားသယ်စပ်မှာ ညှပ်သည်။ တစ် ခါတစ်ရံ ထူပြည့်ပြည့် နှုတ်ခမ်းလွှာလေးတွေကို လျှာဖြင့်သပ် သည်။ ဟက်ဟက်ပက်ပက် ရယ်လိုက်သည့် အရယ်တို့လည်း မြင်ရသည်။

စိမ်းပြာပြာအရောင်နှင့် အတုံးတွေ၊ လေးထောင့်ကွက်



တွေ၊ လှိုင်းတွေ၊ စုံနေအောင် ဒီဇိုင်းဖော်ထားသည့် ပိတ်ပျော့ သား ထက်အောက်ဆင်တူနှင့် ချယ့်ခန္ဓာကိုယ်၊ ဆံပင်တွေပေါ် နေရောင်တစ်ခြမ်းလက်ဖြာကျနေတာကိုပင် အမိအရ ဖမ်းချင် သည်။ သို့ပေမဲ့ ချယ့်မျက်ဝန်းတွေ စိုလဲ့နေပုံက သူ့အာရုံထဲမှာ အနှောင့်အယှက်တစ်ခုလို ဖြစ်နေတော့သည်။

ချယ်ဟာ တကယ့်ကို သန့်စင်နုနယ်သူလေး။

ဒါပေမဲ့ ချယ့်မှာ စွန်းထင်းလွယ်တဲ့ နှလုံးသားဖြူဖြူ လေးတစ်စုံရှိနေသည်ဆိုတာ သူ ရုတ်တရက် သတိရလိုက်မိ တော့...။

မျက်လွှာတွေ ယောင်ယမ်းပိတ်လိုက်မိသည်။ နောက် ထပ်သည့်ထက် နည်းနည်းလေးမှ ဗိုက်တွေးရဲတော့။ ချယ့်ရယ် မောသံလွင်လွင်အေးအေးကို ကြားရသည်။ အောင်ထက် မော်နီ တာရှေ့ကထပြီး စက်ကိုပိတ်ပစ်လိုက်၏။ နီနီက...။

"သားသား နည်းနည်းဝလာတယ်နော်"

ဟုပြောသည်ကို အမှတ်မထားမိလိုက်။

"ချယ်စောစောကပြောတဲ့ ဗိုင်ယာလော့လေး ပြန် ပြောကြည့်မယ်နော်၊ ခနဲ့ပြုံးနဲ့ မျက်လုံးထဲမှာ မျက် ရည်တွေ ဝဲနေမယ်၊ စောစောက ရှုပ်နေတဲ့စိတ်တွေ ပျောက်သွားပြီမဟုတ်လား"

"တို့ဘေးက ကူပေးရမလား"

ချယ်က မင်းသားကို ခေါင်းယမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း သမီး တစ်ယောက်တည်း စမ်းကြည့်မယ်"

"ရတယ် မဟုတ်လား"

ဟု ယုံကြည်စွာမေးဖြစ်သည်။

"ရမှာပါ ရရမှာပေါ့"

ဟု လိုချင်သော အဖြေကိုရ၏။ ချယ်က ခေါင်းငုံ့ကာ သူ့ကိုပြုံးကြည့်သည်။ ယုံကြည်သော အပြုံး၊ အားကိုးသော အပြုံးလည်း ဖြစ်ကောင်းဖြစ်မည်။

"သမီး စပြောမယ်၊ ဒီမှာပဲပြောမယ်၊ လေးလေး အောင် မော်နီတာထဲကပဲ ကြည့်နော်"

သည်လိုပြောတော့ သူ ခေါင်းယမ်းပြီး ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်သည်။



ညနေစောင်းမှာ စက်အဖွဲ့တွေ ဆိုက်ပတ်တ်တွေ အားလုံးပြန်ကုန်ကြတော့ အင်းလျားမြိုင်ထဲက ခြံကလေးမှာ သူတို့ ချည်းသာ ကျန်ရစ်သည်။ ရုပ်ရှင်သမားတွေအတွက် သည်လို နေ့အတွက်နှင့် ငှားစားသည့်အိမ်တွေတချို့ရှိသည်မို့ Indoor ရိုက်ကွင်းအတွက် သူတို့ သိပ်ဦးနှောက်ခြောက်စရာမလို။ သူနှင့်တွဲသည့် ကျော်လေးက ချယ့်ကို အနည်းငယ် ခက်ခဲသည့် ဒိုင်ယာလော့တွေချပေးသည်။ နောက်တစ်နေ့ ရိုက်ကွင်းအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်စရာရှိသည်ကို သင်ပြပေးသည်။ သူကတော့ လောလောဆယ် ချယ်နှင့်သင့်လျော်မည့် ဇာတ်ညွှန်းကို ဖတ်ရင်း နေ့လယ်ခင်းက ချယ် သရုပ်ဆောင်ခဲ့သည့် ရိုက်ချက်တွေကို ပြန်လေ့လာပြီး ဟာကွက်ကို ရှာသည်။ နီနီကတော့ မိတ်ကပ်အဖွဲ့များနှင့် စကားလက်ဆုံ ကျဆဲပင်။

ဖန်သားပြင်ပေါ်က ချယ့်သရုပ်ဆောင် လှုပ်ရှားမှုတွေကို ကြည့်ရင်းပင် ခွေးစက်တွေ စို့နေသည့် နားသယ်စပ်လေး

www.burmeseclassic.com

www.burmeseclassic.com



ဆီ ဆံနွယ်တွေ ကပိုကရိုကျလျက် မင်းသမီးဆီ ငေးနေသည့် ချယ့်မျက်ဝန်းလေးတွေ စိုလဲ့တောက်ပနေသည်ကို ဖြတ်ခနဲ မြင်ယောင်ပြန်သည်။ မျက်လွှာတွေပိတ်ပစ်မိပြန်သည်။ အဲသည်အာရုံသည် ခုချိန်မှာ ရောက်မလာသင့်မှန်း သိလျက်ပင် သည်မြင်ကွင်းကို ဖျောက်ဖျက်မရ။

"လေးလေးအောင် ဘယ်လိုလဲ ဖြစ်ရဲ့လား"

စကားသံနှင့်အတူ ချယ် အနားရောက်လာသည်။ ဆံပင်တွေစုသိမ်းထားပြီး နောက်မှာ ခပ်ပျော့ပျော့သားရေကြိုးလေးနှင့်စုချည်ထားသော မျက်နှာရှင်းရှင်းသည် ချယ့်အလှကို ပိုပြီး ပေါ်လွင်စေနိုင်ခဲ့သည်။ ချယ်က သူထိုင်နေသည့် နှစ်ယောက်ထိုင်ဆိုဖာဆက်တီပေါ် ကိုယ်ကိုပစ်ထိုင်ချလိုက်ပြီး တီဗီဖန်သားပြင်ပေါ်မှာ လှုပ်ရှားနေသည့် အရုပ်တွေကို သူမလည်းငေးကြည့်သည်။

ပြီးတော့...။

"လေးလေးအောင် တကယ်တော်တာပဲ"

တဲ့။ တကယ့်ကို ရင်ထဲက စကားအတိုင်း အားရပါးရပြောသည်။

"ကိုယ်တော်တာမဟုတ်ဘူး၊ မင်းသမီးတော်တာပါ"

"မင်းသမီးမဟုတ်သေးပါဘူး လေးလေးအောင်ရာ"



"ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ပြည့်စုံမှ မင်းသမီးဖြစ်ပြီလို့ ပြောရမှာလဲ၊ ဟော... ဟိုမှာကြည့်လေ၊ အဲဒါ မင်းသမီးမဟုတ်ဘူးလား၊ ရင်ထဲက လှိုက်လှိုက်လှဲ့လှဲ့ ရယ်နေတာ မချိတင်ကဲ ရယ်နေတာ...

သရုပ်ဆောင်တယ်ဆိုတဲ့ ပညာဟာ လွယ်တာမဟုတ်ဘူးနော်၊ ရယ်တာများ ဘာခက်သလဲ၊ ဒါပေမဲ့ ရင်ထဲက ရယ်သံဖြစ်ရမယ်၊ မျက်လုံးတွေက လိုက်ရယ်ရမယ်၊ နှုတ်ခမ်းကြီးရွဲ့သွားမလား၊ နှာခေါင်းပေါက်ကြီး ကျယ်သွားမလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ ရယ်တဲ့အရယ်မျိုးကတော့ ဘာလုပ်မှာလဲ"

"ဟာ လေးလေးအောင်ကလဲ"

"ချယ်လဲ သေချာမှတ်ထား၊ ဒါလောက်လေးကတော့ မလုပ်နိုင်စရာမရှိပါဘူးဆိုပြီး ဘာကိုမှ ပေါ့ပေါ့မလုပ်နဲ့၊ အားလုံးကို သေချာစေ့စေ့စပ်စပ် လေ့လာပြီး အတုခိုးသင့်တာကို အတုခိုးရမယ်"

"လေးလေးအောင်က တကယ့် သမ္မာကြီးပဲ"

"ဟော... ဒီကောင်မလေး"

ကြည့်စမ်း...။

သူမလေးဟာ စောစောကတော့ လူတွေအများကြီးရှေ့မှာ ဆပ်ကပ်ထဲက ကျားလို အမြီးလေးကုပ်နေသလိုမျိုး ဘည်ငြိမ်ဟန်လေးနဲ့က ဣန္ဒြေတစ်ခွဲသားနဲ့။

www.burmeseclassic.com

www.burmeseclassic.com



“တကယ်ပြောတာပါ၊ သမီးလေးလေးအောင်ကို အစတုန်းကတော့ သိပ်အထင်မကြီးဘူး သိလား၊ လေးလေးအောင် ဒီဇိုင်းက အနုပညာသမားပုံလဲ မပေါက်ဘူး”

“ဟ. . . အနုပညာသမားဆိုတာ ချိုပေါက်နေရမှာလား၊ ကျောမှာ ဘုကြီးထွက်နေရမှာလား”

ချယ်က ကိုယ်ကိုကိုင်းအောင် ရယ်လျက်. . .။

“မဟုတ်ဘူး လေးလေးအောင် မျက်နှာက နူးညံ့တဲ့ ပုံလဲ မပေါက်ဘူး”

သူ့မျက်နှာ ဘယ်လိုပုံဖြစ်နေပါလိမ့်။

ချယ့်ရှေ့မှာ သူ မျက်နှာထားရခက်သွားပါသည်။ သို့ပေမဲ့ ချယ့်စကားကို ဘယ်သူမှ မကြားကြ။ သူ့အနားမှာ ချယ် စကားလာပြောနေသည်ကို သည်မှာ စိတ်ဝင်စားမည့်သူတွေ မရှိဘူးထင်ရပေမယ့် အနုပညာသမားတွေအတွက် လွတ်လပ်စွာ အသက်ရှူခွင့်ရသည့် နေရာက ကျဉ်းမြောင်းလှပါသည်။ သူ့ကိုချယ် ဝေဖန်သလို ဘယ်သူကမှ မဝေဖန်ခဲ့ပါ။ အသက်နှစ်ဆယ့်သုံးနှစ်မှာ ရုပ်ရှင်လောကထဲရောက်လာပြီး ရုပ်ရှင်ဗီဒီယိုဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီးသည့် အောင်ကြီးကို အနုပညာသမားပုံ မပေါက်ဘူးဟု မှတ်ချက်ချမည့်သူ ဘယ်သူမှ မရှိပါ။

“ဘယ်လိုဖြစ်နေလို့တုန်း၊ ငါ့မျက်နှာက အာဋ္ဌာ



ဝကရုပ် ,ပေါက်နေလို့လား”

“အဲလိုမဟုတ်ပါဘူး”

ဒူးနှစ်ဖက်ကို လက်ဖြင့် ပိုက်လျက် ချယ်က တီဗီဖန်သားပေါ် ငေးရင်း. . .။

“လေးလေးအောင်”

ဟု ခပ်တိုးတိုးခေါ်လိုက်သောအခါ သူ့ရင်ထဲက ကလီစာတွေ လှုပ်ခတ်သွားသည်ဟုပင် ထင်လိုက်မိသည်။ ချယ်က သူ့ကိုလှည့်မကြည့်ပါ။ မျက်တောင်လေးတွေ စင်းကျနေပုံက အိပ်မက်မက်ပြီး ကယောင်ကတမ်း လမ်းထလျှောက်နေသူနှင့် တူလှသည်။ တီဗီစခရင်(မ်)ကို ကြည့်နေရင်းက လည်ချောင်းသံဖြင့် ပြန်ထူးလိုက်ပေမယ့် သူ့ပြင်ပသဏ္ဌာန်နှင့် ဆန့်ကျင်သော အတွင်းစိတ်တွေ လှုပ်ရှားနေမိတာကို သူ တစ်ယောက်တည်းသာ သိနိုင်ပါလိမ့်မည်။

“အဘွားခြံထဲ မလာတော့ဘူးလား”

“လာချင်တာပေါ့ ချယ်ရယ်၊ စိတ်ကတော့ ရောက်သားပဲ၊ ဘာဖြစ်လို့လဲ”

“ချယ်တို့ လွတ်လွတ်လပ်လပ် စကားမပြောရတာ ကြာပြီလေ”

“ဘယ်လိုလွတ်လွတ်လပ်လပ်လဲ”

“ရှူတင်မှာမဟုတ်ဘဲ ရုပ်ရှင်အကြောင်းတွေချည်း မဟုတ်ဘဲ ရောက်တတ်ရာရာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရယ်..."

"ခုတော့ လာဖို့မလိုတော့ဘူး ခဟုတ်လား"

ချယ့်စကားတစ်ခွန်းက အဓိပ္ပာယ်များစွာ ပါဝင်ပြီး ထိရောက်လှသည်။ သူ ချယ့်ကို လှည့်မကြည့်ဘဲ မနေနိုင်ပါ။ ချယ့်မျက်ဝန်းတွေထဲ မကြည့်ဘဲ မနေနိုင်ပါ။ ပြီးတော့ ချယ့်ကို ပြုံးကြည့်ရသည်။ အသက်သုံးဆယ့်သုံးနှစ်အရွယ် ယောကျ်ား တစ်ယောက်၏ တည်ငြိမ်ရင့်ကျက်သော ပြီးတော့ ကလေးကာ် ယောက်ကို နှစ်သိမ့်သော အပြုံးမျိုးဖြစ်အောင် ကြိုးစားပြုံးရ သည်။

"လိုတာပေါ့ သမီးရဲ့၊ မလိုဘူးလို့ ဘယ်သူပြော သလဲ"

"ချယ်သိပါတယ်၊ လေးလေးအောင်ဟာ အနု ပညာအတွက်ဆိုတာကလွဲပြီး ဘာကိုမှ မစဉ်းစားတဲ့ သူပဲ၊ ဒါနဲ့တောင် မိန်းမတစ်ယောက်ကို ချစ်မိသေး တယ် နော်"

"ဟော...ဒီကောင်မလေး ဘာတွေပြောနေ တာလဲ"

တီဗီခလုတ်ကိုပိတ်ပြီး သူ မတ်တတ်ရပ်ပစ်လိုက်သည်။

"မင်းသမီးအိမ်ပြန်ဖို့ ကားရောက်ပြီလားဟေ့"

"ရောက်ပြီ အစ်ကိုအောင်ကြီး"

"ကဲ...ချယ်"



"သိပါပြီ ဒါရိုက်တာကြီးရယ်၊ ကျွန်မတို့ ပြန်ပါ ဦးမယ်"

ကိုယ်ကို ကိုင်းလျက် ချယ်က ခပ်ရွှတ်ရွှတ် နှုတ်ဆက် ...ည်ကို အလေးမထားဟန် ရယ်မောနေခဲ့ရသည်။

"ညဘက် သိပ်အချားကြီး မသောက်နဲ့နော်၊ မနက်ဖြန်ကျ ဖလက်ပြနေမယ်"

"ဟာ ဒါ ကလေးအလုပ်လား"

"ကျွန်မအသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီလေ၊ ရုပ်ရှင်မင်းသမီးတောင် လုပ်လို့ရပြီတဲ့၊ ဘယ်သူပြောတာ လဲ မသိဘူးနော်"

ချယ်...။

ချယ်ရီရယ်...။

သူ ခါးထောက်မျက်မှောင်ကြုတ်ပြီး ချယ်ရီ့ကို ခပ်ထန် ထန် ကြည့်သည်။ ချယ်ရီက နှာခေါင်းလေးရှုံ့ပြပြီး အဝတ် အစားထည့်သည့် ခရီးဆောင်အိတ်ကို လွယ်လျက် အိမ်ရှေ့ ဘက်ခါးမဆီ လျှောက်သွားတော့သည်။ နီနီက...။

"ကိုယ်မွေးတဲ့မျောက်က ပြန်ခြောက်နေပြီနော် အောင်ကြီး"

တဲ့။

"သမီးရဲ့ ဒီလောက်လှပတဲ့ မျက်နှာကိုများ မျောက်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူ့ဒေါ်လေးကို လှည့်ပြီး ရန်စကားဆိုခဲ့သေးသည်။

ချယ်တို့ကားထွက်သွာတော့ နှစ်ယောက်ထိုင်ဆိုဖာဆက်တီပေါ် သူ ခြေပစ်လက်ပစ် လှဲအိပ်ချလိုက်သည်။ အပြင်မှာ အလင်းရောင်ကောင်းစွာ လင်းလက်ဆဲပေမယ့် အိမ်ထဲမှာတော့ အနည်းငယ် မှောင်နေပါသည်။ မျက်နှာကြက်မှာ တပ်ထားသည့် မီးပန်းဆိုင်းသည် သူ့အပြင်မှာ ချာလည်လည်နေ၏။ ပြီးတော့ အသံမျိုးစုံ မြည်နေသေးသည်။

သူ့ရင်ထဲမှာ ဖြစ်ပျက်ပြောင်းလဲနေသမျှတွေကို ဆန်းစစ်ဖို့ သူ့ဦးနှောက်က ကြောက်လန့်ပုန်းကွယ်နေဆဲ။ စိမ်းပြာပြာ ဝတ်စုံနှင့် ဆံပင်လေးတွေ ဝဲသွားအောင် ခါလိုက်သည့် သဏ္ဍာန်သည် သူ့အာရုံမှာ ဖျောက်မရအောင် ထင်ဟပ်ဆဲ။

"ဒီကောင်မလေး တက်မယ် အစ်ကို၊ သူ့အမေ အတိုင်းပဲ"

"ဘာ"

မျက်လုံးပြူးလျက် သူ အလန့်တကြား ထအော်သည်ကို ကျော်လေးက ကြောင်အမ်းအမ်း ငေးကြည့်နေခဲ့သည်။



နေ့ရက်နာရီများစွာက ဖြတ်သန်းပြီး သူတို့နှစ်ဦးကြားက မမြင်နိုင်သည့် ကြိုးပါးပါးမျှင်မျှင်ကလေးပါ သူတို့ လျှောက်နေမိကြသည်ထင်ရဲ့။ ကောင်းကင်က ငှက်များ၏ လွတ်လပ်စွာ ပျံဝဲခွင့်ကို သူ မထိန်းချုပ်နိုင်သလိုပင် နှလုံးသား၏ အဆီးအတားမဲ့စွာ ငြိတွယ်ခွင့်ကိုလည်း သူ ဘာမျှ မတတ်နိုင်ခဲ့ပါ။ ပန်းကလေးသည် သူ့မျက်စိရှေ့မှောက်မှာပင် ပိုပြီး ပိုပြီး အသက်ဝင်လာခဲ့သည်။ သို့ပေမဲ့ ချယ်ရီသည် ငွေနှင်းမှုန် ဟုတ်သည့်အတွက် ခုချိန်ထိတော့ သူ ကံကောင်းနေခဲ့သည်။

ဂျာနယ်တွေ၊ စာစောင်တွေပေါ်မှာ ချယ်ရီ့ကို မကြာခဏ မြင်တွေ့လာရသည်။ မဂ္ဂဇင်းတွေ့ဆုံခန်းတွေ၊ ကြော်ငြာတွေ၊ ဖက်ရှင်ရှိုးတွေကို စိတ်မဝင်စားပေမယ့် ဖိတ်ကြားသည့်အထဲက ရွေးချယ်တွေ့ဆုံရသည်။ ရွေးချယ်တက်ရောက်ရသည်။ အဲသည်လိုအခါမျိုးမှာ. . .

"လေးလေးအောင် မဂ္ဂဇင်းက အင်တာဗျူးလုပ်ချင်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးအောင် မိတ်ကပ်ကြော်ငြာရိုက်ချင်လို့တဲ့"

ဆိုတာမျိုး တယ်လီဖုန်းဖြင့် လှမ်းဆက်ပြီး ခွင့်ပြုချက်တောင်းတတ်တာမျိုးတွေကို စိတ်ထဲက ကျေနပ်ရသည်။

ဒါပေမဲ့. . .။

အောင်ထက် ချယ့်ဆီက ဘာကိုလိုချင်တာလဲဟု ကိုယ့်ကိုယ်ကို ပြန်မေးမိလျှင်တော့ ချယ့်ကို မျက်နှာချင်းမဆိုင်ချင်ဘဲ ရှက်ရွံ့ရပြန်သည်။ ချယ့်ဆီက သူ လိုချင်ခဲ့တာ ချယ့်နှလုံးသားထဲက အနုပညာ ရှင်သန်မှုပါ။ ဒါကို ချယ်က နားလည်ပြီး တုံ့ပြန်ကြိုးစားပေးလျှင် သူ ကျေနပ်ရမည်။

ချယ်ရီ့ကို သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်စေချင်သည်။



ချယ်က သူ့ကို အိပ်ရေးပျက်စေသော ညတွေကိုလည်း
တတ်သည်ဆိုလျှင် ကြားရသူတွေအဖို့ နားလည်ချင်မှ နား
ည်နိုင်လိမ့်မည်။ သို့ပေမဲ့ ချယ်သည် အောင်ထက်ကို အိပ်
ာ်နိုင်အောင် ရံဖန်ရံခါ ကျီစယ် နှိပ်စက်တတ်သေး၏။

အောင်ထက်၏ လမ်းလေးဆယ်က တိုက်ခန်းလေးကို
ဆောင်ဟု ခင်မင်သူများက အမည်တပ်ပါသည်။ နာမည်
အဝါရှိပြီး ဝင်ငွေလည်းကောင်းသည့်အထဲမှာ ရှားရှားပါး
စ်ကိုယ်တည်းသမားဖြစ်နေသည့် ရုပ်ရှင်လောကသားမို့
ခန်းက ဧည့်သည်ဖြင့် အစဉ် မပြတ်မလပ်ရှိတတ်သည်။
သည့် တပည့်တပန်းတွေ၊ အနုပညာအကြောင်း ဆွေးနွေး
သည့် ရောင်းရင်းလုပ်ဖော်ကိုင်ဖက်တွေ၊ အခန်းလွတ်ထဲ
စ်တာတီး၊ NC 17 ဗီဒီယိုအခွေ ငှားကြည့်ချင်သူတွေ၊
နှင့်ရန်ဖြစ်ပြီး အိမ်ပေါ်ကဟန်လုပ်ဆင်းလာသူတွေ၊ ရည်း
ချိန်းတွေ့ချင်သည့် ရုပ်ရှင်လောကထဲက တချို့တချို့
များစွာများစွာသည် သူ့အိမ်ခန်းမှာ တစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရှိနေတတ်တာမို့ စိတ်အေးလက်အေး စိတ်ကူးယဉ်ချင်ရလောက်အောင်ပင် သူ့မှာ အခွင့်အရေးမရခဲ့။ ပြီးတော့ လမ်းလေးဆယ်ဆိုသည်က မြို့လယ်ခေါင်မို့ နေ့ခင်းနေ့လယ်ပဲဖြစ်ဖြစ်၊ ညနေစောင်းပဲဖြစ်ဖြစ်၊ ညလယ်ခေါင်အထိပင် အသံဗလံတွေက စဲသည်ရယ်လို့မရှိ။

ကံမကောင်းသည့်ညမျိုးမှာ အိမ်လှေကားမှာ ပိတ်ထိုင်ပြီး သီချင်းအော်ဆိုနေသည့် အရက်မူးသမားနှင့်ပင် ကြုံချင်ကြုံနိုင်ပါသည်။

အဲသည်လိုဆူညံသည်မပြတ်သည့် အောင်ထက်၏ အိမ်ခန်းလေးထဲမှာ ရှားရှားပါးပါး တစ်ယောက်တည်း ရှိနေသည့် ညတစ်ညမှာ တယ်လီဖုန်းသံမြည်လာခြင်းဖြစ်၏။ ဖုန်းခွက်ကို ကောက်ကိုင်ပြီး...။

"ဟုတ်ကဲ့"

ဟုဆိုလိုက်ရုံရှိသေး...။

"မှန်နေပြီလား"

ဟူသော ရယ်မြူးလျက် နှုတ်ဆက်သံကို ကြားရသည်။ တကယ်လည်း အဲသည်အချိန်က သူဝီစကီသောက်ပြီး စူးရှိရှိ ဖြစ်နေခဲ့သည်။ ရုပ်မြင်သံကြားဖွင့်ထားလျက် ပက်လက်ကုလားထိုင်ပေါ် ထိုင်နေပေမယ့် သတင်းကြေညာသံကို သူ စိတ်ဝင်စားသည်မဟုတ်ပါ။ ဝရန်တာအထက်ကောင်းကင်မှာ မြင်နေရသည့် လခြမ်းတွေကိုမြင်တော့ စိုင်းထီးဆိုင်၏ 'ရန်ကုန်မှာသာ



…လ'ကို နားထဲ ကြားယောင်နေမိသည်။

"မှန်နေပြီလား"

ဟူသောအသံကို ကြားလိုက်ရတော့ လှပသည့် စိတ်…လေးတွေ ဖြတ်ခနဲ ပျောက်သွားပြီး ဆူညံသော ရင်ခုန်သံ…တွေ အစားဝင်ရောက်လာခဲ့သည်။ အဲသည်အသံကိုတော့ သူ…မြဲ မျှော်လင့်နေခဲ့ပါသည်။

"ကိုယ့်ကိုအရက်သမားကျနေတာပဲ"

သူမရယ်သံက ဖုန်းထဲမှတစ်ဆင့် ကြားရသောအခါ…ရှုရှုဖြစ်နေခဲ့သည်။

"ဒါဆို ဒီည မသောက်ဘူးပေါ့"

"ဒီည မသောက်ဘူး၊ ညနေကတည်းက မူးနေလို့"

"ဟာ...လေးလေးတလဲ"

"အလကားပါ ကိုယ်တစ်ယောက်တည်းမို့ …စ်တာတီးမလားလို့ စဉ်းစားနေတာ"

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ ခင်ဗျာ၊ မင်းသမီး ဘာများခိုင်းချင်လို့ …ါလဲ"

တယ်လီဖုန်းထဲက ရယ်သံကို ကြားတော့ အောင်ထက် … လွန်ခဲ့သည့် ရှစ်နှစ်ကျော်က ခုလိုပင် ရင်ခုန်စေသည့် …လွှင်လွှင်ကို ပြန်ပြီး သတိရမိ၏။ သည်တုန်းကတော့

www.burmeseclassic.com

www.burmeseclassic.com



အောင်ထက်မှာ သည်အိမ်ခန်းကလေးပင်မရှိသေး။ ရူပဗေဒ အမိကဖြင့် ဘွဲ့ရပြီး မိဘထံက ပိုက်ဆံအရင်းအနှီးဖြင့် ရုပ်ရှင် လောကထဲမှာ နေရာတစ်နေရာရပြီး ခိုင်ခိုင်မြဲမြဲ ရပ်နိုင်ဖို့ ကြိုးစားဆဲ ဒါရိုက်တာပေါက်စလေးတစ်ယောက်ကို သိမ်းသွင်းညှို့ငင်နိုင်ဖို့ဆိုတာ မမနှင်းအတွက် အနည်းငယ်မျှပင် အခက်အခဲရှိမည်မဟုတ်ပါ။ သူ့အိပ်ခန်းလေးထဲကနေ မမနှင်းထံ တယ်လီဖုန်းဆက်ခွင့်ရသည့် ညဘက်တွေမှာ ခပ်လွင်လွင်နှင့် အသံသာသော မမနှင်း၏ ရယ်မောသံသည် သူ့အတွက် အိပ်မက်မက်စေသည့် ညို့ချက်တစ်ခုဖြစ်သည်။

"ဒီနေ့ ရုပ်မြင်သံကြားက ပညာပေးကား သွားရိုက်ပေးရတယ် လေးလေးရဲ့၊ တစ်ကွက်နှစ်ကွက်ပါပဲ၊ သမီးတို့ထက် သမ္ဘာတွေက အများကြီးပါဦးမှာတဲ့၊ ဘယ်သူတွေပါမလဲတော့ မသိဘူး၊ ချယ်နဲ့ ကိုဇေနဲ့က တစ်တွဲပေါ့"

"ကိုဇေဆိုတာ"

"မော်ဒယ်လ်ကောင်လေးလေ၊ လေးလေးအောင်ကလဲ ဒါရိုက်တာလုပ်နေပြီးတော့ မသိဘူးလား"

"ဒါရိုက်တာလဲ နောက်ပေါက်တွေအကုန်လုံးတော့ ဘယ်သိနိုင်မှာလဲဟ၊ အင်း. . . အဲတော့ အဲတော့ ဘာဖြစ်သလဲ"

ရယ်သံကို ကြားရပြန်သည်။ တယ်လီဖေးရှင်းကအသံ



ကို အဝေးထိန်းခလုတ်ဖြင့် တိုးလိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်မှာ အသက်နှစ်ဆယ်ကျော် ကောင်လေးတစ်ယောက်၏ နှုတ်ခမ်းမွှေးကို အခိုက်အတန့် ပြန်တမ်းတမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ပြီးတော့ ဦးနှောက်တွေကို ထိန်းချုပ်ထားသည့် ဖိအားတစ်ခုကနေ အခိုက်အတန့် ကင်းလွတ်ခွင့်ကိုလည်း ရချင်သည်။ သည်လိုဆိုလျှင် ချယ့်ရယ်မောသံသည် သည့်ထက်ပိုပြီး ချိုမြိန်သာယာလိမ့်ဦးမည်။

သို့ပေမဲ့ သစ်ရွက်လှုပ်လျှင် ရယ်ချင်တတ်သည့် အရွယ်မှာ လက်ရှိရပ်တည်နေသူက ချယ်ရီဖြစ်သည်။

သူကတော့ အောင်ထက်၏ အစစ်အမှန်ကို ရှာတွေ့တော့မည်မထင်ပါ။ နောက်ထပ် အချိန်တွေမှာ ဘယ်လိုမှ ရှာတွေ့တော့မည်မထင်ပါ။

"အဲဒီကောင်လေးက တကယ် မလွယ်ဘူး သိလား"

အင်း. . . ဇာတ်လမ်းတော့ စပြီ။

သူ သည်လိုပဲ စိတ်ထဲက ရေရွတ်လိုက်မိသည်။

"ရှူတင်လည်းပြီးရော ချယ့်ကို ရည်းစားစကားပြောတယ်၊ ချယ့်ကို ချစ်နေတာ ကြာပြီဆိုပဲ၊ ချယ်နဲ့တွဲရဖို့သူက တောင်းဆိုခဲ့ရတာတဲ့၊ ဒါပေမဲ့ သူ့လိုသိပ်ပြီး စတားမဖြစ်တဲ့ မော်ဒယ်လ်တစ်ယောက်နဲ့ တွဲရိုက်ဖို့ ချယ်က လက်ခံပါ့မလားလို့ တွေးပြီး စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပူနေခဲ့တာတဲ့. . .

ရယ်စရာပဲ သိလား လေးလေး"

ရှုတ်တရက်တိတ်ဆိတ်သွားသည်။ နံရံပေါ်က ရောင်စုံစတီးဝပ်၏ ကိုယ်လုံးပေါ်ရုပ်ပုံကားချပ်ဆီ ငေးနေမိလျက် သူ့အာရုံထဲမှာတော့ သွေးရောင်လွှမ်းလျက် အပြုံးရိပ်လဲ့လဲ့ရှိနေမည့် မျက်နှာတစ်ခုကို မြင်ယောင်နေမိသည်။

ချယ်က. . .

"လေးလေး ချယ်ပြောတာ ကြားလား"

ဟု ပြန်မေးတော့မှ. . .။

"အင်း. . . ကြားပါတယ်"

ဟု စိတ်လှုပ်ရှားမှု နည်းနည်းမှမရှိသော အသံမျိုးဖြင့် ပြန်ဖြေမိသည်။ တကယ်တော့လည်း သည်လိုအကြောင်းအရာ သည်လိုအခြေအနေဆိုတာကို သူ လျစ်လျူရှုထားဖို့ ကြိုးစားနေခဲ့တာ ကြာပြီ။ ဆယ်ကျော်သက်အရွယ်ကလေးတွေမှာ ရေလှိုင်းတွေကို အနိမ့်အမြင့် လှုပ်ရှားနေသည့် ရင်ခုန်နှုန်းတွေ ရှိတတ်သည်။ သူကိုယ်တိုင်လည်း သည်လိုအရွယ်ကို သည်လို အခြေအနေကို ဖြတ်ကျော်လာခဲ့ပြီးပြီ။

ဘာကြောင့် နားမလည်နိုင်ရမည်လဲ။

ကားတစ်စီး၏ ရှည်လျားကျယ်လောင်သော ဟွန်းသံ နားထဲသို့ ဝင်လာသည်။

"လေးလေးအောင်"



"ဟေ"

"ဘာဖြစ်လို့ ငြိမ်သွားတာလဲ"

"ချယ်က လေးလေးအောင်ကို ဘာပြောစေချင်လို့လဲ"

"ဟင် လေးလေးအောင်ကလဲ စကားပြောတာ တစ်မျိုးပဲ"

"သမီး ဒါတွေကို အရေးမထားဘူးဆိုရင် ကိုယ့်ကို ဘာဖြစ်လို့ ပြန်ပြောနေစရာ လိုလဲ"

"အရေးမထားလို့ လေးလေးအောင်ကို ပြန်ပြောနေတာပေါ့ လေးလေးအောင်ရဲ့၊ အရေးထားရင် လေးလေးတောင် သိလိုက်မှာ မဟုတ်ဘူး"

ကလေးမလေးစကားကို သူ မရယ်ဘဲ မနေနိုင်။

ဒါပေါ့နော်. . .။

အသက်ချင်း ဆယ့်သုံးနှစ်လောက်ကွာဟနေသော သူစိမ်းယောကျ်ားတစ်ယောက်ကို အသိပေးဖို့ တိုင်ပင်ဖို့ အကြောင်းအရာတွေမှမဟုတ်ဘဲ။ သို့ပေမဲ့လည်း သူစိမ်းတွေဟု သတ်မှတ်ထားဖို့ ဘယ်လိုမှ မဖြစ်နိုင်သည့်. . .၊ မမြင်နိုင်သည့်၊ မမြင်နိုင်ဘဲ တွယ်ငြိနေသည့် ကြိုးတစ်ချောင်း သူတို့ အကြားမှာ ရှိနေခဲ့သည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒါဆိုလဲ စိတ်ထဲမထားနဲ့ပေါ့ ချယ်ရယ်၊ ဒီအရွယ်လေးတွေဆိုတာ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မကြာခဏ ရင်ခုန်တတ်တာပဲ၊ ဒီလိုဇာတ်လမ်းတွေ ဆိုတာ ချယ် ခဏခဏ ကြုံနေရမှာပဲလေ"

"လေးအောင်ရော အဲဒီအရွယ်မှာ ရင်ခုန်ခဲ့တာပေါ့"

သူမ ဘာကိုရည်ရွယ်သည်ဆိုတာ မသိပါ။ ချယ် အောင်ထက်ဆီက ဘယ်လိုအဖြေမျိုးရမှ စိတ်ကျေနပ်မှာ

"ကိုယ်လဲ အဲဒီအရွယ်ကို ဖြတ်သန်းလာခဲ့တာပဲလေ"

"ဒါဆို ရည်းစားတွေအများကြီးထားခဲ့တာပေါ့"

"ဟင့်အင်း တစ်ယောက်တည်းပါ"

"အဲဒါ ဘယ်သူလဲ"

မူးယစ်ရီဝေလာသည်။ ဝီစကီတန်ခိုးကြောင့် မဟုတ်နိုင်ဘူးထင်သည်။

"မေမေ မဟုတ်လား"

မမေးပါနဲ့ ကလေးရယ်။

ကိုယ် မဖြေချင်ဘူး။

"လေးလေးအောင်"

စောစောကလို ရယ်မြူးသံမျိုး မဟုတ်တော့ဘူး သည်။

"တကယ်ပဲ မေမေ့တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာလား"



"ကိုယ် ရင်ခုန်တတ်တဲ့အချိန်မှာ ငွေနှင်းမှုန်နဲ့ တွေ့ခဲ့တာပဲ"

"ဘယ်လောက်ကြာလဲ"

"ဟင်"

"ဘယ်လောက်ကြာကြာတွဲခဲ့သလဲလို့"

"နှစ်နှစ်နီးပါး"

"တော်တော်ရင်းနှီးခဲ့ကြသလား"

"ဘာအဓိပ္ပာယ်လဲ"

"လေးလေးအောင် သိမှာပါ"

"ချယ်က ဘာဖြစ်လို့ သိချင်ရတာလဲ၊ ကိုယ့်ကို နိုင်ကွက်ရှာမလို့လား၊ မကျေနပ်တာလား၊ အဲဒါတွေ အားလုံးက ပြီးသွားပြီ၊ ရှစ်နှစ်တောင်ကျော်ခဲ့ပြီ၊ ကိုယ့် ရင်ထဲမှာ ဘာမှမရှိတော့ဘူး၊ ဒီလောကထဲမှာ ဒါတွေ ဟာ ဖြစ်ရိုးဖြစ်စဉ်တွေပါလို့ ပြောနိုင်လောက်အောင် ကို ကိုယ့်ရင်ထဲမှာ တည်ငြိမ်သွားပြီ"

"ဒါဆို လေးလေးအောင် ခုထိ ဘာလို့ အိမ် ထောင်မပြုသေးတာလဲ"

"ဟာ. . . ဒါကတော့"

ချယ်က အောင်ထက်ကို ကျီစယ်လိုသည်တင်၏။ မြို့ လယ်ခေါင်၏ ညတစ်ညသည် အသက်ဝင်နေလေသည်လား၊ ချယ့်ရင်ထဲမှာ ဘယ်လိုခံစားချက်တွေ ရှိသည်ဆိုတာ မသိနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သည်လိုညတစ်ညကို သူ မငြင်းဆန်လိုခဲ့ချေ။

"အိမ်ထောင်ပြုရလောက်အောင် အလေးအနက် ချစ်တဲ့မိန်းကလေး မတွေ့ခဲ့လို့ပေါ့ ချယ်ရဲ့၊ ဘာဖြစ်လို့လဲ၊ ချယ်က ကိုယ့်ကို ဘာဖြစ်လို့ ဒါတွေ မေးနေတာလဲ၊ ကိုယ့်ကို ဘာတွေ စွပ်စွဲဦးမလို့လဲ"

တစ်ဖက်က အသံတိတ်သွားတော့ မချင့်မရဲ ဖြစ်ရပြန်သည်။ ဒါပေမဲ့ ဆန္ဒတွေတိုင်းကို အလိုလိုက်ဖို့ မသင့်လျော်ဘူးလေ။

"ချယ် ဘာပြောဦးမလဲ"

"ဟင်အင်း"

"ဒါဆို လေးလေးအောင် ပြောမယ်"

"ပြော"

"ချယ် အခုဆို နာမည်လေးအသင့်အတင့်ရလာပြီ၊ ခုထက်ပိုပြီးပိုပြီး အောင်မြင်ကျော်ကြားလာဖို့ပဲ ကြိုးစားရမယ်၊ ရင်ခုန်တဲ့ ဘာညာဘာညာကိစ္စတွေ ခေါင်းထဲသိပ်ထည့်မထားနဲ့၊ အရွယ်လေးတွေက တည်ငြိမ်တဲ့အရွယ်မဟုတ်တော့ ဒီလိုကိစ္စတွေမှာ မကြာခဏ အပြောင်းအလဲဖြစ်နိုင်တယ်၊ ပြီးတော့ နီးစပ်နေတော့ တရင်းတနှီးရှိနေတော့ စိတ်ထဲမှာ ငြိတွယ်မိတာကို သာယာမိတယ်...

ဒါတွေကို ကိုယ် ခွင့်မပြုဘူးနော်၊ ချယ်နဲ့ပတ်



သက်တဲ့ဘယ်သူမှလဲ ခွင့်ပြုမှာမဟုတ်ဘူး...

နောက်တစ်ခု... နောက်တစ်ခုက..."

ပြောမှဖြစ်မယ်။

မျက်ခွံတွေကို တင်းတင်းမှိတ်ပစ်လိုက်ပြီး နှုတ်ခမ်းတွေကို သပ်လိုက်သည်။

"ရှုတင်ကိစ္စကလွဲပြီး ကိုယ့်ဆီကို ဖုန်းမဆက်နဲ့"

"ရှင်"

"ကိုယ့် အခန်းမှာ ဧည့်သည်က မပြတ်ဘူး၊ လူပေါင်းစုံတယ်၊ အထူးသဖြင့် ယောကျ်ားတွေ၊ ချယ့်ကို တစ်မျိုးမြင်မှာ ကိုယ် မခံနိုင်ဘူး၊ ချယ့်ကို ဘယ်သူကမှ နှိမ့်ချတဲ့စကားမျိုး လှောင်တာပြောင်တာမျိုး ကိုယ် သည်းမခံနိုင်ဘူး၊ ချယ်ဟာ ကိုယ့်အတွက် ဘယ်သူနဲ့မှ မတူဘူး၊ ချယ်ဟာ ကိုယ် ပျိုးထောင်ခဲ့တဲ့ ပန်းကလေးပဲ"

"ပန်းဆိုတာ အသက်မှ မရှိဘဲ လေးလေးအောင်ရဲ့၊ ပန်းဆိုတာ သက်မဲ့၊ ဦးနှောက်မရှိဘူး၊ ခံစားမှုမရှိဘူး၊ ဆန္ဒလိုလားချက် မရှိဘူး၊ ချယ်က သက်ရှိပဲ၊ ချယ့်မှာ ဦးနှောက်ရှိတယ်၊ ခံစားလို့ရတဲ့ နှလုံးသားရှိတယ်၊ ချယ် လွတ်လွတ်လပ်လပ်ရှင်သန်ချင်တယ်၊ ချယ်ဟာ ပန်းတစ်ပွင့်မဟုတ်ဘူး"

နှုတ်ခမ်းတွေ စေးကပ်စွာ၊ လည်ချောင်းတွေ ဆို့ပိတ်

www.burmeseclassic.com

www.burmeseclassic.com



စွာ၊ ငြိမ်သက်နေလိုက်မိသည်။ တယ်လီဖုန်းခွက်ချလိုက်သ
ကြားလိုက်ရပြီးနောက်မှာ လောကကြီးတစ်ခုလုံး တိတ်ဆိ
ငြိမ်သက်သွားတော့သည်။



ပန်းတစ်ပွင့်မဟုတ်ဘူးဟု ချယ်က သူမကိုယ်သူမ ပြောပေမယ့်သူကတော့ ချယ့်ကို ပန်းပင်ကလေးတစ်ပင် ပျိုးထောင်သလို အရိပ်တကြည့်ကြည့် ပျိုးထောင်ခဲ့ရပါသည်။ ဒါကို ချယ်ကတော့ လက်ခံချင်မှ လက်ခံမည်ပေါ့လေ။ သို့ပေမဲ့ ချယ်ရှိသည် ရုပ်ရှင်လောက၊ အနုပညာလောကထဲမှာ အောင်ထက်၏ ပုံစံကျနစွာ အချိုးအစားပြေပြစ်စွာ ထုဆစ်ထားသည့် ပန်းပုရုပ်ကလေးတစ်ရုပ်ဟု အများက နားလည်ခဲ့ပါသည်။ ချယ့်ကို မင်းသမီးတစ်ယောက်ဖြစ်လာဖို့ ပျိုးထောင်ခဲ့ရသည့် ရက်များစွာသည် အောင်ထက်ဘဝမှာ ကျေနပ်ပျော်ရွှင်စရာကောင်းသော၊ စိတ်၏လိုအင်ဆန္ဒတွေကို အပြည့်အဝ ရနိုင်ခဲ့သော နေ့ရက်များဖြစ်ခဲ့ပါသည်။

ချယ်က အစပိုင်းမှာ အကြိမ်ပေါင်းများစွာ ငြင်းဆန်ခဲ့ပြီး နောက်ပိုင်းမှာတော့ ငြင်းဆန်ဖို့ အားနာလာရလောက်အောင် သူက ဖုန်းဖြင့် တစ်မျိုး၊ လူကိုယ်တိုင်တစ်မျိုး၊ တိုက်တွန်းခဲ့သည့်အခါမှာ ချယ့်စိတ်တွေအနည်းငယ် ပျော့ပျောင်းလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမကိုယ်သူမ သရုပ်ဆောင်တစ်ယောက် ဖြစ်နိုင်သည်လားဆိုတာ စဉ်းစားတွေးတောစပြုလာသည်ဟု အဘွားက တစ်ဆင့် သိရပါသည်။ ပြီးတော့ ချယ်တို့သားအဖနှင့် ရင်းနှီးစေသည့် အကြောင်းတစ်ရပ်ကလည်း ရှိနေသေးသည်။ ချယ့်ဖခင် ကိုသန်းထွန်းက ချက်စ်ကစားရသည်ကို ထမင်းမေ့ ဟင်းမေ့ ဝါသနာကြီးတတ်သူဖြစ်ပါသည်။ ကောလိပ်ကျောင်းမှာက တည်းက စစ်တုရင်ပြိုင်ပွဲတွေမှာ အမြဲ ဗိုလ်စွဲဆုချိတ်ခဲ့သူဖြစ်ပြီး တောတွေ တောင်တွေထဲမှာ သူ့အတွက် တစ်ခုသော စိတ်အပန်းဖြေစရာက စစ်တုရင်ဖြစ်ပြီး အခြားစိတ်ဝင်စားစရာက သစ်ခွပန်းပင်များဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့်လည်း အောင်ထက်နှင့် ကိုသန်းထွန်းသည် စနေညနေတွေမှာဆို (အောင်ထက်ရန်ကုန်မှာ ရှိနေလျှင်) စစ်တုရင်ကစားဖြစ်ပါသည်။ စနေ နေ့လယ်မှာ အောင်ထက်က ချယ်တို့သားအဖ နေထိုင်သည့် မော်ဘီသစ်တောကျောင်းဝင်းထဲသို့ အရောက် သွားပြီး ညနေဘက်တွေမှာ စစ်တုရင်ကစားလေ့ရှိသည်။ တစ်ခါတစ်ရံ အောင်ထက်၏အိမ်ပြန်ချိန်တွေက ညသန်းခေါင်ကျော် ဖြစ်နေတတ်၏။

တကယ်တော့ အောင်ထက်သည် ချက်စ်ကစားဖို့ ဝါသနာရှိပေမယ့် ကျွမ်းကျင်လှသည်မဟုတ်ပါ။ ကစားသည့်ပွဲတွေမှာ ကိုသန်းထွန်းကသာ နိုင်ခဲ့သည်ချည်းဖြစ်သည်။ သူ့အဖို့တော့ ကလေးတစ်ယောက်နှင့်ကစားရသလိုပင် ဖြစ်ချင်



ဖြစ်နိုင်ပေမယ့် သည်လိုကစားဖော်ရှိဖို့က အရေးကြီးသည် မဟုတ်လား။ အောင်ထက်ကိုယ်တိုင်ကလည်း ချက်စ် ကစားဖို့ စိတ်သန်ခဲ့ပေမယ့် အဲသည်လို ပေးရသည့်အချိန်တွေက တစ်ခုခုအတွက် ရင်းနှီးပေးဆပ်နေရခြင်းများလားဆိုတာမျိုး တွေး ဖြစ်လျှင် သူ့ကိုယ်သူ စိတ်မလုံပါ။ ထို့ကြောင့်လည်း အောင်ထက်က. . .။

"ချယ့်အတွက် ဗီဒီယိုတိတ်ခွေတွေလဲ လာပေး ရင်း. . ."

ဟု ဖြစ်စေချင်သည့် ရည်မှန်းချက်ကိုလည်း ပွင့်ပွင့် လင်းလင်း ဖော်ပြရသည်။

ချယ်သည် သူမ၏ မိခင်နှင့် ရင်းနှီးစွာ ပတ်သက်ခဲ့ကြသော ယောက်ျားနှစ်ယောက်၏ ခင်မင်မှုကို အစကနဦးမှာ နားမလည်နိုင်ခဲ့ပေမယ့် နောက်တော့လည်း ရိုးစင်းလှသည့် အဖြစ်အပျက်တစ်ခုလို သဘောထားနိုင်လာသည်။ အောင်ထက်ယူလာသည့် မြန်မာဗီဒီယိုကားတွေ၊ ရုပ်ရှင်ကို ပြန်ကူးထားသည့် တိတ်ခွေတွေကို ကြည့်ပြီး ဆွေးနွေးဖော်ရလာသည်။ သူမမိခင်ပါဝင်သော ရုပ်ရှင်ကားတွေကို ကြည့်ရသည့်အခါ သူမ၏ ဝေဖန်ချက်တွေက ပိုပြီးထက်မြက်နေတတ်သည်။ ငွေနှင်းမှုန်၏ အနုပညာကို လေးစားချီးမွမ်းလိုသည့် အရိပ်မျိုးဖြင့် ချယ့်မျက်ဝန်းတွေ ခပ်လဲ့လဲ့ တောက်ပနေတတ်သည်။ အဲသည်လို အချိန်မျိုးမှာ ကိုသန်းထွန်းကိုယ်တိုင် သမီး ဖြစ်သူ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို စူးစူးစမ်းစမ်း စိုက်ကြည့်လျက် မျက်ဝန်း တွေထဲက မိခင်အပေါ်ထားသည့် လေးစားမြတ်နိုးမှုဆိုတာကို မက်မက်မောမော ရှာဖွေနေသည်ထင်ရ၏။

တစ်ညနေမှာတော့ ကိုသန်းထွန်းက ချယ်ရီနှင့်ပတ်သက်သည့် မျှော်လင့်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။ သူတို့နှစ်ဦးထိုင်နေကျ ယူကလစ်ပင်အောက်မှာ ဖြစ်ပါသည်။ စစ်တုံရင်ကစားသည့် စားပွဲပုလေးအလယ်မှာထားပြီး ကြိမ်ပက်လက်ကုလားထိုင်ဖြင့် ကိုသန်းထွန်းက တစ်ဖက်မှာ ထိုင်သည်။ သူကတော့ ကြိမ်ခုံအဝိုင်းကြီးဖြင့် ကိုသန်းထွန်း၏မျက်နှာချင်းဆိုင်မှာ ထိုင်သည်။ ချယ်က ရေနွေးခတ်ဘူး၊ စီးကရက်၊ မြေပဲယို၊ လက်ဖက် စသဖြင့် ဖခင်နှင့်သူ့ကို ဖြည့်ဆည်းပေးထားပြီးသည့်အခါ ဗီဒီယိုကြည့်လျှင်ကြည့်၊ ဒါမှမဟုတ် ချည်ခင်များအပ်များဖြင့် တက်တင်းထိုးနေလေ့ရှိသည်။ ဖခင်နှင့်သာ ကြီးပြင်းရသည့် မိန်းကလေးတစ်ယောက်ပေမယ့် ချယ့်မှာ စည်းကမ်းတကျ သေဝပ်မှုတွေ ရှိနေသည်ဆိုတာ လေးစားဖွယ်ရာတွေ့ရသည်။ ချယ်တို့သားအဖနှစ်ယောက်သာ နေသည့် အိမ်ကလေးသည် အမြဲ သပ်ရပ်နေသည်။ ပြီးတော့ ချယ်တို့သားအဖနှစ်ယောက်ကြားမှာ မလိုလားအပ်သည့် သဘောထားမတိုက်ဆိုင်မှုတွေ မတွေ့ရ။ ငွေနှင်းမှုန်၏ သမီးချယ်ရီသည် ပြင်ပရုပ်သဏ္ဌာန်မှာသာ ငွေနှင်းမှုန်နှင့် ချွတ်စွပ်နီးပါး တူညီလျက် အတွင်းသန္တာန်ကတော့ အဖေတူသမီးဟု ပြောနိုင်လေ



သည်။

"ကျွန်တော့်သမီးလေးကို ကျွန်တော်က စိတ်ဓာတ်ခိုင်မာတဲ့သူဖြစ်အောင် အမှန်တရားကို အမှန်အတိုင်း သိမြင်ဆုံးဖြတ်နိုင်တဲ့သူဖြစ်အောင် လေ့ကျင့်ထားခဲ့တာဗျ၊ ငယ်ငယ်တုန်းကတည်းက သမီးရဲ့ စိတ်ဓာတ်ဟာ ယောကျ်ားတစ်ယောက်လိုပဲ ရှိုးသားတယ်၊ ပွင့်ပွင့်လင်းလင်း တည့်တိုးပြောတတ်တယ်၊ အမှတ်သည်းခြေလဲ ကြီးတယ်၊ ဒါပေမဲ့ အစွန်းရောက်တဲ့ မာနမျိုးမရှိအောင်တော့ ကျွန်တော် အမြဲ ဆုံးမထိန်းချုပ်ပေးပါတယ်. . .

ခက်တာက သမီးလေးဟာ သူ့အမေလိုပဲ လှတယ်ဗျာ၊ တဖြည်းဖြည်း အရွယ်ရောက်လာတာနဲ့ အမျှ သူ့အမေနဲ့ ပိုပြီး တူလာတယ်၊ အဲဒါကို ကျွန်တော်ကလဲ ကြောက်တယ်၊ ဒါကြောင့် သူ့အမေလို အလှမ်းကျယ်တဲ့သူ မဖြစ်အောင်၊ နာမည်ကြီးချင်တဲ့ စိတ်တွေ မဝင်အောင် ဖိအားပေးမိတာပဲ. . .

သမီးကို ပညာတတ်ပဲဖြစ်စေချင်တယ်၊ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်စေချင်တယ်၊ ရုပ်ရှင်မင်းသမီးဆိုတာတော့ မဖြစ်ရင် အကောင်းဆုံးပဲဗျာ"

ကိုသန်းထွန်းက အောင်ထက်မျက်နှာပေါ်က ဆိုးရိမ်ကြီး အရိပ်ယှာယ်များကို ဖတ်မိသွားသောအခါ မျှည်းပြည့်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ အပြုံးမျိုးဖြင့် ပြုံးလိုက်ပါသည်။ လျှို့ဝှက်မှုဖြင့် သိပ်သည်းနေသော အဲသည်အပြုံးကိုကြည့်ရင်း သူ စိတ်မော အသက်ရှုကျပ်နေရသည့် အခိုက်အတန့်ကာလကို ဘယ်တော့မှ မမေ့နိုင်ပါ။

"ဒါပေမဲ့ အဲဒီလို စိတ်ကူးမရှိတဲ့ကျွန်တော်ဟာ သမီး သူ့အမေအပေါ် စိတ်အနာကြီး နာနေတယ်ဆိုတာကို သိလိုက်ရတဲ့အချိန်ကျတော့ တစ်မျိုးပြောင်းသွားတယ်ဗျ. . .

မြန်မာလူမျိုးကိုးဗျ. . . နော်၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကျွန်တော်ကိုယ်တိုင်လဲ မိဘနှစ်ပါးကို ကိုယ်စိတ်နှလုံး နဲ့ ရိုသေခဲ့တဲ့သူဆိုတော့ သမီးလေးကို ပဉ္စာနန္တရိယကံ ထိုက်မှာစိုးရိမ်တယ်ဗျ. . .

နောက်တစ်ကြောင်းက သူ့အဘွား ကျွန်တော့်ယောက္ခမက သမီးလေးကို သိပ်ချစ်တယ်၊ ကျွန်တော်နဲ့သီသီ ကွဲခဲ့ပေမယ့် ကျွန်တော် သူ့မိသားစုနဲ့ အခင်မင်မပျက်ဘူး၊ သီသီ့အဖေနဲ့အမေဟာ ကျွန်တော့်ကို သားအရင်းလိုချစ်တယ်၊ သီသီ့အဖေဟာ ကျွန်တော့်လက်ပေါ်တင် ဆုံးရှာတာပဲ၊ ဆေးရုံတက်နေရတုန်း သူ့သမီးရောက်လာတော့ သူ့သမီးကို အပြစ်လဲတင် ဝမ်းနည်းပြီး ငိုရှာတယ်၊ အဘိုးကြီးက နောက်ဆုံးအချိန်အထိ ကျွန်တော်နဲ့ ပြန်ပေါင်းဖို့ကို ကြိုးစား



သေးတယ်ဗျ. . .

ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်လုံးကတော့ မဖြစ်နိုင်ဘူးဆိုတာ သေချာပြီးသွားပါပဲ၊ သမီးက သူ့အဘွားဆီ ဝင်ထွက်ရင်း အမေနဲ့လဲ တွေ့တယ်ပေါ့၊ ကလေးက အမေ့ကို စိမ်းစိမ်းကားကားဆက်ဆံတော့ အဘွားက ကြားကနေ စိတ်ထိခိုက်ရတယ်ပေါ့ဗျာ. . .

ကျွန်တော် မပြောပါဘူး၊ သီသီ့ကို ကျွန်တော် စိတ်နာတာမှန်ပေမယ့် သူ့ရဲ့အပြုအမူ အကျင့်စရိုက်တွေကို သမီးရှေ့မှာ တစ်ခါမှ နှိမ့်ချမပြောဖူးဘူး၊ ဒါပေမဲ့ သမီးက သိတယ်ဗျ၊ သမီးဟာ အမေကို မုန်းတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ စိတ်နာတယ်၊ တခြားမိသားစုတွေလို ပြည့်စုံတဲ့ မိသားစုဘဝကို မရခဲ့တာ အမေ့ကြောင့်လို့ စိတ်ထဲက စွဲနေတယ်၊ အဲဒီကတစ်ဆင့် အမေ့ရဲ့ အနုပညာလောက၊ အသိုက်အဝန်းကိုလဲ ကြောက်နေတယ်၊ မုန်းနေတယ်ပေါ့ဗျာ၊ ဒါကိုတော့ ကျွန်တော် စိတ်မကောင်းဘူး၊ သမီးဟာ သူ့ရဲ့တစ်သက်တာမှာ နာကြည်းချက်တွေ၊ အမုန်းတရားတွေကိုပဲ သိမ်းထားခဲ့ရတယ်၊ ဒါကြောင့် သူဟာ တခြားကလေးတွေလို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် မရှင်သန်ခဲ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



သည်အခါမှာတော့ ကိုသန်းထွန်း၏ မျက်လုံးတွေထဲ ထိခိုက်ဝမ်းနည်းခြင်းတွေ ပြည့်သိပ်နေခဲ့ပါသည်။ ကိုသန်းထွန်းသည် စားပွဲပုလေးပေါ်က စစ်တုရင်ရုပ်ကလေးများကိုပင် မေ့လျော့နေခဲ့၏။ ယူကလစ်ပင်များ၊ ရေနွေးခွက်များ၊ နွယ်သာကီပန်းပွင့်များနှင့် တိမ်လိပ်အဖြူတွေ အဆုပ်လိုက်ရှိနေသော ကောင်းကင်ကြီးကို. . . ၊ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေခဲ့သည်ဟု ထင်ပါသည်။

"သမီးကို အဲဒီဘဝထဲက လွတ်စေချင်တယ်၊ ခုဆို သမီး ဆယ်တန်းအောင်ပြီးပြီ၊ အင်္ဂလိပ်စကားပြောသင်တန်းတွေ၊ ကွန်ပျူတာသင်တန်းတွေလဲ တက်ပြီးပြီ၊ လောလောဆယ် ကျွန်တော့်ဌာနလက်အောက်မှာ နိုင်ငံခြားသားတွေနဲ့ တွဲလုပ်ရတဲ့ ကွန်ပျူတာဌာနမှာ အလုပ်ဝင်နေပြီ၊ ဒါပေမဲ့ အဲဒီပတ်ဝန်းကျင်က သူ့ရဲ့စိတ်ကို ပုံသဏ္ဌာန်ပြောင်းမပေးနိုင်သေးဘူးဗျ၊ ခင်ဗျားက သမီးကို ရုပ်ရှင်ရိုက်ပါလို့ ပြောလာတော့ ကျွန်တော် စိတ်ကူးကြည့်မိတယ်၊ အနုပညာဟာ သူ့ရဲ့ နာကြည်းချက်တွေကိုများဖျောက်ဖျက်ပေးနိုင်မလား လို့ပေါ့လေ"

သည်လိုအချိန်မျိုးမှာမှ သူ ပြောချင်ရာကို နားဝင်အောင် ပြောပြဖို့ အခွင့်အရေးတစ်ခု သူ မယူခဲ့ဘူးဆိုလျှင် အဲသည်အခွင့်အရေးကို နောက်ထပ် ဘယ်တော့မှ ရနိုင်တော့မည် မဟုတ်ပါ။ ကိုသန်းထွန်း ရေနွေးပန်းကန်ကို လှမ်းယူ လိုက်စဉ်မှာ ကြိုတင်စီရီမထားသည့် စကားတွေ အလိုလျှောက် သူ့နှုတ်ဖျားက ထွက်ကျလာခဲ့တော့သည်။



"ချယ်က အနုပညာကို တကယ်မုန်းတာမဟုတ်ပါဘူး၊ မုန်းနေတယ်လို့ သူ့ရင်ထဲမှာ ခံယူထားရတာ၊ သူ့ကိုယ်သူ နံရံတွေနဲ့ကာပြီး လှောင်ပိတ်ထားတာ၊ အဲဒါဟာလဲ အမေကို နာကြည်းတဲ့စိတ်ကြောင့် အမေနဲ့ ပတ်သက်သမျှကို မုန်းတယ်၊ မုန်းရမယ်လို့ ခံယူထားတဲ့ စိတ်ကြောင့်ပဲ. . .

တကယ်တော့ လူတွေအားလုံး အနုပညာနဲ့ ကင်းကွာလို့မရပါဘူး၊ အနည်းဆုံး သီချင်းလေးတော့ ညည်းမိကြတာပဲလေ၊ အထူးသဖြင့် သူတို့လို အရွယ်ကလေးတွေဟာ အနုပညာကိုပိုပြီး တွယ်ဖက်တတ်ကြပါတယ်၊ သူတို့ရဲ့ နှလုံးသားတွေက နူးညံ့နေတာကိုး၊ ချယ်လဲ တကယ်တမ်းသာ အနုပညာနဲ့ ထိတွေ့ခွင့်ရရင် သူ့ရင်ထဲမှာရှိတဲ့ အနုပညာချစ်တဲ့စိတ်တွေ အမေကိုချစ်တဲ့ သဘာဝဗီဇတွေက သူ့ရဲ့ နာကြည်းချက်တွေကို ဖုံးလွှမ်းသွားမှာပါ၊ ကျွန်တော်တော့ အဲလို ယုံကြည်တယ်အစ်ကို၊ သူဟာ အနုပညာနဲ့ မရင်းနှီးသေးလို့သာ ခုလို တဇွတ်ထိုး ခေါင်းမာနေတာ"

ကိုသန်းထွန်းက ရေနွေးပန်းကန်ကို လက်နှစ်ဘက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကိုင်ထားရင်း စိန်ပန်းပင်ပုလေးတွေ ရှိနေသော လမ်းကလေးဆီ ငေးမောနေသည်။

"ခုတော့. . . သမီးဟာ အနုပညာသမားတစ်ယောက် ဖြစ်သင့်တယ်လို့ ကျွန်တော့်စိတ်ကို ကျွန်တော် တိုက်တွန်းနေတယ်ဗျာ"



ချယ်ရီသည် သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့သာ မွေးဖွားလာသည်ဟု အောင်ထက် ယုံကြည်ခဲ့သည်။

တကယ်တမ်းမှာတော့ ချယ့်သရုပ်ဆောင်ဟန်ကို ပိတ်ကားထက်မှာ မြင်ခွင့်ရဖို့ ကြိုးစားခဲ့ရသည်က လွယ်လွယ်ကူကူ မဟုတ်ပါ။ မြန်မာဗီဒီယိုကားတွေ၊ ငွေနှင်းမှုန်၏ ရုပ်ရှင်တွေ၊ မင်းသမီးငယ်လေးများ၏ သရုပ်ဆောင်ချက်တွေကို စိတ်ဝင်တစား ဆွေးနွေးသည့်အဆင့်သို့ ရောက်ခဲ့တာတောင် ချယ်က ကိုယ်တိုင် သရုပ်ဆောင်ဖို့ကို စိတ်မဝင်စားပါ။ သည်တော့ အနုပညာ၏ ဆွဲဆောင်နိုင်စွမ်းကို ယုံကြည်အားကိုးပြီး နောက်ထပ် စမ်းသပ်ချက်တစ်ခု လုပ်ကြည့်ရသည်။ အဲသည်အတွက် စိတ်ကူးကိုတော့ သူ မထင်မှတ်ဘဲ ရရှိခဲ့ခြင်းဖြစ်ပါသည်။

အဘွား၏ လှည်းကူးက သီဟိုဠ်ခြံလေးကို သူနှင့် မမနှင်း ရင်းနှီးခဲ့သည့် ကာလတွေမှာတုန်းကတော့ မမနှင်းအတွက် 'ရွှေလသာမှ'ဇာတ်ကားရိုက်ရင်း ဇာတ်ဝင်ခန်းတွေအတွက် အသုံးပြုခဲ့ဖူးပါသည်။ နောက်ပိုင်းမှာတော့ မမနှင်းနှင့် ခနီးစပ်လိုတော့တာမို့ (မမနှင်းကိုယ်တိုင်က နီးစပ်ခွင့်လည်း မပေးတော့တာမို့) မရောက်ဖြစ်တော့ပါ။ ခုတော့ ချယ့်ကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သိမ်းသွင်းဆဲကာလတွေမှာ သီဟိုဠ်ခြံလေးနှင့် ပြန်လည်ရင်းနှီးပြီး ဇာတ်ဝင်ခန်းတချို့ ရိုက်ဖို့ ဖြစ်လာသည်။ သမီးနှင့်ပတ်သက်သမျှ ရုပ်ရှင် ဗီဒီယိုလောကသားတွေကို ရင်းနှီးပြီးဖြစ်သည့် အဘွားကလည်း လိုလားခွင့်ပြုခဲ့ပါသည်။

သီဟိုဠ်ပင်တွေက တစ်ခြံလုံးကို အုပ်နေသည့်အတွက် အလင်းရောင် နည်းပါးပါသည်။ နေရောင်ခပ်များများရသည့် နေ့လယ်ပူပြင်းချိန်တွေမှာတောင် ကင်မရာအတွက် အလင်းပြန်ပက်ပေးဖို့ နေရောင် မလုံလောက်သည့်အတွက် ဆန်းဂန်းတွေကို သုံးခဲ့ရသည်။ သစ်ခွပင်မှာ သစ်ခွပန်းတွေ ပွင့်သည့်အချိန်ကာလမို့ သီဟိုဠ်ပင်ရိပ်နှင့် သစ်ခွပန်းပင်နေရာက သူတို့အတွက် အကောင်းဆုံး နောက်ခံဖြစ်သည်။ မင်းသားနှင့်ဇာတ်ရုံအုပ်စုတွေ ဂစ်တာတီးသီချင်းဆိုသည့် အခန်းကိုရိုက်တော့ ချယ်က အိမ်ရှေ့သံပန်းကွက်တွေ နောက်ကွယ်ကနေစိတ်ဝင်တစား ကြည့်နေသည့်အတွက် သူ ကျေနပ်ခဲ့ရသည်။

နောက်ထပ် ဆင်း(န်)တစ်ခုက မင်းသားအုပ်စုနှင့် မင်းသမီး ရန်ဖြစ်စကားများကြသည်ကို ကတ်သုံးလေးခု ခွဲရိုက်ရမည်။

အဲသည်မှာ သူက ချယ့်ကို ဇာတ်ကောင်တစ်ခု ဖန်တီးဖို့ ရုတ်တရက် စိတ်ကူးရခဲ့ခြင်းဖြစ်သည်။

"ဆိုက်ပတ်တ်တွေတစ်ယောက်မှ ပါမလာခဲ့ဘူး၊ အဘွား ချယ့်ကို ဝင်ရိုက်ပေးဖို့ ပြောပါဦး"



ရှူတင်ခဏဖြတ်သည့်အချိန်မှာ သူက သည်လိုတောင်းဆိုတော့ ချယ် သူ့ကို ကြည့်သည့်အကြည့်က အတော်ဖြူစရာကောင်းပါသည်။ ချယ့်နှုတ်ခမ်းတွေ ပြုံးနေပုံက ချယ့်မျက်လုံးတွေ ညို့မှောင်ရီဝေနေပုံက ရုပ်ရှင်ထဲမှာ ဖလင်ပြားတွေပေါ်မှာ သူ ချယ့်ကို မျှော်လင့်ထားသည့် အပြုံးမျိုးပင်။

"အကြာကြီးမဟုတ်ပါဘူး၊ တစ်ကွက်နှစ်ကွက်ပါ၊ စကားပြောလဲ မပါဘူး"

"တော်ပါတော့ လေးလေးအောင်ရယ်"

ဆက်မပြောပေမယ့် ချယ်ပြောမယ့်စကားကို သူကလည်း သိသည်ပင်။

"ဟုတ်သားပဲဟယ်၊ တို့သူငယ်ချင်းလုပ်ပေးရုံပါ၊ လာပါဟယ်၊ ရုပ်ကြည့်နေရတာ ပျင်းစရာကြီး၊ တို့နဲ့ အတူ ဝင်လုပ်ပေးစမ်းပါ၊ ဘယ်သူမှလဲ နာမည်ကြီး မပါပါဘူး အားလုံး ရွယ်တူတွေချည်းပဲ"

မင်းသမီးငယ်လေးကလည်း မာနမရှိသူ အပေါင်းအသင်းခင်တတ်သူမို့ ချယ့်ကို လက်ဆွဲပြီး အတင်းခေါ်သည်။ ငွေနှင်းမှုန်ကို လေးစားမှုရှိရင်းစွဲမို့လည်း ချယ့်ကိုပါ ရင်းနှီးခင်မင်လိုစိတ်ရှိသည်လည်းဖြစ်နိုင်ပါသည်။ သို့ပေမဲ့ မိခင်ကို စိတ်နာနေသည့် ဆယ်ကျော်သက်ကောင်မလေးအကြောင်းကိုတော့ သူကလွဲပြီး ဘယ်သူ့မှ မသိကြ။

"ငယ်ငယ့်ကိုအားနာစရာကြီးကွယ်၊ မလောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေတာ ချယ် ဝင်ရိုက်ပေးလိုက်ပါ"

"ဘွားကလဲ ချယ်မှမလုပ်တတ်ဘဲ"

"လေးလေးအောင်က ပြပေးလိမ့်မပေါ့ ချယ်ရဲ့၊ ချယ် ဒီလောက်မညံ့ပါဘူး ဘွားသိပါတယ်"

"ဘွားကတော့ မြှောက်ခိုင်းနေပြီ၊ ချယ်က ဗီဒီယို တောင်ဟုတ်တိပတ်တိကြည့်တာ မဟုတ်ဘဲနဲ့"

နောက်ဆုံးတော့ ချယ်က အားနာပါးနာ လိုက်လျော ရပေမယ့် မိတ်ကပ်လိမ်းနေတုန်း. . .။

"အဲဒီလေးလေးအောင်ကြောင့်ပေါ့"

ဟု သူ့ကို မျက်စောင်းထိုးရေရွတ်လေသည်။

"လိမ်းလို့ကောင်းလိုက်တာဟယ်၊ မျက်နှာလေး ကို မွတ်လို့၊ သူ့အမေနဲ့ ပိုတူသွားတယ်နော်"

မိတ်ကပ်သမားက သည်လိုပြောတော့ ချယ့်မျက်နှာကို စိုးရိမ်ကြီးစွာ ကြည့်လိုက်မိသေးသည်။ ချယ်က သူ့စိုးရိမ်မှုကို နားလည်တတ်ဟန်တူပါသည်။ ဘွားက မိတ်ကပ်လိမ်း၊ အဝတ်အစားလဲပြီးသည့်အခါ. အသွင်တစ်မျိုး ပြောင်းနေသည့် မြေးမလေးကို ကြည့်ပြီး မျက်ရည်ဝေ့ဝေ့ဝဲဝဲနှင့်. . .။

"သမီးလေးကို ပြန်တွေ့ရသလိုပဲ"

ဟု ပြောတော့လည်း ချယ်က နားလည်သိတတ်စွာ ဘွားအဖြစ်သူကို နှစ်သိမ့်ရှာသည်။

"ချယ် လုပ်ရမှာက တစ်ကွက်နှစ်ကွက်ပဲ၊ စကား



ပြောလဲ သိပ်မပါဘူး၊ မျက်နှာ[illegible]အရာ လှုပ်ရှားမှုက အဓိကပဲ၊ ငယ်ငယ်ရဲ့ သူ[illegible] ချယ်က အိမ်ရှင်၊ ငယ်ငယ်က ချယ့် [illegible]ငြင်းနဲ့ အောင်လက်ျာနဲ့ ရန်ဖြစ်တဲ့အကွက်. . .

ငယ့်ငယ့်ကို မြင်တော့ ဝမ်းသာအားရ ဖြစ်သွားရမယ်၊ လှိုက်လှိုက်လှဲလှဲကို ဝမ်းသာသွားရမယ်၊ ဝမ်းသာသွားပြီးတော့မှ တစ်ဆက်တည်း စိတ်အနှောင့်အယှက် ဖြစ်သွားတဲ့ အမူအရာ တစ်ဆက်တည်း လာရမယ်"

ရိုက်ကွင်းပေါ်ရောက်တော့ ချယ့်စိတ်တွေ လှုပ်ရှားနေတာ သိသာလှသည်။ ဇာတ်ညွှန်းစာရွက်ကို လှမ်းအပေးမှာ အမှတ်မထင် ထိခိုက်မိသည့် ချယ့်လက်ချောင်းကလေးတွေ အေးစက်နေခဲ့သည်။ ကင်မရာတွေ၊ ဆန်းဂန်းတွေ၊ မှန်တွေ၊ မိုက်ခရိုဖုန်းတွေ ရှုပ်ယှက်ခတ်ပြီး လူတွေကလည်း အကဲခတ်သည့်မျက်လုံးမျိုးနှင့် ဝိုင်းကြည့်နေကြတာမို့ မီးရောင်တွေအောက်မှာ မြင်ရသည့် ချယ့်မျက်နှာလေး နီမြန်းပြီး မျက်ဝန်းများက စိုစွတ်တောက်ပနေကြသည်။

"မကြောက်နဲ့ချယ်၊ ဘာမှ ကြောက်စရာမရှိဘူး၊ ဖြစ်ကိုဖြစ်ရမယ်လို့ စိတ်ထဲကို ဒုံးဒုံးချထား၊ ချယ်လုပ်ရင် မဖြစ်ပါဘူးဆိုတာ မရှိဘူး၊ ဟုတ်တယ်မို့လား"

ကလေးတစ်ယောက်ချော့သလို ချော့ရသည်။ ချယ်က

www.burmeseclassic.com

www.burmeseclassic.com



အားစက်သော လက်ချောင်းများဖြင့် သူ့လက်ကောက်ဝတ်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သောအခါ သူ ဖြစ်ချင်သည့် ဆန္ဒများအတွက် တစ်ကိုယ်ကောင်းဆန်လှသည့် သူ့လုပ်ရပ်ကို သူ ပြန်ပြီး စက်ဆုပ်မိရလေသည်။

သို့ပေမဲ့ တကယ့်ရိုက်ကွင်းပေါ် ရောက်လျှင်တော့ သူ့ယုံကြည်ချက်တွေ ပြန်လည်ရှင်သန်လာပြန်သည်။ ချယ့်ကို သရုပ်ဆောင်တစ်ယောက်ဖြစ်ကို ဖြစ်ရမည်ဟူသော အတွေးသည် ဘယ်တော့မှ မမှားဘူးဟု ကိုယ့်ကိုယ်ကို သချာလာခဲ့ပြန်၏။ ချယ်က တလှုပ်လှုပ်နေသော လည်ကုပ်ထောက် ဆံပင်လေးနှင့် နားကွင်းကလေး တခါခါနှင့်တကယ့်ကို သွက်လက်ပေါ့ပါးသော ကျောင်းသူမလေးဖြစ်နေသည်။ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ကို ပြေးကြိုသော လှိုက်လှဲဝမ်းသာမှုသည် ဝိုင်းအုံကြည့်နေသူတွေဆီ ချက်ချင်းကူးစက်လာ၏။ အားလုံးက သူမပြုံးသလို နှုတ်ခမ်းတွေ ကော့တက်လာပြီး ပြုံးချင်လာသည်။ သူငယ်ချင်းနှစ်ယောက် ရွှင်မြူးအားရစွာ တစ်ယောက်နှင့်တစ်ယောက် ဖက်ပွေ့လိုက်သလို အားလုံးရင်ထဲမှာ ကြည်နူးဝမ်းသာမှုတွေ ပြည့်သိပ်လာသည်။

အို. . .။

ချယ့်ကိုယ်ထဲမှာ အနုပညာဗီဇ သွေးတွေ စီးဆင်းနေခဲ့တာပဲ။

ဒါဟာ ငွေနှင်းမှုန်ရဲ့သမီးဖြစ်နေလို့လား။



မမနှင်းကို သူ မေ့မထားနိုင်ခဲ့။ မမနှင်း၏ အငွေ့အသက်ကို သည်ကလေးမလေးအပေါ် ခံစားမိခဲ့သည် ဆိုတာကိုလည်း ဝန်မခံလို့ မဖြစ်ပါ။ သို့ပေမဲ့ ချယ်သည် ငွေနှင်းမှုန် မဟုတ်။ ချယ်ကိုယ်တိုင်ကလည်း ငွေနှင်းမှုန်၏ အရိပ်ဆိုတာကို ကြောက်လန့်နေလိမ့်မည်ထင်သည်။

"အိုကေ. . သိပ်ကောင်းတယ်၊ နောက်ကတ်တ်
တစ်ခု ပြောင်းမယ်၊ ဆင်း(န်)ဖိုး ကတ်တ် သနီး"

ကင်မရာသမား၊ မီးသမားတွေ နေရာရွှေ့ဖို့ ပြင်ကြသည်။ ငယ်ငယ်က ချယ့်ကို ရိုက်ကွင်းပေါ်က လက်ဆွဲခေါ်လာရင်း. . .။

"ဆင်း(န်)ပေါ် ကျတော့လဲ ဟုတ်လို့ပဲ၊ စောစောက လက်ဖျားတွေ အေးစက်နေတာ ရေခဲတုံးကျနေတာပဲ"

ဟု သူ့ကိုလှမ်းပြောသည်။

"ကိုယ်ကတော့ သိပြီးသားပါ၊ ဒီလောက်ကတော့ ချယ် လုပ်နိုင်မှာပါလို့"

ချယ်က သူ့အဘွားလက်တွေကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ရင်း. . .။

"ဘွား ဘယ်လိုနေလဲဟင်"

ဟု လှမ်းမေးလိုက်လေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အရုပ်တွေကို ပြန်ကြည့်ရသည့်အခါ ချယ်က. . .။

"သမီးပုံစံက သိပ်ပြီး ပျာယာခတ်နေသလိုပဲနော် လေးလေးအောင်"

ဟု သူ့မကိုယ်သူမ ဝေဖန်ပါသည်။ ဘယ်လိုပဲမဆို ချယ်သည် သရုပ်ဆောင်မှုကဏ္ဍကို စိတ်ပါဝင်စားလာခဲ့ပြီ။ သူမ သရုပ်ဆောင်ဟန်ကို ဝေဖန်ဆန်းစစ်ဖို့ အလေးထားလာခဲ့ပြီ။ ဒါကို သူ ဝမ်းသာရမည်။

"ဒီလောက်လဲ မဟုတ်ပါဘူးကွာ၊ ချယ် ဆင်း(န်) ပေါ် ပထမဆုံး စတက်တာလို့ ဘယ်လိုမှ မသိသာဘူး၊ ချယ့်မျက်လုံးတွေကို ကြည့်စမ်း၊ ဝမ်းသာလှိုက်လှဲနေတာက အရမ်းကို ဝိုပြင်နေတာပဲလေ"

"ဖေဖေသိရင်တော့ ဘာပြောမလဲမသိဘူး"

ဟု ချယ်က ရင်ခုန်စွာ ပြောပါသည်။

"ချီးမွမ်းမှာပေါ့ ချယ်ရဲ့"

"မထင်ပါဘူး၊ ဖေဖေက ချယ့်ကို အဲဒါတွေ



ဝါသနာပါမှာ သိပ်စိုးရိမ်တာ"

"ဒီလောက်လဲ မဟုတ်ပါဘူးအေး၊ ညည်းအဖေကို ပြောပဲပြောကြည့်ပါဦးတော့"

အဘွားက ဝင်ပြောပါသည်။

ချယ့်မျက်လုံးတွေ ရယ်ရွှန်းကြည်နူးနေပုံကို သူ တစ်သက် မမေ့။ ချယ့်မျက်နှာလေး ကြည်လင်နေတာကို တစ်သက် မမေ့။ ချယ့်အတွက် စစ်မှန်သည့် ဝမ်းသာပျော်ရွှင်မှုနှင့် အကျဉ်းကျနေသည့် နှလုံးသားကို လွတ်မြောက်စေနိုင်ခဲ့ပြီဟု သူက သူ့ကိုယ်သူ ဂုဏ်ယူနေမိရင်း ချယ့်အတွက်လည်း ဝမ်းသာနေမိသည်။

တကယ်တမ်းမှာတော့ ချယ်သည် လွတ်မြောက်ခဲ့တာလား။

နံရံတစ်ခု၏ အပြင်ဘက်ရောက်ဖို့ ကြိုးစားရင်း နောက်ထပ်နံရံတစ်ခုထဲ ပိတ်လှောင်ခံခဲ့ရတာလား။

မသိတော့ပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချယ့်ကို မင်းသမီးအဖြစ် 'ပန်းကြွေညာ'ရုပ်ရှင်နှင့် ဗီဒီယိုကားသုံးကားအတွက် ရုပ်ရှင်ကန်တော့ပွဲပေးသည့် အခမ်းအနားသို့ ပရိုဂျူဆာ မမကြီးက သမ္မတဟိုတယ်မှာ ခမ်းခမ်းနားနား ကျင်းပပေးခဲ့သည်။ ချယ်က အစဉ်အလာသာဖြစ်သည့် ကန်တော့ပွဲကို စိတ်မဝင်စားပါ။ သို့ပေမဲ့ နာမည်ရ ရုပ်ရှင်သရုပ်ဆောင်များ သူမနှစ်သက်သဘောကျသည့် ဝါရင့်ဒါရိုက်တာ မင်းသား၊ မင်းသမီးများနှင့် တွေ့ရမှာကိုတော့ စိတ်ဓာတ်တက်ကြွနေခဲ့သည်။ ငွေနှင်းမှုန်၏ သမီးအဖြစ် သူမကို ချီးမြှောက်ကြသည့် စကားများကိုတော့ သူမက နားကျင်ပြန်တူပါသည်။

"ငွေနှင်းမှုန်ရဲ့သမီးမို့ ငွေနှင်းမှုန်လို သရုပ်ဆောင်ကောင်းမှာပဲ၊ နာမည်ရမှာပဲလို့ ပြောတဲ့သူတွေကလဲ ပြောကြပါရဲ့၊ မေမေ့ရဲ့ အနုပညာဗီဇဟာ သမီး ကိုယ်ထဲ ပါချင်လဲ ပါခဲ့မှာပေါ့လေ၊ ဒါပေမဲ့ ငွေနှင်းမှုန်နဲ့ချယ်ရီဟာ တစ်ယောက်စီပါ၊ သားအမိ



မို့လို့ အမေနဲ့ နှိုးစပ်ရမယ်၊ အမေ့လို အောင်မြင်ရမယ်ဆိုတာကို သမီး လက်မခံဘူး၊ သမီး အောင်မြင်အောင်ကြိုးစားမှာပါ. . .

သမီးရဲ့ စိတ်ကိုက မလုပ်ဘူးဆိုလဲ ရှင်းရှင်းပဲ၊ လုပ်ရတော့မယ်ဆိုရင်လဲ မဖြစ်မနေ ကြိုးစားပြီးလုပ်မယ်၊ အလုပ်တစ်ခုကို ဘယ်တော့မှ ပေါ့ပေါ့ဆဆ မလုပ်ဘူး. . .

နာမည်ကြီးတာမကြီးတာကတော့ သူ့အကျိုးပေးနဲ့သူပေါ့. . .

နေရာတကာတိုင်းမှာ မေမေ့ရဲ့ အရိပ် လွှမ်းမိုးနေမှာမျိုးကိုတော့ ချယ် မကြိုက်ဘူး၊ 'ပန်းကြွေညာ'ကို ချယ် သရုပ်ဆောင်ချင်တာလဲ ခင်နှင်းနေရာက သရုပ်ဆောင်ချင်တာ၊ ငွေနှင်းမှုန်နေရာကို အစားထိုးဖို့ မဟုတ်ဘူး"

ကန်တော့ပွဲအပြီး အိမ်ပြန်ကြတော့ ချယ်က အပိုင်းအခြားတိုတိုကလေးအတွင်းမှာ သူမ ခံစားခဲ့ရသမျှကို နာကျင်စွာ ပြန်ပြောပြသည်။ သူ ချယ့်ကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိပါ။

"ချယ်ဟာ ငွေနှင်းမှုန်မဟုတ်ပါဘူးကွယ်"

ဟုသာ ပြောနိုင်ခဲ့ပါသည်။ သည်နှစ်သိမ့်စကားက ချယ့်အတွက် ထိရောက်မည်မဟုတ်ပါ။ ဘယ်လိုပဲဖြစ်စေ ချယ်ဟာ ငွေနှင်းမှုန်၏ သမီးဖြစ်နေခဲ့တာကို လွန်ဆန်ရသည်မှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ။ ဘယ်လိုအခြေအနေမျိုးမှာဖြစ်စေ ချယ်ရီဟာ ရုပ်ရှင်မင်းသမီး ငွေနှင်းမှုန်ရဲ့ သမီးပဲ။

အဲဒါကို ချယ့်အတွက် မွန်းကျပ်မှုတစ်ခု မဖြစ်စေလိုပါ။ သည်အဖြစ်ကို ချယ်ဟာ တစ်နေ့နေ့မှာ အသားကျပြီး လိုလိုလားလား လက်ခံလာရမည်။

သို့ပေမဲ့ ခုအခြေအနေမှာတော့ သည်အကြောင်းကို ချယ်နှင့် ဆွေးနွေးနိုင်မည်မဟုတ်ပါ။

ချယ်နှင့် သူမအဒေါ်နီနီ့ကို အောင်ထက် ကိုယ်တိုင် သီဟိုဠ်ခြံကလေးထဲ ပြန်ပို့ပေးရပါသည်။ လူအများ သိကြသည့် အနုပညာသည်တစ်ယောက်ဖြစ်လာပြီဆိုတော့ ချယ့်မှာ လွတ်လပ်မှုတွေ တချို့ဆုံးရှုံးရမှာကတော့ အမှန်ပင်။ ချယ် သွားသွားလာလာလုပ်ဖို့ ကားတစ်စီးအဆောတလျင် လိုအပ်လာပြီ။ ရှူတင်မှာ ဝတ်ဖို့ အဝတ်အစားကအစ ချယ်နှင့်လိုက်ဖက်သည့် ဒီဇိုင်းကို ရွေးချယ်ပေးဖို့ မိတ်ကပ်နှင့် ဒီဇိုင်းဆရာ လိုအပ်လာပြီ။ ခုလောလောဆယ်မှာတော့ အောင်ထက်သည် ချယ့်အတွက် ဒရိုင်ဘာ၊ ဒီဇိုင်းဆရာ၊ ကိုယ်ရေးအတွင်းရေးမှူး လုပ်ငန်းမန်နေဂျာ. . .။

အဲသည်လို ချယ်နှင့်ပတ်သက်သမျှ လက်ခံယူထားရသည်ကို သူ့အတွင်းစိတ်က ကျေနပ်နေခဲ့သည်ဆိုတာ သူ့ဘာသာ မသိခဲ့။

"ချယ့်ကို ခင်ဗျားလက်ထဲ အပ်ပါတယ် ကိုအောင်



ထက်၊ ချယ့်ရဲ့ ကိုယ်ထဲမှာရှိတဲ့ အနုပညာဗီဇကို ခင်ဗျားက အမွန်းတင်နိုင်ခဲ့တာကိုး၊ ဒါပေမဲ့ ချယ်ရီဟာ ရုပ်ရှင်မင်းသမီး ချယ်ရီဖြစ်လဲ ငွေနှင်းမှုန်တော့ မဖြစ်စေရဘူး. . .

ကျွန်တော်ဆိုလိုတာ ခင်ဗျား နားလည်ပါတယ်နော်၊ ချယ်ဟာ ငွေနှင်းမှုန်မဖြစ်စေရဘူး၊ ချယ်ဟာ အနုပညာလောကမှာ နာမည်ပျက်မရှိတဲ့ ဖြူစင်တဲ့ သန့်ရှင်းတဲ့ သရုပ်ဆောင်တစ်ယောက်ပဲ ဖြစ်ရမယ်"

ကိုသန်းထွန်းစကားတွေက သူ့ကိုယ်ကို သေးငယ်ကျုံ့ဝင်ပြီး ဟိုးစကြဝဠာထဲအထိ လွင့်စင်သွားစေပါသည်။ ငွေနှင်းမှုန်နှင့်ပတ်သက်ခဲ့ဖူးသည့် လူတစ်ယောက်အနေဖြစ် သိမ်ငယ်ရသည်မဟုတ်လည်း ငွေနှင်းမှုန်နှင့် ပတ်သက်သမျှ အဆုံးစွန်ထိ ရိုးသားသန့်စင်ခဲ့လည်း ငွေနှင်းမှုန်၏ တစ်ဦးတည်းသောသမီးကို သည်လောကထဲ ဆွဲခေါ်ခဲ့မိသည့် အောင်ထက်သည် ငွေနှင်းမှုန်ကို နာကြည်းနေခဲ့သော ခင်ပွန်းဟောင်းတစ်ယောက်ရှေ့မှာ သိမ်ငယ်ရသည်ပင်။

"ချယ်ဟာ အဖြူထည်သက်သက်ပါ၊ ဒါကို ကျွန်တော် သိပါတယ်၊ ကျွန်တော့်ဘက်က ထိန်းသိမ်းစောင့်ရှောက်နိုင်သမျှ ချယ့်ကို မစွန်းထင်းအောင် စောင့်ရှောက်ပါ့မယ်. . .

ကျွန်တော့်ဘက်က ဖြစ်နိုင်သမျှပေါ့လေ၊ ရှုန်း

www.burmeseclassic.com

www.burmeseclassic.com



ပြည့်လို့တော့ မပြောနိုင်ဘူးနော်၊ ဘာကြောင့်လဲဆို တော့ ကျွန်တော် စောင့်ရှောက်ရမယ်ဆိုတာက သက်ရှိတစ်ယောက်၊ လူတစ်ယောက်ဖြစ်နေလို့လေ"

မတတ်သာသည့်အဆုံးမှာ သူ သည်လိုသာ ကိုသန်းထွန်းရှေ့မှာ ပြောခဲ့ရပါသည်။

"မှန်တယ်...မှန်တယ်၊ ခင်ဗျားပြောတာ မှန်တယ်၊ သူက လူတစ်ယောက်ဆိုတော့ အရာဝတ္ထုတစ်ခုလောက်တော့ ရာနှုန်းပြည့် ဘယ်သေချာနိုင်ပါ့မလဲ၊ ဒီတော့ ကျွန်တော်တို့ဘက်ကလဲ အတတ်နိုင်ဆုံးတော့ စောင့်ရှောက်ကြရမှာပဲ၊ မျက်နှာပူပူနဲ့တော့ ပြောရမှာပဲ၊ ဟုတ်တယ်မဟုတ်လား နီနီ၊ ချယ်ရီဟာ ဒုတိယ ငွေနှင်းမှုန်တော့ မဖြစ်စေရဘူး၊ မဖြစ်စေချင်ဘူး မဟုတ်လား"

နီနီ မျက်နှာ ခပ်မဲ့မဲ့ပေမယ့် ပြုံးတော့ ပြုံးလိုက်ပါသည်။

"ဒါကတော့ ချယ်ရီ့အပေါ်မှာလဲ မူတည်သေးတာပဲလေ၊ နီတို့ကတော့ ဘယ်ဖြစ်စေချင်မှာလဲ"

"အို...ချယ်က ပိုလို့တောင်မဖြစ်ချင်သေးတယ်"

သည်ကိစ္စမှာ နှစ်ဖက်မိသားစု၏ ပဋိပက္ခက နည်းနည်းကြီးကျယ်ပါသည်။ အဘွားက ငြိမ်ပြီး နားထောင်နေ



ကနေ...။

"တော်ကြပါတော့ကွယ်၊ ငါ့သမီးလဲ သေပြီးပါပြီ၊ ဒီလောက်ကြီး အာဃာတကြီးမားနေဖို့ မကောင်းပါဘူး"

ဟု ကိုသန်းထွန်းကို တည့်တည့်ပြောသည်။

"ကျွန်တော် တမင်နစ်နာအောင် ပြောနေတာ မဟုတ်ပါဘူး မေမေ၊ သိသိဟာ မေမေ့သမီးဖြစ်သလို ချယ်လေးရဲ့အမေပါ၊ ကျွန်တော် ဘယ်ပြောချင်ပါ့မလဲ၊ ဒါပေမဲ့ ချယ်သူ့လိုဖြစ်သွားမှာ ကျွန်တော် သိပ်စိုးရိမ်တယ်၊ သူက ရလာတဲ့ အခွင့်အရေးကို သုံးပြီး ထင်ရာတွေ လုပ်ပစ်ခဲ့တာ၊ ရုပ်ရှင်လောကမှာ သူမှသူ ဖြစ်နေအောင် အားလုံးကို အသုံးချခဲ့တာ၊ ကျွန်တော့်သမီးကို အဲဒီလို မဖြစ်အောင် ဝိုင်းပြီး စောင့်ရှောက်ပေးကြပါလို့ ဆိုလိုချင်တာပါ"

အဲသည်နေ့ မိသားစုစကားဝိုင်းမှာ ချယ့်မျက်နှာက သနားစရာအကောင်းဆုံးပေမယ့် ချယ်က တတ်နိုင်သမျှတော့ ထိန်းသိမ်းထားခဲ့ပါသည်။ သီဟိုဠ်ပင်တွေ အုပ်ဆိုင်းလျက် အေးချမ်းသည့် အိမ်ကလေးထဲမှာ ပဋိပက္ခအသွင်ဆောင်သော မိသားစုစကားဝိုင်းကြောင့် သူ တော်တော် စိတ်မကောင်းဖြစ်ခဲ့ရသည်။

တကယ်တော့ သည်မီးကို မွေးခဲ့သူက အောင်ထက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

"ချယ်က လိမ္မာတဲ့ ကလေးပါ၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းပါ့မယ်လို့ ဖေဖေ စိတ်အေးအောင်ပြောလိုက်ပါလား"

ချယ်က ထွက်ပေါက်တစ်ခု ရသွားပြီး. . .။

"သမီးရဲ့ ဂုဏ်သိက္ခာကို စွန်းထင်းစေမယ့် ကိစ္စမျိုး ဘယ်တော့မှ မကြားစေရပါဘူး ဖေဖေ စိတ်ချပါ"

ဟု လူကြီးလေးတစ်ယောက်လို ပြောသည်။ ချယ် နှောက်အသိထဲမှာ ဖခင်၏ နေရာ၊ ဖခင်၏ အနစ်နာခံခဲ့ရသည့် ကာလတွေကိုတော့ တစ်စက္ကန့်မှပင် မမေ့ခဲ့ဘူးထင်သည်။ ဘယ်သူတွေရှေ့မှာပဲဖြစ်ဖြစ် သူမသည် ဖခင်ကို ကာကွယ် အမြဲ အဆင်သင့်ရှိတတ်၏။ သူတို့သားအဖနှစ်ဦးသည် အ ကျောချင်းအပ်ထားသည့် အနေအထားမှာ ရှိခဲ့သည်ဟု သူထ သည်။

ချယ်ကတိပေးခဲ့သလိုပင်။ ချယ် အမြဲ ထိန်းသိမ်းနိုင် လိမ့်မည်ဆိုတာကို သူက ယုံကြည်ပါသည်။ ထိန်းသိမ်းနိုင် အောင်လည်း သူတို့အားလုံး ဘေးက ဝိုင်းဝန်းဖေးမကြရလိ မ့်မည်။

အဲသည်နေ့ သီဟိုဠ်ခြံကလေးက ပြန်လာတော ကိုသန်းထွန်းပြောခဲ့သမျှ စကားတွေကို သူ အစီအရီ သတိ နေခဲ့သည်။ သူ့မျက်လုံးတွေထဲ တည့်တည့်ကြည့်ပြီး. . .။



"ချယ်ရီဟာ ငွေနှင်းမှုန်မဖြစ်စေရဘူး"


ဟု ဆိုခဲ့သည့်စကားအတွက် သူ့မှာ လုံးဝ တာဝန်ရှိသည်ဟု ခံစားရသည်။ အဲသည်တာဝန်သည် ချယ် ရုပ်ရှင်လောကမှာ အောင်မြင်ကျော်ကြားလာဖို့ဆိုတာထက် ပိုပြီး သူ့ကို ဝန်ပိစေသည်။ ပိုပြီး ကြီးလေးစေသည်။

သို့ပေမဲ့ အဲသည်တာဝန်က သူ့ကို ကျေနပ်ပျော်ရွှင်စေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com








## အပိုင်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com







ပြန်လည်သတိရတော့ သူ ရုပ်မြင်သံကြားရှေ့ ပြန်ရောက်နေပြီ။ သူ့ဆံပင်တွေ အင်္ကျီတွေ၊ ခြေထောက်တွေ စိုစွတ်အေးစက်နေခဲ့သည်။ သူ့နှုတ်ခမ်းတွေက အအေးဒဏ်ကြောင့် ထုံကျဉ်ပြီး အနည်းငယ်တုန်ခိုက်နေသည်။ ဆံပင်တွေကို မျက်နှာသုတ်ပဝါဖြင့် သုတ်ပစ်ဖို့ သတိမရ။ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည့် အောင်ထက်သည် အကယ်ဒမီဆုပေးပွဲ လူအုပ်ကြားထဲ ရောနှောရောက်ရှိသွားပြန်၏။ လည်ချောင်းတွေ အက်ကွဲမတတ် သွေ့ခြောက်ပြီး ခေါင်းခွံကို ကြိုးတွေ အထပ်ထပ်ချည်ထားသလို တင်းကျပ်ပြီး နာကျင်ကိုက်ခဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံတွေ လေးလံသည့်ကြားက အကယ်ဒမီဆုပေးပွဲ၏ ရောင်စုံမျက်နှာတွေကြားက မျက်နှာတစ်ခုကို မျက်လွှာတွေအတင်းပင့်ပြီး ရှာဖွေနေမိပြန်သည်။

"အမျိုးသမီး ဇာတ်ဆောင်ဆု. . ."

ဆိုလားပဲ။

ရုပ်မြင်သံကြားထဲမှာ ငုဝါရောင် အရိပ်ကို ခပ်ရေးရေးမြင်သည်။

ဘယ်သူပါလိမ့်။

သည်အသံကို ရင်းနှီးပြီးသားပဲ။

အကယ်ဒမီ ဆွေဇင်ထိုက်။

အန်တီဂရေ့စ်. . .။

လာဝစဉ် ပြုံးချိုနေသည့် မျက်နှာပိုင်ရှင်. . .။

"အကယ်ဒမီဆုပေးပွဲဆိုတာကို တွေးတိုင်း အမြဲရင်ခုန်ခဲ့ရတာ၊ အကယ်ဒမီဆုရှင်ကို ကြေညာရမယ်ဆိုတော့ ပိုပြီးတော့ ရင်တွေခုန်ရတာပေါ့. . .

ဒီနှစ်အတွက်က ဘယ်သူဖြစ်မလဲ. . .

ဘယ်သူဖြစ်မလဲမသိဘူး နော်၊ နေဦး. . . နေဦး. . ."

ဘယ်သူဖြစ်ရမလဲ။

ကျွန်တော့်ရဲ့ ချယ်လေးပဲပေါ့။

'ပန်းကြွေညို'ရဲ့ ခင့်နှင်းပဲဖြစ်ရမှာပေါ့။



အဝါဖျော့ရောင် နှင်းဆီတွေနှင့် မျက်နှာကို နီးနီးကပ်ကပ် မြင်ရသည်။ သူတို့တွေ ကိုးတန်း၊ ဆယ်တန်းနှစ်တွေမှာ နှုတ်ခမ်းဆဲ မျက်နှာနှင့် ရယ်ပြုံးနေသည့်သူမကို ပိတ်ကားထက်မှာ အမြဲလို မြင်ခဲ့ရတာပေါ့။ ချိုမြပြီး ခပ်ရှရှရယ်မောသံက ပွင့်လင်းသည့် စိတ်ဓာတ်ကို လှစ်ပြနိုင်ခဲ့သည်။ ခုတော့ သူမက အကယ်ဒမီဆုပေးပွဲ စင်မြင့်ပေါ် ကျက်သရေရှိစွာ ရင့်ကျက်လှပနေသည့် မျက်နှာနှင့်။

အပြုံးအရယ်ကတော့ ဟိုစဉ်တုန်းကလို လန်းဆန်းတက်ကြွဆဲပင်။

သူမက အမျိုးသမီးဇာတ်ဆောင်ဆုရှင်ကို ကြေညာမယ်တဲ့။

တကယ်တမ်းကျတော့ မကြားရဲသလိုရှိသည်။ ရင်တွေတဒိတ်ဒိတ် ခုန်လာသည်မှာ အပူရှိန်မြင့်လာသည့် ခန္ဓာကိုယ်ကြောင့်လား။

မဟုတ်နိုင်ဘူးထင်သည်။

ခေါင်းထဲမှာ အုံခဲပြီး သွေးတွေက ဦးနှောက်ကိုဆောင့်တိုးနေသလို ခံစားရသည်။ သို့ပေမဲ့ အကယ်ဒမီဆုပေးပွဲဆီက မျက်လုံးကို ခွာမရချေ။ သည်ညဟာ ချယ်ရီရဲ့ ညဖြစ်ရမယ်နော်။

မီးရောင်စုံတွေ ပြာလက်ပြီး ကျယ်ဝန်းလှတဲ့ ခြံကြီးထဲမှာ အကယ်ဒမီဆုရှင်ရဲ့ ညည့်ခံပွဲ။ ပြီးတော့ ဂုဏ်ပြုပွဲတွေ

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ရဦးမယ် နော်။

အဲဒီအခါမှာ မင်းရဲ့ဦးနှောက်ထဲ ဒါမှမဟုတ် မင်းရဲ့နှလုံးသားထဲ တစ်စုံတစ်ယောက်ကို မတမ်းတမိလိုက်ပါနဲ့ ကလေးရယ်။ ပျော်ရွှင်စွာနဲ့ ခပ်နွေးနွေး ခုန်လှုပ်နေမယ့် နှလုံးသားတစ်စုံ အေးခဲသွားခဲ့ရင် ကိုယ် ဝမ်းနည်းရလိမ့်မယ်။



"ကတ်"

သစ်သားပြားနှစ်ခု ထိခတ်သည့် ချပ်ခနဲ ထွက်လာသည်။ ရိုက်ကွင်းသည် ငြိမ်သက်နေရာကနေ အချိုက်အတန့် လှုပ်ရှားသွားပြီး စောစောက ရှိခဲ့သည့် နူးညံ့သည့် မိန်းမောစေသည့် ဆွဲဆောင်နိုင်မှုကလေး ဖျတ်ခနဲ ပျောက်သွားသည်။ ရိုက်ကွင်းမှတ်တမ်းသမား၊ ရိုက်ကွင်းစီစဉ်သူတွေ သူ့ရှေ့ရောက်လာသည်။ ကင်မရာထမ်းထားသည့် ကင်မရာမင်း(န်)က ပခုံးပေါ်က ကင်မရာကို ချပြီး မီးရောင်တွေ ဖြုတ်ခနဲ မှိန်သွားတော့ ခန်းဆီးစရှည်တွေ အပြည့်ချထားသည့်အိမ်ထဲမှာ သဘာဝအတိုင်း အလင်းရောင်သာ ကျန်ရစ်ပြီး အနည်းငယ် မှောင်ရိပ်သမ်းသွား၏။

"ထမင်းစားကြရအောင် ဟေ့"

မီးသမားတွေ၊ မှန်သမားတွေက သိမ်းဆည်းရမည့် ပစ္စည်းပစ္စယတွေ အခန်းထောင့်တစ်နေရာမှာ စုပုံနေသည်။ လျှပ်စစ်ပိုင်ယ...ကြိုးခွေတွေ၊ ဆလိုက်မီးလုံးတွေ အလင်းပက်

www.burmeseclassic.com

www.burmeseclassic.com



သည့် ငွေမင်ချပ်တွေကို သိမ်းဆည်းဖို့ သူတို့ အသားကျနေပြီး အားလုံး စနစ်တကျ သပ်သပ်ရပ်ရပ် သိမ်းဆည်းသွားနိုင်သည်။ ထမင်းစားခန်းထဲမှာ၊ အောင်ထက်နှင့် မင်းသမီး၊ မင်းသား အတွက် ထမင်းပွဲအရန်သင့်ပြင်ထားပြီး ထမင်းစားခန်း၏ အတွင်းဘက် မီးဖိုထဲမှာတော့ ပန်းကန်ခွက်ယောက်တွေ ကိုယ်စီနှင့် ထမင်းယူဖို့ အလှည့်ကျစောင့်နေသည့် သူတို့အဖွဲ့သား တွေကို တွေ့နိုင်သည်။ နေ့စဉ် မြင်နေကျ မြင်ကွင်းပေမယ့် ချယ်သည် အဲသည်မြင်ကွင်းတွေကို မရိုးနိုင်သလို တစ်ခုချင်း လိုက်ငေးနေတတ်၏။ ရုပ်ရှင်လောကနှင့် မရင်းနှီးသူတွေအဖို့တော့ ရုပ်ရှင်ဟူသည် ပိတ်ကားထက်က အရိပ်တွေ လှုပ်ရှားနေခြင်းဆိုတာထက် ပိုပြီး နားလည်နိုင်မည်မဟုတ်ချေ။ ပိတ်ကားထက်မှာ အရုပ်တစ်ခု ရုပ်လုံးကြွပြီး ပီပြင်လာဖို့ အတွက် ရုပ်ရှင်သမားများအဖို့ကတော့ တစ်ဦးတစ်ယောက်နှင့် ပြီးသည်မဟုတ်။ တစ်ရက်တစ်လနှင့်ပြီးသည်မဟုတ်။ အနုပညာအတွက်ဟု ရည်ရွယ်ချက် ကြီးကြီးထားမိလျှင်တော့ ဘယ်တော့မှ ပြီးပြည့်စုံသည်မရှိ။

လူအတော်များများ မမြင်နိုင်သည့်အရာကို ချယ် မြင်လာနိုင်ပါစေဟု သူ ဆုတောင်းမိသည်။

ချယ်သည် မင်းသမီးတစ်ယောက်ဘဝထက် ရုပ်ရှင်သရုပ်ဆောင်ဘဝကို ပိုပြီး မြတ်နိုးတတ်ရမည်။

ရုပ်ရှင်သရုပ်ဆောင်ဘဝထက် အနုပညာသမားစစ်



စစ်ဘဝကို ပိုပြီး မက်မောတတ်ရမည်။ သည်လိုဆိုလျှင် သူ ချယ့်ကို ပျိုးထောင်မြှင့်တင်ရသည့် ရယ်ရွယ်ချက်ပြီးပြည့်စုံပြီ။

"လေးအောင် ထမင်းစားကြစို့လေ"

ဇာတ်ညွှန်းစာရွက်တွေကိုင်ပြီး နှစ်ယောက်ထိုင်ဆိုဖာ ဆက်တီပေါ် ခဏလှဲနေမိသည့် အောင်ထက်ရှေ့ ချယ် ရောက်လာသည်။

"ချယ် စားနှင့်ပါ၊ ကိုယ် နောက်တစ်ဆင်း(န်) အတွက် ဇာတ်ညွှန်းဖတ်နေတာ ဒီနေ့ ရာသီပူလို့ ခေါင်းနည်းနည်းကိုက်နေတယ်၊ ထမင်းတောင် သိပ် စားချင်စိတ် မရှိဘူး"

"ဟုတ်လား၊ နီနီ့မှာ ပါရာစီတမောပါတယ်၊ ချယ် သွားတောင်းပေးမယ်နော်"

သူ ဘာမှ မတုံ့ပြန်ရသေးခင်မှာပင် ချယ် သူ့ရှေ့က ပျောက်သွားသည်။ ဆံပင်ကုပ်ဝဲနှင့် ဂါဝန်ဖားဖားဝတ်တတ် သေးသော ကောင်မလေးသည် မျက်စိရှေ့မှာပင် ရင့်ကျက်လာခဲ့ပြီး တကယ့် နားလည်မှုအပြည့်နှင့် အမျိုးသမီးတစ်ယောက် ဖြစ်လာခဲ့၏။ ဖြောင့်စင်းနူးညံ့သော ဆံပင်များပင် ပခုံးကို ကျော်ပြီး ကျောပေါ် ဝဲဖြာကျနေခဲ့ပြီ။ မိတ်ကပ်ခြယ်သထားပြီး လှပသော မျက်နှာပေါ်က ဖြူစင်ရိုးသားမှုတွေ မပျောက်ကွယ် နိုင်သေးတာကို ချီးမွမ်းရသည်။

"ရော့... လေးလေးအောင် ဆေးသောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်"

ဆိုပြီး ရေဖန်ခွက်နှင့် ဆေးဖြူဖြူတစ်ပြား လှမ်းပေးလာသည့်အခါ သူမမျက်နှာပေါ်မှာ စောစောက သရုပ်ဆောင်ခဲ့သည့် သရဖီဆိုသည့် ဇာတ်ကောင်၏ ခါးသက်သည့် မာနတရားတွေ ရှိမနေတော့ပြန်။ သူက ဆေးနှင့်ရေဖန်ခွက်ကို လှမ်းယူလိုက်သည်။

"ခေါင်းကိုက်တယ်ဆို ချယ် နှိပ်ပေးမယ်လေ"

"ဟာ မဟုတ်တာ"

"အိမ်မှာလဲ ဖေဖေ့ကို ချယ် နှိပ်ပေးနေကျပဲ ဟာ"

"မင်းသမီးက နှိပ်ပေးရမယ်လို့ သွားစမ်း၊ သွားစမ်း၊ မင်းသမီးက မင်းသမီးလိုနေ၊ မဆိုင်တဲ့ကိစ္စတွေ ဝင်မလုပ်နဲ့"

"လေးလေးအောင်က သိပ်သူစိမ်းဆန်တာပဲ"

မျက်ဝန်းတွေ ချက်ချင်းဝမ်းနည်းရိပ် လွှမ်းသွားတာကိုမြင်တော့ စိတ်ထိခိုက်ရသည်။ သူမထံက ရိုးသားသန့်စင်မှုတွေကို တမင်ပြောင်းလဲပစ်သလိုများ ဖြစ်နေမလား။ ဖြူစင်သည့် စိတ်အတွေးတွေကို အရောင်စွန်းထင်းစေသလိုများ ဖြစ်မလား။

"မဟုတ်ပါဘူးချယ်ရာ၊ နင့်လက်တွေက လက်သည်းရှည်တွေနဲ့၊ ပြီးတော့ လက်ချောင်းလေး တွေကလဲ သွယ်သွယ်လေးတွေ အားမရှိသလိုပဲ၊ ပျော့



ဖတ်ဖတ်နဲ့"

"တော်ပါ. . . တော်ပါ. . . အဲလောက်ပြင်းနေစရာ မလိုပါဘူးနော်"

"ကဲ. . . ကဲ. . . ထမင်းသွားစားတော့"

"လေးအောင်ကို စောင့်နေတာလေ၊ ဟိုမှာ နီနီလဲ စောင့်နေတယ်၊ လေးလေးအောင်ကြိုက်တဲ့ ငါးရန့်အူ ဟင်း၊ ချယ်ကိုယ်တိုင် ချက်လာတာ လာအားပေးပါဦး"

သူ့ရှေ့မှာ ရပ်နေသည့် ချယ်သည် မိတ်ကပ်မပြယ်သေးသည့် မျက်နှာနှင့်ပင် လွန်ခဲ့သည့် ရှစ်နှစ်ကျော်က ငွေနှင်းမှုန်ဖြစ်နေခဲ့၏။

"အောင်စားချင်တယ်ဆိုလို့လေ၊ မမကိုယ်တိုင် ချက်ပြီး ထည့်လာတယ် အောင်ရဲ့၊ မြည်းကြည့်စမ်းပါဦး၊ မီးဖိုချောင်မဝင်တာကြာလို့ လက်ရာကတော့ သိပ်မစွံတော့ဘူးထင်တယ်"

သည်တုန်းကတော့ ကြင်နာရိပ်ကိုမြင်ရသည်ထင်ခဲ့၏။ တကယ်တော့ သရုပ်ဆောင်ပြနေတာပဲ။ ရုပ်ရှင်ရိုက်ကွင်းပေါ်မှာလိုပေါ့။

ဟင်အင်း။

မဟုတ်ဘူး ချယ်ဟာ ရိုးသားလွန်းတဲ့ ကလေးတစ်ယောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးအောင်"

"လာပါပြီကွာ"

"နောက်တစ်ဆင်း(န်)အတွက် ချယ့်ကို ဇာတ်ညွှန်းပေးထားဦး"

"ထမင်းဖြောင့်ဖြောင့်စားစမ်းပါ"

"မျက်ရည်ကျပြီး ဒေါသထွက်ရမယ့် အခန်းနော်"

"ထမင်းစားချိန်မှာ အလုပ်ကို ခဏမေ့ထား"

"မျက်ရည်ကျဖို့ ချယ် ဘယ်လိုလုပ်ရမှာလဲ"

သူ ချယ့်ကို ကြည့်ပြီး ရယ်မိသည်။ မမနှင်းသာဆိုလျှင်တော့ ဘယ်အရာကိုမှ သည်လိုကြိုတင်စိုးရိမ်နေသည်မဟုတ်ချေ။

မဟုတ်သေးပါဘူးလေ။ ချယ်ရို့နောက်ကျောမှာ ကပ်နေသည့် ငွေနှင်းမှုန်၏အရိပ်ကို ဖျောက်ပစ်မှ...။

ထို့နောက်တော့ ချယ်ဦးဆောင်သည့် ထမင်းစားပွဲဆီသူ ထလိုက်ခဲ့ရတော့သည်။

"မင်းသမီးက ဆရာမလာမချင်း ထမင်းမစားဘူးလုပ်နေတယ်"

"ချယ် ဆရာအောင့်ကို ဖားနေပြီနော်၊ သတိထား၊ ရှူတင်ပေါ်ရောက်ရင် ဈေးဆစ်တော့မယ်"

ဆိုသည့် ကျီစယ်စကားတွေအောက်မှာ မျက်နှာမပျက်အောင်၊ အရယ်မပျက်အောင်၊ နေရတာ အတော်ခက်ပါသည်။



သူက ရုပ်ရှင်မင်းသားမှ မဟုတ်ဘဲ သူတစ်ပါးသရုပ်ဆောင်တတ်ဖို့ သင်ပြလမ်းညွှန်တတ်ပေမဲ့ ကိုယ်ကိုယ်တိုင် သရုပ်ဆောင်ဖို့ကျတော့ နည်းနည်းခက်သည်။ ချယ်ကတော့...။

"ကိုယ့်ဆရာသမားကို ဂါရဝ်ထားတာပါနော်၊ ဖားတာမဟုတ်ပါဘူး"

ဟုမင်းသားကို ရန်တွေ့ပြီး နှုတ်ခမ်းစူနေတော့သည်။

ထမင်းစားပြီး နောက်ရိုက်မည့် အခန်းအတွက် ဒိုင်ယာလော့တွေ ကျက်စေပြီး မျက်နှာအမူအရာကို သင်ရသည်။

"ဒိုင်ယာလော့က ရှည်တာတော့မှန်တယ်၊ ဒါပေမဲ့ ဒါက လူတွေ့နှုတ်ဖြေစာမေးပွဲမဟုတ်ဘူးနော် ချယ်၊ ဒိုင်ယာလော့ကိုသိပ်အာရုံမစိုက်နဲ့၊ ဒိုင်ယာလော့ရွတ်ဖို့ အာရုံစိုက်နေရင် မျက်နှာအမူအရာအားလျော့သွားလိမ့်မယ်၊ ချယ် သတိထားရမှာက ခံစားချက်၊ မျက်နှာပေါ်က ခံစားချက်...

လုံ့ဝလျှော့လို့မရဘူးနော်၊ မျက်လုံးတွေ နီရဲလာတဲ့အထိ ကြေကွဲရမယ်၊ ပြီးတော့ ခံပြင်းတဲ့ မျက်နှာအနေအထားမျိုး နှစ်ခုလုံး ရောနေတယ်...

ဒိုင်ယာလော့က ပြောချင်တဲ့အဓိပ္ပာယ်ကို ချယ်သဘောပေါက်တယ် မဟုတ်လား၊ အဲဒီအဓိပ္ပာယ်ပေါ်လွင်ရင် ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com



ချယ်က ခေါင်းကိုသာ ညိတ်သည်။ တစ်ခွန်းမှ တုံ့ပြန်မမေး။ ပြီးတော့ မျက်လွှာပင့်လျက် သူ့ကို ခပ်စိမ်းစိမ်းမော့ကြည့်သည်။ ချယ့်အကြည့်တွေကို သူ ရုတ်ခြည်း မျက်လုံးလွှဲပစ်လိုက်၏။

"ကဲ. . . နောက်တစ်ဆင်း(န်)ဟော့၊ စက်သမားတွေ အသင့်ပြင်မယ်၊ မောင်မျိုးရေ ဒီတစ်ခါ Close up များများယူမယ်၊ အဲဒါ ကတ် ဝမ်းနော်. . .

အသံမပါသေးဘူး၊ ကတ် တူးမှာ အသံပါမယ်၊ ဝမ်းပြီးတာနဲ့ တူးကို ဆက်ရိုက်မယ်၊ မင်းသားနဲ့မင်းသမီး မျက်နှာပေါ်က အက်ရှင်အကုန်ပါရမယ်နော်"

"စိတ်ချပါ ဆရာအောင်ရာ"

"ကဲ. . . ရိုက်ဟာဖယ်"

မော်နီတာရှေ့မှာထိုင်လိုက်သည်။ ကလက်ရိုက်သံကြားလိုက်ရပြီး အိမ်ရှေ့တံခါးမှာ မင်းသားရုပ်ပေါ်လာသည်။

"ဆရာသမားကို ဂါဝရထားတာပါနော်"

ဟူသောစကားသည် အနှောင့်အယှက်တစ်ခုလို အတွေးတွေထဲ ဝင်လာ၏။



ရုပ်ရှင်သတင်းစာစောင်တွေမှာ သရုပ်ဆောင်မျက်နှာသစ်ကလေးချယ်သည် မျက်နှာဖုံးသတင်းဖြစ်လာခဲ့၏။ ပြက္ခဒိန်စာမျက်နှာတွေ တဖြုတ်ဖြုတ် ကုန်သွားသည်ကို အမှတ်မထားမိလိုက်ဘဲ အချိန်နာရီတွေ မြန်ဆန်လှသည်ထင်မိပေမယ့် အဲသည်လို မြန်ဆန်လှသည့် အချိန်ကာလတစ်ခုအတွင်းမှာ ချယ်သည် မျက်နှာဖုံးသရုပ်ဆောင်၊ ပြက္ခဒိန်သရုပ်ဆောင်၊ ကြော်ငြာမော်ဒယ်လ်အဖြစ် နေရာတစ်ခုရခဲ့ပြီ။ ပထမဆုံး ချယ် ဗီဒီယိုဇာတ်ကားကိုတော့ မြန်မြန်စီစဉ်ဆဲပင်။

'သရုပ်ဆောင်'ဆိုသည့် လောကငယ်လေးတစ်ခုထဲ ချယ်သည် စိတ်နှစ်မြှုပ်ပျော်ဝင်ခဲ့ပြီး သည်လောကထဲမှာ အသားကျဖို့ သိပ်မဝေးတော့ပေမယ့် ချယ့်နဂိုဆန္ဒကတော့ လွတ်လပ်မှုကို နှံမင်ဆဲပင်။

"ချယ့်ဘက်က ပေးလိုက်ရတာ သိပ်မများဘူးဆိုပေမယ့် အဲဒါတွေက သိပ်တန်ဖိုးကြီးတယ် လေးလေး

www.burmeseclassic.com

www.burmeseclassic.com



အောင်ရဲ့၊ အရင်ကဆို ချယ် သူငယ်ချင်းတွေနဲ့ စိုက်ပျိုးရေးဘက်အထိ လမ်းလျှောက်ပြီး အကြော်သွားစားကြတာမျိုး၊ အဘွားအိမ်ကို လိုင်းကားတိုးစီးပြီး သွားရတာမျိုး၊ ·အခုသွားလို့ မရတော့ဘူး. . .

ပြီးတော့ ချယ်က နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဈေးဝယ်ရတာလေ၊ အလေးခိုးတဲ့ဈေးသည်တွေနဲ့လဲ မကြာခဏ ရန်ဖြစ်နေကျ၊ ခုတော့ အိမ်ထဲမှာပဲ ကုပ်နေရတယ်၊ ဈေးသွားပြန်တော့ ဟိုလူကြည့် ဒီလူကစနဲ့မို့ ဖေဖေက မသွားခိုင်းတော့ဘူး၊ အရင်ကတော့ ဘယ်သူကမှ သိပ်သိတာမဟုတ်ဘူး၊ သူလိုကိုယ်လိုပဲလေ. . .

ခုတော့ ငွေနှင်းမှုန်ရဲ့သမီးဆိုတာလဲ လူတိုင်း သိကုန်ကြတော့ မကြားချင်တဲ့စကားတွေလဲ ကြားရ၊ အို စိတ်ရှုပ်စရာကြီးပါ လေးလေးအောင်ရာ၊ ဒါတောင် နာမည်ကြီးသေးတာ မဟုတ်ဘူး၊ ဟိုမရောက်ဒီမရောက်နဲ့ပေါ့"

"နောက်တော့ သီးသန့်ကမ္ဘာလေးထဲ ချယ်နေတတ်သွားမှာပါ၊ အနုပညာသမားဆိုတာ ဒီလိုပဲ ချယ်ရဲ့. . .

သစ်ပင်တွေကိုကြည့်၊ မိုးကောင်းကင်ပေါ် ထိုးတက်သွားမလောက် မြင့်သွားပြီဆိုရင် ကမ္ဘာမြေကြီးနဲ့



ရော ကိုယ့်ပတ်ဝန်းကျင်က အပင်တွေနဲ့ရော ကင်းကွာသွားသလိုပဲ မဟုတ်လား"

သူက သည်လိုနှစ်သိမ့်တော့လည်း ချယ်သည် မျက်ဝန်းညို့ညို့များနှင့် သူ့ကို မော်ကြည့်ရင်းပင် ခပ်မှိန်းမှိန်း ပြုံးရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ့်ကို ဗီဒီယိုသရုပ်ဆောင်အဖြစ် ကမ်းလှမ်းလာသည့် ကမ်းလှမ်းချက်တွေကို သူ လက်ခံရရှိသည့်အခါတွေမှာ အံ့သြစရာဟု မယူဆပါ။ သူတို့တစ်တွေကို ရယ်ရယ်မောမော ငြင်းပယ်ခဲ့ရတာကိုလည်း အပြစ်ရှိသည်ဟု မထင်ပါ။ သို့ပေမဲ့ တစ်ခါတစ်ရံမှာ သူ့အတွေးတွေ ယူဆချက်တွေ ချွတ်ချော် တိမ်းပါးနေသလားဟု ထင်ရလောက်အောင် တွေဝေစရာ ဝမ်းနည်းစိတ်ထိခိုက်စရာ အဖြစ်အပျက်တွေကို ချယ်နှင့် ပတ်သက်ပြီး ကြုံခဲ့ရပါသည်။ ရုပ်ရှင်စီစစ်ရေးလို မြှင့်တင်ရေးလို နေရာမျိုးမှာ ရုပ်ရှင်လောကသားတွေ မကြာခဏ ဆုံတတ်ပါသည်။

နေရီရီ ရုပ်ရှင်ထုတ်လုပ်ရေးက ကိုမြင့်လွင်နှင့်သူ ဆုံရသည်ကလည်း ရွှေတောင်ကြားရှိ ရုပ်ရှင်မြှင့်တင်ရေး ကင်(န်)တင်းမှာ ဖြစ်ပါသည်။

"ခင်ဗျား မင်းသမီးကို ကျွန်တော် ကားတစ်ကား သုံးချင်တယ်ဗျာ၊ ကိုဇင်ပိုင်းရဲ့ သားကလေးနဲ့၊ ဝတ္ထုကလဲ နာမည်ကြီးစာရေးဆရာမရဲ့ဝတ္ထုပဲ"



"ဟုတ်လား"

"မင်းသားကတော့ လောလောဆယ် သွက်နေတဲ့ မင်းသားပဲဗျာ"

"အဲဒါ ခင်ဗျား ရက်ချိတ်ပေးပါဗျာ"

"မဖြစ်သေးဘူးဗျ၊ ကျွန်တော် စိတ်တိုင်းမကျသေးဘူး"

ဒါ သူ့အတွက်ပြောရိုးပြောစဉ်စကားဖြစ်ပါသည်။ လောလောဆယ်မှာ ချယ့်ကို သူ ပိုင်ဆိုင်နေသေးသည်ဟု သူ့စိတ်ထဲက ယုံကြည်ထားနေသည့်အတွက်ရော၊ ချယ့်သရုပ်ဆောင်ချက်တွေ ပြည့်ပြည့်ဝဝ ပီပီပြင်ပြင် ဖြစ်စေချင်သည့် စေတနာပါ သူ့ရင်ထဲမှာ အပြည့်ရှိနေသည့်အတွက်ရော သူသည်လိုပြောဖြစ်ခဲ့သည်။

"ခင်ဗျားကလဲဗျာ အချင်းချင်းတွေကို"

"ဗျာ"

ကိုမြင့်လွင်ပြောသည့် 'အချင်းချင်းတွေကို'ဆိုသည့် စကားကို သူ နားမလည်လိုက်ပါ။ သည်လောကထဲမှာ မကြာခဏ ဖြတ်သွားဖြတ်လာ ကြုံကြိုက်ခင်မင်ပြီး ရင်းနှီးနေကျသူတွေမို့ ကိုမြင့်လွင်ကို အားနာစရာ၊ ငဲ့ညှာစရာ၊ ထောက်ထားစရာ အကြောင်းတွေ ရှိနေသည်ဆိုလျှင်တောင်မှ မျက်နှာသစ် မင်းသမီးလေးတွေအများကြီးထဲမှာ လောလောဆယ် နာမည်တက်နေသည့် မင်းသမီးတွေ ရှိနေသည်ပဲဟု သူက ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူ အားမနာတမ်း ငြင်းဖြစ်သည်။

တကယ်တော့ ကိုမြင့်လွင်သည် သူ့ထက် လေးငါးနှစ်ခန့် အသက်ကြီးနိုင်ပြီး ရုပ်ရှင်သမ္ဘာအားဖြင့်လည်း သူ့ထက်ပိုရင့်ပါသည်။

"ချယ်က လွမ်းခန်းတွေ သိပ်မပိုင်သေးဘူး ကိုမြင့်လွင်၊ Mood အပြည့်မရနိုင်သေးဘူး. . .

"ကျွန်တော်လိုချင်တဲ့ Mood မရမချင်း သူ့ကို တခြားသူနဲ့ရိုက်ဖို့ ကျွန်တော် ခွင့်မပြုနိုင်သေးဘူး ကိုမြင့်လွင်၊ ပြီးတော့ သူ့အတွက် ဇာတ်ညွှန်းတွေကို ကျွန်တော် ရွေးပေးရဦးမှာ၊ အဆင့်အတန်းမြင့်မြင့် မြန်မာကားတွေရိုက်ဖို့အတွက်ပဲ သူ့ကို ကျွန်တော် ခွင့်ပြုနိုင်မယ်၊ အရေအတွက်ထက် အရည်အချင်းက အရေးကြီးပါတယ်. . .

ကားအများကြီးထွက်ဖို့မလိုဘူး၊ တစ်နှစ်မှာ တစ်ကားပဲရိုက်ရိုက်၊ အဲဒီရုပ်ရှင်ဟာ အဆင့်အတန်းမြင့်ရမယ်၊ ရည်ရွယ်ချက်ကောင်းရမယ်၊ ပရိသတ်ကို ဖျော်ဖြေမှုအပြည့်ပေးနိုင်ရမယ်၊ သရုပ်ဆောင်ချက် ထိမိပီပြင်ရမယ်"

"ဒါ အောင်ကြီးရဲ့ ခံယူချက်လား"

ကိုမြင့်လွင်က စီးကရက်မီးခိုးငွေ့တွေကြား မျက်တောင်တွေ ခပ်စင်းစင်းဖြင့် သူ့ကိုကြည့်ရင်း မေးသည်။ သူ မတွန့်ဆုတ်ဘဲ ဆတ်ခနဲ ခေါင်းညိတ်လိုက်ပါသည်။



"မှန်တယ် ကျွန်တော် မင်းသမီးအတွက်လဲ ဒီအတိုင်းပဲ"

အသားမည်းမည်းနှင့် ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင်ပင် ကိုမြင့်လွင် ပြုံးလိုက်သည့် အပြုံးက တော်တော်ညစ်ကျယ်ကျယ်နိုင်ပြီး သေးသိမ်လှသည်။ တစ်ခုခုဖြစ်တော့မည်ဟု အတွင်းစိတ်က သိမြီး လက်ထဲက ရေနွေးခွက်ကို တင်းတင်းဆုပ်ထားလိုက်မိသည်။

"ခြင်းထဲက ကြက်ကို အစာကျွေးထားသလိုပါလား၊ ညီလေးရာ မင်း စေတနာငါသိပါတယ်၊ အေးလေ ငွေနှင်းမှုန်ရဲ့သမီးကိုး"

တဟက်ဟက်ရယ်နေပုံက တော်တော့်ကို အောက်တန်းစားဆန်လှပြီး မခံချိမခံသာ ဖြစ်စရာကောင်းသည်ဟု ထင်သည်။ သည်လောကက တချို့သူများသည် အဲသည်လို သိမ်ဖျင်းအောက်တန်းကျသည့် အတွေးအခေါ် အယူအဆမျိုးတွေ ရှိတတ်သည်ဟု ကြားဖူးပေမယ့် မကြုံခဲ့ရသည့်အတွက် မသိဟန်ဆောင်နေခဲ့သည်။ ခုတော့ မသိဟန်ဆောင်နေ၍ မရတော့ပါ။

"အောင်ကြီးက မင်းသမီးကို လှောင်ချိုင့်ထဲထည့်ပြီး သော့ခတ်ထားချင်တယ် ထင်ပါရဲ့"

မျက်နှာ တစ်ခြမ်းကို ဖြတ်အရိုက်ခံရသူလို ဖျဉ်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ပူရှ သွားခဲ့ပြီး လက်ထဲကရေနွေးခွက်ဖြင့် ရှေ့မှာမြင်နေရသည့် ဝက်တစ်ကောင်လို အကျည်းတန်လှသည့် ပါးစပ်စည်းမစောင့်သူကို ဖြန်းခနဲ ပက်ပစ်လိုက်မိတော့သည်။

"ခင်ဗျားလဲ ရုပ်ရှင်လောကသားပဲ၊ ကိုယ် ရပ်နေတဲ့ မြေကြီးကို စော်ကားတာမျိုး မလုပ်ပါနဲ့၊ ခင်ဗျားပြောသလိုလူမျိုးတွေ ရှိချင်လဲရှိမယ်၊ ဒါပေမဲ့ ကျုပ်ရည်ရွယ်ချက်က သန့်ရှင်းတယ်"

"အောင်ကြီး မင်းမရိုင်းနဲ့ကွ၊ ငါ ဒီလိုပဲ နောက်နေကျဥစ္စာ"

"ဒါ နောက်စရာစကားမဟုတ်ဘူး ကိုမြင့်လွင်၊ သိက္ခာကို စော်ကားတာ"

"ငါ့နောက်မှ ဒီလောကရောက်လာတဲ့ကောင်က ရုပ်ရှင်ကို သိပ်ချစ်ပြနေတယ်၊ ဟေ့. . မင်း ဒါရိုက်တာသက်တမ်းက ဘယ်လောက်ရှိသေးလို့လဲ၊ အကယ်ဒမီ ဘယ်နှစ်ဆုချိတ်ဖူးလို့ ကြီးကျယ်နေရတာလဲ"

သူ နာကျင်စွာ ရယ်မောပစ်လိုက်သည်။ လူတွေဟာ ဘယ်လောက်ထိ ရူးသွပ်ကြပါလိမ့်။ အနုပညာကို ပြိုင်ပွဲတစ်ခုလို သဘောထားနေကြတာ ဘယ်လောက်ဆိုးရွားလိုက်ပါလိမ့်။ အနုပညာဆိုတာ နုနယ်လှသည့် နှလုံးသား၏ ခံစားချက် အရသာ ရှင်သန်မွေးဖွားနိုင်တာမျိုး မဟုတ်လား။

ကင်(န်)တင်းမှာမို့ အချိန်တိုတိုလေးအတွင်း ဖျန်ဖြေ



သူတွေ ဝိုင်းလာကြသည်။ ဖလင် Editting လာလုပ်သည့် ဒါရိုက်တာတွေ ကားကူး၊ ကားဆက်သမားတွေ၊ အနားမှာ ရှိနေသည့် ကင်(န်)တင်းထဲကလူတွေ အားလုံးက သူ့ကိုအပြစ်တင်သည့် မျက်လုံးမျိုးဖြင့် ကြည့်ကြပါသည်။

"အောင်ကြီးကကွာ စိတ်က တယ်မြန်သကိုး"

"အချင်းချင်းတွေ ရန်စရှည်မနေပါနဲ့ကွာ၊ ကိုမြင့်လွင်ကလဲ သူ မကြိုက်တာ မနောက်နဲ့ပေါ့ကွာ၊ ကလေးကလား ရန်ဖြစ်ရတယ်လို့၊ ဂျာနယ်တွေ ရောင်းကောင်းအောင် လုပ်နေပြန်ပြီ"

သူတို့နှစ်ဦးကြား ခပ်ပေါ့ပေါ့ စကားများဖြင့် ကြားဝင်လာသူတွေကို သူ နှုတ်မဆက်ခဲ့။

"ငွေနှင်းမှုန်ရဲ့သမီးကိုး"

ဆိုသည့်စကားက သူ့ကို တစ်ချိန်လုံး လှောင်ရယ်နေခဲ့သည်။

www.burmeseclassic.com



"လေးလေး ခုတလော တစ်မျိုးဖြစ်နေသလိုပဲ"

ဟု ချယ်က ပြောလာသည့်အခါမှာတော့ သူ့ရင်ထဲ တနုပ်နုပ် နာကျင်နေသည့်အဖြစ်ကို သိဝှက်ထိန်းသိမ်းဖို့ မတတ်နိုင်ခဲ့ပါလားဟု စိတ်ထဲက ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

"ဘာမှမဖြစ်ပါဘူး"

ရိုက်ကွင်းပေါ်မှာ လူအများရှေ့မှာ ခံစားချက်တွေကို ထိန်းသိမ်းဖို့ သည်မျှခက်ခဲလှသည်ဟု သူ ဘယ်တုန်းကမျှ မထင်ခဲ့ပါ။ လူအများ၏ မျက်လုံးများ၊ ပါးစပ်ပေါက်များကို ရှောင်တိမ်းဖို့ သည်လောကထဲမှာ မဖြစ်နိုင်ဘူးဆိုတာ သေချာလှသည်။ နေ့စဉ်လိုပါနေကျ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေရဲ့ စာမျက်နှာပေါ်မှာ အင်တာဗျူးဆိုတာတွေကို ဖတ်မိလျှင် သူ ရယ်ချင်မိသည်။ ဘယ်တော့မှ မဖြစ်နိုင်မည့် ဘယ်တုန်းကမှ မဟုတ်မှန်ခဲ့သည့် အကြောင်းအရာတွေအတွက် အချိန်ကုန်ခံ၊ စာမျက်နှာအကုန်ခံပြီး ငွေရှာကြသူတွေရော ငွေကုန်ကြသူတွေရော



သူ ဟားတိုက်ရယ်ပစ်ချင်လှသည်။

ခုလည်း ချယ်သည် အမှန်အတိုင်းဖြေလိမ့်မည်ဟု မသေချာလှသော အဖြေတစ်ခုအတွက် မေးခွန်းတွေ သူ့ကို မေးနေပြန်သည်။

"မမစန်းကပြောတယ်၊ လေးလေးလူတစ်ယောက်နဲ့ ရန်ဖြစ်တယ်ဆို"

"ကြားခဲ့ပြီလား"

မမစန်းဟု ချယ်က ခေါ်ပေမဲ့ မိတ်ကပ်ဒီဇိုင်နာသည် ချယ့်မိခင် ငွေနှင်းမှုန်ထက် အသက်ကြီးပါသည်။ မမနှင်းတုန်းကလည်း သူမကို မမစန်းဟူ၍သာ ခေါ်ခဲ့သည်။ မိတ်ကပ်သမားအများစုသည် မင်းသားမင်းသမီးများ၏ အတွင်းရေးတချို့ကို သိထားပြီး သိထားဖို့လဲအမြဲ ကြိုးစားနေသူတွေ ဖြစ်ကြသည်။ တချို့စာနယ်ဇင်းတွေက သတင်းရဖို့အတွက် မိတ်ကပ်ဆရာတွေကို ပေါင်းကြသည်။ တချို့သတင်းတွေက အမှန်တွေလည်း ဖြစ်တတ်ပြီး ကိုယ့်ဘာသာ လိုရာဆွဲတွေးပြီး အမှန်တရားကနေ တိမ်းစောင်းသွားတတ်သည့် သတင်းမျိုးလည်း ရှိတတ်ပါသည်။

ဘယ်လိုပဲဖြစ်စေ အဲသည်လိုသတင်းမျိုးတွေက ရုပ်ရှင်သမားများ၏ ကိုယ်ကျင့်တရားနှင့် သိက္ခာ၊ လွတ်လပ်မှုတို့ကို အနည်းနှင့်အများတော့ ထိခိုက်စေနိုင်ပါသည်။

"အသေအချာ အတိအကျတော့ မဟုတ်ပါဘူး"

"ကဲ. . . ချယ်ပြန်တော့၊ ဒီနေ့ ချယ့်ကတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



မကျွန်တော့ဘူး၊ နက်ဖြန်ကျမှ ဘုရားနဲ့ ပြည်သူ့ရင်ပြင်မှာ လဖ်ဗ်ဆင်း(န်)ရိုက်မယ်၊ ဇာတ်သိမ်းခန်းရိုက်မယ်. . .

နောက်တစ်ပတ်မှာ နယ်ထွက်ဖို့ ရှိမယ်နော်၊ ပုပ္ပါးဘက်က ရွာတွေမှာ သွားရိုက်မှာ၊ ဖေဖေ့ကို ကြိုပြောထား၊ နီနီ့ကိုလဲ မှာထားဦး၊ ကြိုပြီး ခွင့်တင်စရာ ရှိရင် တင်ရအောင်၊ နီနီမအားလဲ သမီးအစ်မဝမ်းကွဲလေ ဘယ်သူလဲ ဝင်းဝင်းပြုံး. . အဲ သူ့ကိုခေါ်ထား"

တာမင် အားသံကျယ်ကျယ်ပြောမိသည်။ သူထိုင်နေသည့် သစ်ခွပန်းရုံနံဘေး လွှဲခန်း အနီးမှာ ဘယ်သူမှ ရှိမနေပါ။ ဘယ်သူမှ ရှိမနေသည်မို့လည်း စိတ်ချောက်ချားရသည်။ ကော်လေးက ထမင်းစားခန်းထဲမှာ မင်းသား အရက်မူးသည့်အခန်း ရိုက်ဖို့ ဆင်း(န်)ကို ပြင်ဆင်နေသည်။ စက်အဖွဲ့က ခေါးပေါ့လိပ်တိုကိုယ်စီ လက်ဖက်ရည်ခွက်ကိုယ်စီနှင့် ခေတ္တနားနေကြသည်။ သူ ကားရိုက်တိုင်း ပါနေကျ ဆိုက်ပတ်တ်တွေလည်း သူ့အဖွဲ့နှင့်သူ မင်းသားကလည်း ဟာန်း(န်)ဖုန်းကို နားမှာချိတ်ထားပြီး စကားအမျှင်မပြတ်။ မင်းသားနှင့်ပါနေကျ အဖွဲ့တွေလည်း ဘီယာဘူးလေးတွေကိုယ်စီဖွင့်လို့။ ပုံမှန်မြင်နေကျ မြင်ကွင်းပဲ။

ချယ့်အနားက နီနီလည်း မမစန်းနှင့် စိန်စျေး၊ ရွှေဈေးအကြောင်း စကားလက်ဆုံကျလျက်ရှိသည်။ မမနှင်းရှိနေစဉ်



နီနီသည် နယ်ရိုက်ကွင်းတွေဆို မမနှင်းအနားမှာပါနေကျ။

သို့ပေမဲ့ ဘယ်သူ့ဘာအကြောင်းပြောပြော နီနီက နားထောင်ခေါင်းညိတ်သမားသက်သက် ဘွဲ့ရပြီးကတည်းက လုပ်ခဲ့သည့် ကျောင်းဆရာမအလုပ်ကို အစ်မဖြစ်သူ နိုင်ငံကျော်ရုပ်ရှင်မင်းသမီးဖြစ်တော့လည်း မစွန့်လွှတ်။ ယခု တူမဖြစ်သူ မင်းသမီးဖြစ်တော့လည်း. . .။

"ညည်းကို လိုက်ထိန်းဖို့ ကျုပ်အလုပ်တော့ မထွက်နိုင်ဘူးနော်"

ဟု ကြွေးကြော်နေပြန်သည်။ သို့သော်လည်း ငယ်ရွယ်ပြီး မသိနားမလည်တတ်သေးသည့်-တူမလေးကိုတော့ စိတ်မချနိုင်ဘဲ ဝင်းဝင်းပြုံးနှင့် တစ်လှည့်စီ အနားက လိုက်ပါရမြဲပင်။

"လေးလေးအောင်"

ချယ်သည် နှုတ်ခမ်းစူလျက် မျက်ခုံးတွေကုပ်ကျလျက် သူ့ကို ခပ်ဆောင့်ဆောင့်ခေါ်၏။ ချယ့်မျက်ခွံမို့ပေါ်က စိမ်းပြာပြာအရောင်တွေက မျက်ခုံးကို ကျုံ့ထားသည်ကြောင့် ညီညီညာညာ ရှိမနေတော့ဘဲ မျက်ခွံပေါ် အရောင်တွေ စွန်းနေသလိုပင် မြင်ရသည်။

"ဘာလဲ ချယ်ရဲ့"

"ချယ်မေးတာကို မဖြေဘူး"

ချယ်က ရုံဖန်ရံခါမှာ သည်လို ကလေးဆန်တတ်ပါသည်။ သို့ပေမဲ့ ရိုးသားသော ဆိုးနွဲ့မှုသာဖြစ်လေတော့ ချစ်

www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသည်။ ခွင့်လွှတ်ချင်စရာကောင်းသည်။ ချယ်သည် ရိုက်ကွင်းသို့ ရောက်လာသည့်အခါ. . .။

"လေးလေးအောင်ရော"

ဟု အလျှင်ဆုံး မေးတတ်သည်။ ပြန်ခါနီးမှာ. . .။

"လေးလေးရေ ပြန်ပြီ"

ဟု သူ ဘယ်နေရာရောက်နေနေ လိုက်နှုတ်ဆက်တတ်သည်။ ကျဉ်းမြောင်းသော မျက်လုံးအကြည့်များအောက်မှာ ချယ်သည် သူမကိုယ်သူမ အရိုးသားဆုံး၊ အရှင်းလင်းဆုံးသာ မြင်တွေ့ရစေဖို့ ပြင်ဆင်ထားသည်။ သူမ၏ မျက်လုံးလေးတွေ ရိုးသားလွန်းသည်ကြောင့် သူ့အစိုးရိမ်ကြီးမှုတွေအတွက် ချယ့်ကို တိတ်တခိုး အားနာရသည့် အကြိမ်တွေ များလှပြီ။ သို့ပေမဲ့လည်း ချယ်သည် သူ့ရင်ထဲ ဝင်ကြည့်ဖို့ စိတ်ဝင်စားပုံမရချေ။ ခုလည်း ချယ်က လွှဲဒန်း၏ နံဘေးမှာကပ်ပြီး ပန်းအိုးလေးထဲ ပွင့်နေသည့် ရိုးတံရှည်ရှည်၊ အပွင့်သေးသေးလေးတွေ ကိုင်းဖျားမှာ ဖြာထွက်လျက် ပြည့်ညပ်နေသော ပန်းကလေးကိုသာ စူးစိုက်ကြည့်နေသည်။ သို့သော်လည်း ချယ့်မျက်နှာကတော့ မှုန်ကုပ်ကုပ်ပင်။

"ဘာကိုမေးလို့ ဘာကိုပြောရမှာလဲ"

"လေးလေးနဲ့ ရန်ဖြစ်တာ ဘယ်သူလဲ၊ ရန်ဖြစ်ဖို့ အကြောင်းရှိလို့လား"

"အကြောင်းမရှိပါဘူး၊ အပျော်သက်သက် ရန်



ဖြစ်တမ်းကစားကြတာ"

"ကြည့်"

"ချယ့် မေးခွန်းကိုက မဟုတ်တာ"

"ကဲ. . ဒါဆို မမေးတော့ဘူး၊ မမစန်းကိုပဲ မေးတော့မယ်"

"အင်း. . . ပြောလိုက်လိမ့်မယ်၊ ပေါက်ကရတွေ"

"အဲလိုပေါက်ကရမပြောစေချင်ရင် လေးလေးကိုယ်တိုင် ဖြေပေါ့"

စူအောင့်အောင့်ပြောလိုက်သည့် မျက်နှာအမူအရာလေးကို အမှတ်မထင် ငေးမောမိသွားသည်။ ခုတလောမှာ [illegible]လက်လွတ်တွေ သိပ်များနေပြီထင်ပါရဲ့။ ဘယ်သူတွေက [illegible]များ ကွယ်ရာမှာ သတင်းလွှင့်ကြဦးမလဲ။

ချယ့်လို မပွင့်လင်းနိုင်ဘူးဆိုတာ ကိုယ့်ကိုယ်ကို သိလာသည်။ အရာရာတိုင်းကို ပွင့်လင်းစွာ၊ ရိုးသားစွာ ရင်ဆိုင်ဖို့ ကြိုးစားနေတာဟာ ဘာကြောင့်လဲ။ လူတွေရဲ့ အမြင်အာရုံမှာ ချယ်နှင့် နှစ်ယောက်တည်းရှိမနေရဲတာ ဘာကြောင့်လဲ။

ပြီးတော့. . .။

ချယ့်ကို သူ့လက်တံတွေ အောက်က ထွက်ပြေးလွတ်မြောက်သွားမှာကိုရော ဘာကြောင့် မလိုလားနိုင်ရမှာလဲ။

"ပရိဂျူဆာဒါရိုက်တာတစ်ယောက်နဲ့ပါ"

စကားကို တစ်ပိုင်းတစ်စ ဖြေပြီးမှ ရှေ့ဆက်ဖို့ ခက်

www.burmeseclassic.com

www.burmeseclassic.com



နေပြန်သည်။ အိမ်အတွင်းဘက်ဆီက သီချင်းသံကို ကြားရ၏။ ချယ်က အနီရောင်အဆုပ်အဆုပ် ပွင့်နေသော ပန်းကလေး၏ နူးညံ့သော ပွင့်ဖတ်ဝတ်မှုန်ကလေးတွေကို လက်ညှိုးထိပ်ဖြင့် တို့ထိကြည့်ဖို့ ကြိုးစားနေလေသည်။ သူတို့နှစ်ဦးတည်း အိမ်ရှေ့နံရံ အပြင်ဘက် ခပ်ကျဉ်းကျဉ်းပန်းရုံကလေးထဲမှာ ရှိနေသည်ဆိုသောအသိသည် သူ့ကို ဘာကြောင့် တွန့်ဆုတ်စေတာလဲမသိ။ သည်လိုဆို ချယ့်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး ပတ်ဝန်းကျင်၏ အမြင်ကို နှစ်ဦးသဘောတူ ဆန့်ကျင်နိုင်သည် ဆိုတာကိုလည်း တွေးမိသားပင်။

ဒါပေမဲ့ ချယ် ဝမ်းနည်းစိတ်ထိခိုက်သွားမှာ. . .။

သူမလေးဟာ သူ့အပေါ်မှာ ဖြူစင်စွာ အားကိုးတွယ်တာနေခဲ့တာကို သူမ ရှက်ရွံ့နာကျင်စေအောင်. .။

ဟင်အင်း. .။

ရှိပါစေတော့လေ။

"မင်း စေတနာ ငါသိပါတယ်"

ဆိုသည့်စကားကို ပြန်ကြားတိုင်း ဆတ်ဆတ်ခါအောင် နာကျင်ရသည်။ တကယ့်ကို ပြောရက်လိုက်တာနော်။

ငွေနှင်းမှုန်နှင့် နှစ်နှစ်ကြာ တွဲခဲ့သည့်တိုင် တစ်ကြိမ်တစ်ခါမျှပင် ငြိစွန်းဖို့မကြိုးစားခဲ့ဘူးဆိုတာ ယုံကြည်နိုင်ကြမည်မဟုတ်ပါ။ သည်လိုအကြောင်းအရာမျိုးက ခုခေတ်ကြီးမှာ ယုံတမ်းပုံပြင်လို ဖြစ်ချင်ဖြစ်နိုင်သည်။ သို့ပေမဲ့ အောင်ထက်



သည် ထူးဆန်းစွာပင် သည်လိုတန်ဖိုးထားတတ်ခြင်းကို အချစ်ဟု ရှုးနှမ်းစွာ ယုံကြည်ထားသူတစ်ယောက်ဖြစ်နေလေသည်။

'ရှုးနှမ်းစွာ'ဟု သုံးနှုန်းရသည်ကတော့ စိတ်မကောင်းဖြစ်စရာပင်။ သို့ပေမဲ့ သည်ကိစ္စမှာ သူ အမှန်တရားကို ပြောတိုင်း လူတွေက မယုံသင်္ကာစွာ (လှောင်ပြောင်အထင်သေးစွာ) ကြည့်တတ်ကြသည်မို့ သူသည် မိုးခါးရေသောက်ဖို့ပင် အဆင့်မမီသည့် ရှုးနှမ်းသူတစ်ယောက်ဖြစ်ခဲ့ရသည်ပဲ ဆိုပါစို့။ ချယ့်ကိုတော့ သည်အရိပ်တွေ ဘာကိုမှ မစွန်းထင်းစေချင်။

"ချယ့်ကို ဗီဒီယိုရိုက်ဖို့ ကမ်းလှမ်းလာတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စကားများကြတယ်၊ ကိုယ်က ခွင့်မပြုနိုင်ဘူးလေ"

ချယ့်မျက်နှာပေါ်မှာ အနည်းငယ် အပြောင်းအလဲဖြစ်သွားတာတော့ သေချာပါသည်။

"ချယ့်ကို အခု ဘယ်သူနဲ့မှ ခွင့်မပြုနိုင်သေးဘူး၊ ခွင့်ပြုနိုင်ခဲ့ရင်လဲ ဇာတ်လမ်း၊ ဇာတ်ညွှန်းနဲ့ ဇာတ်ကောင်နေရာကို သေချာ စိစစ်ပြီး ချယ့်အတွက် သင့်လျော်တယ်ထင်မှ ခွင့်ပြုမှာ. . .

ဖဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး စကားများကြတယ်၊ ဟဲ ဘာသီချင်းသေးလဲ ချယ်၊ ပြီးတော့ ဘာပြောချင်သေးလဲ"

ချယ် မျက်နှာပျက်သွားပြီး ပန်းပွင့်နီလေးကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ငေးစိုက်ကြည့်နေသည်။ သူက လွဲဒန်းပေါ်မှာ ငြိမ်သက်နေသည့် ဇာတ်ညွှန်းအထပ်ကို ကောက်ယူပြီး တမင်အသံမြည်အောင်ပင် လှန်လှောနေလိုက်သည်။ ပန်းအုတ်ဘောင်လေးပေါ်မှာ ခြေနှစ်ချောင်းချိတ်လျက် ထိုင်နေသော ချယ်ကတော့ အရုပ်တစ်ရုပ်လို အကြာကြီး ငြိမ်သက်နေလေသည်။

ချယ် သူ့အပေါ်မှာ နာကြည်းစရာ စိတ်ဆိုးစရာရှိလျှင်လည်း ရှိပါစေ။ ဒါပေမဲ့ ချယ့်ဝမ်းနည်းကြေကွဲမှုကို မြင်ရလျှင်တော့ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်ရလိမ့်မည်။

"ချယ် ရုပ်ရှင်လောကထဲ ဝင်လာတာ လေးလေးအောင်ကြောင့်ပါ၊ ဒါကို လေးလေးအောင်သိပါတယ်၊ ချယ့်အတွက်တော့ ရုပ်ရှင်ရိုက်ရဖို့ မရိုက်ရဖို့ နာမည်ကြီးဖို့ မကြီးဖို့ဆိုတာ လေးလေးအောင် စိတ်ထိခိုက်ရတာလောက် အရေးမကြီးပါဘူး၊ အဲဒါကိုတော့ လေးလေးအောင် သိစေချင်တယ်လေ"

"ချယ်"

"ချယ်ပြန်တော့မယ် လေးလေးအောင်"

ရုတ်ခနဲထိုင်ရာက ထထွက်သွားသော ချယ့်နောက်ကျောက ဆံပင်တွေ ညင်သာစွာ လှုပ်ယမ်းနေသည်ကို ကြည့်ရင်း သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။



သူ့အိပ်ခန်းလေးသည် တချို့ညတွေမှာ ဆူညံလှုပ်ရှားနေပြီး တချို့ညတွေမှာတော့ တိတ်ဆိတ်ငိုက်မြည်းနေတတ်၏။ များသောအားဖြင့်တော့ ရုပ်ရှင်လောက မိတ်ဆွေအပေါင်းအသင်း တပည့်တပန်းတွေက သူ့အခန်းလေးမှာ စတည်းချပြီး သည်လောက၏ အရှုပ်တော်ပုံမှန်သမျှကို ဖြေထုတ်ရှင်းလင်းဖို့ ချိန်းဆိုတတ်ကြသည်။ တစ်ခါတလေတော့လည်း အပျင်းပြေဂဏန်းတွက်ဖို့ဆိုပြီး ဖဲထုပ်လေးတွေ ဆောင်လာတတ်ကြသည်။ သည်လိုဆိုပေမယ့် သူက ဖဲရိုက်ခြင်းကို အင်မတန် မုန်းတီးပါသည်။ ထို့ကြောင့် ဝိုင်းဖြစ်သည့်ညတွေဆို သူ စောစောအိပ်ရာဝင်သည်။

နယ်ရှူတင်မသွားခင် ရက်တွေကတော့ သူ့အိမ်ခန်းလေး ရက်အတော်ကြာ တိတ်ဆိတ်နေပါသည်။ သို့ပေမဲ့ ဧည့်သည်လာမြဲ အစဉ်အလာကို မဖျက်လိုသည်ကြောင့်လားမသိ။ အရက်သောက်ဖို့ အဖော်တစ်ယောက်တော့ ရောက်လာခဲ့၏။ သူက အစ်ကိုကြီးဟု အမြဲခေါ်ပြီး သူ့ကိုတော့ အောင်ကြီးဟုသာခေါ်တတ်သော သူ့ဆရာသမားလည်းဖြစ်သော ကိုကြည်လွင်က သူ့ကို ချယ်နှင့်ပတ်သတ်သည့် သတိပေးချက်တွေ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ခု ထုတ်လာတော့ သူ့ရင်ထဲ အတော်အောင့်မျက်ခဲ့ရသည်။ သို့ပေမဲ့ ကိုကြည်လွင့်စကားတွေက အမှန်တရားများသာ ဖြစ်သည်။

"သိပ်လဲ သံယောဇဉ်မထားနဲ့ ကောင်လေးရေ"

အရက်နည်းနည်း မူးသည့်အချိန်မှာ အစ်ကိုကြီးက သူ့ကို နူးညံ့စွာ ခေါ်တတ်သည်။

"တို့လောကမှာ သင်ခန်းစာရစရာတွေ သိပ်များတယ်ဆိုတာ မင်းလဲ သိသားပဲ၊ အချိန်တန်တော့ သူ့လမ်းသူ လျှောက်သွားမှာပေါ့ကွာ၊ ခုလောလောဆယ်မှာတော့ မင်းက သူ့ကို နာမည်တက်အောင် လုပ်ပေးနေတဲ့ အချိန်မဟုတ်လား"

"မဟုတ်သေးဘူး အစ်ကိုကြီး"

"ဟုတ်ကို ဟုတ်တယ်ကွာ၊ မင်း မမှတ်သေးဘူးလား၊ သူ့အမေတုန်းကလဲ မင်းဟာ လှေကားထစ်ဖြစ်ခဲ့ရတာပဲ မဟုတ်လား၊ အသုံးချခံခဲ့ရတာပဲ မဟုတ်လား၊ သူ့အတွက် လုပ်ကွက်များများရမယ့် ဖာဟဲတွေကို ဝယ်ယူပြီး မင်းကို ရိုက်ခိုင်းခဲ့ဟာ မဟုတ်လား၊ သူ့နောက်က ပါလာမယ့် အငယ်လေးတွေကို သူကြောက်တယ်လေ၊ ရုပ်ရှင်လောကမှာ သူ့နာမည် မှေးမှိန်သွားမှာကို ကြောက်တယ်လေ၊ အဲဒီအချိန်မှာ မင်းက တောက်မယ့်မီးခဲလေး 'စမ်းရေကျသံ'နဲ့ နာမည်



အတော်ရလာပြီး ပရိတ်သတ်ဆီ ဝိုင်းနေတဲ့အချိန်၊ ရုပ်သေးရုပ်လို သူ ကြိုးဆွဲလို့ ဝသွားတော့ မင်းကို ခေါက်ထားခဲ့တာပဲ မဟုတ်လား၊ ပြီးတော့ ရှင်းရှင်းပြောရရင် မင်းက စိတ်ကူးသာယဉ်တတ်တဲ့ ကောင်ကိုး၊ မင်းလို ငနုံအကို သူ ငြီးငွေ့လာတာ ဘာဆန်းသလဲ"

"အစ်ကိုကြီး တော်ပါတော့ဗျာ၊ တော်ပါတော့"

ဦးနှောက်ထဲ မူးရီရီပေမယ့် သည်လို စကားတွေကို သည်လို အချိန်မှာလည်း သူ ပြန်မကြားရဲ။ ဘယ်လိုအချိန်မှာမှ မကြားချင်ခဲ့ဘူးလေ။

အတိတ်ကို သူ မြှုပ်နှံပစ်ခဲ့ပြီ။ ဘဝကို အနုပညာအတွက်သာ မြှုပ်နှံခဲ့သည်။ ဒါဟာ သူ့ဘဝအတွက် အကောင်းဆုံးပြင်ဆင်တည်ဆောက်မှု မဟုတ်ဘူးလား။

"ခု မမနှင်း မဟုတ်တော့ဘူး၊ ချယ် ဖြစ်လာပြန်ပြီ၊ ကြည့်နေ ခုနည်းနည်း နာမည်လေးရလာပြီ၊ မင်းကိုင်ထားတဲ့ ကားကြီးပြီးရင် ကောင်မလေးနာမည်ထိုးတက်သွားလိမ့်မယ်၊ အဲဒီအခါကျ မင်းကို တာ့တာဆိုပြီး..."

"ကျွန်တော်လဲ အဲဒီအချိန်ကို စောင့်နေတာပါ"

"ဘာ"

"အဲဒီအချိန်ကျရင် ကျွန်တော့်တာဝန် ကုန်ပြီ

www.burmeseclassic.com

www.burmeseclassic.com



လေ"

"တော်စမ်းပါ၊ မင်းက တာဝန်အရ လုပ်နေတာ ပေါ့လေ"

ကိုကြည်လွင်က သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး မေးသည်။ အယ်လ်ကိုဟော၏ အငွေ့အသက်ကြောင့် ခပ်မှိုင်းမှိုင်းရီဝေနေသည့် အဲသည် မျက်ဝန်းတစ်စုံကပင် သူ့ကို ချောက်ချားစေနိုင်ပါသည်။ ကောင်းကင်ပေါ်မှာ တစ်ခြမ်းကွေး ထင်နေသော လကို သူ အကြည့်လွှဲလျက် ငေးနေမိသည်။ ဝရန်တာလေးပေါ် ဖြာကျလာသည့် လအရောင်သည် လူ့စိတ်ကို ကြည်နူးအောင်၊ ကြေကွဲအောင်၊ လှိုင်းထအောင် အမျိုးမျိုး ဖမ်းစားနိုင်၏။ သည်လို ညမျိုးကို သူ မကြာခဏ ကြုံခဲ့ရဖူးပေမယ့် လရောင်ကြောင့်တော့ သူ မငိုခဲ့ရပါ။ သူ့မှာ မျက်ရည်မကျဖြစ်အောင် ထိန်းချုပ်ထားနိုင်သည့် အကြောင်းပြချက်များစွာရှိသည်။

လွန်ခဲ့သည့် ရှစ်နှစ်ကလည်း လမ်းမတွေပေါ် တစ်ယောက်တည်း လျှောက်နေမိပေမယ့် သူ မငိုဖြစ်ခဲ့တာ သေချာပါသည်။

ဒါပေမဲ့ သူ မူးယစ်ပစ်ခဲ့သည်။

မိန်းမတစ်ယောက်ကြောင့် အရက်သောက်တတ်ခဲ့သည်ဆိုတာကိုတော့ ခပ်ရှက်ရှက်ဖြင့် ဝန်ခံရလိမ့်မည်။ သို့သော်လည်း ယခုတော့ဖြင့် သူ့အရက်သောက်ခြင်းသည် ဘယ်သူ့



အတွက်မှ မဟုတ်။

"ကိုယ့်ကိုယ်ကို မညာနဲ့အောင်ကြီး"

မြတ်စွာဘုရား...။

သူ ညာနေမိတာ..တဲ့။

"ဒါကို တာဝန်အရ လုပ်နေတာ မဟုတ်ဘူးဆိုတာ မင်းကိုယ်မင်း သိပါတယ်၊ မင်း ကောင်မလေးကို အောင်မြင်စေချင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အနုပညာသည်စစ်စစ် တစ်ယောက် ဖြစ်စေချင်တဲ့ စေတနာက ပိုပါတယ်"

"အေး...စေတနာဆိုတာကို မင်း အခု ဝန်ခံပြီမဟုတ်လား"

ကိုကြည်လွင်က ပိုင်နိုင်သေချာသည့် လေသံမျိုးဖြင့် တစ်ထစ်ချ ပြောလိုက်တော့ သူ နည်းနည်းပြုံးမိသွားသည်။ သို့ပေမဲ့ သူ့ကို မေးခွန်းတွေ အများကြီး ဆက်မေးလာသည့် အခါမှာတော့ သူ ခေါင်းရမ်းရုံသာ တတ်နိုင်ခဲ့ပြီး ဘယ်လိုအချိန်မှာမှ အမှန်တရား မဖြစ်လာနိုင်သည့် အဖြေတွေအတွက် တိတ်တဆိတ် ကြေကွဲခဲ့ရပါသည်။

"စေတနာဆိုတာရဲ့ နောက်မှာ အကြောင်းရင်းခံ ရှိတယ် အောင်ကြီး၊ သံယောဇဉ်ဆိုတာလဲ ရှိချင်ရှိမယ်၊ ပြီးတော့ အချစ်ဆိုတာလဲ ရှိနိုင်တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း"

"ငွေနှင်းမှုန်ရဲ့ သမီးမို့ စိတ်လဲ အစွဲအလမ်းတစ်ခုလို ဖြစ်နေတာများလားကွာ"

"ဟင်အင်း"

"လေးလေးအောင်လို့ခေါ်လိုက်တဲ့ လေသံထဲမှာကို မင်းအတွက် သူ့ဆီမှာ သံယောဇဉ်အတိုင်းအဆ ဘယ်လောက်ရှိတယ်ဆိုတာ..."

"ဟင်အင်း... မဟုတ်ဘူး လျှောက်မပြောနဲ့"

"ဒါပေမဲ့ကွာ ဒီအရွယ်လေးတွေဆိုတာ စိတ်ကစားတာ သက်သက်ပါ၊ တစ်နေ့ကျရင်တော့ သူလဲ ဘာသားနဲ့ထုထားတာမို့လို့လဲ၊ ကျော်ကြားတဲ့ အရှိန်အဝါဆိုတာကို လွန်ဆန်နိုင်မှာ မဟုတ်ပါဘူး"

"အစ်ကိုကြီး တော်တော့ဗျာ၊ မူးနေပြီထင်တယ်"

"ဟေ့ကောင်ရ... ငါ မမူးဘူး၊ မင်း မူးနေတာ" ဟုတ်သားပဲ။

လရောင်ရိပ်အောက်မှာ ယစ်မူးမိသည်ထင်၏။

လွမ်းလိုက်တာ ချယ်ရယ်။

မင်း အပြုံးလေးတွေ...၊

မင်း စကားသံလေးတွေ...၊

မင်းရဲ့ ချစ်စရာကောင်းတဲ့ ဟန်ပန်အမူအရာလေးတွေ။



ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်ပြီး အိပ်မက်မက်နေသည်တော့ မဖြစ်နိုင်ပါ။ အစ်ကိုကြီးရဲ့ စကားသံကို ကြားနေရသားပဲ။

"ဟို... နာမည်ကြီးနေတဲ့ အဆိုတော်ကောင်လေးရဲ့ One Man Show မှာ ရှေ့ဆုံးက ထိုင်ကြည့်နေတဲ့ပုံ၊ ဂျာနယ်တွေမှာ ပါလာတယ် မဟုတ်လား၊ ဒါ ဖာတ်လမ်းအစပဲနော်၊ ကောင်လေးက လာစေချင်လို့ သူ ကိုယ်တိုင် သွားဖိတ်ခဲ့တယ်လို့ စာနယ်ဇင်းသမားတွေကို ပြောခဲ့တယ်တဲ့၊ သူကတော့ ကောင်လေးရဲ့ အနုပညာကို အရင်ကတည်းက နှစ်မြို့က်ခဲ့လို့ လေးစားတဲ့စိတ်နဲ့ သွားရောက်ချီးမြှင့်တာပါတဲ့နော်"

အစ်ကိုကြီးက ပါးစပ်ဆိုင်းတီးပြီး...

...ကိုယ်ဆိုသော သီချင်းအဆုံးမှာ...

...သူလေ...လက်ခုပ်တီးကာ...

...ကိုယ် ပြန်ပြုံးပြတော့ ခေါင်းငုံ့နေရှာ...

ဆိုပြီး ကိုင်ဇာရဲ့ 'သီချင်းရှင်ကို ကြင်နာပါ' သီချင်းကို ကောက်ကာငင်ကာ (စိတ်ပါလက်ပါ) တစ်ယောက်တည်း ဆိုတီးလုပ်နေလေသည်။

ရယ်လည်းရယ်ရပါရဲ့။

နောက်ပြီး ငိုလည်းငိုချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတွေထဲမှာ အထင်ကရ သတင်းတစ်ခုအဖြစ် ပါလာတာကို သူ မသိဟန်ဆောင်ပြီး နေခဲ့တာ။ ကျော်လေးတို့ ဝိုင်းစနေတာကို. . .

"တစ်ယောက်တည်းမဟုတ်ပါဘူး၊ အစ်မဝမ်းကွဲတွေနဲ့ တစ်အုပ်ကြီး သွားကြတာ၊ သိချင်းကြိုက်လို့ သက်သက်ပါပဲ"

ဟု ချယ်က ရိုးသားစွာ ဖြေရှင်းချက်ပေးခဲ့သည်ဆိုတာ မှတ်မိနေသည်။ သည်တုန်းကတော့ ချယ့်မျက်နှာပေါ်က အရိပ်ကို သေချာယုံကြည်မိသည်လေ။ ပြီးတော့ သည်လိုကိစ္စမျိုးဆိုတာ သူမတို့အရွယ်ကလေးတွေအတွက် မကြာခဏ ကြုံရသည့် အဖြစ်အပျက်မျိုးပဲဆိုပြီး ကိုယ်ချင်းစာ နားလည်ပေးခဲ့သေးသည်။

အသက်သုံးဆယ့်နှစ်ဆိုသည့် အရွယ်နှင့် နှိုင်းစာလျှင် ကျစ်လျစ်သည့် ခပ်သွယ်သွယ်ခန္ဓာကိုယ် စူးရှတောက်ပပြီး အရာရာကို ထွင်းဖောက်မြင်နိုင်သည့် မျက်လုံးမျိုးနှင့်မို့ သူ ဘယ်လောက်ပဲ နုပျိုသည်ဆိုပေမယ့် အသက်နှစ်ဆယ့်သုံးနှစ်အရွယ် မြန်မာပြည်၏ စူပါစတား ဂီတသမားလေးတစ်ယောက်လောက်တော့ နုပျိုတက်ကြွမှာ မဟုတ်ဘူး ထင်မိသည်။

အို. . . ယှဉ်စရာလား။

ဘာဆိုင်လို့ သည်လိုနှိုင်းယှဉ်ရမည်တဲ့လဲ။

သည်ကောင်လေးမျိုးနှင့် အောင်ထက်သည် ဘာဖြစ်



လို့ တစ်တန်းတစ်စားတည်း ဖြစ်ရမည်တဲ့လဲ။

ချဉ်းကပ်သည့် ရည်ရွယ်ချက်ချင်း မတူဘူးနော်။

"ဒီမှာ. . . အောင်ကြီး၊ ဘယ်နေရာ ဘယ်လောကမှာမဆို လူတွေရဲ့ စိတ်ဆိုတာ တစ်တန်းတစ်စားတည်းပါပဲကွာ၊ တို့ အနုပညာသမားဆိုတာက လူတွေရဲ့ အာရုံစိုက်တာကို ခံရတဲ့သူတွေဆိုတော့ ဆိုးရင်လဲ ထင်ထင်ရှားရှား၊ ကောင်းရင်လဲ ထင်ထင်ရှားရှားပေါ့ကွာ၊ သဘာဝတရားကြီးကို သိပ်ပြီး မဆန့်ကျင်ပါနဲ့၊ အနုပညာသမားလဲ လူပဲကွာ၊ အမှန်ရှိမယ် အမှားရှိမယ်၊ ဒီလိုပေါ့"

"အစ်ကိုကြီး ဘာတွေပြောနေတာလဲ"

ဦးတည်ရာမဲ့လှသည့် စကားတွေဟု ထင်မိသည်။ အရက်မူးလွန်နေတာလားဟု ဇဝေဇဝါ တွေးမိသည်။ ကိုကြည်လွင်သည် အရက်ကို အမှန်တကယ် ကြိုက်တတ်သူဖြစ်ပြီး ဘယ်လောက်သောက်သောက် ခြေလှမ်းမှားတတ်သူ မဟုတ်။

နှစ်ဦးတည်းရှိသော သူတို့ဝိုင်းသည် ခေါင်းစဉ်အကြောင်းအရာ တစ်ခုတည်းမှာ အကြာကြီး နစ်မြောနေပြီး စားပွဲပေါ်က ဖန်ခွက်တွေထဲမှာ နီညိုညို ရမ်လည်း သိသိသာသာ လျော့ပါးသွားသည် မရှိ။ သူ ဘယ်လောက်သောက်မူးပြီဆိုတာ မမှတ်မိလောက်အောင် သူ မမူးပါ။ လူမှန်သူမှန်း သိအောင် မူးခဲ့ဖူးသည့်ကာလဆိုတာ သူ့အဖို့တော့ အတိတ်

www.burmeseclassic.com

မှာ အဝေးကြီး ကျန်ခဲ့ပြီ။ သို့ပေမဲ့ လရောင်လက်ဖြာသော ဝရန်တာလေးမှာထိုင်ရင်း အောင်ထက်သည့် အကြောင်းပြ ချက် ရေရေရာရာ မရှိဘဲ အများကြီးမူးပစ်ချင်သည်။

သို့သော်လည်း ဆန္ဒတွေသာရှိပြီး အဲသည်ဆန္ဒတွေ နောက် သူလိုက်ပါ မနစ်မျောနိုင်ပါ။ လောကကြီးသည် သူ့အဖို့ တော့ အတော်ကျဉ်းမြောင်းလာနေသည်။

ညဉ့်နက်လာသောအခါ အမြဲမပြတ်လို ကြားနေရသည့် ကားဟွန်းသံတွေ၊ လင်းတစ်လှည့် မှိန်တစ်လှည့် မီးရောင်တွေ၊ လမ်းဘေးဈေးသည်များ၏ ဈေးခေါ်သံတွေ လျော့ပါးပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ သည်တော့မှ လရောင် သည် ရန်ကုန်မြို့၏ လမ်းမပေါ် ဝင့်ဝင့်စားစား ခေါင်းပြူထွက်နိုင် သလိုပင်။ ကိုကြည်လွင်သည် သူ နားမလည်နိုင်သော (နား မလည်ချင်သော) စကားများကို သတင်းကြေညာသလို အဆက် မပြတ် တတွတ်တွတ် ရွတ်ဆဲပင်။ အဲသည် အမှန်တရားတွေကို သိပေမယ့် သူနှင့်တော့ ဝေးနေဆဲပဲဟု သူကလည်း စိတ်အတွင်း မှာသာ ရေရွတ်လျက် သူတို့နှစ်ဦးစလုံး ဝရန်တာမှာပဲ အိပ် ပျော်သွားကြသည်။

နောက်တော့ ဖွင့်လျက်သား ရုပ်မြင်သံကြားက တရှဲ ရှဲ အဆက်မပြတ် မြည်သံကြောင့် သူ လန့်နိုးလာသည်။



'ပန်းကြွေသည်'ကို နယ်ဆဖ်း(န်)တွေ ရိုက်ဖို့ ခရီးထွက်ရ သည့် ရက်မှာ သူ ဖျားနေခဲ့ပြီ။ အဆုတ်အအေးမိပြီး ချောင်း သည်းဆိုး၊ အဖျားဝင်ပြီး ရန်ကုန်က စထွက်ကတည်းက ကိုယ်ပူရှိန်ငွေ့ငွေ့နှင့်မို့ လမ်းမှာ ထမင်းမစားနိုင်ဘဲ ခေါက်ဆွဲ ပြုတ်၊ ပေါင်မုန့်၊ ကော်ဖီနှင့် ခရီးဆက်ခဲ့ရသည်။ ပရိုဂျူဆာက စီစဉ်ပေးသော HILUX SULF ကားပေါ်မှာ ချယ်တို့ တူဝရီးနှင့် ဒိုင်ဘာပါ ပေါင်းမှ လေးယောက်တည်းမို့ ချယ်က သူ့ကို အုပ် ထိန်းသူတစ်ယောက်လို တစ်လမ်းလုံး မြည်တွန်တောက်တီး လာခဲ့သည်ကို သူ စိတ်လည်းပျက်၊ တစ်ဖက်ကလည်း ကျေနပ်မိ ပြန်။ အမြဲ ကျန်းမာရေးကောင်းနေလျက်က ရုတ်တရက် ထ ပေါက်လာသော ခန္ဓာကိုယ်ကို ကျေးဇူးလည်းတင်၊ အပြစ်လည်း တင်မိသည်။

ချယ်သည် အရက်၏ အကျိုးအပြစ်တွေကို တရား ဟော ဆရာတစ်ယောက်လို စိတ်ရှည်လက်ရှည် ရှင်းပြနိုင်ခဲ့၏။ သည်စကားတွေကြားထဲမှာ သူမ ရယ်ရယ်မောမော ပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့် စကားတစ်ခွန်းက အောင်ထက်ကို လှောင်ပြောင်ကျီစယ်သလို ဖြစ်ခဲ့သည်။

"ဖေဖေကလေ. . . အရင် တောထဲတောင်ထဲမှာ နေတော့ အရက် သိပ်သောက်တာ လေးလေးအောင်ရဲ့ သီလား"

အဲသည် 'သီလား'ဆိုသည့် အကျင့်ကလေးက ချစ်ဖွယ်ရာပင်။

"ဒါပေမဲ့ မေမေနဲ့လဲ ကွဲရော အရက်ပြတ်သွားရော၊ ဖေဖေက မေမေ့ကြောင့် အရက်ပြတ်တယ်ဆိုပြီး ကျေးဇူးတောင်တင်တယ်တဲ့ သီလား"

"ဘယ်လို. . ."

"မိန်းမက ပစ်သွားလို့ အရက်ချည်းသောက်ပြီး အရက်သမားဖြစ်သွားရှာတယ်လို့ ပတ်ဝန်းကျင်က ဝိုင်းသနားမှာ လှောင်ကြမှာကို မခံနိုင်လို့ အရက်ကို ဖြတ်ပစ်လိုက်တာတဲ့လေ၊ ကဲ. . . ကြည့်စမ်း၊ ဖေဖေက ဘယ်လောက်တော်လဲ"

"အေးပါ. . . အေးပါ၊ ကိုယ်ထင်ခဲ့တင်ရွှေနန်းပေါ့ ဟုတ်လား"

နီနီက ခပ်မဲ့မဲ့ ပြောတော့လည်း ချယ်က တမင် နှုတ်ခမ်းလေး စူအောင့်လျက်. . .

"မှန်တာပြောတာပဲ နီနီရဲ့"



ဟု နွဲ့လေသည်။ ချယ်က ဆေးကို အချိန်မှတ်ပြီး ဆေးသောက်ဖို့ သတိပေးသည်။ မကြာခဏဆိုသလို သာမိုမီတာနှင့် အပူရှိန်တိုင်းသည်။ အဖျားတက်သေးလားဟု ပါးစပ်ကလည်း ခဏခဏ မေးသည်။ ခေါက်ဆွဲပြုတ်၊ ဆန်ပြုတ်လို အစာကြေလွယ်မည့် အစားအစာမျိုးကို ကိုယ်တိုင်စီမံပေးသည်ဆိုတော့ ချယ်နှင့်အတူ ကားတစ်စီးတည်း အတူထွက်လာမိသည်ကို နောင်တရဖို့သင့်သည်ဟု ကိုယ့်ကိုယ်ကို သတိပေးလျက်ကပင် ကြည်နူးမိချင်သည်။ တကယ်တော့ ချယ့်ကို လေယာဉ်နှင့် လိုက်လာဖို့ စီစဉ်ပြီးပြီ။ သူ့ ပိုင်ဆိုင်သည့် ပါဘလေကာ 87 model လေးကို ပရိုဂျူဆာ၏ သံလွင်လမ်းခြံထဲမှာ ထိုးထားခဲ့ပြီး ပရိုဂျူဆာ၏ HILUX SULF ကားကြီးကို ယူပြီး ပရိုဂျူဆာနှင့် သူ အတူသွားကြဖို့ စီစဉ်ထားခဲ့သည်။ (ဒါရိုက်တာသက်တမ်း ဆယ်နှစ်ကျော်ကျော်မှာ တိုက်ခန်းတစ်ခန်းနှင့် ကားလေးတစ်စီးသာ သူ ပိုင်ဆိုင်ခဲ့သည်။)

သည်အစီအစဉ်ကို ကမောက်ကမ ဖြစ်အောင် ဖျက်ဆီးသူက ချယ်ဖြစ်သည်။

"ချယ် လေယာဉ်ပျံ မစီးရဲဘူး၊ ကြောက်တယ်၊ ပြီးတော့လဲ ချယ်က အဲဒီလို ခရီးရှည်သွားတာမျိုး သိပ်ပျော်တာ လေးလေးအောင်ရဲ့၊ ဖေဖေက အလုပ်တစ်ဖက်နဲ့ဆိုတော့ ချယ့်ကို ဘယ်မှလိုက်မပို့နိုင်ဘူး၊ ချယ်က ခရီးသိပ်ထွက်ချင်တာ၊ လေးလေးအောင်တို့

www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ပဲ ချယ် လိုက်ခဲ့မယ်နော်"

ချယ့်တောင်းဆိုချက်ကို သူ မငြင်းဆန်နိုင်ခဲ့ပါ။ ခရီးထွက်သည့်အခါ ပရိုဂျူဆာ မမကြီးနှင့် ဦးခင်မောင်သောင်းတို့ မလိုက်ဖြစ်ဘဲ သူတို့၏ တူသား‌လည်းဖြစ်၊ ရိုက်ကွင်းစီစဉ်သူလည်းဖြစ်သော မောင်မျိုးသာ သူတို့နှင့် အတူပါလာသည်၊ သို့ပေမဲ့ မောင်မျိုးက အသက်တူအရွယ်တူ ကျော်လေးတို့နှင့် တစ်ဖွဲ့တည်းဖြစ်ပြီး ဘတ်စ်ကားကြီးပေါ်မှာ ဆိုကြတီးကြနှင့် တပျော်တပါးကြီး လိုက်ပါသွားချင်သည်မို့ သူတို့ကားမှာ ဒရိုင်ဘာနှင့် သူတို့ချည်းသာဖြစ်သည်။

ခရီးစဉ်က ရန်ကုန်ကနေ ပြည်၊ ထိုမှ ကျောက်ပန်းတောင်း ပုပ္ပားတောင်ခြေရင်းအထိ ဖြစ်သည်။ ပုပ္ပားတောင်ခြေက ရွာကလေးသည် ဇာတ်ကောင်ခင်နှင်း၏ ဘဝ အစပိုင်းမှာ အရေးပါသည့် ကျောရိုးဖြစ်သည်။ ပူပြင်းသည့် ရာသီမှာ ခရီးထွက်ရသည်က ဖျင်းရိဖွယ်ကောင်းပြီး သွေ့ခြောက်လှသည်ဟု သူက ထင်ဆဲမှာ ချယ်ကတော့ မြင်မြင်သမျှကို ပျော်ရွှင်မြူးထူးစွာ၊ အံ့ဩထူးဆန်းစွာ၊ စက္ကန့်တိုင်း စက္ကန့်တိုင်းမှာ စိတ်ဝင်စားနေလေသည်။ ကားလမ်းနံဘေးက လယ်ကွင်းပြင်တွေ၊ ထန်းပင်စုစုတွေ၊ ရေခန်းစပြုနေသည့် နွံအိုင်တွေထဲ လူးနေသည့် ကျွဲတွေ၊ ခြောက်သယောင်းပြီး ပတ်ကြားအက်နေသည့် လယ်မြေတွေ သူမ အားလုံးကို စိတ်ဝင်စားသည်။ တချို့ လယ်တွေမှာ ရေသွင်းစိုက်ပျိုးထားသော စပါးပင်တွေကို မြင်



လျက်. . .

"မိုးမရွာဘဲ စပါးစိုက်လို့ရတယ်ဟုတ်လား"

ဟု သူမသည် ကောက်ပင်တွေ၊ လယ်ကွင်းတွေ၊ စိုက်ပျိုးရေး ဗဟုသုတတွေကို လုံးဝ သိမထားသလိုပင် အံ့ဩတကြီး မေးတတ်ချေသေးသည်။ ပြာလဲ့နေသော ကောင်းကင်ကြီးမှာ အဆုပ်လိုက် အဆုပ်လိုက် လွင့်မျောနေသော တိမ်လိပ်များနှင့် မဲနယ်ရောင်မှိုင်းမှိုင်း တောင်တန်းများ နောက်ခံလျက် တဆုံးတစ်စ ကျယ်ပြောသော လယ်ကွင်းပြင်ကြီးတွေကို မြင်ရသည့်အခါ ချယ်သည် စကားသံတိတ်ဆိတ်လျက် ကားပြတင်းမှာ မေးတင်ပြီး ငေးမောနေတတ်သည်။ မြို့ငယ်ရွာငယ်တွေကို ဖြတ်သန်းသွားသည့်အခါမှာလည်း လမ်းဘေးထမင်းဆိုင်၊ နယ်ထွက်ကုန်ပစ္စည်း၊ စားသောက်ဖွယ်ရာဆိုင်တွေကို စပ်စပ်စုစု ကြည့်တတ်သည်။ ဖုန်တထောင်းထောင်းထအောင် လှည်းလမ်းကြောင်းအတိုင်း ကောက်ရိုးတွေ အပြည့်တင်လျက် တအိအိ မောင်းသွားသည့် နွားလှည်းတွေကအစ စပါးလှေ့ဖို့ ပြောင်စင်နေအောင် မြေညှိရှင်းလင်းထားသည့် တလင်းပြင်တွေ အဆုံး မြင်မြင်ရာသည် ချယ့်အဖို့ အထူးအဆန်းတွေသာဖြစ်၏။

"နီနီရေ. . . ကြည့်စမ်းပါဦး၊ သူတို့မှာတော့ ချယ်တို့လို လိုအပ်ချက်တွေ ဘယ်ရှိပါ့မလဲနော်၊ ဆေးရေးပါတိတ်တို့၊ လေဒီရှူးစ်တို့၊ မက်စ်ဖက်တာ၊ အော ခမ်းဆိုးဆေးတို့အတွက် သူတို့မှာ စိတ်ဆင်းရဲရမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်"

ဟု လယ်ကန်သင်းဘောင်ပေါ် တန်းစီလျှောက်သွားကြသည့် ပါးပေါ် သနပ်ခါး ပါးကွက်အပြည့်နှင့် လယ်သူမတွေကို ကြည့်ရင်း ချယ်က သူမ ဒေါ်လေးကို လှမ်းပြောသည်။

"ဒါကတော့ သမီးရယ်. . . သူ့အတွာနဲ့သူပေါ့၊ သူတို့မှာလဲ သူတို့လိုအပ်ချက်နဲ့သူတို့တော့ ရှိနေတာပါပဲ၊ လို တိုင်း ပြည့်စုံနေတဲ့ ဘဝတော့ ဘယ်ရှိပါ့မလဲ၊ သူတို့မှာ ပါတိတ်တို့၊ လေဒီရှူးတို့ မလိုပေမယ့် ဘုရားပွဲမှာ ဆွဲဖို့ ပုတီးတို့၊ အဝတ်အစားတို့ဆိုတာတော့ လိုမှာပေါ့၊ လူဆိုတာ လောဘသားတွေချည်းပဲ၊ မင်း စည်းစိမ်ရနေရင်တောင် စကြဝတေးမင်းတို့၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ ဖြစ်ချင်ကြသေးတာ သမီးရဲ့"

နီနီက ကျောင်းဆရာမပီပီ အကျိုးအကြောင်း ဆက်စပ်လျှော်ညီစွာ ရှင်းပြတော့လည်း ချယ်သည် အလွယ်တကူခေါင်းညိတ်လက်ခံလေသည်။

"အဲဒါ ဟုတ်တယ် နီနီ၊ ချယ် ရုပ်ရှင်မရိုက်ခင်တုန်းက ရုပ်ရှင်မင်းသမီးလဲ မဖြစ်ချင်ဘူး၊ နာမည်လဲ မကြီးချင်ဘူး၊ ခု ဗီဒီယို ရိုက်မိပြီးတော့ ရုပ်ရှင်ကားကြီး ရိုက်ချင်လာတယ်၊ ပရိသတ်လက်ခံတဲ့ မင်းသမီးဖြစ်ချင်လာတယ်၊ ကိုယ် သရုပ်ဆောင်ခဲ့တာတွေကို



ပရိသတ်က လက်ခံပါ့မလား၊ အားပေးပါ့မလားလို့ တွေးပြီး စိုးရိမ်လာတယ်"

သည် စကားက ချယ့်ရင်ကို ခပ်ရှင်းရှင်းမြင်ရစေသည်။

ဒါဟာ သဘာဝတရားတွေပါပဲလေ။

ငြင်းဆန်လို့မရတဲ့ သဘာဝတရားတွေပါပဲ။

တစ်နေ့နေ့မှာ ချယ်ဟာ လှေကားထစ်တွေကို နင်းပြီး ဟိုးအမြင့်ဆုံးကို ရောက်သွားချင်ဦးမှာပါပဲ။ ချယ် မသိအောင်၊ ဘယ်သူမှမသိအောင် သူ ပင့်သက်ခိုးရှိုက်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ကပ်တွေများနေတယ် ချယ်၊ ပြန်ဖျက်ပစ်
စမ်း၊ နှုတ်ခမ်းကို ရဲနေအောင် မဆိုးနဲ့၊ သဘာဝ
အရောင်ထက် နည်းနည်းရင့်ရင် ရပြီ၊ မမစန်း ဆံပင်
ကို ကျစ်ဆံမြီးကျစ်လိုက်ရင် ရပါပြီ၊ ချယ်ဟာ ဒီ ပုပ္ပား
တောင်ခြေမှာ မွေးတဲ့ တောသူကလေး ခင်နှင်းနော်၊
အမေက တိတ်တိတ်ကလေး လာပြီး စွန့်ပစ်သွားတဲ့
မိဘမဲ့ ကလေးနော်. . .

အဲဒါကို ဦးနှောက်ထဲမှာ အမြဲထည့်ထား. . .

မျက်လုံးတွေမှာ အရောင်မဆိုးနဲ့၊ ချယ့်မျက်လုံး
တွေဟာ ရိုးသားပြီး ကြည်လင်နေရမယ်၊ ပြီးတော့
ထက်မြက်စူးရှနေရမယ်၊ အဲဒီလို စာအုပ်ထဲမှာ သရုပ်
ဖော်ထားတဲ့ ဇာတ်ကောင်ခင်နှင်းရဲ့မျက်လုံးတွေ
အတိုင်း ပီပြင်နေရမယ်. . .

ဒီမှာ ကြည့်စမ်း၊ ကိုယ့်ကို ကြည့်စမ်း"

မရမ်းပင်ရိပ် ကွပ်ပျစ်ပေါ်မှာ ထိုင်ပြီး မိတ်ကပ်ဖျက်



ဖို့ ပြင်နေသည့် ချယ်က သူ့ကို လှည့်ကြည့်သည်။ ကြည်လင်နေ
သော မျက်ဝန်းတစ်စုံကို စိမ်းစိမ်းပြာပြာ အရောင်တွေက
အရောင်စွန်းထင်းစေသည်ဟု ထင်ပေမယ့် လှည့်ကြည့်လာ
သော မျက်နှာသည် ပြီးပြည့်စုံစွာလှပနေသည်ပင်။

ဆံပင်တွေအားလုံးကို နဖူးအပေါ်သို့ သိမ်းပြီး ရှင်း
လင်းနေသော မျက်နှာက မြင်နေကျ နုနယ်သန့်စင်သော မျက်
နှာထက်ပိုပြီး ရင့်ကျက်သည့်အသွင်ဆောင်နေပေမယ့် အဲသည်
လို ရင့်ကျက်မှုသည်ပင် သူလိုချင်သည့် ခင်နှင်းဖြစ်နေခဲ့သည်။

ပြီးတော့. . .။

ငွေနှင်းမှုန်. . .။

ကြည့်စမ်း။

သည်အရိပ်ဟာ သူ့ကို ခုချိန်ထိ နှောင့်ယှက်နေတုန်း
ပါပဲ။

သို့ပေမဲ့ မမနှင်းရိုက်ခဲ့ပြီးသည့် ဆင်း(န်)တွေ ကတ်တ်
တွေကို ရန်ကုန်မှာ သူ ကြည့်ခဲ့ရသည်။ ဒါဟာ သူ့စိတ်ကို
အစွဲအလမ်းဖြစ်စေသည့် အကြောင်းအရာတစ်ခုလည်း ဖြစ်နိုင်
သည်။ ချယ်ဟာ ငွေနှင်းမှုန်နှင့် တူရမည်။ အဲသည်အကြောင်း
ပြချက်ကြောင့်ဘဲ ချယ့်ကို သူမ မလိုလားသည့် ရုပ်ရှင်လောက
ထဲ ရောက်အောင် သူ ဆွဲဆောင်ခဲ့တာမဟုတ်လား။

"လေးလေးအောင်"

အမှတ်တမဲ့ သတိလက်လွတ်ဖြစ်သွားခဲ့သည့် သူ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ချယ့်ခေါ်သံကြောင့်သာ ပြန်လည်စုစည်းလိုက်နိုင်သည်။

"အေး အဲဒီမျက်လုံးတွေကို မကြိုက်ဘူး၊ အရောင်တွေကို ဖျက်လိုက်၊ သိမ်ငယ်တာတွေ၊ နာကြည်းတာတွေ အားလုံး ရှိနေရမယ့်မျက်လုံးမှာ အဲဒီအရောင်တွေ မလိုဘူး၊ ပြီးတော့ ချယ် ဒီနေ့ငိုရမယ်နော်"

"လေးလေးအောင်"

"အင်း"

သူက ချယ့်ကိုမျက်မှောင်ကြုတ်ကြည့်မိသည်။

"လေးလေးအောင် မျက်လုံးတွေ နီရဲလို့"

"ဟာ ဒီကောင်မလေး"

"ဒီတစ်ရက်နားလိုက်ပါလား၊ လေးလေးအောင်ရယ်"

"ဟ. . . နားလို့ဖြစ်မှာလား၊ ဒီလောက်လူတွေအများကြီးနဲ့ လုပ်ရတဲ့အလုပ်၊ အချိန်တွေ လုပ်အားတွေ အများကြီးရင်းနှီးထားရတာ၊ ဖျားတာက အလုပ်လုပ်လိုက်ရင် ချွေးထွက်ပြီး ပျောက်သွားမှာ၊ ရုပ်ရှင်ကားကြီးရိုက်တယ်ဆိုတာ ဗီဒီယိုရိုက်သလို အလွယ်လေးများ ထင်နေသလား. . .

ကင်မရာထဲ အရုပ်ထင်ဖို့ နေရောင်ကို စောင့်ရတယ်၊ ကိုယ်လိုချင်တဲ့ အလင်းအမှောင်အနေအထားရဖို့ ချိန်ဆရတယ်၊ ကင်မရာ တစ်နေရာနဲ့တစ်နေရာ



ပြောင်းရ ရွှေ့ရတာတောင် လွယ်တာမဟုတ်ဘူး၊ ဒါကြောင့် ချယ့်ကို အမှားမဖြစ်အောင် ကင်မရာရှေ့မရောက်ခင်မှာ ကြိုပြီး သင်နေတာ ကိုယ့်အလုပ်ကိုပဲ အာရုံစိုက် တခြားကိစ္စတွေ ခေါင်းထဲထည့်မထားနဲ့"

ချယ့်ကို မကြည့်ဖြစ်အောင် သတိထားရင်း ဇာတ်ညွှန်းစာရွက်တွေကိုင်လျက် ဟိုမှသည် ကူးနေရသည်။

"သမီး စိတ်မကောင်းမဖြစ်နဲ့လေ၊ အောင်ကြီးက ဒီလိုပဲ၊ အလုပ်နဲ့ ပတ်သက်ရင် သိပ်လောဘကြီးတာ၊ သမီးကို ဆူတာ မဟုတ်ပါဘူး၊ မျက်လုံးတွေ ရဲလာပြီ မငိုနဲ့ မငိုနဲ့"

မမစန်း ခပ်ကျိတ်ကျိတ် ချော့နေသံကြားရသည်။ သည်လိုဖြစ်ဖို့ သူ တမင် ရည်ရွယ်ခဲ့သည်တော့ မဟုတ်ပါ။ သို့ပေမဲ့ ငိုနေသည့် ချယ့်မျက်ဝန်းတွေအတွက်တော့ ကျေးဇူးတင်သည်။

"ကျော်လေး တို့ ဆင်း(န်)သာဒ်တင်းက ကတ်တတ်ဝမ်းကို အရင်ရိုက်မယ်"

"ဗျာ"

"အလှူပွဲမှာ သူ့ကို နှိမ်ပြောလိုက်လို့ ငိုရင်း ပြေးလာတဲ့အခန်းလေ၊ အဲဒါ အရင်ရိုက်မယ်၊ ထန်းတောထဲမှာ ကင်မရာကို ရွှေ့ထား၊ ငါ အခုပဲ လာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ချယ် မကြားနိုင်သည့် နေရာမှာ ကျော်လေးကို ခပ်တိုးတိုး ပြောရသည်။ ခံစားမှုဆိုတာကို သည်လိုပဲ အသွင်ပြောင်းပြီး မွေးယူရသည်ဆိုတာ ချယ် တစ်နေ့နေ့တော့ သေချာနားလည်လာမှာပါ။



ထန်းပင်များ၏ ရှည်လျားသော အရိပ်များသည် ပတ်ကြားအက်ပြီး သဲပြင် အတိရှိသော မြေပေါ်မှာ မျဉ်းပြိုင်များလိုပင် ညီညီညာညာ ကျရောက်နေ၏။ ထန်းပင်တစ်ပင်နှင့်တစ်ပင် အကွာအဝေးချင်းလည်း တူညီလုနီးပါး ရှိပြီး ရှည်လျားခိုင်မတ်သော ထန်းပင်များစွာသည် အဝန်းအဝိုင်း တစ်နေရာတည်းမှာ စီရီပေါက်ရောက်နေကြသည်ဆိုတော့ အတော်ပင်ကြည့်လို့ကောင်းပါသည်။ ပုပ္ပါးကနေ ညောင်ဦး အသွားလမ်းမှာ သည်ထန်းတောတွေ ရှည်လျားစွာ ရှိသည်။ သူတို့၏ အဓိကရိုက်ကွင်းက ထန်းတောများဖြစ်သည်။ ထန်းပင်များ၏ စိမ်းရင့်ရောင် ကြမ်းရှပြန့်ကားသော အလက်တွေကြားထဲမှာ အခိုင်လိုက် အပြွတ်လိုက် ထန်းသီးခိုင်တွေ၊ မြူအိုးလေးတွေ ပြီးတော့ ထန်းပင်အဖျားဆီက ဝါးလှေကားလေးတွေ အားလုံးသည် ဒေသ၏ သဘာဝ သရုပ်သကန် ဖြစ်သည်။ နေ့လယ်ခင်း နေပြင်းပြင်းအောက်မှာ ပင်ပန်းခဲ့ကြသည့် သူတို့အတွက် ထန်းပင်ရိပ်တွေက ဘယ်လိုမှ ထိထိရောက်ရောက် အသားအကွယ်

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ပါ။ ထို့ကြောင့် သူတို့ ထန်းလျက်ထန်းရည်ရောင်းသည့် တဲအရိပ်မှာ ခဏနားခိုကြရသည်။ ထန်းပင်တွေကြား ငိုယိုပြေးလွှားခဲ့ရသည့် ချယ်ကတော့ စကားတိတ်ဆိတ်လျက် နွမ်းလျနေခဲ့၏။

ခပ်စောစောက ခင်နှင်းကို သူ ပြန်မြင်နေရသည်။ ခင်နှင်းသည် ဗလာခြေထောက်ဖြင့် ထန်းပင်တွေကြားထဲ ဖြတ်သန်းလျက် မရပ်မနား ပြေးလွှားလာခဲ့သည်။ ခြစ်ခြစ်တောက်ပူနေသော နေအရှိန်ဖြင့် မီးအပူဟပ်သလို ပူပြင်းလှသည့် သဲပြင်ပေါ်မှာ ပြေးလာသည့် ခင်နှင်း၏ မျက်နှာတစ်ပြင်လုံး နီရဲလျက် နဖူးပြင်နှင့် နားထင်အစပ်တွေဆီက ချွေးတွေ စီးကျနေခဲ့သည်။ ထို့အတူ နီရဲနေသော မျက်ဝန်းအိမ်တွေထဲမှာလည်း မျက်ရည်တွေ ပြည့်လျှံလျက် နေရောင်အောက်မှာ မျက်ရည်စက်တွေက ,တောက်ပနေခဲ့သည်။ သိမ်ငယ်ရှက်ရွံ့သော ဝမ်းနည်းသော၊ ခံပြင်းသော ခံစားမှုပေါင်းစုံလျက် ရှင်သန်ရုပ်လုံးကြွနေသည့် ခင်နှင်းကို သူ အားရကျေနပ်စွာ မြင်ခဲ့ရသည်။ ထန်းပင်၏ ပင်စည်ကို ဖက်တွယ်လျက် မချိတင်ကဲ ငိုပစ်လိုက်သည့် ခင်နှင်းကို ကြည့်နေရင်း သူ မျက်ရည်ဝဲခဲ့ရသည်။ ပြီးတော့ ကျေနပ်ရသည်။ ကြည်နူးရသည်။

"ကတ်တ်"

ဟု အော်လိုက်သည့် အသံသည် ဝမ်းသာလှိုက်လှဲမှုအပြည့်နှင့် ဖြစ်နေခဲ့၏။ နီနီက ချယ့်ကို ပြေးပွေ့လိုက်သည့်



အခါ ချယ်သည် နီနီ့ရင်ခွင်ထဲမှာ အော်ဟစ်ငိုပစ်ပြီးမှ သူမကိုယ် သူမ ပြန်ပြီး ထိန်းသိမ်းနိုင်ခဲ့သည်။

"လုပ်ချက်တွေကတော့ ပီပြင်သလားမမေးနဲ့"

"အေးပါ နင်တို့က ပီပြင်နေ၊ ဒီမှာ ငါ့တူမ အသက်ထွက်တော့မယ်"

"ဟာ. . . နီနီ အဲဒါ အတ်တ်လေ၊ အနုပညာ၊ အနုပညာ၊ ဂုဏ်ယူစမ်းပါ နီနီရဲ့၊ ဒီလိုအက်ရှင်မျိုး လုပ်နိုင်ဖို့ဆိုတာ မလွယ်ဘူး၊ ဒီလို Mood မျိုးရဖို့ ဆိုတာလဲ မလွယ်ဘူး၊ နီနီ့ တူမ ငယ်ငယ်လေးနဲ့ အကယ်ဒမီရမှာ"

"တော်ပါ တော်ပါ မင်းသမီးဖြင့် မဖြစ်သေးဘူး၊ အကယ်ဒမီ မှန်းနေပြန်ပြီ"

"ဘာဖြစ်လဲ၊ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ"

သည်လို စကားသံတွေကို လူတိုင်း ပါးစပ်ဖျား မှာ ကြားနေရသည်။ ချယ်သည် ချီးမွမ်းသံများကြားမှာ နွမ်းဖတ်လျော့လျဲသော အပြုံးဖြင့် တိတ်ဆိတ်နေခဲ့ပြီး ဟိုးအဝေးကြီးမှာ မြင်နေရသော ပုပ္ပါးတောင်မကြီးနှင့် တောင်ကလပ်ဆီ ငေးမောနေရှာသည်။

ကင်မရာမင်း(န်)ဦးချစ်က သူ့ပခုံးကို ဖြတ်ခနဲ ပွတ်လိုက်ရင်း. . .။

"မင်း ကောင်မလေး သိပ်တော်တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အားရပါးရ ချီးမွမ်းနေတော့ သူ့ရင်ထဲ ရေလှိုင်းတွေ တဝုန်းဝုန်း လာရိုက်နေသလိုပင် ခုန်လှုပ်ပေါက်ကွဲနေခဲ့သည်။

ချယ့်ကို ကျေးဇူးတင်စကားတော့ ဆိုရပါဦးမည်။



ချယ်က သူ့ကို ခပ်စိမ်းစိမ်း ကြည့်လျက်. . .။

"လေးလေး ကျေနပ်တယ် မဟုတ်လား"

ဟု အေးစက်စက်ပြောသည်။ သူ အရုပ်တစ်ရုပ်လို တောင့်တင်းမှင်သက်သွားခဲ့ပြီး မိနစ်အတော်ကြာအောင် ကြောင်အမ်းတိတ်ဆိတ်သွားခဲ့ပါသည်။ ချယ် သည်လိုအပြောမျိုး၊ သည်လိုအကြည့်မျိုးကို ကြိုတင်မျှော်လင့်မထားမိတာကြောင့်လည်းဖြစ်မည်။ သို့ပေမဲ့ သူ့ရင်ထဲ တစ်စုံတစ်ခု အရှိန်ပြင်းပြင်း လာရိုက်သလို နာကျင်သွားခဲ့သည်။ သူတို့အနားမှာ မိတ်ကပ်သမားတွေ ဆိုက်ပတ်တ်တွေတချို့နှင့် မင်းသား၏ အဖွဲ့တွေ ရှိနေသည်မို့ သူ့နာကျင်မှုကို သူ အရေးတယူ ခံစားနေဖို့ အချိန်မပေးနိုင်ခဲ့ပါ။

"ကျေနပ်တာပေါ့၊ သိပ်ကျေနပ်တာပေါ့"

"မင်းသမီး စိတ်ကောက်နေတယ်ဟေ့"

မမစန်းက မျက်နှာကို ခပ်ပင့်ပင့်နှင့် ရယ်ရယ်မောမော ဝင်ပြောပါသည်။ သို့ပေမဲ့ ချယ် နှုတ်ခမ်းတွေကတော့ နည်းနည်းလေးမျှပင် ပြုံးဖော်မရပါ။

"နင်က ငါ့ကလေးကို ဒီလောက်နေပူထဲ မြေခိုင်း

www.burmeseclassic.com

www.burmeseclassic.com



တာကိုး အောင်ကြီးရဲ့၊ ပြီးတော့ ငိုလဲငိုခိုင်းသေးတယ်"

မမစန်းက လှမ်းဖက်လိုက်သည့်အခါ ချယ်သည် မမစန်း ရင်ခွင်ထဲမှာ အလိုက်သင့် မျက်နှာဝှက်ထားလိုက်ရင်း. . .။

"ချယ် စိတ်မကောက်တတ်ပါဘူး"

ဟု ခပ်တိုးတိုးပြောသည်။ ချယ့်ရင်ထဲမှာ ကျန်နေသည့် စကားကို သိနေပေမယ့် သူ နာကျင်စွာ ဥပေက္ခာပြုလိုက်ရပါသည်။ ချယ်နှင့် အောင်ထက်သည် မိုးကောင်းကင်နှင့် မြေကြီး မဟုတ်ပါ။ ချယ်နှင့်အောင်ထက်သည် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း မဟုတ်ပါ။ သို့ပေမဲ့ ချယ်နှင့်သူသည် နံရံ ခပ်ပါးပါး တစ်ချပ်၏ ဟိုဘက်သည်ဘက်မှာ ကျောချင်းကပ်နေကြသူတွေဖြစ်သည်။ ချယ်နှင့်နီးကပ်ဖို့ ကြိုးစားတိုင်း သူ့ ကျောပြင်သည် နံရံကိုသာ တွေ့ထိနေမိ၏။

"ကဲ. . . ထန်းတောထဲက ကတ်တ်တွေ အကုန်ပြီးအောင် ရိုက်မယ်ဟေ့၊ ကင်မရာရွှေ့၊ တောင်မကြီးနဲ့ တောင်ကလပ်ကို ဒီကနေ Zoom နဲ့ လှမ်းဆွဲ၊ ကိုဖိုးတာ တို့အဖွဲ့ အဝတ်အစားလဲထားမယ်နော်၊ ပြီးရင် ကျွန်တော့်ဆီက ဒိုင်ယာလော့ လာယူ"

ချယ့်ကို သူ လှည့်မကြည့်ဖြစ်တော့ပါ။



ခန္ဓာကိုယ်ထဲ တရှိန်းရှိန်း ပူပြင်းပြီး နှုတ်ခမ်းတွေ ခြောက်သွေ့အက်ကွဲ၊ လျှာတွေထူထဲလေးလံနေပြီး ဦးနှောက် အသိတွေ ထိုင်းမှိုင်းမျောလွင့်သွားရလောက်အောင် အဖျားတက်ခြင်းမျိုးကို သူ တစ်ကြိမ်သာ ကြုံဖူးပါသည်။ သတိလစ် မတတ်ဆိုသည့် အနေအထားမျိုးရောက်သွားသည်လားဆိုတာ ကိုယ်တိုင်လည်းမသိ။ သူသည် ကြိုးတန်းပေါ် မတ်တတ်ရပ်ဖို့ လမ်းလျှောက်ဖို့ ကြိုးစားနေ၏။ ဟင်းလင်းပြင်ထဲမှာ ခပ်ပါးပါး နဲ့ တရွေ့ရွေ့ သွားနေသည့် တိမ်မျှင်တွေနောက် ပြေးလိုက်ရင်း မောပန်းနေခဲ့သည်။ ပြီးတော့ မှောင်ပိန်းနေသော ဂူတစ်ခုထဲ ရောက်သွားပြန်သည်။ ဂူထဲက လမ်းစကိုရှာရင်း ထွက်ပေါက်ကို မတွေ့ဘဲ တဖြည်းဖြည်း ပိုပြီး သိပ်သည်းမှောင်မိုက်လာသည်။ အသက်ရှူတွေ ကျပ်လာသည်။ ရေငတ်လာသည်။

ဟော. . .။

အလင်းရောင်တွေ့ပြီ။

"သမီးပြောသားပဲ လေးအောင်က သိပ်ပေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်တရွတ်လုပ်ချင်တယ်၊ ရာသီဒီလောက်ပြင်းတာ ဘယ်ခံနိုင်မှာလဲ"

"ဆရာဝန်ခေါ်ထားပါတယ်"

ချယ်...။

ဟိုးမျက်နှာပြင်အမြင့်ကြီးဆီက လွင့်ပါးကျရောက်လာသော အလင်းရောင်မှာ ချယ်သည် နတ်သမီးလေးတစ်ပါးလို လွင့်ကျပြီး သူ့ရင်ခွင်ထဲ ရောက်လာ၏။

"ချယ်... ချယ်..."

နှုတ်ခမ်းတွေက မွတ်သိပ်စွာ တမ်းတမိသည်။ ချယ့်အသံကို နားထဲမှာ ကြားနေရသည်။ ချယ့်ကို ရင်ခွင်ထဲမှာ ခပ်တင်းတင်း ဖက်ထားမိသည်။

"ပန်းပျိုးသူပဲဖြစ်ချင်တယ်၊ ပန်းခြွေသူ မဖြစ်ချင်ဘူးဆို"

အို...။

ဘယ်သူ့အသံပါလိမ့်။

နှုတ်ခမ်းတွေ ချက်ချင်းအေးစက်သွားသည်။ ရင်ခွင်ထဲက မျက်နှာကို ငုံ့ကြည့်လိုက်တော့ မမနှင်း...။

ဟင်အင်း မဟုတ်ဘူး မမနှင်း မဟုတ်ဘူး။

"ချယ်ရီ လေးဟာ ငါ့သမီးနော်"

မဟုတ်ဘူး...။

ကျွန်တော် ပွေ့ထားချင်တာ မမနှင်းမဟုတ်ဘူး။



"လေးလေးအောင်"

ခေါ်သံ သဲ့သဲ့လေး...။

အဝေးကြီးကလို ကြားသည်။

နဖူးပြင်ပေါ် အေးစက်သော အတွေ့က အိပ်မက်မှ သူ့ကို ဖျတ်ခနဲ နိုးစေသည်။ ထိတ်ခနဲ ရင်ခုန်နှုန်းတွေ မြန်လာသည်။ ကျောက်ဆစ်သားလို အသက်မဲ့သော မျက်နှာတစ်ခုကို အာရုံထဲမှာ ဖျောက်မရ။ မျက်လုံးတွေကို ဖွင့်ရမည်။ မျက်ခွံတွေက လေးလံလွန်းလိုက်တာ။

"လေးလေးအောင် အိပ်မက်မက်နေတာလား"

လေးပင်လှသော မျက်ခွံတွေကို ပင့်မကြည့်ဖို့ ကြိုးစားရသည်။

"ကိုကျော်လေး ဆရာဝန်သွားပင့်တယ် လေးလေးအောင်"

ဟုတ်ပါတယ်။

ဒါ ချယ့်အသံပဲ။

မျက်လုံးတွေကို ဖွင့်လိုက်တော့ နံရံက မီးချောင်းအလင်းရောင်အောက်မှာ ဝါဖျော့ဖျော့ အင်္ကျီတေနံရဲ့ အောက်နားက စားပွဲပုနှင့် ဆက်တီထိုင်ခုံ နှစ်လုံး၊ စားပွဲပေါ်က ဆေးလိပ်ခွက်၊ သည်ဘက်မှာ ခန်းစီးအပြည့်နှင့် မှန်ပြတင်းပေါက်။

တော်တော်ညဥ့်နက်နေပြီလား။

ဒါမှမဟုတ် မိုးလင်းခါနီးပြီလား။

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိသည့် အချိန်ကတည်းက မွှေးပျံ့နေသော ခပ်သင်းသင်းရနံ့တစ်ခုနှင့်အတူ သူ့နံဘေးက မိတ်ကပ်ရောင်မရှိဘဲ ပကတိ ရှင်းသန့်ကြည်လင်နေသော မျက်နှာတစ်ခုကို မြင်လိုက်ရသည့်အခါ စောစောက မောပန်းထိတ်လန့်မှုတွေ အားလုံး ဖျတ်ခနဲ လွင့်စင်သွားသည်။

"ချယ်"

ချယ့်လက်ချောင်းတွေက သူ့နဖူးပေါ်မှာ။

"ဘယ်လိုနေသေးလဲ လေးလေးအောင်"

"ကျော်လေး ရော"

"ကိုကျော်လေး ဆရာဝန်ထွက်ရှာတယ်"

"ဒီအချိန်ကြီး"

"ဒီအချိန်ကြီးပေါ့၊ လေးလေးက အဖျားတွေတက်ပြီး ကယောင်ကတမ်း ဖြစ်နေတာကိုး"

"ချယ် တစ်ယောက်တည်းလား"

"အင်း ဟင်"

"ချယ်က ဘယ်လိုလုပ်ပြီး ဒီရောက်နေတာလဲ၊ ခု ဘယ်နှစ်နာရီရှိပြီလဲ"

"ည နှစ်ချက်ထိုးနေပြီ"

"ဟာ..."

ချယ်က နှုတ်ခမ်းထောင့်စွန်းတွေ ကွေးသည်ဆိုရုံမျှ ပြုံးသည်။ သူ့နဖူးပေါ်က ရေခဲဝတ်ကိုလဲပြီး နောက်ထပ်



အသစ်တစ်ခု ကပ်ထားပေးသည်။ မျက်နှာသုတ်ပဝါသေးသေးကို ရေညှစ်ပြီး မေးအောက်ထဲ ထည့်ပေးသည်။ ဆက်တိုက်လှုပ်ရှားနေသည့် ချယ့်လက်ချောင်းကလေးများ၏ အတွေ့က နူးညံ့လျက် အဖျားသွေးကြောင့် တုထိတ်ထိတ်ခုန်နေသော နှလုံးခုန်သံတွေကိုပင် ထိန်းချုပ်နိုင်စွမ်းသည်။ မီးရောင်အောက်မှာ ကြည်လင်သောချယ့်ပါးပြင်အရေပြားအောက်က သွေးကြောကလေးတွေကိုပင် နီးနီးကပ်ကပ်ကပ်မြင်နိုင်၏။ ရေခဲဝတ် လဲလှပ်ဖို့ သူ့မျက်နှာပေါ် မိုးလိုက်သော ချယ့်လက်ဖဝါး၊ လက်ဖမိုး၊ လက်ဖျံကလေးတွေကို သူ တပ်မက်စွာစိုက်ကြည့်နေမိသည်။

"ချယ်က ဖိုက်လဲဖိုက်၊ ရေလဲဝတ်လို့ နိုးလာတာ၊ ဟိုဘက်ခန်းက ဦးဖိုးတာကြီးတို့ကို ကိုကျော်လေးနှိုးနေသံကြားလို့ တံခါးဖွင့်ပြီးမေးတော့ လေးလေးအဖျားတက်နေလို့တဲ့၊ အဲဒါနဲ့ နီနီ့ကိုတောင် မနှိုးသေးဘဲ အရင်လာကြည့်တာ၊ ဒီရောက်တော့ လေးလေး တစ်ကိုယ်လုံး မီးခဲကျနေတာပဲ၊ ကိုကျော်လေးကို ရေခဲယူခိုင်းပြီး ရေခဲပတ်တင်ပေးနေတာ၊ ကိုကျော်လေးကို ကားနဲ့ ဆရာဝန် ပတ်ရှာခိုင်းလိုက်တယ်၊ နီနီ့ကို နှိုးဖို့တောင် မနှိုးဖြစ်သေးဘူး၊ ဦးဖိုးတာကြီးတို့ကတော့ မနိုးကြဘူးလေ၊ ဒီအချိန် သူတို့ဆင်နှင်းလို့တောင် နိုးမှာမဟုတ်ဘူး"

"ချယ် ပြန်တော့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နဖူးပေါ်က လက်ကို ဆတ်ခနဲ ရုပ်လျက် ချယ်က သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်သည်။

"ကိုယ် သက်သာလာပါပြီ ချယ် ပြန်အိပ်တော့"

"လေးလေး"

"ဒီအချိန်ကြီး ချယ့်ကို သူများတွေက..."

"လေးလေးအောင်"

ချယ့်နှုတ်ခမ်းလွှာလေးတွေ ဆတ်ခနဲ တုန်သွားသည်။ ချယ့်မျက်ဝန်းတွေ ချက်ချင်းပင် စွတ်စိုလာခဲ့ပြီး သူ့ကိုကြည့်နေသော အကြည့်တွေက နာကျင်ရိပ်တွေ စွန်းထင်းနေခဲ့၏။ မျက်ခွံတွေ ယောင်ယမ်းပိတ်ပစ်လိုက်မိသည်။

တကယ်တော့...။

တကယ်တော့ လှုပ်ခတ်နေတဲ့ စိတ်တွေကို ကိုယ်တိုင်တည်ငြိမ်အောင် ကြိုးစားမရခဲ့တာ မဟုတ်ဘူးလား။

သည့်ထက်ပိုပြီး ချယ့်အနားမှာ တမ်းမက်စိတ်တွေ၊ တွယ်တာစိတ်တွေနဲ့ ပြည့်သိပ်နေသည့် ကိုယ့်ကိုယ်ကို စိတ်မချနိုင်တာ မဟုတ်ဘူးလား။

"လေးအောင် ဒီလောက် ကိုယ်တွေပူနေတာကို ချယ်က တစ်ယောက်တည်း ထားပစ်ခဲ့ရမယ်ပေါ့၊ လေးအောင် ဘာဖြစ်လို့ ဒီလောက် သတ္တိကြောင် ရတာလဲ"



"မဟုတ်ဘူးလေ"

"ဟုတ်ပါတယ် လေးလေးအောင်ရဲ့ ချယ့်သိက္ခာကို စော်ကားသလို ဖြစ်နေတယ်ဆိုတာ လေးလေးအောင် နားမလည်ဘူးလား"

"ကိုယ် အဲဒီသဘောနဲ့ ပြောတာမဟုတ်ဘူး ချယ်၊ ကိုယ့်စေတနာကို ချယ် နားလည်ပေးပါ"

သူမက နှုတ်ခမ်းလွှာနှစ်ခုကို ဖိထားလျက် မျက်လွှာတွေ သိမ်းလျက် ခေါင်းကို ငုံ့လျက်ခပ်ဖြည်းဖြည်း ခေါင်းယမ်းနေလေသည်။ သူ့စကားကို ငြင်းပယ်သော မလိုလားသော အမိပ္ပာယ်မျိုးမဟုတ်ပါ၊ စိတ်ပျက်စွာ၊ ပြီးတော့ ဝမ်းနည်းစွာ ခေါင်းယမ်းနေခြင်းသာဖြစ်သည်။ ချယ့်ကို သူ မကြာခဏ ဝမ်းနည်းထိခိုက်အောင် လုပ်မိလေသည်လား။ ကိုယ့်ကိုယ်ကို မတွေးတတ်ပါ။

ချယ့်မျက်လွှာတွေ ပြန်ပင့်သောအခါ ချယ့်မျက်ဝန်းထဲမှာ တောက်ပသော မျက်ရည်စတွေကို မြင်ရသည်။ ညအမှောင်ထဲက ခပ်ပါးပါး အလင်းရောင်အောက်မှာ ထင်းရှူးပင်ထက်က လွင့်ကျသွားသော နှင်းစက်ကလေးကို မြင်လိုက်ရသလိုပင် ပါးပြင်ထက် လွင့်ကျသွားသော ချယ့်မျက်ရည်တစ်ပွင့်ကို လက်ခနဲ မြင်ရသည့်အခါ သူ့ရင်ထဲက နှလုံးသားသည် အသံခပ်တိုးတိုးဖြင့် အက်ကွဲသွားခဲ့ရလေသည်။

ကလေးရယ်...။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို နားလည်ပါ။

"နားလည်တာပေါ့၊ သိပ်နားလည်တာပေါ့၊ ချယ်ဟာ လေးလေးကို နားလည်ဖို့ အမြဲ ကြိုးစားနေခဲ့တယ်ဆိုတာ လေးလေးအောင် မသိဘူးမဟုတ်လား၊ လေးလေးဟာ လေးလေးဖန်တီးချင်တဲ့ အနုပညာတစ်ခု အောင်မြင်ဖို့ဆိုတာကလွဲပြီး ဘာကိုမှ မသိဘူး၊ ဘာကိုမှ မမြင်ဘူး၊ ဘာမှလဲ စိတ်မဝင်စားဘူး"

"မဟုတ်ဘူး ချယ်"

သူ့လည်ချောင်းတွေ သွေ့ခြောက်သည်ထက် သွေ့ခြောက်လာနေခဲ့သည်။ ချယ့်စကားတွေက နာကျင်စေသည် မှန်ပေမယ့် သူ ဘာကြောင့် ငြင်းပယ်ရမည်လဲ။ သူ့ရင်ထဲ မြင်တတ်ဖို့ မလိုအပ်ပါ။ ချယ် မမြင်စေရပါဘူးလေ။

မေးကြောတွေကို ညှစ်ပြီး အံကြိတ်ထားမိသည်။ ချယ့်စကားတွေကို မတုံ့ပြန်ရဘူးဟု ကိုယ့်ကိုယ်ကို တင်းတင်းကျပ်ကျပ် တားမြစ်နေခဲ့သည်။ ဂါထာမန္တာန်တစ်ခု ရွတ်သလို မဖြေရှင်းရဘူးဟု တတွတ်တွတ် စိတ်ထဲက ရေရွတ်နေခဲ့သည်။ သည်တော့ ခန္ဓာကိုယ်က ပိုပြီး ပူလှိုက်လာသည် ထင်ရ၏။ ချယ်က မျက်ရည်စတွေကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်သည်။ စိုစွတ်နေသော မျက်တောင်များကြောင့်ပင် မျက်နှာက ပိုပြီး ပြည့်စုံလှပနေခဲ့သည်။

"ချယ်"



ခပ်တိုးတိုးခေါ်လိုက်သည့်အခါ ချယ့်ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ရင်သွားခဲ့ပါသည်။ ကျစ်လျစ်သေးသွယ်သည့် ကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုစိတ်တွေကို ထိန်းချုပ်ထားရင်း ချယ့်ကို နှစ်သိမ့်ဖို့ ကြိုးစားရသည်က နာကျင်ဖွယ် ကောင်းလှပါသည်။ သူတို့နှစ်ဦးသားကြားက နံရံသည် တစ်နေ့နေ့မှာတော့ ပြိုပျက်ယိုင်လဲသွားကောင်းပါရဲ့။ ဒါမှမဟုတ်လည်း တံခါးပေါက်ကလေးတစ်ခု . . ။

"ရုပ်ရှင်လောကဆိုတာ ဖြေရှင်းဖို့ မတတ်နိုင်တဲ့ ခေါင်းစဉ်တွေ၊ ပြဿနာတွေ၊ မေးခွန်းတွေနဲ့ အမြဲပြည့်နှက်နေခဲ့တာ၊ ပရိသတ်နဲ့ အာရုံစူးစိုက်မှု အများဆုံးကို တို့ရုပ်ရှင်သမားတွေက ရတယ်၊ အဲဒီလိုပဲ ပရိသတ်ရဲ့ အဝေဖန်ခံရတာလဲ အများဆုံးပဲ၊ ဒါတွေကို ချယ်လဲ သိမှာပါ"

"ဖျားနေတဲ့ကြားထဲက ဒီလောက် စကားတွေ အများကြီး ပြောနိုင်သေးလား"

ဟု ချယ်က သူ့ကို ရွဲ့စောင်းလျက် ပြောသည်။

"အခုဆို ချယ်ဟာ ပရိသတ်သိတဲ့ မင်းသမီးဖြစ်နေပြီ၊ ချယ့်အတွက် ပွဲဦးထွက် ဗီဒီယိုနှစ်ကားနဲ့တင် ချယ်ဟာ ဒီလောကထဲက ကြယ်တစ်ပွင့်ဖြစ်နေပြီ၊ ချယ့်ကို ပရိသတ်က စိတ်ဝင်စားနေတဲ့ အချိန်မှာ မလိုသူတွေ ပုံကြီးချဲ့ပြောမယ့် အများသေးသေးလေး

www.burmeseclassic.com

www.burmeseclassic.com



တောင် မမှားစေရဘူး"

သူ့နဖူးပေါ်က ရေခဲဝတ်ကို ချယ်က အသစ်လဲလှယ်ပေးနေပေမယ့် ချယ့်မျက်ဝန်းတွေ စောစောကလို ရှင်သန်မှု မရှိတော့ပါ။ ချယ်သည် အရုပ်တစ်ရုပ်သာဖြစ်နေပြီး ချယ့်မျက်လုံးတွေထဲ ဘယ်လိုခံစားမှုမှ မရှိ။ သူ့လည်ချောင်းတွေထဲ သွေးခြောက်လျက် အလွန်အမင်း ရေငတ်နေခဲ့ပေမယ့် သည်လို စကားပြောခွင့်၊ သည်လို ရှင်းပြခွင့်ကို သူ မျှော်လင့်နေရတာ အချိန်တွေ ကြာခဲ့ပြီ။

"အောင်မြင်တဲ့ မင်းသမီးတစ်လက်ဖြစ်ဖို့ ဘဝနဲ့ ရင်းခဲ့ရတယ်လို့ ချယ် ကြားဖူးခဲ့တဲ့ မိန်းမတွေလို ချယ့်ကိုသတ်မှတ်မခံရစေချင်ဘူး၊ ချယ်ကြားခဲ့တာတွေဟာ မှန်ချင်လဲမှန်မယ်၊ မှားချင်လဲ မှားမယ်၊ ဒါပေမဲ့ အဲဒီကဏ္ဍတွေဟာ ချယ်နဲ့ မဆိုင်ဘူး. . .

ချယ်ဟာ ရိုးသားတဲ့၊ သန့်စင်တဲ့၊ နုပျိုမှုတွေနဲ့ အအောင်မြင်ဆုံး အနုပညာရှင်တစ်ယောက်ဘဝကို ရစေရမယ်၊ ချယ့်ရဲ့ အဲဒီဂုဏ်ဒြပ်လေးကို ဘယ်သူမှ မဖျက်ဆီးစေရဘူး၊ ချယ့်ဖေဖေကို ကိုယ် ကတိပေးခဲ့တယ်၊ ချယ်ဟာ ငွေနှင်းမှုန် မဖြစ်စေရဘူး"

သူ့နဖူးပေါ်က ချယ့်လက်ဖမိုးလေးကို အသာအုပ်မိုးယူပြီး ခပ်ဖြည်းဖြည်း ဖယ်လိုက်သည်။ နူးညံ့နွေးထွေးလှသည့် အဲသည်လက်ဖဝါးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ထားချင်မိသည်



ဆိုတာ ကိုယ့်ကိုယ်ကို မကွယ်ဝှက်ဘဲ ဝန်ခံနိုင်ပါသည်။

သို့ပေမဲ့ အောင်ထက်သည် အများက သတ်မှတ်ထားခဲ့သလိုပင် တယူသန်သော စိတ်အစွဲတစ်ခုဖြင့် ရှုးသွပ်တတ်သူဖြစ်သည်။

ချယ်ဟာ တစ်နေ့နေ့မှာ သူမ သဘောဆန္ဒ အလျောက်လွတ်လပ်စွာ ရွေးချယ်ခွင့်ကို ပိုင်ပိုင်နိုင်နိုင် ရရှိလိမ့်ဦးမည်။

အဲသည်အခါ ချယ် ပန်းကုံးစွပ်မည့် ခုနစ်ပြည်ထောင်မင်းသားတွေထဲ အောင်ထက်သည် အသုရာအိုကြီးမဖြစ်ဘူးဟု မပြောနိုင်ပါ။ သည်လိုစိတ်ကူးလျှင် ရယ်စရာကောင်းမည်လား။ ဘယ်သူမှ စကားတင်းမဆိုနိုင်မည့် ကြီးကျယ်ခမ်းနားသည့် လက်ထပ်ပွဲသဘင်ကြီးအလယ်မှာ သူဟာ ချယ့် သတို့သား ဖြစ်ချင်ဖြစ်နိုင်သည်မဟုတ်လား။ အဲသည်လို အခွင့်အရေးကို နှစ်ဘယ်လောက်ကြာကြာ သူ စောင့်နေနိုင်ပါသည်။

ခုတော့ဖြင့်. . .။

ချယ်ဟာ နာမည်ကြီးဖို့၊ အောင်မြင်ကျော်ကြားဖို့၊ မင်းသမီးဖြစ်ဖို့ ဒါရိုက်တာထံမှာ ပုံအပ်လိုက်ရသည့် ရုပ်ရှင်ရှူးမလေးလို့ ပုံကြီးချဲ့ ကင်ပွန်းတပ်ခံရသည်မျိုးကို သူ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။

"ချယ်. . . ကိုယ်ပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

"ချယ် ပြန်မှာပါ၊ ဒါပေမဲ့ နီနီ့ကို နှုတ်ဆက်ပြီး ချယ် ပြန်လာခဲ့မယ်၊ လေးလေးအဖျားမကျမချင်း ချယ် အိပ်ပျော်မှာမဟုတ်ဘူး"

ချယ့်စကားသံက ပြတ်သားမှုအပြည့်ဖြစ်သည်။ မချင့်မရဲဖြစ်လာပြီး ချယ့်ခါးကျဉ်ကျဉ်လေးကို သိမ်းဖက်လိုက်မိတော့မလို ဆန္ဒတွေ အိပ်မက်တွေထဲမှာ ဝေ့ဝဲလျက် တကယ်တမ်းကျတော့ လက်ချောင်းတွေထဲ အင်အားတွေ ဆုတ်ယုတ်နေခဲ့သည်။

"ချယ်က သိပ်ခေါင်းမာတာပဲ"

"ချယ် ခေါင်းမာတာ မဟုတ်ပါဘူး လေးလေးအောင်၊ ချယ် အနုပညာကို ချစ်ပါတယ်၊ အနုပညာသမားစစ်စစ်တစ်ယောက်လဲ ဖြစ်ချင်ပါတယ်၊ ဒါပေမဲ့ အောင်မြင်ကျော်ကြားမှုအတွက် ကိုယ့်ကိုယ်ကို အကျဉ်းချမထားနိုင်ဘူး၊ ချယ်ဟာ ကျော်ကြားမှုအတွက် ဘဝကို အနစ်မွန်းခံမယ့် မိန်းမမျိုးမဟုတ်ဘူး၊ အဲလိုပဲ ကျော်ကြားမှုအတွက် ကိုယ့်နှလုံးသားကို ဘောင်ခတ်ကြိုးတုပ်ထားမယ့် မိန်းမမျိုးလဲ မဟုတ်ဘူး၊ ချယ်ကတော့ အမှန်တရားဆိုတာကို တန်ဖိုးထားသင့်တယ်လို့ထင်တယ်၊ လေးလေးအောင် ချယ် ဘယ်တော့မှ ကိုယ့်ကိုယ်ကို မညာဘူး"

သူ့နံဘေးက ဆတ်ခနဲထသွားသည့် သူမကို သူ မတား



ဆီးလိုက်နိုင်ပါ။

"ချယ် ပြန်လာခဲ့မယ်"

ချပ်ခနဲ တံခါးပိတ်သွားသံ ကြားရသည်။ စိတ်ရောကိုယ်ပါ နုံးချည့်ပင်ပန်းသွားခဲ့ပြီး အိပ်ရာပေါ် ပုံကျနေရသည်ကိုပင် လေးလံလှသည်ဟု ထင်နေမိ၏။

"ချယ် ဘယ်တော့မှ ကိုယ့်ကိုယ်ကို မညာဘူး"

အေးစက်စက် စကားသံသည် ဓားသွားတစ်ခုလို ရင်ထဲမှာ လှည့်ပတ်မွှေနှောက်နေခဲ့၏။ သူဟာ တကယ်ပဲ သတ္တိနည်းသူလား။

မဟုတ်ဘူး။

ကိုယ့်ဘက်မှာလည်း ကိုယ်တစ်ယောက်သာ နားလည်တဲ့ အမှန်တရားဆိုတာ ရှိပါတယ် ချယ်။

ကိုယ်ပျိုးခဲ့တဲ့ပန်းကို အပင်မှာပဲ နွမ်းရော်သွေ့ခြောက်စေဦးတော့။ မခူးချင်၊ မခူးရက်ဘူးဆိုတာ ဥယျာဉ်မှူးတိုင်းရဲ့ ရင်ထဲကဆန္ဒပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပုံဂံ၊ ညောင်ဦးခရီးစဉ်သည် သူတို့ ရှုတင်ရက်တွေထဲမှာ မပါဝင်ခဲ့။ ပုပ္ပါးကို ကျော်ပြီးလျှင် ညောင်ဦးကို နီးနေပြီမို့သာ ပုဂံကို ဆက်လာခဲ့ကြသည်။ ပုဂံ၊ ညောင်ဦး တစ်ဝိုက် ရှုခင်းတွေကို ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်ထားပြီး လိုအပ်သည့်အခါ ကွန်ပျူတာအသုံးပြုဖန်တီးချက်တွေ ပြုလုပ်ဖို့ ရည်ရွယ်ချက်လည်းပါသည်။ ရန်ကုန်မှာ ဆက်တိုက် အလုပ် လုပ်ရမည့် နေ့ရက်တွေအတွက် ခေတ္တအနားယူသည့် အစီအစဉ်လည်း ဖြစ်သည်။ စက်အဖွဲ့တွေ တချို့ဇာတ်ရုံတွေ ပြန်သွားကြပြီး 'မြစ်သစ်နဒီ'ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့တွေသာ သူတို့နှင့်အတူ ကျန်ခဲ့သည်။ ပန်းကြွေညသည် ရန်ကုန်မှာ မင်းသားနှင့် ညှိရမည့် ဇာတ်ဝင်ခန်းတချို့ပြီးလျှင် အရေးကြီးဆုံး ဇာတ်သိမ်းပိုင်းသာ ကျန်သည်။

'ပန်းကြွေည'သာပြီးလျှင်တော့ ချယ်သည် တန်းဝင်မင်းသမီးတစ်လက်ဖြစ်နိုင်ပြီ။ ထို့ထက်ပိုပြီးလျှင် မျှော်လင့်ချင် မျှော်လင့်နိုင်သေးသည်။



အဲဒါကတော့ ချယ့်သရုပ်ဆောင်ချက်တွေ ဘယ်လောက်ထိ ပြောင်မြောက်သည်ဆိုတာကို စောင့်ကြည့်ရဦးမည်။ နောက်ထပ်ခက်ခဲပင်ပန်းသည့် ရက်တွေကို အများကြီး ကြုံရဦးမည်။ ချယ်ဆိုသည့်ကောင်မလေးပျောက်ပြီး ခင်နှင်းဖြစ်ဖို့ ချယ့်ကို ဘယ်လိုလေ့ကျင့်ပေးရမည်ဆိုတာကိုသာ အချိန်တိုင်းမှာ စိတ်အားထက်သန်နေမိသည်မို့ ချယ်သည် သူနှင့်တစ်စတစ်စ ဝေးကွာလာခဲ့ပြီဆိုတာကို သတိမထားဖြစ်ခဲ့ဘဲ ချယ့်ရင်ထဲက ခံစားချက်ကို ဥပေက္ခာထားသလို ဖြစ်ခဲ့ရတာကို သူ သိလိုက်ရသည့်အချိန်က အတော်နောက်ကျခဲ့ပြီ။

ချယ့်ရင်ထဲက စိတ်ဒဏ်ရာသည် အဲသည် ခရီးစဉ်ကာလကပင် အစပြုခဲ့သည်ထင်၏။ စိတ်အနားယူဖို့ ရည်ရွယ်ခဲ့သည့် ပုဂံခရီးက စိတ်ပင်ပန်းစရာ၊ ညစ်ညူးစရာတွေ ဖြစ်ခဲ့သည်။

ချယ့်ကို ပိုင်စိုးလိုသည်၊ လွှမ်းမိုးလိုသည်ဟု ဘယ်သူတွေပြောပြော ဂရုမစိုက်ဖြစ်ခဲ့တာ။ သူ့ရင်ထဲက စေတနာကို ချယ် နားလည်သဘောပေါက်သည်ဟု ပိုင်ပိုင်နိုင်နိုင် ယုံကြည်ခဲ့၍ဖြစ်သည်။

သို့ပေမဲ့ ချယ်က သူ့ကို ရိုက်ချက်ပြင်းပြင်း တုံ့ပြန်ခဲ့သည်။

သူ ဘယ်လောက် နာကျင်ဝမ်းနည်းရသည်ဆိုတာကို ချယ်က မသိဟန်ဆောင်ခဲ့သည်။ အဲသည်အချိန်အခိုက်အတုံ့

www.burmeseclassic.com

www.burmeseclassic.com



ကို သူ့ဘဝထဲက နုတ်ပယ်လို့ရချင်သည်။ ဘယ်တော့မှ ပြန်သတိမရအောင် မေ့နေချင်သည်။ ရှိမနေခဲ့ဘူးဆိုတာမျိုး ဖြစ်စေချင်သည်။

သို့သော်လည်း အရာအားလုံးသည် သူ့အလိုလျှောက်သာ ဖြစ်ပျက်ပြောင်းလဲသွားခဲ့သည်။



"အစ်ကိုအောင် သတိလစ်မတတ်ဖြစ်နေတော့ ကောင်မလေး ပျာယာခတ်နေပုံများ မြင်စေချင်တယ် အစ်ကိုရာ၊ ငိုချတော့မလားတောင် ထင်ရတယ်၊ ချက်ချင်း ကျွန်တော့်ကို သန်းခေါင်သန်းလွဲကြီး ဆရာဝန်သွားပင့်ခိုင်းတော့တာ၊ ဆေးတိုက်ထားတယ်၊ ရေပတ်တိုက်ပေးလိုက်ရင် အဖျားကျသွားမယ်ထင်တယ်လို့ ကျွန်တော်ပြောတော့ ကျွန်တော့်ကို ရန်သူကြီးကျနေတာပဲ"

ကျော်လေးကို သူ မျက်မှောင်ကြုတ်ပြီး ကြည့်သည်။ ကျော်လေးသည် သူရိုက်သမျှ ကားတိုင်းမှာ တွဲဖက်စီစဉ်သူနာမည်စာတန်းပါချင်လျက် သူ့မျက်နှာအရိပ်အကဲကိုပင် မကြည့်တတ်။

"ကောင်မလေးက ကိုအောင့်ကို သံယောဇဉ်ရှိ..."

"ကျော်လေး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ အာစရိ"

"မင်း ပါးစပ်ကို ပိတ်ထားစမ်းကွာ"

"ဟုတ်. . . ဟုတ်ကဲ့"

စားပွဲဝိုင်းမှာ တစ်ဝိုင်းတည်းထိုင်နေသူတွေအားလုံး မျက်နှာပြုံးစေ့စေ့ဖြစ်သွားကြသည်။ ရှုတင်မှာမဟုတ်။ ထမင်းဝိုင်းမှာမဟုတ်၍လည်း သူ ပင့်သက်ရှိုက်နိုင်သည်။ လက်ဖက်ရည်ဆိုင်မှာဆိုတော့ စားပွဲတစ်လုံးမှာ ကျပ်ကျပ်ညပ်ညပ်ဆို ငါးယောက်ခြောက်ယောက်ထက်ပို၍ မဆံ့။ ညနေစောင်းနေကျချိန်မှာ ရေမိုးချိုးပြီးလျှင် ခြေညောင်းလက်ဆန့် လမ်းလျှောက်ထွက်ဖြစ်သည်။ လက်ဖက်ရည်ဆိုင်လည်း ထိုင်ချင်တတ်သည်။ ပြီးတော့ ပုဂံကို တစ်ချိန်ကတော့ သူ အရူးအမူး ချစ်ခဲ့ဖူးသည်။ ကျောင်းသားဘဝ လေ့လာရေးခရီးထွက်တုန်းကတော့ ပုဂံသည် ချုံနွယ်ပိတ်ပေါင်းတွေကြားထဲ လှည်းလမ်းကြောင်းတွေဘေးက ဘွဲ့တော်မထင်ရှားသည့် ဘုရားအိုပျက်တွေ၊ တချို့လည်း အုတ်ပုံတွေအတိဖြစ်ခဲ့ပေမယ့် သူ အဲသည်ပုဂံကို စွဲလမ်းခဲ့သည်။ ခုတော့ ပုဂံသည် ပြောင်းလဲတိုးတက်ခဲ့ပြီ။ လှည်းလမ်းကြောင်းတွေနေရာမှာ ကတ္တရာခင်းလမ်းတွေဖြစ်ခဲ့ပြီ။

သူ ကျောင်းသားဘဝက ပျပ်ဝပ်သိမ်ငယ်သော ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သည် ခုတော့ ခံ့ညားထည်ဝါသော အဆောက်အအုံကြီးဖြစ်ခဲ့ပြီ။ ဟိုတယ်တွေကလည်း နေရာတိုင်း



မှာ။ ဒါရိုက်တာဖြစ်လာတော့ သူ ပုဂံကို မကြာခဏရောက်သည်။ ကျောင်းသားဘဝတုန်းက စွဲလမ်းခဲ့ဖူးသည့် ပုဂံသည် ခုတော့ သူ့အတွက် ပိုက်ဆံရှာသည့်မြို့သာဖြစ်နေတော့သည်။

"ချယ်ဟာ တို့တင်ခဲ့တဲ့ မင်းသမီး၊ ကဗျာဆန်ဆန် ပြောရရင်တော့ တို့အတွက် ဂုဏ်ယူစရာကောင်းတဲ့ တန်ဖိုးကြီးတဲ့ ပန်းကလေးတစ်ပွင့်ပေါ့ကွာ၊ ဒါကို တို့အားလုံးက ဝိုင်းပြီး ဖေးမရမယ်၊ စောင့်ရှောက်ရမယ်၊ မင်း ခုနကပြောတဲ့အပြောမျိုး၊ ဂျာနယ်လစ်စ်တွေကြားသွားရင် ဇာတ်လမ်းတွေဆင်ပြီး ဖတ်ကောင်းအောင် ရေးနေလိမ့်မယ်၊ အင်တာဗျူးတွေမှာ အနှောင့်အသွားမလွတ်တဲ့ မေးခွန်းတွေ မေးတာခံရဦးမယ်. . .

တို့ရုပ်ရှင်လောကမှာ နာမည်မပျက်ဘဲ တစ်သက်လုံး တည်တည်ကြည်ကြည် သိက္ခာရှိရှိ နေသွားနိုင်တဲ့သူတွေ အများကြီးရှိတယ်၊ ငါ ကိုယ်တိုင်လဲ အဲဒီလိုဖြစ်ချင်တယ်၊ ချယ့်ကိုလဲ အဲဒီလိုပဲ ဖြစ်စေချင်တယ်"

"အဲဒီလို ဆရာ့အပြောမှာ ကိုက ရင်ထဲက စေတနာပါနေပြီးသားပဲ၊ နားမလည်နိုင်ဘူးဆရာ၊ ဆရာက အစွန်းအထင်းမရှိခဲ့တဲ့ လူပျိုတစ်ယောက်ပဲ၊ လက်ရှိလဲ အောင်မြင်နေတဲ့ ဒါရိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအကြည့်များက သူ့ထံ တစ်စုတစ်ဝေးတည်း ရောက်လာသည်။ သူတို့သည်လိုမေးခွန်းမျိုး မေးဖို့ ခပ်စောစောကပင် ဆန္ဒရှိခဲ့ကြလိမ့်မည်။ သူတို့သည် စက်ရုပ်များမဟုတ်ကြသလို ဘာကိုမှ မသိနားမလည်သည့် လူအန္ဓများလည်း မဟုတ်ကြသည့်အတွက် သူတို့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်သမျှ အခြေအနေတွေကို စူးစမ်းချင်၊ လေ့လာသုံးသပ်ချင်ကြသည်ပင်။ ပြီးတော့ အခွင့်ရခဲ့လျှင် ဝေဖန်ဆွေးနွေးချင်ကြလိမ့်ဦးမည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ မအောင်မြင်သေးတဲ့ အခြေအနေမှာ ကျွန်တော်က အခွင့်အရေးယူပြီးမှ သူ့ကို တင်ပေးတယ်လို့ ပြောချင်စရာမဟုတ်ဘူးလား၊ သူ အောင်မြင်ပြီးတဲ့ အချိန်ကျရင် သူ့သဘောနဲ့သူ စိတ်ကြိုက်ရွေးချယ်ပါစေလေ. . .

ငွေနှင်းမှုန်ဟာ မင်းသမီးဖြစ်ဖို့ ဘယ်သူ့ဆီမှာ သူ့ဘဝကို ပုံအပ်ခဲ့ရတယ်ဆိုတာ ခင်ဗျား မေ့ပြီလား၊ နာမည်ကြီးသွားတဲ့အချိန်ကျမှ အဲဒီလူကြီးကို သူ ကန်ထုတ်ပစ်ခဲ့တာလေ"

"ချယ်ကတော့ ရုပ်ရည်ကလွဲပြီး သူ့အမေနဲ့ တစ်စက်မှ မတူပါဘူး"

ဓာတ်ပုံဆရာက ချယ့်ကို အကောင်းမြင်ဝါဒဖြင့် ဝေဖန်သည်။



"ပြီးတော့ သူ့မျက်နှာက သူ့အမေထက် ရှပ်ပ် (Sharp) ဖြစ်တယ်ဗျ။ သူ့သရုပ်ဆောင်ချက်တွေက အပိုအဖို မရှိ ကွက်တိပဲ၊ သဘာဝနဲ့ တစ်ထပ်တည်းပဲ၊ ငွေနှင်း မှုန်ကတော့ နည်းနည်းအိုဗာဖြစ်တယ်လို့ ကျွန်တော် ထင်တယ်"

"ဒါကတော့ သင်ပေးတဲ့သူက ဆရာအောင်လေ"

သူ မျက်နှာလွှဲပြီး ပြုံးနေလိုက်ပါသည်။

လက်ဖက်ရည်ဆိုင်အတွင်းအပြင်မှာ ပြန့်ကျဲနေသော လူတွေက သူတို့အုပ်စုကို စိတ်ဝင်တစား စူးစမ်းကြသည်။ သူတို့ငါးယောက်ထဲမှာ ကိုဖိုးတာလို၊ ကိုမင်းနိုင်လို ရုပ်ရှင်ထဲမှာ မကြာခဏမြင်နေရသည့် ပရိသတ်သိထားပြီးသူတွေ ပါဝင်နေသည်မို့ သူတို့ ရုပ်ရှင်အဖွဲ့သားတွေဆိုတာ သိကြပါလိမ့်မည်။ သို့ပေမဲ့ ပုဂံမြို့ခံတွေအဖို့မှာတော့ ရုပ်ရှင်ဆိုတာ သူတို့နှင့် မစိမ်း၊ မကြာခဏဆိုသလိုပင် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေနှင့် သူတို့ ကြုံကြိုက်နေရပါလိမ့်မည်။

"သူ့မျက်နှာမှာရှိတဲ့ အကြည်ဓာတ်က သဘာဝနဲ့ တစ်ထပ်တည်းဖြစ်စေတယ်လို့ ကျွန်တော်ထင်တယ်၊ သူ အောင်မြင်မှာပဲ"

"ခုထွက်တဲ့ ဗီဒီယိုနှစ်ကားလဲ နှစ်ကားလုံး ပေါက်တာပဲလေ"

"ဒါပေမဲ့ ဗီဒီယိုတွေနဲ့တော့ ဆုံးဖြတ်လို့ မရသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်းသားတွေကလဲ နာမည်ကြီး၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအရရော၊ ဒါရိုက်တာရဲ့ တင်ပြပုံအရရော၊ အဖက်ဖက်က ကောင်းနေလို့ ဗီဒီယိုတွေ ပေါက်တယ်လို့လဲ ပြောနိုင်တယ်၊ သူ့ရဲ့အောင်မြင်မှုကို တိုင်းတာရမှာက ခုရိုက်တဲ့ ပန်းကြွေညို"

"ဟုတ်တယ် ဒါ မင်းသမီးဇာတ်၊ မင်းသမီးဟာ အဓိကပဲ"

"ကောင်မလေး လုပ်နိုင်မှာပါ။ နေ့ခင်းက စကားမပြောဘဲ မျက်နှာနဲ့ချည်း သရုပ်ဆောင်သွားတာ ထင်တောင်မထင်ရဘူးကွာ၊ မနေ့တစ်နေ့ကမှ ဒီလောကထဲ ရောက်လာတဲ့ ကောင်မလေးက. . ."

"ဒါကတော့ သင်တဲ့သူကလဲ အမြှုပ်ထွက်မတတ်ပဲလေ"

သူတို့စကားတွေက သူ့အဖို့တော့ ကြားနေကျ ဝေဖန်ချက်မျိုးပင်ဖြစ်ပါသည်။ သည်ဝေဖန်ချက်တွေအတွက် သူ့မှာ တုန်လှုပ်ရသည်ဆိုတာ မရှိပါ။ လက်ဖက်ရည်လက်ကျန်ကို မော့ပြီးသည့်အခါ လက်ဖက်ရည်ဖိုးရှင်းပေးပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ စီးကရက်တစ်လိပ် မီးညှိဖွာလျက် လမ်းလျှောက်ခဲ့သည်။ ပုဂံမြို့၏ လမ်းများကို သူ ကောင်းစွာ မှတ်မိနေပြီး မှောင်ရီဖျိုးဖျအချိန် လမ်းလျှောက်ထွက်ဖို့ အသင့်လျော်ဆုံးကမည်သည့်နေရာဖြစ်မည်ဆိုတာကိုလည်း သူ ကောင်းစွာသိပါ



သည်။ သို့ပေမဲ့ ပုဂံမြို့သည် ဧည့်သည်များဖြင့် ပြည့်နှက်စည်ကားလျက် သူ့လို စိတ်ကိုဖြေလျှော့ပြီး လွတ်လပ်ခွင့်ရချင်သူတွေအတွက် အခွင့်အရေးများကိုတော့ ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

ကျောင်းသားဘဝကတော့ ဧရာဝတီကမ်းစပ်က လောကနန္ဒာနှင့် ဖက်လိပ်ဘုရားတွေကို ဖူးရဖို့အတွက် ကျောပိုးအိတ်လွယ်ပြီး သူတို့ ခြေလျင်လျှောက်သွားခဲ့ရသည်။ အဲသည်တုန်းက လောကနန္ဒာသည် တိတ်ဆိတ်စိမ်းမြလျက် စေတီတော်၏ ဆည်းလည်းသံနှင့် ဧရာဝတီမြစ်ရေ စီးသံကိုပင် ကြားနိုင်ခဲ့ပါသည်။ သည်တုန်းက သူတို့သူငယ်ချင်းတစ်စုသည် သံတဲဟိုတယ်ဘေးလမ်းအတိုင်း သောင်ပြင်ဆီသို့ ဆင်းသွားပြီး ဂစ်တာတီးသူတီး၊ ပန်းချီရေးသူရေးနှင့် အတော့်ကို ပျော်စရာ ကောင်းခဲ့သည်။

အဲသည်နေ့ပျိုခြင်းတွေကို သူ ဘယ်တော့မှ ပြန်မရနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးက လမ်းလျှောက်ဟန်ကိုမြင်တော့ ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေထိုးထည့်လျက် ခြေစုံရပ်ပစ်လိုက်မိသည်။ ချယ့်လမ်းလျှောက်ဟန်က မိန်းကလေးပေမယ့် သိပ်မနွဲ့ပါ။ ရိုက်ကွင်းပေါ်မှာ အမြဲ သတိထားဖို့ မှာရလောက်အောင်ပင် အနည်းငယ်သွက်သည်။ ခြေလှမ်းကျဲသည်။ နောက်ပြီး အဲသည်ခြေလှမ်းတွေက မြဲမြဲနိုင်မာလွန်းသည်မို့ ယောက်ျားဆန်သည်ဟူ၍ပင် ပြောနိုင်ပါသည်။ အဲသည်လို ထူးခြားသည့် လမ်းလျှောက်ဟန်နှင့် ချယ့်ကို မျက်နှာမသဲကွဲပေမယ့် ဟိုးအဝေးကတည်းက သူ သေချာသိနေခဲ့သည်။ ထို့ကြောင့်လည်း ထနောင်းပင်အရိပ်အောက်မှာ ရပ်ပြီး စောင့်နေခဲ့သည်။

ကျောလယ်အထိ ရှည်လျားနေသော ချယ့်ဆံပင်တွေ ဝေ့ဝဲလွင့်ပါးသွားရလောက်အောင် လေပြည်ဝှေ့လိုက်သည့်အခါ ချယ်က ပါးပြင်ပေါ် အုပ်ကျလာသည့် ဆံမျှင်တွေကို လက်သန်းထိပ်ကလေးဖြင့် ထိသည်ဆိုရုံ ခပ်ဖွဖွ ဖယ်ရှားပစ်လိုက်ရင်း



သားရေကြိုးတပ်ထားသည့် ပိုက်ဆံအိတ်ကလေးကို လက်တစ်ဖက်က လွှဲကစားရင်း ပေါ့ပါးစွာ လျှောက်လာနေသည်။ ချယ်က သစ်ပင်အောက်မှာ ရပ်နေသည့် သူ့ကို မြင်ဟန်မတူပါ။ ချယ့်မှာ သည်လိုစိတ်လက်ပေါ့ပါးစွာ လမ်းလျှောက်ခွင့်ကိုပင် ဆုံးရှုံးခဲ့ရသည်မှာ ဘယ်လောက်ကြာပြီလဲ။

မိတ်ကပ်တွေအောက်က မျက်နှာကို စိတ်ပျက် အနေခက်လှသည်ဟု မကြာခဏ ညည်းညူရင်းပင် ချယ်သည် ခုတော့လည်း နိုင်ငံခြားမိတ်ကပ်၊ နှုတ်ခမ်းဆိုးဆေး၊ ရေမွှေးတွေကို စိတ်ဝင်စားရကောင်းမှန်း သိလာပြီ။

"မျက်နှာသစ်ပြီး သနပ်ခါးမွှေးမွှေးလေးများ လိမ်းလိုက်ရရင် ရင်ထဲအထိ စိမ့်ပြီး အေးသွားတာပဲ"

ဟု ချယ်ပြောသည့်အခါ ချစ်စဖွယ် ရိုးစင်းသည့် ဟန်ပန်ကလေးကို သူ့မှာ ကရုဏာပိုခဲ့ရပါသေးသည်။

ခုလည်း ချယ်သည် မျက်နှာပေါ် မိတ်ကပ်မတင်ဘဲ သဘာဝအသားအရောင်အတိုင်းသာ ရှိလျက် ရှေ့ဘက်တစ်ညီတည်း ကျနေသည့် ဆံပင်တွေကို နဖူးကနေ နောက်သို့ ဘီးကုပ်ပြားပြားကလေးဖြင့် လှန်သိမ်းထားသည်။ အညိုနှင့် အဝါဖျော့ နှစ်ရောင်စပ် စပို့ရှပ်နှင့် ထဘီကတော့ လေးထောင့်ကွက်လေးတွေပေါ် ပန်းပွင့်လေးတွေ ခပ်ကျဲကျဲ ဖော်ထားသည့် စကာဒ်ထဘီရှည်ရှည်နှင့် ကတ္တီပါဖိနပ် ခုံမြင့်ကလေးနှင့် ချယ်သည် မော်နီတာထဲမှာ မြင်ရသည့် ချယ်ထက် ပိုပြီး ချွဲမက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖွယ်ကောင်းနေခဲ့သည်။

သူက သစ်ပင်ကိုကွယ်ပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းလျက် စီးကရက်ဖွာနေလိုက်သည်။ ချယ်သည် လမ်းဘေးဝဲယာမြင်မြင်သမျှ စေတီဟောင်းတွေ၊ သစ်ပင်တွေ၊ ခပ်မှန်မှန်သွားနေသည့် စက်ဘီးတွေကို ငေးမောကြည့်လာဟန်တူပါသည်။ ကတ္တရာလမ်းအစပ် သူ့ရှေ့နှစ်ကိုက်လောက်အကွာ မြေပြင်မှာ ချယ့်ခြေဖမိုးနှင့် ထဘီအနားစလေးကို မြင်ရဖို့ သူ အတော်စောင့်ရပါသည်။

"ဟိတ်"

ရုပ်ရှင်ထဲက ပုံစံအတိုင်း ခုန်ထွက်ပြီး သူမရှေ့က ဝိတ်ရပ်လိုက်တော့ သူမ အထိတ်တလန့်ဖြင့် နောက်သို့ ခြေလှမ်းဆုတ်လိုက်သည့်ဟန်ကလေးသည် သူ့မျက်စိထဲမှာ ဓာတ်ပုံရိုက်ထားသလို စွဲထင်နေခဲ့သည်။ သူ တဟားဟား အော်ရယ်တော့ ချယ် မျက်နှာနီမြန်းပြီး ရှက်သွားခဲ့သည်။

"ချယ်ကတော့ ပျောက်နေလို့ ရှာလိုက်ရတာ၊ လေးလေးက ဘယ်တွေ လျှောက်သွားနေတာလဲ၊ ကောင်းကောင်း နေကောင်းသေးတာလဲ မဟုတ်ဘဲနဲ့"

"ချယ်ကရော တစ်ယောက်တည်း ဘယ်သွားမလို့လဲ"

"လမ်းလျှောက်ကြည့်မလို့၊ တစ်ယောက်တည်း



လမ်းလျှောက်ရတာ ချယ် ပျော်လို့ပါ"

- "တော်ကြာ မှတ်မိသွားရင် လူတွေ ဝိုင်းအုံလာကြမှာနော်"

"မအုံပါဘူး လေးလေးကလဲ၊ နောက်ပြီး နေရောင် ... သိပ်မလင်းတော့ပါဘူး၊ ဒီလိုအခွင့်အရေးမျိုးက ရခဲလို့ပါ၊ လေးလေးပါ ချယ်နဲ့လိုက်လျှောက်ပါလား ဟင်"

ငြင်းဆန်လိုက်ဖို့ ကိုယ့်နှလုံးသားကို ပြန်ပြီး အားနာမိသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကတော့ ချယ်နဲ့ ဆန့်ကျင်ဘက်ပဲ၊ ကိုယ် ငယ်ငယ်ကတည်းက အနုပညာသမားဖြစ်ချင်ခဲ့တာ၊ ငယ်ငယ်ကတော့ ပန်းချီဆရာဖြစ်ချင်ခဲ့တယ်၊ နောက်တော့ ဓာတ်ပုံရိုက်တတ်လာပြီး ကင်မရာမင်း(န်)ဖြစ်ချင်ပြန်ရော၊ ကိုယ်ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို **ပြန်ဆန်းစစ်ရင်း တော်တော်အားရလာတဲ့အချိန်**မှာ ဗီဒီယိုကင်မရာတွေ ပေါ်လာပြီး ဗီဒီယိုကင်မရာတစ်လုံးဝယ်ပြီး သူငယ်ချင်းတွေနဲ့ လက်တည့်စမ်းကြတယ်. . .

အဲဒီအချိန်အထိတော့ ဝါသနာပဲရှိသေးတယ်၊ အနုပညာဆိုတာကို သေချာနားမလည်သေးဘူး၊ အနုပညာမြောက်အောင် ဘယ်လိုဖန်တီးရမယ်ဆိုတာလဲ မသိဘူး၊ ဒါပေမဲ့ ကိုယ့်မှာက ကိုယ့်ကို ပံ့ပိုးပေးမယ့်၊ ဖြည့်ဆည်းပေးမယ့် မိဘတွေရှိတယ်၊ ကိုယ် ရုပ်



ရှင်နဲ့ အနုပညာကို စပြီး မြတ်နိုးလာတဲ့ အချိန်ကတော့ ကိုယ့်အသက် ဆယ့်ခြောက်နှစ်သားလောက်ဖြစ်လိမ့်မယ် (The crane are flying) ဆိုတဲ့ ဆိုဗီယက်ကားကို ကြည့်ဖြစ်တဲ့အချိန်ကစပြီး ကိုယ့်ရင်ထဲမှာ အဲဒီလို အနုပညာမျိုး ဖန်တီးချင်တဲ့စိတ် ပေါ်လာတာပဲ၊ အဲဒီတစ်လျှောက်လုံးမှာ ကိုယ်ဟာ ရုပ်ရှင်ကားတစ်ကား ရိုက်ချင်စိတ်နဲ့ ရှင်သန်ခဲ့တယ်၊ အဲဒါကြောင့် ဒါရိုက်တာ တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တယ်. . .

ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံရရင် ကိုယ်ဟာ ကိုယ် ရိုက်ချင်တဲ့ ရုပ်ရှင်ကားမျိုးကို ခုထိ မရိုက်နိုင်ခဲ့သေးပါဘူး"

"ဘာဖြစ်လို့လဲဟင်"

ဝမ်းနည်းနေသော အသံတိမ်တိမ်ကလေး သူ့အနားက ထွက်ပေါ်လာသည်။ သူ နာကျင်စွာ ပြုံးလိုက်မိ၏။

"ပိုက်ဆံမတတ်နိုင်လို့ပါ"

"ဟင်"

"အဲဒီလိုကားမျိုးရိုက်ဖို့ ပိုက်ဆံပုံအောပေးမယ့် ပရိုဂျူဆာမျိုးလဲ မရှိဘူး၊ စက်တွေလဲ မရှိဘူး၊ ဒီမှာရှိနေတဲ့ စက်တွေဆိုတာက ဟောင်းမြင်းပြီး ကိုယ်လိုချင်သလောက် ပုံထွက်မကောင်းနိုင်တော့ဘူးလေ၊

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်စက်သစ်တစ်လုံးဝယ်ဖို့လဲ သိပ်ပြီး ရင်းနှီးမြှုပ်နှံမယ့်သူ မရှိကြဘူး၊ ဖလင်တွေရဲ့ ကွာလ်တီကလဲ မကောင်းဘူး၊ ရုပ်ရှင်ကားတစ်ကားဖန်တီးဖို့၊ သေချာပြောရရင် နိုင်ငံတကာ အဆင့်မီ ရုပ်ရှင်ကားတစ်ကား ဖန်တီးဖို့ ပြောင်မြောက်တဲ့ အနုပညာရှင်တွေနဲ့ ဖော်ထုတ်ပေးမယ့် စိတ်ကူးစိတ်သန်းတွေ ရှိပေမယ့် ငွေကြေးအင်အားမရှိတဲ့အတွက် ပစ္စည်းကိရိယာတွေ အဆင့်မမီတဲ့အတွက် ကောင်းသင့်သလောက် ကောင်းမလာဘူးပေါ့. . .

အသက်နှစ်ဆယ်ကျော်လောက်တုန်းကတော့ ကိုယ့်မှာ မျှော်လင့်ချက်တွေ အပြည့်နဲ့ တက်ကြွနေခဲ့တာပေါ့၊ နိုင်ငံခြားကို မမှီးဘဲ ကိုယ်ပိုင်အနုပညာနဲ့ အကောင်းဆုံး ဖန်တီးဖို့ပေါ့၊ ခုတော့ ကိုယ် နည်းနည်း စိတ်လျှော့လိုက်ပါပြီ"

"လေးလေးစကားတွေက စိတ်ဓာတ်ကျနေတဲ့ လူလိုပဲ၊ လေးလေး ဘာကို စိတ်ဓာတ်ကျနေတာလဲ"

"ဟင်အင်း. . . စိတ်ဓာတ်ကျတာမဟုတ်ဘူး၊ သိပ်ပြီး မျှော်လင့်ထားတာတွေကို လျှော့ပစ်လိုက်တာပါ"

"လေးလေးက ဘယ်လောက်ထိ မျှော်လင့်ထားလို့လဲ"



"ကိုယ်က Rain Men ထဲက ဒတ်စ်တင်ဟော့ဖ်မင်း(န်)လို ဇာတ်ဆောင်မျိုး၊ သရုပ်ဆောင်ချက်မျိုး Dead Men Walking ထဲက ရှောင်ပင်(န်)ရဲ့ သရုပ်ဆောင်ချက်မျိုးလို ဇာတ်ဆောင်မျိုး ရိုက်ချက်မျိုးကို မျှော်လင့်တာ၊ ဒါပေမဲ့ မြန်မာပရိသတ်က အသံထွက်ပြီး ရှိုက်ကြီးတငင် ငိုရတဲ့ အလွမ်းကားမျိုးကို ကြိုက်တယ်လေ၊ ဟာသဆိုလဲ အဓိပ္ပာယ်ရှိတဲ့ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ရယ်မောစေမယ့် ကားမျိုးတွေကိုပဲ ကိုယ်က မျှော်လင့်တယ်၊ ပြီးတော့ တို့ ပရိသတ်က ဇာတ်ဆောင်ကိုပဲ Choice လုပ်တယ်၊ ဇာတ်ကားကို မရွေးချယ်ဘူး၊ ဒီဇာတ်ဆောင်ပါလို့ပြီးရော ဆိုတာမျိုး. . .

အဲဒါတွေကို ကိုယ် စိတ်ပျက်တယ်၊ ဒါကြောင့် အနုပညာဖန်တီးတဲ့နေရာမှာ ကိုယ်က အရေအတွက် မဟုတ်ဘဲ ဇာတ်ကားရဲ့ အရည်အချင်းကိုပဲ အမြဲဦးစားပေးခဲ့တယ်၊ ကိုယ်တိုင် adit လုပ်တယ်၊ ကိုယ်တိုင် cut out လုပ်တယ်၊ အသံပိုင်းဆိုင်ရာကအစ ကိုယ့်ဇာတ်ကားတွေမှာ နောက်ခံတီးလုံးတွေ နေရာတိုင်းမှာ ဆူညံနေတာမျိုး မဖြစ်စေရဘူး၊ ရေစက်ကလေး တစ်စက်ကျတဲ့ အသံကအစ လိုအပ်ရင် ရှု တစိုက် ပီပြင်အောင် ထည့်တယ်. . .

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုချင်တဲ့ ကိုယ်ဖြစ်ချင်တဲ့ သရုပ်ဆောင်မျိုး အထူးသဖြင့်တော့ အမျိုးသမီးထဲမှာပေါ့လေ၊ မရသေးဘူး. . .

မိန်းကလေးဆိုတာက အလှပျက်မှာ စိုးရိမ်ကြတာ မဟုတ်လား၊ ချယ့်ကို တစ်နေ့က လုပ်ခိုင်းတဲ့ကတ်မျိုး၊ ရှုံ့က်ငိုပြောငို မဟုတ်ဘဲ နှုတ်ခမ်းတွေကပါရွဲ့သွားပြီး မချိတင်ကဲ ဆို့ဆို့နင့်နင့် ငိုတဲ့အငိုမျိုး၊ အဲလို ရင်ထဲကလာတဲ့ အငိုမျိုး၊ မျက်ရည်ကျရုံ မဟုတ်တဲ့ ဝမ်းနည်းခြင်းမျိုး"

"ချယ် လုပ်နိုင်ခဲ့လားဟင်"

"လုပ်နိုင်ပါတယ်၊ အတိုင်းအတာတစ်ခုအထိပေါ့၊ ပြည့်စုံတယ်လို့တော့ ကိုယ် မပြောဘူးနော်၊ ချယ့်ကို ခုထက်ပိုပြီး ပီပြင်စေချင်သေးတယ်၊ ခုထက်ပိုပြီး အသက်ဝင်စေချင်သေးတယ်၊ မင်းသမီးဆိုတာ ပျောက်သွားပြီး တကယ့်ဇာတ်လမ်းထဲက ဇာတ်ကောင်ဖြစ်နေရမယ်၊ ချယ့်ကို ကိုယ် တောင်းပန်ချင်တာ အဲဒါပဲ. . .

ချယ့်ကို ခေါ်ချင်တဲ့သူတွေ အများကြီးရှိတယ်၊ ချယ်လဲ သိပါတယ်၊ ဒါပေမဲ့ ချယ် ခဏစောင့်ပါဦး၊ ပန်းကြွေည ရုံတင်ပြီးတဲ့ အချိန်အထိ စောင့်ပါဦး၊ ချယ့်ကို ပီပြင်တဲ့ ဇာတ်ကောင်ဖြစ်ဖို့ ဇာတ်လမ်းရွေး



တတ်ဖို့ ကိုယ် စိတ်တိုင်းကျတဲ့အထိ လေ့ကျင့်ပေးချင်သေးတယ်"

"နောက်တော့ရော"

"နောက်တော့. . ."

ချယ်က ခေါင်းကလေးကိုငုံ့ပြီး ရယ်ပြုံးသည်။ အဲသည်အရယ်သည် ကြည်လင်တောက်ပသည်ဟု သူ မထင်။ ချယ့်နှုတ်ခမ်းမှာ နာကြည်းရိပ်ကလေးပင် စွန်းထင်နေသည်ထင်မိ၏။

"ချယ်ဟာ လေးလေးအောင် စိတ်တိုင်းကျ ပုံစံချွတ်ထုထားတဲ့ ပန်းပုရုပ်တစ်ရုပ်ဆိုတာထက် မပိုဘူးပေါ့"

"ဘာကိုလဲ"

"ချယ့်အပေါ် လေးလေးအောင်ရဲ့ သဘောထားက စေတနာက ချယ့်ကို အောင်မြင်စေချင်တဲ့ ပီပြင်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်စေချင်တဲ့ စေတနာသက်သက်ပဲပေါ့ ဟုတ်လား၊ လေးလေးအောင်လက်နဲ့ ထုဆစ်ခဲ့တဲ့ အဲဒီပန်းပုရုပ်ကလေးမှာ နှလုံးသားရှိလိမ့်မယ်လို့ မထင်ဘူးမဟုတ်လား"

ရန်တွေ့သံမဟုတ်ပေမယ့် တုန်ခတ်နေခဲ့သည်။

"ချယ် ဘာပြောချင်တယ်ဆိုတာ ကိုယ် နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဪ... နားမလည်ဘူးလား"

နှုတ်ခမ်းတွေကို ရွဲ့ပြီး ပြုံးလိုက်သောအခါ သူမသည် ရုပ်ရှင်မင်းသမီး ချယ်ရီဖြစ်သွားခဲ့၏။ မြစ်ပြင်နှင့် သောင်ပြင်ကို ကျောခိုင်းပြီး သူတို့ပြန်လျှောက်လာခဲ့ကြသည်။ မြစ်ပြင်ဆီက အေးမြသောလေသည် ချယ်ရီ့ဆံမျှင်တွေ ကပိုကရို လွင့်ပါးသွား‌အောင် ခပ်နော့နော့ ကျီစယ်ဖြတ်ပြေးသွား၏။

နေ့လယ်ဆီက ချိုးငှက်ကူသံလေးကို မကြားရတော့။ ရောင်စုံမီးတွေ ဆလိုက်မီးတွေ မီးရောင်အမျိုးမျိုးသည် ဟိုမှာသည်မှာ လင်းလက်နေပြီး စေတီများကို ပျပျမြင်ရသည်။

သည်လိုညမျိုးကို သူ ခင်တွယ်တတ်ပါသည်။

နံဘေးမှာရှိနေသည့် မိန်းကလေးကြောင့်ပင် သည်ညကို သူ ပိုပြီး ခင်တွယ်ပါသည်။

သို့ပေမဲ့ ကိုယ့်ကိုယ်ကို ကြိုးဖြင့် တုပ်နှောင်လူးလိမ့်နေသော လူတစ်ယောက်၏ ရှုံ့သွပ်မှုမျိုးထက်ပို၍ ဆိုးရွားသော ချုပ်နှောင်မှုဖြင့် သူ့နှုတ်ခမ်းများကို သော့ခတ်ထားခဲ့ရသည်။

ချယ် နားလည်တတ်မည်မဟုတ်ပါ။

နုပျိုသော အမြဲမျှော်လင့်သော၊ အမြဲ တက်ကြွသော နှလုံးသားတစ်ခုသည် မျှော်လင့်ချက်တွေ ပါးလျားပြီး တစိုက်မတ်မတ် ကြိုးစားခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသက်ရှင်နေခြင်းတွေ အတွက်သာ အဓိပ္ပာယ်ရှိတော့သည့် နှလုံးသားတစ်ခုကို နားလည်ပေးဖို့ဆိုတာ ဖြစ်နိုင်ချေ နည်းပါးလှသည်ထင်၏။



"မေမေ့ကို ချစ်နေတုန်းလား"

"ဟင်"

"မေမေ့ကို ခုထိ ချစ်နေတုန်းလားလို့"

သူ အံ့သြသွားပြီး ဘယ်လိုဖြေရမှန်း မသိအောင်ကို မှင်တက်သွားမိသည်။ ချယ့်ထံက သည်လိုမေးခွန်းမျိုးကို သူ လုံးဝ မမျှော်လင့်ခဲ့ပါ။

ကျီစယ်သည်ပဲဖြစ်စေ မမေးသင့်ဘူးဟုလည်း ထင်မိသည်။ သို့သော်လည်း အမှန်တရားကို မြတ်နိုးသည့် မိန်းကလေးတစ်ယောက်အတွက် သူ့မှာ မှန်ကန်သည့် အဖြေတစ်ခု အဆင်သင့်ရှိရပါမည်။

"ဟင်အင်း ကြာခဲ့ပြီပဲ၊ မေ့ပစ်ခဲ့တာ နာကြည်းခဲ့တာတွေအားလုံး ခုချိန်မှာ ပြီးဆုံးခဲ့ပြီးသားပဲ"

"ဒါဆို ချယ့်ကို ငွေနှင်းမှုန်အဖြစ် အစားထိုးအသက်သွင်းနေတာ မဟုတ်ဘူးပေါ့"

"ချယ်ရယ်"

"ပြီးတော့ တခြားမိန်းမတစ်ယောက်ယောက်ကိုလဲ မချစ်ခဲ့ဘူးပေါ့"

ခြေထောက်တွေ ညွတ်ခွေကျသွားချင်သည်။ ဆင်ခြေလျှောလမ်းကလေးအထက်က အုတ်ပုံအပြိုအပျက်၏ အောက်ခြေမှာ သူ ထိုင်ချလိုက်သောအခါ ချယ်က ခြေလှမ်းတွေ တုန့်သွားပြီး သူ့ကို နောက်ပြန်လှည့်ကြည့်သည်။ မပြည့်ကျော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်၏ လရောင်က အရှေ့ဘက်ကမ်းကို ငွေမှင်ရည်တွေလို အရောင်လက်နေစေသည့် ညမျိုးမှာ အရာရာကို မငြင်းဆန်၊ လက်ခံမိတော့လောက်အောင် နှလုံးသားတွေက နူးညံ့နေခဲ့သည်။

"ကိုယ်ဟာ စက်ရုပ်တစ်ရုပ် မဟုတ်ပါဘူး ချယ်၊ ကိုယ့်ရဲ့ နှလုံးသားဟာ သူများတွေထက် ပိုပြီး နူးညံ့ပါတယ်၊ ကိုယ် ချစ်တတ်တယ်၊ ခံစားတတ်တယ်၊ ချစ်လဲ ချစ်ခဲ့တယ်၊ မမနှင်းမဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကိုပေါ့"

ချယ်က သူ့အနားလျှောက်လာပြီး သူ့နံဘေးမှာ ထိုင်ချလိုက်သည်။ သွေးကြောလေး[illegible] ယှက်ဖြာနေသော ကြည်လင်နေသည့် ပါးပြင်ကို မြင်[illegible]ည်။ ရေမွှေးရနံ့လား၊ သနပ်ခါးရနံ့လား သေချာ ခွဲခြားမရသည့် ရနံ့ဖျော့ဖျော့တစ်ခုသည် သူ့နှာခေါင်းမှာ လှည့်ပတ်ပျံ့လွင့်လျက်ရှိသည်။ မျှော်လင့်တကြီးစိတ်အားထက်သန်သည့် မျက်ဝန်းတစ်ခု သူ့ထံ ဝေ့ဝဲရောက်ရှိလာပြီး ချက်ချင်းပင် မျက်လွှာတွေသိမ်းကွယ်လျက် မျက်နှာလွှဲသွားပြန်လေသည်။ လှုပ်ရှားယိမ်းယိုင်ချင်သည့် စိတ်တွေကို ကြိုးစားထိန်းချုပ်နေရသည့်အတွက် သူ့လက်ဖဝါးထဲမှာ ဆံပင်တွေထဲမှာ ချွေးစေးများဖြင့် စိုထန်းလျက်ရှိသည်။ စီးကရက်ကို မီးညှိသည့်အခါ မြစ်ပြင်ဘက်ကလာသည့် အရှိန်ပြင်းသည့် လေကြောင့် မီးတောက်က မကြာခဏ ပြန်ပြန်ငြိမ်းသွားသည်။



နောက်ဆုံးတော့ သူ့စီးကရက် တစ်ဝက်လောက် မီးကျွမ်းသွားပါသည်။

"ဒါပေမဲ့ ကိုယ်. . .၊ ကိုယ့်အတွက် အချစ်ဆိုတာ ကန့်သတ်ချက်ရှိတယ်"

"ကန့်သတ်ချက်. . ."

ခပ်တိုးတိုးရေရွတ်သံက အဝေးကြီးဆီက လွင့်မျောလာသလိုပင်။

"ဟုတ်တယ်၊ ရုပ်ရှင်ကားတစ်ကားကို ကိုယ် ဘယ်တော့မှ ပစ်စလက်ခတ်မရိုက်ဘူး၊ ကိုယ်လိုချင်တဲ့ အခြေအနေရအောင် ကိုယ် စေ့စေ့စပ်စပ် လုပ်တယ်၊ စိတ်ရှည်တယ်၊ ကိုယ် မကြိုက်မချင်း ဘယ်တော့မှ လက်မလွှတ်ဘူး. . .

ခုအရွယ်မှာ ကိုယ် အချစ်အပေါ် ရုပ်ရှင်ရိုက်သလိုပဲ သဘောထားတယ်၊ တစ်ချိန်က ကိုယ်ဟာ ပစ်စလတ်ခတ် ချစ်ခဲ့ဖူးတယ်၊ အရူးအမူး ချစ်ခဲ့ဖူးတယ်၊ ကိုယ့်ရဲ့ ငယ်ရွယ်တဲ့ ကာလလေးတွေမှာ ကိုယ့်အချစ်ကို ကိုယ် ဘယ်လို ထိန်းသိမ်းရမှန်း၊ ဘယ်လိုခံစားရမှန်း၊ မသိခဲ့ဘူး၊ ခုတော့ အချစ်ဆိုတာကို ကိုယ် နားလည်ခံစားနိုင်ပြီ၊ ကိုယ့်အတွက် သေချာတဲ့ အချစ်နဲ့ ခိုင်မာတဲ့ဘဝဆိုတာ တစ်ထပ်တည်းဖြစ်နေတယ်၊ အချစ်ကို နောက်တစ်ကြိမ် မနာကြည်းချင်ဘူးလေ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ့်ချစ်သူကို ကိုယ်က ပန်းကလေးတစ်ပွင့်လို တန်ဖိုး ထားတယ်...

အစွမ်းကုန် ပွင့်ပါစေ၊ လန်းပါစေဦးပေါ့၊ အဲဒီ ပန်းကလေးကို ကိုယ် ဘယ်သူမှ မနမ်းအောင်၊ မခူးရအောင် စောင့်ရှောက်ရဦးမယ်"

"အတွေးခေါင်လွန်းသလားပဲ"

လှောင်ပြောင်သော ရယ်သံတစ်ခုသည် လေပြင်းနှင့် အတူ အဝေးဆီ လွင့်ပါသွား၏။

"ခပ်ကြောင်ကြောင်ပဲလို့ ပြောချင်တာ မဟုတ်လား"

အဆက်မပြတ် ရယ်နေသော ချယ့်မျက်နှာသည် နီမြန်းမြန်းပင် ဖြစ်လာ၏။ ရင်ထဲက ခွင့်လွှတ်နိုင်စွမ်းနှင့် ကြည်နူးခြင်းသည် အံ့ဩဖို့ကောင်းလောက်အောင် လွှမ်းခြုံလာသည်။ မြတ်နိုးခြင်းဆိုတာကို သူ နားလည်သလို ချယ် နားလည်နိုင်ပါစေဟု မျှော်လင့်ဆုတောင်းမိသည်။

"ချယ် တစ်နေ့နေ့ နားလည်လာမှာပါ"

"ဟင်အင်း ချယ် နားမလည်ချင်တော့ဘူး"

"နောက် ဆယ်နှစ်လောက်မှာ ကိုယ့်စကားတွေကို ချယ် ကောင်းကောင်း နားလည်မှာပါ"

သူမက ပခုံးလေးတွန့်လိုက်ပြီး နှုတ်ခမ်းတွေကို မဲ့ပစ်လိုက်ရင်း ထိုင်ရာက ထသည်။ စီးကရက်တိုကို ဖိနပ်ဦးဖြင့်



နင်းခြေနေစဉ်မှာ ချယ်က သူ့ကို ကျောခိုင်းထွက်သွားလေသည်။

"ချယ်ကတော့ ကွေ့ကောက်ဝေ့ဝိုက်နေတဲ့ စကားလုံးတွေကို နားလည်ဖို့ မကြိုးစားချင်ပါဘူး။ ဘယ်သူမဆို ရင်ထဲမှာ ရှိတဲ့အတိုင်း ခံစားခွင့်တော့ ရရမှာပေါ့၊ မဟုတ်ဘူးလား၊ ချယ့်ရင့်ထဲမှာ ဘာကိုမှ သိမ်းမထားချင်ဘူး"

ကိုယ်ပေါ်က ဂျင်း(န်)ဂျာကင်အဖြူဆွတ်ဆွတ်ကို ဆွဲချွတ်ရင်း သူ ချယ့်နောက် ပြေးလိုက်သွားမိသည်။

"ဒါပေမဲ့ လူ့လောကရဲ့ သတ်မှတ်ချက်တွေက တစ်မျိုးလေ၊ ချယ်တို့မိန်းကလေးတွေက ကိုယ့်ဘက်က စပြီး ရွေးချယ်ခွင့်ဆိုတာ မရှိဘူး"

ခပ်ဖျော့ဖျော့အလင်းရောင်အောက်မှာ ချယ့်မျက်ဝန်းတွေ လက်ခနဲ မြင်ရပြီးသည့်နောက်တော့ သူမက နာကျင်စွာ ခပ်အက်အက်ရယ်မောလျက် မျက်နှာလွှဲသွားခဲ့သည်။

"အေးလာပြီ ချယ်"

ဂျာကင်ကို ချယ့်ကိုယ်ပေါ် လွှမ်းခြုံပေးလိုက်သည်။ ချယ့်လက်ဖဝါးလေးကို ဆုပ်ဖျစ်ထားချင်စိတ်ကို လက်ဖဝါးနှစ်ခုကို ပွတ်လျက် ခြေဖျက်ပစ်နေရသည်မှာ ဘယ်မျှ [illegible]နည်း ဖွယ် ကောင်းလိုက်ပါသလဲ။

သို့ပေမဲ့ သေချာမှုတစ်ခုအတွက် အချိန်ကာလ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာတစ်ခုတော့ ပေးဆပ်ရလိမ့်မည်။

"ချယ်ကစပြီး ရွေးချယ်ထားတဲ့သူ ရှိလို့လား၊ ကိုယ့်ကိုပြောလေ"

နှုတ်ခမ်းတွေကို တမင်ပြုံးထားပြီး ကျီစယ်စကား ဆိုလိုက်ရသည်။ မဲ့ပြုံးတစ်ခုဖြင့် သူမက ခေါင်းယမ်းရင်း. . .။

"လေးလေးက ဘာတတ်နိုင်မှာမို့လဲ"

ဟု ခပ်တိုးတိုးမေးလေသည်။

"ကိုယ် ဖွင့်ပြောမှာပေါ့၊ ချယ့်ကိုယ်စား သူ့ကို ကိုယ် ပရိုပို့စ်လုပ်မယ်လေ၊ မကောင်းဘူးလား"

"သွားစမ်းပါ"

ချယ်သည် ရယ်မောရင်းပင် မျက်တောင်ကို ပုတ်ခတ်ပစ်၏။ နောက်တော့ အဖြူရောင်ဂျင်း(န်)ဂျာကင်ကို ပခုံးရှေ့ဘက် ဆွဲယူပြီး ကော်လံအောက်ဘက်က ကြယ်သီးကို စေ့တပ်ထားလိုက်လေသည်။ ထို့နောက် သူတို့နှစ်ယောက်သည် စောစောက ပြောခဲ့သည့် စကားများကို မေ့ပစ်လျက် (မေ့လျော့ဟန်ဆောင်လျက်) ကတ္တရာလမ်းမဆီသို့ တက်ခဲ့ကြသည်။ မြင်းလှည်းတစ်စီး၏ အသားကျ မြေးသော ခွာသံနှင့် လှည်းဘီးကြိတ်လည်သံကြားနေရသည့် လမ်းမပေါ် သူတို့ ခပ်ဖြည်းဖြည်း လျှောက်ခဲ့ကြသည်။ လရောင်သည် ပြန့်ပြူးသော မြေပြင်ပေါ် ထနောင်းပင်၊ တမာပင်တွေ ဆူးရစ်ခြုံတွေပေါ် ကတ္တရာလမ်းနှင့် အိုဟောင်းသော စေတီတွေပေါ် ခပ်ပါးပါး ဖြန့်



ကြက် လွှမ်းခြုံလျက် အရာအားလုံးကို မှိန်ပျပျ မြင်နေရုံ အလင်းရောင်ပေးထား၏။

"လေးလေးအောင်ဟာ တကယ့် အနုပညာသမားပဲ"

စကားအဆုံးမှာ ချယ် ပင့်သက်ရှိုက်လိုက်သည်ဟု ထင်ပါသည်။

"ဒါပေမဲ့ အနုပညာမှာ ကိုယ်ဖန်တီးသလို ဖြစ်မလာနိုင်တာမျိုးရှိသလို အချစ်နဲ့ဘဝဆိုတာလဲ လေးလေးအောင် မျှော်လင့်ထားသလို တစ်ထပ်တည်း ကျချင်မှ ကျမှာနော်"

ချယ့်မှာ ဘယ်လိုအတွေးတွေ ရှိနေသလဲ သူ မသိပါ။

သူ မသိချင်ပါ။


ချယ့်အနုပညာကို သူ ဖန်တီးခြယ်လှယ်နိုင်ခွင့် ရှိနေသေးသရွေ့တော့ သူ တခြားဘာကိုမှ မစဉ်းစားချင်ပါ။

ချယ့်ခေါင်းကို ခပ်ဖွဖွ ပုတ်ပြီး သူ ရယ်မောပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com








## အပိုင်း ( ၄ )

www.burmeseclassic.com

www.burmeseclassic.com







မရဲတရဲ မျှော်လင့်ထားမိပေမယ့် သူ စိုးရိမ်ခဲ့သော နေ့ရက်တွေ သည်လောက်မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မည် မထင်မိပါ။ ပန်းကြွေညသည် သတ်မှတ်မှန်းဆထားသည့် အချိန်ကာလထက် စောပြီး ပြီးခဲ့သည်။ ပန်းကြွေည မပြီးစီးခင်မှာပင် ပန်းကြွေည၏ သတင်းနှင့် ချယ်သည် ရုပ်ရှင်လောကမှာ စာစောင်တွေထဲမှာ မဂ္ဂဇင်းမျက်နှာစာမှာ ပြန့်နှံ့လျှင်မွေးပြန့်နေခဲ့သည်။ ချယ်ရီသည် သိပ်အမြင့်ကြီး မဟုတ်ဘူးဆိုလျှင်တောင် သူ့ ကျေနပ်နိုင်ရုံ အတိုင်းအတာအထိ အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ပြီ။

သို့ပေမဲ့. . .။

အဲသည်အောင်မြင်စပြုနေသည့် မင်းသမီး ချယ်ရီက သူ ဘယ်တုန်းကမှ မမြင်ခဲ့ဖူးသည့် မျက်နှာမျိုးဖြင့် သူ့ရှေ့မှာ ရပ်နေခဲ့သည်။



"စည်သူ ရိုက်မယ့် ဇာတ်ကားကို လေးလေး အောင် ငြင်းလိုက်တယ်ဆို"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"လေးလေး ဘယ်လိုရည်ရွယ်ချက်နဲ့ ငြင်းလိုက်တာလဲ၊ သမီးကို မေးပါဦးလား၊ ချယ့်ဆန္ဒ ဘယ်လိုဆိုတာ မလိုအပ်တော့ဘူးလား"

တချပ်ချပ်လည်နေသည့် ဖလင်ပြားလေးများနှင့် ဆလိုက် ပရိုဂျက်တာကို သူ ပိတ်ပစ်လိုက်ပြီး ချယ့်ကို မျက်နှာချင်းဆိုင်လိုက်သည့်အခါ ချယ့်မျက်နှာသည် သူ ဘယ်တုန်းကမှ မမြင်ခဲ့ရဖူးသည့် မျက်နှာမျိုး ဖြစ်နေခဲ့သည်။ မနော်ဟာရီ ရုပ်ရှင်ခြံထဲက ဟောသည်အခန်းလေးထဲအထိ ချယ်ရောက်လာရလောက်အောင် သည်ကိစ္စက ကြီးကျယ်သည့်ကိစ္စ ဖြစ်[illegible] သလားဟု သူ တကယ် နားမလည်တတ်နိုင်ခဲ့။ ချယ့်အတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းတွေကို သူကိုယ်တိုင် ဖတ်ပြီး ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည်။ လောလောဆယ်မှာ ချယ်သည် မမကြီးတို့ မနော်ဟရီအတွက် ဇီဒီယိုတစ်ကားနှင့် နောက်ထပ် ရုပ်ရှင်ကားကြီး တစ်ကား လက်ခံထားပြီးဖြစ်သည်။ ပန်းကြွေသ ရိုက်ကွင်းပြီး ကတည်းက ကားဆက်ဖို့၊ ကူးဆေးဖို့၊ အသံထည့်ဖို့ ကိစ္စတွေ အတွက် သူ အလုပ်ရှုပ်ခဲ့သည့် ကြားကပင် ချယ့်အတွက် ချယ်နှင့် အသင့်လျော်ဆုံး ဖြစ်မည့် ဇာတ်တွေကို သူ ရွေးချယ်ထားခဲ့သည်။ ချယ်နှင့်သူ့ကြားက အချိန်ကာလ အကွာအဝေးသည် ချယ့်ကို သူ နားမလည်နိုင်ရလောက်အောင်အထိ ဖြစ်မည်မထင်ခဲ့။

"ထိုင်ပါဦး ချယ်"

နိုင်ငံခြားဖြစ် ဆိုဖာခေါက်ကုလားထိုင်လေးကို ညွှန်ပြလျက် သူကိုယ်တိုင်လည်း ချယ်နှင့် မျက်နှာချင်းဆိုင်သို့ ကုလားထိုင်ကို ရွှေ့လိုက်သည်။ ပိတ်ထားသည့် ခန်းဆီးစတွေကို ဆွဲဖွင့်လိုက်ပြီး တစ်ခုတည်းသာရှိသော မှန်တံခါးပေါက်ကို ဖွင့်လိုက်၏။ အနည်းငယ်မှောင်မိုက်နေသည့် အခန်းငယ်လေးထဲ အလင်းရောင် တစ်ဝက်တစ်ပြက် ဝင်လာသည်။ အခန်းထဲမှာ ဖလင်ပြား၊ ဖလင်လိပ်အဟောင်းတွေ၊ ကတ်ကျေးတွေ၊ ဇာတ်ညွှန်း စာရွက်အထပ်တွေ၊ စက္ကူလိပ်တွေ ပြန့်ကျဲ ပွပြနေသည်။

"ကိုယ် ဒီမှာရှိမှန်း ချယ် ဘယ်လိုသိလဲ"

"ကိုကျော်လေးကို ဖုန်းဆက်မေးတာ"

"ချယ် တစ်ယောက်တည်းလား"



မနော်ဟရီရုပ်ရှင်ခြံ အနောက်ဘက် အတွင်းကျကျမှာ ရှိသည့် သည်အိမ်ကလေးထဲ ချယ် တစ်ယောက်တည်း ရောက်လာဖို့ မသင့်ဘူး ထင်ဆဲမှာပင်. . .။

"တစ်ယောက်တည်းဆို မလာရဘူးလား"

ဟူသော အေးစက်စက် ချယ့်စကားသံကို ကြားရသည်။

"ချယ် သိပ်ရန်လိုနေပါလား"

ချယ့်ရှေ့မှာ သူ ထိုင်ချလိုက်သည်။ စီးကရက်မီးညှိဖို့ သတိလက်လွတ် ပြင်ဆင်မိပြီးမှ မီးခြစ်နှင့် စီးကရက်ကို ပြန်သိမ်းဆည်းဖြစ်သည်။

"ဟုတ်တယ် ချယ် ရန်လိုတယ်၊ ဘာကြောင့်လဲ ဆိုတော့ ချယ် သိပ်ဒေါသထွက်နေလို့၊ လေးလေး ဘာကြောင့် ချယ့်အခွင့်အရေးတွေကို ချုပ်ကိုင်ထားချင်ရတာလဲ၊ ချယ် အခုပဲ စည်သူနဲ့တွေ့ခဲ့တယ်"

"စည်သူနဲ့"

စည်သူဆိုတာ ဘယ်သူဘယ်ဝါဖြစ်သည်ဆိုတာ သူ အတော်စဉ်းစားယူရပါသည်။

"ဟုတ်တယ် လေးလေးက ချယ့်ကို ပေးမရိုက်ဘူး လို့. . ."

"နေပါဦး အဲဒီချယ်က အဲဒီ စည်သူဆီ ဘာသွား လုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချယ့်မျက်နှာ ဖြန်းခနဲ နီရဲသွားပြီး ရုတ်တရက် မတ်တတ်ရပ်ပစ်လိုက်သည်။ ပြီးတော့ မီးတောက်တွေ လျှံထွက်နေသော အကြည့်မျိုးဖြင့် သူ့ကို အကြာကြီး စိုက်ကြည့်နေခဲ့သည်။ ချယ့်နှုတ်ခမ်းလွှာတွေ နီရဲနေ၏။ ချယ် ဘာကြောင့် သည်လောက် ဒေါသထွက်နေရသည်ဆိုတာ သူ နားမလည်နိုင်ခဲ့။ သူနှင့်ချယ် မဆုံရသည့် တစ်လကျော် နှစ်လကာလအတွင်းမှာ ချယ် ဘယ်လောက်ထိ ပြောင်းလဲခဲ့လေသလဲ သူ မသိနိုင်ပါ။ သူတို့နှစ်ဦးသားကြား အကွာအဝေးသည် ဖြုန်းခနဲ သည်လောက်ထိ ဝေးကွာသွားသည်ဆိုတာ မယုံနိုင်စရာပါပဲ။

ချယ်သည် သူ ရင်းနှီးခဲ့ဖူးသည့် ချယ်မဟုတ်တော့။

အောင်ထက်၏ ပန်းပုရုပ်ကလေး ချယ်မဟုတ်တော့။

နူးညံ့လှသည့် ပန်းကလေးတစ်ပွင့် မဟုတ်တော့။

"လေးလေးနဲ့ မဆိုင်ဘူးလေ"

"မဆိုင်ဘူးလား၊ ချယ်ဟာ ကိုယ်နဲ့မဆိုင်တော့ဘူးလား"

သူ နာကျင်စွာ ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်လေ၊ ချယ်ဟာ ပန်းကြွေညက ခင်နှင်းကဏ္ဍက ပြီးသွားပြီပဲ၊ ပြီးတော့ လေးလေးဟာ ချယ့်ကို ဇာတ်ကောင်တစ်ကောင်အဖြစ်သာ ဂရုစိုက်ခဲ့တာပဲ၊ ခင်နှင်းအဖြစ်သာ လေးလေးစိတ်ထဲမှာ ရှိခဲ့တာပဲ၊ ပန်းကြွေည ရိုက်ပြီးသွားတဲ့ ဒီအချိန်ကာလ



တွေမှာ ချယ် ဘယ်လိုနေသလဲဆိုတာ လေးလေး အောင် စိတ်မဝင်စားဘူး မဟုတ်လား၊ လေးလေးရဲ့ စိတ်ထဲမှာ အဲဒီအတွေး နည်းနည်းတောင် မရှိဘူး မဟုတ်လား. . .

ချယ့်အကြောင်း မတွေးပေးတတ်တဲ့သူက ချယ့်အနာဂတ်ကို ချုပ်ကိုင်ဖို့ လိုသလား. . .

ချယ့်ဘဝကို ထိန်းချုပ်ဖို့ လိုသလား"

အံ့ဩမှင်တက်လျက် ချယ့်ကို သူ ငေးစိုက်ကြည့်နေမိသည်။

"ချယ့်အကြောင်း မတွေးပေးတတ်တဲ့သူက. . ."

တဲ့။

ဘယ်လောက် ပြင်းထန်လိုက်သည့် စွပ်စွဲချက်လဲ။

အောင်ထက်ရဲ့ အနုပညာလုပ်ငန်းကလွဲပြီး ချယ် တစ်ယောက်သာ သူ့ကို အစဉ်သဖြင့် စိုးပိုင်ခဲ့သည်ဆိုတာကို ချယ် သိအောင် သူ ပြောမပြနိုင်ခဲ့တာကလွဲပြီး ချယ့်အနာဂတ်၊ ချယ့်အောင်မြင်မှုတွေအတွက် သူ အမြဲ အချိန်ပေးခဲ့သည် မဟုတ်လား။

"မလိုဘူး လုံးဝမလိုဘူး၊ ဒီနေ့ကစပြီး ချယ်နဲ့ပတ်သက်သမျှအားလုံး ချယ့်ဘာသာ ဆုံးဖြတ်မယ်"

"မဟုတ်ဘူး ကိုယ်ပြောတာကို ချယ် နားထောင်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ချယ် နားမထောင်ချင်တော့ဘူး၊ လေးလေးပြောတာတွေ ချည်းပဲ ချယ်နားထောင်ခဲ့ရတာ၊ ချယ် ပြောခဲ့တဲ့စကားတွေကိုတော့ လေးလေး ဘယ်တုန်းက အလေးအနက်ထားပြီး နားထောင်ခဲ့သလဲ၊ ချယ်ဟာ လေးလေး ဖန်တီးချင်ခဲ့တဲ့ အနုပညာတွေထဲက တစ်ခုလို့ပဲ လေးလေး သဘောထားခဲ့တာ မဟုတ်ဘူးလား"

"ဒါဟာ ကျေနပ်စရာမဟုတ်ဘူးလား ချယ်၊ ချယ် အောင်မြင်ခဲ့တယ်လေ"

ချယ့်မျက်လုံးတွေ ကျဉ်းမြောင်းသွားခဲ့သည်။ နံရံကို မှီရပ်လျက် မျက်နှာကြက်ကို မော့ကြည့်နေသော ချယ့်မျက်ဝန်းတွေထဲ မျက်ရည်တွေ ပြည့်လျှံနေခဲ့သည်။ ချယ့်နှုတ်ခမ်းလွှာတွေ ဂစ်တာကြိုးတစ်ခုလို တုန်ခတ်နေခဲ့သည်။

ချယ်နှင့်ပတ်သက်ပြီး ပြုမိသည့် သူ့အပြစ်သည် ဘယ်ထိအောင် ကြီးမားနေပါလိမ့်။

"အခု ချယ်ရနေတဲ့ အောင်မြင်မှု၊ ကျော်ကြားမှု၊ လူတွေရဲ့ ဂရုစိုက်နှစ်လိုမှု၊ အရှိန်အဝါနဲ့ ငွေကြေးဆိုတာတွေထက် ပိုပြီး ချယ်က ဘာကို ဖြစ်ချင်သေးတာလဲ၊ ကိုယ် ဖန်တီးတဲ့ အနုပညာကို ကိုယ်ကတော့အမြဲ ဂုဏ်ယူတယ်၊ ချယ်လဲ ဂုဏ်ယူရမယ်၊ အနုပညာကို ချစ်ရမယ်၊ အနုပညာစစ်စစ်ကိုပဲ မက်မောရမယ်"

"ဟင်အင်း ချယ် ဘာကိုမှ မမက်မောဘူး"



ချယ်က မျက်လွှာတွေကို ဖိပိတ်ပစ်လိုက်သည်။ မျက်ရည်စက်တွေ ချယ့်ပါးပြင်၊ လည်တိုင်၊ ရင်ညွန့်တွေဆီ အဆက်မပြတ် စီးကျလာ၏။

"ဒါဆိုရင်လွှင့်ပစ်မှာလား၊ ရပြီးသားအောင်မြင်မှုကို ချယ် လွှင့်ပစ်မှာလား၊ သိပ်မရှုးစမ်းနဲ့ ချယ်၊ ချယ် ကိုယ့်ကိုယ်ကို မညာဘူးဆို၊ ဘာကိုမှ ချယ် လွှင့်မပစ်နိုင်ဘူး ကိုယ် သိတယ်...

ချယ် ခုထက်ပိုပြီး အောင်မြင်ရမယ်...

ကိုယ့်စကားကို နားထောင်စမ်းပါ ကလေးရယ်၊ အဲဒီမင်းပြောတဲ့ ဇာတ်က ဘာအဆီအနှစ်မှ မရှိတဲ့ ပိုက်ဆံရဖို့သက်သက် ထွင်ထားတဲ့ ဇာတ်ပဲ၊ ဘာအနုပညာမှ မပါဘူး၊ ဘာခံစားမှုမှ မပါဘူး၊ ပါတီတွေမှာ က,ရင်းနဲ့ ကောင်လေးနဲ့ ကောင်မလေး ချစ်သွားကြရောတဲ့၊ ကောင်လေးက ကလေကချေ၊ ဖွတ်တရွတ်သမား ခပ်ရိုင်းရိုင်းလေး၊ အဲဒါကို ကောင်မလေးက ခရေဇီဖြစ်သွားပြီး မိဘတွေကို ဆန့်ကျင်တဲ့ဇာတ်၊ အဲဒီလို ပျက်စီးနေတဲ့ အကျင့်စာရိတ္တမျိုး ရိုင်းစိုင်းတဲ့ အတွေးအခေါ်မျိုးကို ရှေ့တန်းတင်ပြီး ဖန်တီးဖြစ်အောင် လျှောက်ရိုက်နေတဲ့ ဇာတ်မျိုးမှာ မင်း မပါရဘူး၊ အဲဒီလို ခပ်ပေါ့ပေါ့ ခပ်တိမ်တိမ် သရုပ်ဆောင်ချက်မျိုးနဲ့ မင်းကို ကိုယ် မမြင်ချင်ဘူး ချယ်...

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် မင်း အဲဒီဇာတ်ကို မရိုက်ပါနဲ့"

နံရံမှာ လှီှတိုက်လျက် ချယ်က ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ သူ့ခြေထောက်တွေ အလို လျှောက်ပင် ညွတ်ကျသွားပြီး ချယ့်ရှေ့မှာ ဒူးထောက်ထိုင်ချ လိုက်မိ၏။ မေးဖျားကို လက်ဖဝါးဖြင့် ပင့်မလျက် ချယ့်ပါးပြင် ပေါ်က မျက်ရည်စက်တွေကို သုတ်ပေးနေမိသည်။

"မင်း ရုပ်ရှင်လောကထဲကို ရောက်လာတာ သူ များတွေလိုမဟုတ်ဘူး၊ ရုပ်ရှင်လောကကို နာကြည်းတဲ့ စိတ်တွေ ကြားထဲက ရုပ်ရှင်ကို ချစ်တတ်အောင် ကိုယ် ကြိုးစားခဲ့ရတာပါ၊ ဒါကြောင့် မင်းအပေါ်မှာထားတဲ့ ကိုယ့်ရဲ့ မျှော်လင့်ချက်၊ ကိုယ့်ရဲ့ မြတ်နိုးမှုဟာ သူများ တွေထက် ပိုတယ်...

မင်းကို ကိုယ့်မျက်စိအောက်မှာပဲ ထားချင်တယ်၊ မင်းအတွက် အမှားအယွင်းဆိုတာမျိုးကို ကိုယ် မကြား ချင်ဘူး၊ ဘယ်တော့မှ မကြားချင်ဘူး ချယ်...

ကိုယ့်စေတနာတွေကို မင်း လက်မခံချင်ရင်လဲ မစော်ကားပါနဲ့ ချယ်၊ လွှင့်မပစ်ပါနဲ့၊ ဒီတစ်ခါ ကိုယ့် စကားကို နားထောင်ပါ၊ မင်းရဲ့ အနာဂတ်ကို မင်းဘာ သာ ဖန်တီးနိုင်မှာပါ၊ မင်းကို ကိုယ် တစ်သက်လုံး လွှမ်းမိုးမထားပါဘူး"

ချယ့်လက်ဖျားလေးတွေကို သူ ဆုပ်ကိုင်မိပါသည်။



ပူနွေးသည့် နှလုံးသွေးတွေ သူ့ကိုယ်ထဲ ခပ်ဖြည်းဖြည်း စီးဆင်း လျက်ရှိသည်။ အခန်းကလေးသည် ရှိုက်သံတိုးတိုးကလွဲပြီး တိတ်ဆိတ်သွားခဲ့၏။

အချိန်အတော်ကြာအောင် သူတို့နှစ်ဦး သည်အတိုင်း ငြိမ်သက်နေမိကြသည်။ ပြတင်းပေါက်အပြင်ဘက်က ဇီဇဝါ ပန်းရနံ့သည် သူတို့နှစ်ဦးရှိနေသည့် အခန်းကလေးထဲအထိ သင်းပျံ့မွှေးကြိုင်နေခဲ့သည်။ ရင်ဘတ်ပေါ် ကပိုကရိုကျနေ သည့် ချယ့်ဆံနွယ်တွေကို သိမ်းဖယ်ပေးချင်သည့် စိတ်ဖြင့် သူ့လက်ချောင်းတွေ မကြာခဏ လှုပ်ရှားသွားတတ်ပေမယ့် တကယ်တမ်းကျတော့ မလုပ်ဖြစ်ခဲ့ပါ။ ချယ့်မျက်နှာကို ငေးစိုက် ကြည့်နေရသည့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်း၊ အချိန်ကလေးသည် အောင်ထက်တွက် ပြီးပြည့်စုံရသည့် ခဏနိဗ္ဗာန်ပဲဖြစ်သည်။

ချယ့်မျက်ရည်တွေက ယခုတိုင် သူ့ကို နာကျင်စေနိုင် ဆဲဖြစ်သည်။

"လေးလေးအောင် ချယ့်ကို ဘာလို့ ချုပ်ကိုင် ထားချင်ရတာလဲ"

ဆိုသော စွပ်စွဲချက်ကတော့ သူ့မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေကို ယိမ်းယိုင်ပြိုလဲစေသည်။ ဒါပေမဲ့ သူ စိတ် မပျက်နိုင်ခဲ့သေးဘူးလေ။

ပြတင်းပေါက်ကထိုးကျလာသည့် အလင်းရောင် လျှော့ပါးပြီး ချက်ချင်းပင် လျှင်မြန်စွာ မိုးရိပ်ညို့လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်က ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး. . .။

"ပြန်တော့မယ်"

ဟု ခပ်တိုးတိုးရေရွတ်သည်။ ချယ့်ကိုယ်လုံးလေးကို သူ ဆွဲထူပေးလိုက်သည်။

"ချယ်"

ချယ်က ပြတင်းအပြင်ဘက် ဇီဇဝါပင်လေးကို ငေးနေသည်။ သူ့ခေါ်သံကို ချယ် မှတ်မှတ်သားသားမရှိလေဟန်ပင်။

"ပန်းကြွေညှ ရုံတင်ပြီးတဲ့ အခါကျရင် ချယ်ရီဆိုတဲ့ နာမည်ဟာ စူပါမင်းသမီးစာရင်းမှာ ထိပ်ဆုံးရောက်သွားပြီ၊ အဲဒီအခါကျရင်. . ."

"တော်ပါတော့ လေးလေးအောင်၊ အဲဒီစကားတွေ ချယ် မကြားချင်တော့ဘူး၊ ချယ် လေးလေးအောင်ရဲ့ ပန်းပုရုပ်ကလေးလဲ မဖြစ်ချင်ဘူး၊ ပန်းပွင့်လေးလဲ မဖြစ်ချင်ဘူး၊ ပြီးတော့ ခင်နှင်းလဲ မဖြစ်ချင်ဘူး၊ ငွေနှင်းမှုန်လဲ မဖြစ်ချင်ဘူး၊ ချယ်ဟာ ချယ်ပဲဖြစ်ချင်တယ်၊ ချယ့်ဘဝကိုပဲ ချယ် ပိုင်ဆိုင်ပါရစေ. . .

လေးလေးအောင်က ချယ့်ကို ပေးချင်တယ်၊ ချယ်ကလဲ ယူချင်တယ်၊ ဒါပေမဲ့ လေးလေးအောင် ပေးချင်တဲ့ အရာနဲ့ ချယ် ယူချင်တဲ့အရာက မတူဘူးဖြစ်နေတယ်၊ အဲဒီတော့လဲ ချယ် နောက်ထပ် မကြိုးစားတော့ပါဘူး"



"ချယ်"

သူ့ရှေ့ကနေ ချယ် လှစ်ခနဲ ပျောက်သွားသည်။ ညင်သာတိုးဖွသည့် ခြေသံသည် အချိန်ခဏလေးအတွင်းမှာ ပျောက်ကွယ်သွားခဲ့၏။ ကားစက်သံကြားလိုက်ရသည်ဟု ထင်သည်။ သူတစ်ယောက်တည်း တိတ်ဆိတ်နေသော အိမ်ကလေးအတွင်းမှာ မေးခွန်းများစွာနှင့် ကျန်ရစ်ခဲ့၏။ ချယ်က ဘာကိုယူချင်သည်မို့လဲ။ သူကရော ဘာကိုပေးချင်သည်လဲ။

နောက်ထပ် မကြိုးစားတော့ပါဘူးတဲ့။

ချယ့်အတွေးတွေ နုနယ်လှသည်ဆိုတာ သူ တစ်နေ့နေ့မှာ ရယ်စရာပြောဖြစ်လိမ့်ဦးမည်။ ချယ်သည် ချယ်ကိုယ်တိုင် ပိုင်ဆိုင်သော ဘဝထဲမှာ ဇာတ်ကောင်ဖြစ်ရလိမ့်ဦးမည်။ ခင်နှင်းလည်း မဟုတ်၊ ငွေနှင်းမှုန်လဲမဟုတ်သောချယ်သည် အနုပညာသည်တစ်ယောက်၏ အောင်မြင်ကျော်ကြားမှုနှင့် ချယ် ယူချင်သည့်အရာကို ရဖို့ အခွင့်အရေး ကြုံလာလေဦးမည်။

သို့ပေမဲ့ ချယ်သည် သူမ ဘယ်အရာကို ပိုင်ပိုင်နိုင်နိုင် ရယူချင်သည်မှန်း ဝေခွဲနိုင်သော သေချာမှုမျိုး ရှိပါရဲ့လား။

ချယ်သည် ငွေနှင်းမှုန် မဟုတ်သည့်အတွက် သူ ကံကောင်းနိုင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းနိုင်သေးသည်ဟူသော သူ့မျှော်လင့်ချက်သည် သိပ်မကြာခင်ကာလမှာ ကုန်ဆုံးသွားခဲ့ပါသည်။ သူ့အဖို့ မျှော်လင့်ချက်တွေ အခွင့်အရေးတွေ ဘယ်တုန်းကမှ မရခဲ့ဖူးဘူးဟု ဇဝေဇဝါ ထင်မှတ်ရလောက်အောင်ပင် လှပသော၊ ရက်စက်သော၊ ကံကြမ္မာ၏ လှည့်ကွက်များက ပန်းကြွေည၏ အောင်မြင်သတင်းနှင့်အတူ တစ်ရက်ပြီးတစ်ရက် ဆက်တိုက်ဆိုသလို ရောက်ရှိလာခဲ့သည်။

'ပန်းကြွေည'က မျှော်လင့်ထားသည်ထက် ပိုပြီး အောင်မြင်ခဲ့ပါသည်။ ခင်နှင်း၏ သိမ်ငယ်ဝမ်းနည်းရမှုများ၊ ကြေကွဲရှက်ရွံ့မှုများ၊ မာန်မာနနှင့် ခွန်အားများ၊ အာဃာတနှင့် အမုန်းတရားများသည် ရုပ်ရှင်ကြည့်ပရိသတ်၏ အာရုံထဲ၊ နှလုံးသားထဲမှာ ကူးစက်လွှမ်းဖုံးထားပြီး ရန်ကုန်မြို့ပြ၏ နေ့ရက်အတော်များများမှာ 'ပန်းကြွေည'သည် ကိန်းဝပ်စွဲတည်နေခဲ့သည်။ ချီးမွမ်းသံများ၊ အံ့သြမှင်တက်မှုများ၊ လက်ခုပ်သံများကြားမှာ ချယ့်အောင်မြင်မှုကို ပီတိဖြင့် စားသုံးရင်း ရန်ကုန်မြို့၏ လမ်းမများပေါ် သူတို့လျှောက်နေဖြစ်ကြသည်။ 'ပန်းကြွေ



ည'၏ အောင်မြင်မှု၊ ချယ့်ဂုဏ်သတင်းအတွက် သူတို့အားလုံး လိုက်လှဲဝမ်းသာခဲ့ကြပါသည်။

သူ့အိပ်ခန်းလေးထဲမှာ ကြည်နူးပီတိစိတ်တွေ ပြည့်သိပ်ပြီး သူ တစ်ညလုံး အိပ်ငံရေးပျက်ခဲ့ချိန်မှာ ချယ် ဘယ်လို နေမှာပါလိမ့်။

"ချယ် ဘာကိုမှ မမက်မောဘူး"

လို့ ခေါင်းမာစွာ ငြင်းဆန်နေဦးမှာလား ချယ်ရယ်။

ချယ် မက်မောလိုချင်သမျှ ပြီးတော့ သူ့ဘက်က ကာလအကြာကြီး မြှုပ်နှံသိမ်းဆည်းခဲ့ရသမျှအတွက် ကြည်နူးဆွတ်ပျံ့ဖွယ် အနာဂတ်တစ်ခုကို တွေးရင်း မျှော်လင့်ရင်း ရင်ခုန်ရင်း အိပ်မက်ရှည်တွေ ဆက်တိုက်မက်ခဲ့သည်။

အဖြူဆွတ်ဆွတ် ပန်းကလေးတစ်ပွင့် ချယ့်ကို လက်ဆောင်ပေးဖို့ ရွေးချယ်ရမည်။ အောင်ထက်အပေါ် ချယ် နားမလည်နိုင်ခဲ့သမျှ ချယ်လိုချင်သည်ထက်ပိုပြီး ရရမည်။

တန်ဖိုးမြင့်မားလှသည့် အချစ်ကို ချယ် ပိုင်ဆိုင်နိုင်ရမည်။

သို့ပေမဲ့...။

သူ စိတ်ကူးယဉ်ခဲ့သမျှ...။

တိမ်စိုင်တိမ်လိပ်တွေ ပြိုကွဲလွင့်မျောသလို တစ်စစီ ပြိုကွဲသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ပျော်ရွှင်မှုတွေကို ဖျက်ဆီးခဲ့သူတွေ ဖြစ်လျှင်တောင် သူ ဘယ်သူ့ကိုမှ အပြစ်မတင်ပါ။ သို့သော်လည်း ကြေကွဲခဲ့ရသည်။

ငြင်းဆန်ပြီးသား ဇာတ်လမ်းတစ်ခုကို နောက်တစ်ကြိမ်ပြန်စဉ်းစားပေးပါဟု ပြောလာသူတွေကို သူ စေ့စေ့ကြည့်မိသည့်အခါ မခံမရပ်နိုင်သည့် ဒေါသရိပ်တွေကို မြင်ရသည်။ ရိုက်ကွင်းပေါ်မှာ သည်လို ပြဿနာမျိုး မဖြစ်သင့်ဘူး ထင်ပေမယ့် မရှောင်လွှဲနိုင်ခဲ့။ တကယ်တော့လည်း သည်လိုဖြစ်စေဖို့ ရိုက်ကွင်းပေါ်မှာ ထိပ်တိုက်လာဆုံအောင် ကံကြမ္မာက ဖန်တီးပေးခဲ့သည်ပဲထင်သည်။

လော်ကားက သဘာဝတောရိုင်းဥယျာဉ်ထဲမှာ သူတို့နှစ်ဖွဲ့ မရည်ရွယ်ပါဘဲ တိုက်ဆိုင်စွာ ဆုံသည်။ တွေ့စကတော့ ရယ်မောနှုတ်ဆက်ကြသည်။ ရုပ်ရှင်လောကထဲ ဘယ်နေရာမှ ရှောင်လွှဲမရသူတွေချည်းမို့ သည်လောက်ထိ အခြေအနေ ဆိုးမည်မထင်ခဲ့။ ကိုကျော်ဇောသည် သူ့ထက် ဆယ်နှစ်လောက်



ရုပ်ရှင်လောကထဲ စောရောက်ပြီး မီးထိုး၊ မှန်ထိုး၊ ကလက်ရိုက် ဘဝကနေ ဒါရိုက်တာ ဖြစ်လာခဲ့သူဖြစ်သည်။ သူ့ဦးလေး အရွယ်မျိုးမို့ တစ်ကြောင်း၊ ဆရာသမားတစ်ဦးလို လေးစားသည်က တစ်ကြောင်းမို့ သူ ရေလည်အောင် ရှင်းပြပြီး ငြင်းပယ်ခဲ့ပြီးကာမှ. . .။

"နေစမ်းပါဦး၊ မင်းက ဘာလို့ ခွင့်မပြုနိုင်ရတာလဲ၊ သူလဲ နာမည်ရနေပြီပဲ၊ သရုပ်ဆောင်ဆိုတာ ဘယ်လို ဇာတ်ရုပ်မျိုးမဆို သရုပ်ဆောင်နိုင်ရမှာပေါ့. . .

သူ့ကို လွတ်လပ်ခွင့်ပေးလိုက်ပါ၊ ချုပ်ကိုင်သိမ်းပိုက်ထားတာမျိုး မလုပ်ချင်စမ်းပါနဲ့"

အဲသည်စကားမျိုးကို သူက မခံနိုင်တာ။

"ချုပ်ကိုင်သိမ်းပိုက်ထားတာမဟုတ်ပါဘူး၊ သူ့ကို အနုပညာစစ်စစ်မှန်မှန်ကို မြတ်နိုးတတ်ပြီး သူ့ ကိုယ်တိုင် ရွေးချယ်တတ်အောင် လေ့ကျင့်ပေးနေတာပါ"

"ဒါဆို ငါတို့က အနုပညာ မစစ်ဘူးလို့ မင်းက ဆိုချင်တာပေါ့"

"ကျွန်တော် ဘယ်သူ့ကိုမှ မထိခိုက်ပါဘူး၊ ကိုယ့်မင်းသမီးကို ကာကွယ်ထားတာပဲ ရှိတယ်"

"ဘာလဲ ကြားထဲက ဖြတ်ခုတ်သွားမှာစိုးလို့လား"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"စည်သူကလဲ ဒီမင်းသမီးနဲ့မှ ရိုက်ချင်တယ်ဆိုလို့ပါကွာ၊ ငါတို့ကတော့ မထိပါဘူး၊ အနုပညာသမား အချင်းချင်း အညွန့်ချိုးတာမျိုး ဘာဖြစ်လို့ လုပ်ချင်ရတာလဲ ကွာ"

သူ့မျက်လုံးတွေ ပြာဝေသွားခဲ့သည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"လုပ်မနေနဲ့ ကိုယ့်လူ၊ မွေးစားတဲ့ ဇာတ်လမ်းဆိုတာမျိုးက မဆန်းပါဘူး၊ ဒီလောကသားတိုင်း နားလည်ထားပြီးသားပါကွာ၊ ဒါပေမဲ့ ဖိုးသူတော်ယောင်ဆောင်တာမျိုးတော့ မလုပ်နဲ့ကွာ"

"ကျွန်တော်က ခင်ဗျားတို့လို သက်သတ်လွှတ်စားတဲ့ ကျားမဟုတ်ဘူး"

ကျော်လေးတို့ ကိုမင်းနိုင်တို့က သူ့လက်ကို ခပ်တင်းတင်း လာဆွဲသည်။ ဒေါသရိပ်ကနေ အနည်းငယ် အထက်စီးဆန်သည့် လှောင်ပြုံးမျိုး တစ်ဖက်လူမျက်နှာပေါ်မှာ ပေါ်လာတော့ သူ့နှလုံးအိမ်တွေ လောင်မြိုက်လျက် တဆတ်ဆတ် တုန်လာတာကို မထိန်းသိမ်းလိုက်နိုင်ခဲ့။ ပရိဂျူဆာနှင့် ရိုက်ကွင်းစီစဉ်သူတွေက ရယ်စရာလိုလို ကျီစယ်သလိုလို စကားတွေ ပြောပြီး သူတို့နှစ်ဦးကြားက အကြိတ်အခဲကို လျော့ပါးအောင် ကြိုးစားသည်။

"နှစ်ဆယ်ကျော်ကောင်လေးနဲ့မို့ စိတ်မချဘူးလို့



ပေါ်တင်ပြောပေါ့ကွာ"

စည်သူဆိုသည့်နာမည်ကို ရင်းနှီးနေပေမယ့် သည်လိုခါးသီးဖွယ် ပတ်သက်မှုမျိုး ကြုံလာရမည်မထင်ခဲ့။ ချယ့်ကိုစွဲလမ်းနေသည့် စတီရီယိုအဆိုတော်ပေါက်စ၊ ဘိုးဘွားစဉ်ဆက်က ကြွယ်ဝချမ်းသာခဲ့သည့် တစ်ဦးတည်းသောသားမို့ လိုတာရ မင်းသားလေးဟု ဂီတလောကမှာ အရှိန်အဝါ တစ်မျိုး ရှိသူဆိုတာထက် ပိုပြီး သူ မသိခဲ့။ စိတ်ဝင်စားခဲ့သည်လည်း မဟုတ်ပါ။ ယှဉ်ပြိုင်ဘက် တစ်ယောက်လို သဘောထားဖို့ဆိုတာတော့ ဝေးကွာလွန်းလှသည်။ သို့သော်လည်း အကျည်းတန်လှသည့် သည်လိုစွပ်စွဲချက်မျိုးက သည်ကောင်လေးနှင့်လည်း ပါဝင်ပတ်သက်နေသည်။

ချယ်ဟာ သည်ကောင်လေးနှင့် ဘယ်အတိုင်းအတာအထိ ရင်းနှီးခဲ့ပြီလဲ။

မဖြစ်ရဘူးနော်. . . ။

ချယ်ဟာ အဖြူရောင်သက်သက်ပဲ ဖြစ်နေရဦးမည်။ ဘယ်သူ့အနမ်းမှ မခံရဖူးသည့် အပျိုစင် မင်းသမီးလေး။

**သည်လိုဂုဏ်သတင်းမွေးပျံ့စေချင်ခဲ့တာ။ မျိုသိပ်ထိန်းသိမ်းထားခဲ့ရသမျှ ချယ့်အတွက်သာ ဖြစ်သည်။** ဘယ်သူ့အတွက်မှ မဟုတ်။

"စိတ်မချစရာ မလိုပါဘူး၊ ဖိုးသူတော်ယောင်ဆောင်ရဖို့လဲ ကျွန်တော်က မလွှတ်မလပ်နဲ့ နေ့တ်

www.burmeseclassic.com

www.burmeseclassic.com



တွဲတွဲတာ မဟုတ်ဘူး. . .

လူပျိုတစ်ယောက်အနေနဲ့ မင်းသမီးကိုပဲဖြစ်ဖြစ်၊ ဆယ်နှစ်လောက် အသက်ငယ်တဲ့ ကောင်မလေးတစ်ယောက်ကိုပဲဖြစ်ဖြစ် သူ ကြည့်ဖူးရင် ကြိုက်လို့ရတာပဲ မဟုတ်ဘူးလား၊ ဒီကဏ္ဍက သီးသန့်ပါ၊ ဒါကို အနုပညာနဲ့ ရောထွေးပြီး ပုဂ္ဂိုလ်ရေးအရ သိက္ခာချတာကတော့ ကျွန်တော့်ကို ဘယ်အချိန်ကတည်းက မလိုလားခဲ့ဘူးလဲလို့ပဲ မေးရမယ်. . .

ချယ်ရီ့ကို ကျွန်တော် ချုပ်ကိုင်မထားပါဘူး၊ ခင်ဗျား တင်မယ့်မင်းသားကို ချယ်ရီ့ဆီက ခွင့်ပြုချက်တောင်းခိုင်းလိုက်ပေါ့. . .

ချယ်ရီက ခေါင်းညိတ်ပြီးရင် ပြီးတာပဲ မဟုတ်လား"

သည်လိုပြောပြီး သူ အားလုံးကို ကျောခိုင်းခဲ့သည်။ သူ့နှုတ်ခမ်းတွေ၊ လက်ချောင်းတွေ၊ ခန္ဓာကိုယ်ပေါ်က အသားမျှင်တွေ၊ မျက်ခမ်းတွေအထိ တဆတ်ဆတ် တုန်နေခဲ့သည်။ ဒေါသတရားသည် သူ့ကို ဘယ်လောက်ထိ လောင်မြိုက်ခဲ့သည်လဲ ဆိုလျှင် နောက်ထပ် ရိုက်ရမည့် ဆင်း(န်)တွေကို မရိုက်ဖြစ်တော့ဘဲ ရှူတင်ဖျက်လိုက်ရသည် အထိပင်။

သည်လိုစကားတွေ၊ သည်လိုစွပ်စွဲပုတ်ခတ်ခြင်းတွေ၊ ကင်းစင်စေချင်သည်မို့ ကိုယ့်ကိုယ်ကို ဘယ်လောက်ထိ စောင့်



ထိန်းခဲ့သည်ဆိုတာ ကိုယ်သာလျှင် သိနိုင်ခဲ့သည်။

အင်းလေ. . .။

အမှန်တရားဆိုတာ တစ်ယောက်တည်းသိရုံနဲ့ မလုံလောက်ဘူးဆိုတော့လည်း. . .။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာတော့ သူသည် ပွင့်အာစပြုနေသော အဖြူဆွတ်ဆွတ် သစ္စာပန်းတစ်ခက်ကို ပလတ်စတစ်ဖြင့် လှပစွာ ထုပ်ပိုးလျက် အနီရောင်ပိုးကြိုးကလေး စည်းထားသော ချစ်သူတွေအတွက် လက်ဆောင်ပန်းစည်းကို ယူပြီး ချယ်နေထိုင်သည့် မော်ဘီမြို့အဝင်က ခြံကလေးထဲသို့ ရောက်သွားခဲ့သည်။ (ချယ်က သစ်တောဝင်းထဲကနေ မြို့အဝင်က သူမ၏ ဖခင်ပိုင်ဆိုင်ထားသည့် ခြံနှင့် တစ်ထပ်တိုက်ကလေးမှာ ဖခင်နှင့်အတူ ပြောင်းရွှေ့နေထိုင်သည်။)

ရန်ကုန်ပြည်လမ်းမကြီးပေါ်မှာ သူ့ကားတစ်စီးတည်း ရှိသည်ထင်ရလောက်အောင်ပင် ကားတွေ ရှင်းလင်းနေပြီး မိုးရိပ်အနည်းငယ် အုံ့ပျပျရှိနေသောကြောင့် ကားမောင်းရသည်မှာလည်း သက်သောင့်သက်သာ ရှိလှသည်။ ချယ့်ကို ဖုန်းဆက်ထားခဲ့သည်မို့ ချယ် အိမ်မှာ ရှိနေပါလိမ့်မည်။ ကားမောင်းရင်း မျှော်လင့်ချက်ဖြင့် ဝမ်းသာကြည်နူးနေမိသည့် သူ့မျက်နှာ ဘယ်လိုရှိနေမည်ဆိုတာ မသိပါ။ ချယ့်ကို သူ အောင်မြင်ခြင်း



တွေ ပေးအပ်နိုင်ခဲ့ပြီ။ ပန်းကြွေညအတွက် ရုပ်ရှင်ရုံတွေအောက်မှာ ပြည့်ကျပ်ညပ်အောင် တန်းစီလျက် ဆန္ဒစောစွာ စောင့်မျှော်နေကြသည့် ပရိသတ်ကို သူ နေ့တိုင်း စောင့်ကြည့်ခဲ့သည်။

ပြီးတော့ အောင်မြင်ခြင်းနှင့်အတူ သူမ ရွေးချယ်ရမည့် အချစ်ကိုလည်း ခုချိန်မှာ ပြင်ဆင်ပြီးလောက်ပြီဟု သူ ထင်သည်။

ခြံဝိုင်းကလေးသည် လူတစ်ဦးတစ်ယောက်မျှ မရှိလေဟန် တိတ်ဆိတ်ငြိမ်သက်နေခဲ့၏။ ကားကို အိမ်ရှေ့မှာ ရပ်လိုက်သည်အထိ အိမ်ထဲမှာ လူသူအရိပ်အယောင် မမြင်ရပါ။ ဥာနပိုင် ဘီခြောက်ရာလေးဘီးကားလေးကို မမြင်ရသည့်အတွက် ချယ့်ဖေဖေ ကိုသန်းထွန်း ရုံးတက်သွားပြီဟုသာ မှန်းဆနိုင်သည်။

သူ ရင်တဒိတ်ဒိတ်ခုန်လျက် ကားပေါ်က ဆင်းပြီး အိမ်ရှေ့တံခါးဝမှာ ရပ်လိုက်သည်။ တံခါးလက်ကိုင်ကို လှည့်ကြည့်လိုက်သည်။ ကနုတ်ပန်းများနှင့် ကျွန်းတံခါး၏ လက်ကိုင်သည် အလွယ်တကူ လည်သွား၏ တံခါးကို လူတစ်ကိုယ်စာ ဝင်သာလောက်အောင် တွန်းဖွင့်လိုက်သည်။

"ချယ်"

အိမ်ထဲသို့ သူ ရောက်သွားသောအခါ ချယ်သည် အတွင်းဘက်ဧည့်ခန်းသို့အဝင်ဟထားသော မှန်တံခါးရှေ့မှာ ခပ်ဖွဖွ ပြုံးသော အပြုံးဖြင့် သူ့ကို ရပ်ကြိုနေ၏။ နို့နှစ်ရောင်

www.burmeseclassic.com

www.burmeseclassic.com



ဥနေပြီး ဇာနားတွန့်လေးတွေ တပ်ထားသော ညဝတ်အင်္ကျီနှင့်ပင် ရှိသေးသည်။ ချယ့်ဆံပင်တွေက ဖြောင့်စင်းပေမယ့် အိပ်ရာကနိုးထစ ကပိုကရိုဟန်မျိုး။ မျက်နှာကတော့ မျက်ခွံတွေ မို့အစ်နေပေမယ့် ကြည်လင်သည်။

သူ့နာရီမမှားပါ။

ကိုးနာရီကျော်နေပြီ။

သည်အချိန်သည် ညဘက် ဇာတ်ဝင်ခန်းတွေ ရိုက်ရသည့် ရုပ်ရှင်မင်းသမီးတစ်ယောက် အိပ်ရာကနိုးထချိန်များလား ဆိုတာတော့ သူ မသိပါ။

"ဖေဖေ ရုံးသွားပြီဆိုပြီး ပြန်အိပ်နေတာ၊ ဒီ လောက်အစောကြီး ရောက်လာမယ် မထင်ဘူးလေ"

မနေ့ကဖုန်းဆက်တော့ ချယ်က. . .။

"ထူးထူးဆန်းဆန်း ဖုန်းဆက်ဖို့ သတိရနေပါလား"

ဟု ခနဲ့သည်။ နက်ဖြန်လာမည်ပြောတော့လည်း ချယ့်အသံက အံ့သြဟန်မရှိ။ သို့ပေမဲ့ သူမ၏ ပင်ကိုစရိုက်အတိုင်း တက်ကြွလျက်ပင်. . .။

"ဘာချက်ထားရမလဲ"

ဟု မေးခဲ့သည်။ သူမ ဖေဖေနှင့် ချက်စ်ထိုးရင်း ညစာစားကြမည်ဟူ၍သာ မျှော်လင့်ထားပုံရလေသည်။ ထို့ကြောင့်လည်း အိမ်မှာ တစ်ယောက်တည်း ကျန်တုန်း စိတ်အေးလက်



အေး ပြန်အိပ်နေခြင်းဖြစ်နိုင်သည်။

သူ့နောက်က ဝှက်ထားသည့် လက်ကို ချယ်က လည်ဆန့်လျက် ကြည့်ရင်း. . .။

"ဘာတွေဝယ်လာတာလဲ"

ဟု မေးသည်။ နှုတ်ကမဖြေပေမယ့် သူ ညင်ညင်သာသာပဲ ခေါင်းယမ်းပြလိုက်၏။ ချယ့်မျက်ဝန်းတွေ ကြည်လင်နေပုံက သူ ချယ့်ကို မြင်ဖူးစ အတိုင်းပင်။ ရှိုးစင်းပြီး သန့်စင်နေသော မျက်နှာကလေးကို သူ အားနာသွားမိသည်။ ချယ်ကတော့ မျှော်လင့်ထားခဲ့မှာ မဟုတ်ဘူးနော်။ သူကတော့ သည်အချိန် သည်ကာလကို စောင့်ခဲ့ရသည်။ ပြီးတော့လည်း အရာရာကို မျိုသိပ်သည်းခံခဲ့ရသည်။ စွပ်စွဲချက်တွေကိုလည်း သူ တစ်ယောက်တည်း ခါးစည်းခံခဲ့သည်။

ဘာပဲဖြစ်ဖြစ် ချယ့်အတွက်ပဲလေ။

ချယ့်ရှေ့မှောက်သို့ သူ ဘယ်လိုရောက်သွားသည် မသိလိုက်။

"လေးလေး ဘာဖြစ်နေတာလဲ"

သူ့လက်ဖဝါးတွေ အေးစက်ပြီး သူ့လက်ချောင်းတွေ မသိမသာ တုန်ရင်နေသည်။ လည်ချောင်းတွေ သွေ့ခြောက်လျက် ရှိသည်။ စကားလုံးတွေက ခြောက်သွေ့တစ်ဆို့နေသော လည်ချောင်းထဲမှာ စုပြုံတွန်းထိုးလျက်ရှိသော်လည်း စကားသံအဖြစ် ထွက်မလာနိုင်ကြချေ။ ညိုရင့်ရင့် မျက်လုံးများက သူ့

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေထဲ ခပ်စူးစူး ထွင်းဖောက်ကြည့်သည်။ စက္ကန့်ပိုင်း အတွင်းမှာပင် ထိုမျက်ဝန်းတစ်စုံအရောင်ပြောင်းသွားပြီး မျက်ဝန်းထဲမှာ အရိပ်တချို့ ပိုလာ၏။ သေချာသည်ကတော့ နားမလည်နိုင်သည့် မေးခွန်းများသာ ဖြစ်ပါလိမ့်မည်။

သူက ဝှက်ထားသောလက်ကို ရှေ့သို့ဆန့်ထုတ်လိုက်သည်။ ချယ်သည် အဖြူရောင်သစ္စာပန်းခက်ကို တစ်လှည့်၊ သူကိုတစ်လှည့် မေးခွန်းတွေ အပြည့်အဝ ပျော်ဝင်နေသည့် မျက်ဝန်းများဖြင့် ကြည့်လျက် နှုတ်ခမ်းတွေက တရွရွ လှုပ်နေသည်။ သူက ချယ့်လက်ယာဘက်လက်ဖဝါးလေးကို ဆွဲယူပြီး သစ္စာပန်းစည်းကိုထည့်လျက် ဖရောင်းလို လက်ချောင်းလေးတွေကို ဖိဆုပ်ထားလိုက်သည်။ ဒူးထောက်ထိုင်ချလိုက်သည့် အခါ ချယ်က အကြည့်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အထိတ်တလန့် စိုးရိမ်ရိပ်ပင် လွှမ်းနေခဲ့သည်။

သူ့ရင်ထဲက တထိတ်ထိတ်ရင်ခုန်သံနှင့်အတူ အချစ်များသာ ပြည့်သိပ်နေခဲ့သည်။ သူ ဘာလုပ်နေသည်ဆိုတာ သူ့ဘာသာ သိပေမယ့် စိုးစဉ်းမျှပင် နောင်တမရခဲ့ချေ။ နောင်အခါ ချယ်က သူ့ကို တွန်းပစ်ပြီး 'အရူး'ဟုပြောလျှင် သူ ကျေကျေနပ်နပ် ရယ်နေနိုင်ပါသည်။ ခုတော့ ချယ့်နှုတ်ခမ်းလေးတွေ ခပ်ဟဟ ပွင့်လျက်ရှိသည်။

သူက ချယ့်လက်ချောင်းလေးတွေကို လက်နှစ်ဖက်ဖြင့် ဖိဆုပ်ထားရင်း ချယ် လက်ဖမိုးကို နဖူးဖြင့် ထိလျက်. . .။



"ချယ့်ကို ကိုယ် လက်ထပ်ပါရစေ"

ဟု ခပ်တိုးတိုးပြောလိုက်သည့်အခါ ချယ့်လက်ချောင်းတွေ ရုတ်ခြည်း အေးစက်လာပြီး ချယ်သည် အရုပ်တစ်ရုပ်လိုပင် တောင့်တင်းသွားခဲ့၏။

သူတို့နှစ်ဦးကြား အရာရာသည် ရပ်ဆိုင်းငြိမ်သက်သွားခဲ့ပြီး ရင်ခုန်သံကို ပြန်ကြားနေရသည်ဟု ထင်မိသည်။ သူ ချယ့်ကို မျှော်လင့်တကြီး မော်ကြည့်လိုက်မိသည်။

အို. . .။

ချယ့်မျက်ဝန်းတွေ. . .။

မျက်လွှာချလျက် သူ့ကို ငုံ့ကြည့်နေသည့် ချယ်မျက်ဝန်းအစုံ နူးညံ့စွာ စိုလဲ့နေကြသည်။ မျက်ရည်တွေ ပြည့်လျှံလျက် မျက်ဝန်းအိမ်အပြည့် မျက်ရည်တွေက ပါးပြင်ပေါ် လျှံကျလုတည်းတည်းပင်။ ချယ်သည် အပေါ်နှုတ်ခမ်းတွေကို သွားဖြင့် ဖိကိုက်ထားလျက် တိုးတိမ်စွာ ရှိုက်ငင်ရင်း ဆတ်ခနဲ မျက်နှာကို ပင့်လိုက်သည်။ အဲသည် ချယ့်မျက်ဝန်းတွေထဲမှာ ကြေကွဲထိခိုက်ခြင်းတွေ၊ ဝမ်းနည်းယူကျုံးမရခြင်းတွေကို သူ သေချာမြင်လိုက်ရပါသည်။

"ခုမှတော့. . ."

သူမ ဘာပြောလိုက်မှန်း မသဲကွဲပါ။ ဒူးထောက်ရာက ထလိုက်တော့ သူ့ခန္ဓာကိုယ် ဆတ်ခနဲ ယိုင်သွားပြီး ချယ့်အပေါ် ပြိုလဲကျတော့မယောင် ဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နောက်ကျသွားပါပြီ"

မျက်ရည်များ ခြောက်သွေ့သွားပြီး ချယ့်မျက်ဝန်းတွေ လျင်မြန်စွာ အေးစက်သွားသည်ကို သူ မယုံကြည်နိုင်အောင် ဖြစ်နေဆဲပင်။ ချယ်က နောက်ဘက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်လိုက်ပြီး မျက်နှာခပ်လွှဲလွှဲထားသည်။ တံခါးဝမှာ ခြေစုံရပ်လျက်ရှိနေသေးသော အောင်ထက်အတွက်တော့ ရှေ့တိုးစရာ ခြေလှမ်း မကျန်တော့။

ချယ့်လက်မှာ သစ္စာပန်းခိုင်လေး ရှိနေဆဲပင်။

"လေးလေး ငြင်းခဲ့တဲ့ စည်သူနဲ့ ရိုက်မယ့် ဇာတ်လမ်းကို ချယ် လက်ခံလိုက်တယ်"

"ဘာ"

သူ့တစ်ကိုယ်လုံး လေထဲပေါက်ကွဲလွင့်စင်လျက် ပြောက်တက်သွားသလို ထင်လိုက်မိသည်။

"ပြီးတော့ စည်သူ့ကိုလဲ. . ."

"မင်း ကိုယ့်ကို စော်ကားလိုက်တာပေါ့လေ၊ ကိုယ့်စေတနာကို စော်ကားလိုက်တာပေါ့ ဟုတ်လား"

"ချယ့်မှာ ဦးနှောက်ရှိတယ်၊ ချယ့်မှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ် လေးလေးအောင်"

ရင်ထဲက နူးညံ့ခြင်းတွေအားလုံး မီးတောက်မီးလျှံတွေ ဖြစ်ကုန်သည်။ သည်တစ်ခါ နာကြည်းရသည်က အဆုံးစွန်ထိ. . .။



သူမအတွက် သူ ဘယ်လောက်ထိ မျှော်လင့်ပြီး ပေးဆပ်ခဲ့ ပေးဆပ်ခဲ့ သူကတော့ နားလည်နိုင်သည်မဟုတ်ချေ။

ဘယ်လောက် နှမြောဖို့ကောင်းသလဲ။

သူ ပျိုးထောင်ခဲ့တဲ့ ပန်းကလေး. . .။

တော်ဝင်သည့် သဇင်လိုပန်းမျိုးမို့ ဘုရားလှူဖို့ အမြတ်တနိုး ပန်ဖို့သာ တန်ရာသည်ထင်ခဲ့မိသည်။ ခုတော့ သူ မျှော်လင့်တန်ဖိုးထားခဲ့သမျှကို စကားတစ်ခွန်းတည်းဖြင့် ရိုက်ချိုးဖျက်ဆီးခံခဲ့ရသည်။ သူ ဘာတတ်နိုင်ခဲ့သလဲ။ ဥပေက္ခာပြုဖို့တောင် တတ်နိုင်ခဲ့လို့လား။

"တော်ပြီ ချယ်ရီ၊ မင်းရှိနေသရွေ့ ဒီလောကကို ငါ ဘယ်တော့မှ ပြန်မလာဘူး"

ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း နောက်ဆုတ်ခဲ့သည်။ နောက်ဆုံး ပြန်စေ့ထားခဲ့သော ကျွန်းတံခါးကို သူ့ကျောဖြင့် ကပ်မိသည်။

နောက်ပြန်လှည့်မကြည့်ဘဲ ထွက်လာခဲ့သည်။

နောက်ထပ် သူမထံက ဘာကိုမှ မမျှော်လင့်တော့ပါ။


"လေးလေးအောင်"

ဟူသော ခေါ်သံတစ်ခုကိုပင် မမျှော်လင့်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com





## အပိုင်း ( ၅ )

www.burmeseclassic.com

www.burmeseclassic.com





"အကယ်ဒမီရရင် ဘယ်လိုနေမလဲလို့ ခဏခဏ စိတ်ကူးကြည့်မိပါတယ်၊ သိပ်ပျော်မှာပဲလို့ သိပေမယ့် အဲဒီပျော်တယ်ဆိုတဲ့ အတိုင်းအတာဟာ ဘယ်လောက်ထိလဲဆိုတာ ချယ် မသိခဲ့ပါဘူး၊ မှန်းဆလို့ မတတ်ဘူးပေါ့လေ. . .

ဒီည အကယ်ဒမီစင်မြင့်မှာ ရပ်ရတော့ ပျော်တယ်၊ ဝမ်းသာတယ်ဆိုတဲ့ ခံစားမှုဆိုတာ အခု ချယ့်ရင်ထဲမှာ ဖြစ်နေတဲ့ ခံစားမှုနဲ့ယှဉ်ရင် သေးသေးမှုန်မှုန်လေး ဖြစ်သွားပါတယ်"

ပြောတတ်လိုက်တာနော်။

www.burmeseclassic.com

www.burmeseclassic.com



သည်စကားတွေက ချယ့်ရင်ထဲက အလိုလျောက် ထွက်လာခဲ့တဲ့ စကားတွေလား။ သိပ်ရိုးသားဖြူစင်ခဲ့တဲ့ မိန်းကလေးတစ်ယောက်လို အရင်ကလိုပဲ ယုံကြည်ရဦးမှာလား။

အကယ်ဒမီစင်မြင့်ပေါ်မှာ ချယ် ရပ်ပြီး စကားပြောနေသည့် မြင်ကွင်းကို သူ မကြာခဏ မြင်ယောင်မှန်းဆကြည့်ရင်း သူ ကြည်နူးခဲ့ရဖူးပါသည်။ အကယ်ဒမီရင်ခုန်သံနှင့်အတူ နှစ်စဉ်လို ကြားနေကျ အမျိုးမျိုး ကျေးဇူးတင်စကားတွေကိုလည်း မျှော်လင့်ကြားယောင်ခဲ့ဖူးပါသည်။ သို့ပေမဲ့ သည်ကနေ့ည အကယ်ဒမီစင်မြင့်ထက်မှာ ချယ် ပြောခဲ့သည့် စကားမျိုးကိုတော့ သူ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။

ချယ်သည် နှုတ်ခမ်းတွေကို မကြာခဏ ဖိလျက် မျက်ရည်ဝဲလာသည့် မျက်ဝန်းအိမ်ကို မျက်တောင်ဖြင့် ပုတ်ခတ်တွယ်ဝှက်လျက် စကားသံတွေကို လိုက်ခါလျက် ရုပ်ရှင်လောက၏ အမြင့်ဆုံး အကယ်ဒမီဆု ရရှိခဲ့ခြင်းအတွက် စိတ်လှုပ်ရှားဝမ်းသာမှုကို အတတ်နိုင်ဆုံး ထိန်းသိမ်းနေခဲ့ပုံရသည်။ မီးရောင်တွေအောက်မှာ ချယ့်ကို မြင်နေရသည့် ခံစားမှုသည် မော်နီတာပေါ်မှာ ချယ့်ကို မြင်ရသည့် ခံစားမှုနှင့် ဘယ်လိုမှ မယှဉ်နိုင်အောင် ကွာခြားလျက်ရှိသည်။

ချယ့်မျက်ဝန်းတွေထဲမှာ မက်မောတွယ်တာရိပ်တွေကို မြင်ရတော့ သည်လောကကို ချယ် ဘယ်တော့မှ စွန့်ခွာသွားမှာမဟုတ်ဘူးဟု တွေးမိလျက် ကျေနပ်ရသည်။



"ပန်းကြွေညဟာ ချယ့်အတွက် ပထမဆုံး ရုပ်ရှင်ကား ကြီးပါ၊ ဗီဒီယိုနဲ့ ရုပ်ရှင်လောကထဲ ရောက်ပြီး ခြောက်လအကြာမှာ ပန်းကြွေညကို ချယ် စရိုက်ခဲ့ရပါတယ်၊ ဘာကြောင့် လဲလို့မေးရင် ပန်းကြွေည ဟာ ချယ့်မေမေ ငွေနှင်းမှုန် မဆုံး ခင်မှာ စပြီး ရိုက်သွားတဲ့ ရုပ်ရှင်ကားကြီးဖြစ်နေလို့ပါ၊ ပန်းကြွေ ညမှာ ချယ်ဟာ မေမေသရုပ်ဆောင်သွားခဲ့တဲ့ ခင်နှင်း နေရာမှာ ဝင်ပြီး သရုပ်ဆောင်ရပါတယ်...

အနုပညာမှာ ကိုယ့်မှုကိုယ့်ဟန်နဲ့သာ အောင်မြင်ရမယ်လို့ မာနတွေ ကြီးခဲ့တဲ့ ချယ်ဟာ ပန်းကြွေညကို ပြန်ကြည့်တဲ့အခါကျတော့မှ မေမေ့ရဲ့ အနုပညာဝိညာဉ်ဟာ ချယ့်ဆီမှာ လွှမ်းမိုးနေခဲ့တယ်လို့ သိခဲ့ပါတယ်၊ သမီးနဲ့မေမေဟာ သမီး မျှော်လင့်မထားခဲ့ပေမယ့် တစ်ယောက်တည်း ဖြစ်နေခဲ့ပါတယ်...

ဒီအကယ်ဒမီဆုဟာ ချယ် တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး...

ဒီအကယ်ဒမီဆုကို သမီးရဲ့ မေမေ ငွေနှင်းမှုန်လဲ ပိုင်ပါတယ်"

အဲဒီမျက်ရည်တွေကို မမြင်ချင်ခဲ့တာ။

ပရိသတ်တွေကြားထဲ ရုပ်ရှင်လောကသားတွေ ကြား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ချယ့်အွားဘွား ဒေါ်အမာတင်လည်း မျက်ရည်တွေ စီးကျ ငိုရှိုက်နေခဲ့ပါသည်။ ချယ့်ဖေဖေသည်လည်း ရုပ်မြင်သံကြားရှေ့မှာ ထိုင်ရင်း မျက်ရည်ဝဲနေလိမ့်မည်ထင်ပါသည်။

ချယ်နှင့်ပတ်သက်သူတွေအဖို့ သည်ညဟာ မမေ့နိုင်တဲ့ညပေါ့။

"ပြီးတော့ ဒီအကယ်ဒမီဆုကို ပိုင်တဲ့ နောက်တစ်ယောက်ရှိပါသေးတယ်၊ သူကတော့ ချယ့်လက်ဦးဆရာဖြစ်တဲ့ ဒါရိုက်တာ အောင်ထက်ဖြစ်ပါတယ်၊ ချယ့်ကို ရုပ်ရှင်လောကထဲ ရောက်လာအောင် အောင်မြင်ကျော်ကြားလာအောင် ခုလို အကယ်ဒမီ ဆုရနိုင်အောင် သွန်သင်ညွှန်ပြ ဆုံးမခဲ့တဲ့. . .

အနုပညာသမားစစ်စစ် တစ်ယောက်အဖြစ် အနုပညာလောကမှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့ အမြဲ သတိပေးခဲ့တဲ့. . ."

မျက်လွှာတွေပိတ်ပစ်လိုက်သောအခါ သူ့ပါးပြင်ပေါ် ခပ်နွေးနွေး မျက်ရည်စက်တွေ လိမ့်ဆင်းကျလာခဲ့ပါသည်။ သွေ့ခြောက်နေသော လည်ချောင်းတွေထဲ မကြာခဏ တံတွေးတွေမျိုချနေမိသည်။ ကြေကွဲထိခိုက်နေသော ဝမ်းသာလှိုက်လှဲခြင်းတွေ ပြည့်နေသော ရင်က တလှုပ်လှုပ် တုန်ခါလျက် အဲသည်လှိုက်ခါမှုကို သူ့ကိုယ်ခန္ဓာကပင် တောင့်ခံမထားနိုင်ခဲ့။

ဆို့နင့်တုန်ခါနေသော စကားသံကို သူ ဆက်လက်



ကြားနိုင်စွမ်း မရှိတော့ပါ။

"လေးလေးအောင်ကို ချယ် ဒီအကယ်ဒမီစင်မြင့်ပေါ်ကနေ လက်အုပ်ချီပြီး တောင်းပန်ပါတယ်၊ သမီးရဲ့ အပြစ်တွေအတွက် ခွင့်လွှတ်ပါ၊ ချယ့်အတွက် ရုပ်ရှင်လောကထဲကို ပြန်လာခဲ့ပါ၊ ဒီရွှေစင်ရုပ်တုရဲ့ ပိုင်ရှင်အစစ်အမှန်ဟာ လေးလေးအောင်ပါ"

ဟင်အင်း. . .။

မယုံနဲ့. . .။

မယုံလိုက်နဲ့နော်။

ပရိသတ်ရဲ့ မျက်ရည်တွေကို ခြွေယူနေခဲ့တာ။

ငွေနှင်းမှုန်ရဲ့ သမီးပဲမဟုတ်လား။

သို့ပေမဲ့ ချယ့်ကို ချယ်ရီအဖြစ်သာ သူ နားလည်ခဲ့သည်ပဲ။ ရိုးသားပွင့်လင်းမှုဖြင့် အမြဲ ကြည်လင်နေသော မျက်ဝန်းတစ်စုံကို သူ စွဲမက်မြတ်နိုးခဲ့ရသည်။ တန်ဖိုးထားခဲ့ရသည်။ ဘယ်သူမှ နားမလည်နိုင်သည့် မေတ္တာတရား ညာတာခွင့်လွှတ်မှု၊ စေတနာအပြည့်ဖြင့် အကောင်းဆုံး ဖြည့်ဆည်းပေးခဲ့သည်မှာ ငွေနှင်းမှုန်ဆိုသည့် မိန်းမတစ်ယောက်၏ အရိပ်တွေ သူ့နှလုံးသားထဲက အပြီးတိုင် ကွယ်ပျောက်သွားစေခဲ့သည့် ခံစားမှု အသစ်၊ နှလုံးသား အသစ်နှင့် တစ်သီးတခြား ဖြစ်ခဲ့သည်မဟုတ်လား။

သူကလေး နားလည်နိုင်မည့် တစ်နေ့နေ့ကို စောင့်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

အဲသည်နေ့ဟာ ရောက်လာခဲ့ပြီလား။

မသေချာသေးပါဘူးလေ။ သိပ်မျှော်လင့်မထားစမ်းပါနဲ့။

"လေးလေးအောင် ဖြစ်စေချင်တဲ့ အနုပညာသမား စစ်စစ်တစ်ယောက်အဖြစ်နဲ့ ချယ် တစ်သက်လုံး ရပ်တည်သွားပါ့မယ်"

ဖြုန်းခနဲ မတ်တတ်ရပ်ပစ်လိုက်ပြီး ရှပ်မြင်သံကြားစက်ကို ပိတ်ပစ်လိုက်သည်။ မျက်စိအမြင်လွှာထဲမှာ အရာရာသည် မှုန်ဝါးသွားခဲ့၏။ ခေါင်းတစ်ခုလုံး သည်းမခံနိုင်တော့လောက်အောင် နောက်ကျူ မူးဝေလာသည်။ သူ့ တစ်ကိုယ်လုံး ကြမ်းပြင်ပေါ် အရှပ်ကြိုးပြတ် ပုံလဲသွားခဲ့သည်။

ထို့နောက်တော့...။

အကယ်ဒမီည၏ ပုံရိပ်များ...။

လက်ခုပ်သံများ...။

ဝိုရှိုက်သံများ...။

ဆလိုက်မီးရောင်...။

တဖြည်းဖြည်း မှုန်ဝါးဝေးကွာသွားခဲ့တော့သည်။



အရာရာကို အသေးစိတ် ပြန်သတိရလောက်အောင် သူ့မှတ်ဉာဏ်တွေ ကောင်းနေခဲ့သေးတာကို စိတ်နာချင်သည်။ သူ့ကိုယ်ခန္ဓာကို ဆေးရုံပေါ်မှာ နမိုးနီးယား (အဆုပ်ရောင်) ရောဂါဖြင့် တစ်ပတ်တိတိလဲလျောင်းနေခဲ့ရပေမယ့်လည်း သူ့ဝိညာဉ်တွေ သူ့အသိစိတ်တွေကတော့ သီဟိုဠ်ပင်အုပ်အုပ်နှင့် အိမ်ကလေးဆီ...၊ ယူကလစ်ပင်များ ရှည်မြင့်လျက်ရှိသော သစ်တောကျောင်းဝင်းဆီ...၊ လရောင်တွေ လက်ဖြာနေသော ဧရာဝတီမြစ်ပြင်၏ သည်ဘက်ကမ်းသောင်ခုံဆီ...၊ သူ့နဖူးပြင်ပေါ် လာထိသော လက်ဖဝါးပြင် နူးအိအိလေးဆီ...၊ မျက်ရည်တွေ ပြည့်လျှံလျက် စိုလဲ့တောက်ပသော မျက်ဝန်းတစ်စုံဆီ လှည့်လည်သွားလာလျက် မမောမပန်းနိုင် ရှိခဲ့သည်။ တကယ်တော့ မေ့ပစ်သင့်ပါသည်။ မေ့ပစ်နိုင်အောင်လည်း ပတ်ဝန်းကျင် အသစ်၊ လုပ်ငန်းခွင် အသစ်၊ လူနေမှုဘဝ အသစ်တွေဆီ သူ တိမ်းရှောင် ထွက်ပြေးခဲ့သည်။ သို့ပေမဲ့ အမှတ်တရများစွာသည် အကယ်ဒမီဆုပေးပွဲနှင့်အတူ သူ့ထံ မွှေနှောက်ရောက်ရှိလာ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားက သည်မျှ ပျော့ညံ့သည်လား။

သည်မျှ ခံနိုင်ရည် နည်းပါးသည်လား။

သတိလစ်လဲကျခဲ့သတဲ့။ နှစ်ရက်လောက်မေ့မျောခဲ့သတဲ့။ သူ့အိမ်နီးချင်းတွေကို ကျေးဇူးတင်ရမည်။ အိမ်ရှေ့တံခါးကို မေ့လျော့ဖွင့်ထားခဲ့သည့် ကိုယ့်ကိုယ်ကိုလည်း ကျေးဇူးတင်ရမည်။

"ဆရာ ဆေးရုံဆင်း လက်မှတ်ရပါပြီ"

အဖြူအနီဝတ်ပြီး ကတ်(ပ်)ဖြူဖြူလေး ဆောင်းထားသည့် သူနာပြုဆရာမလေးက စာရွက်ခပ်ပါးပါး တစ်ရွက် သူ့ကို ကမ်းပေးလျက် ချိုရွှင်သော မျက်နှာထားဖြင့် နှုတ်ဆက်သည်။

"ဆရာ့ဧည့်သည်တွေလဲ ရောက်နေကြတယ် ဆရာ"

"ဧည့်သည်"

"ဟုတ်ကဲ့ ဆရာက ဒါရိုက်တာ အောင်ထက်ဆို"

"ဟုတ်. . . ဟုတ်ပါတယ်၊ ဒါပေမဲ့. . ."

"ပန်းကြွေညကို မန္တလေးမှာ ကြည့်လိုက်ရတယ် ဆရာ၊ သိပ်ကောင်းတာပဲ၊ ရင်ထဲမှာ နင့်ပြီး ကျန်ရစ်ခဲ့တယ်၊ ဇာတ်ဝင်ခန်းတွေရဲ့ အဖြတ်အတောက် ကလဲ အပိုအလိုမရှိ ကွက်တိပဲ၊ ဇာတ်ကောင်စရိုက်လဲ သိပ်ပီပြင်တာပဲ၊ ဟိုရက်တွေကတည်းက ကျွန်မ မသိရ



ဘူးဆရာရယ်၊ အခုရော ဒီမှာ ရုပ်ရှင်လာရိုက်တာလား"

"ဟင်အင်း"

"အပြင်မှာ စောင့်နေတဲ့အဖွဲ့တွေက ရုပ်ရှင်အဖွဲ့တွေပဲမဟုတ်လား ဆရာ၊ မြင့်ဖူးတဲ့သူတွေ ပါတယ်"

"ဟင်အင်း ကျွန်တော် မသိဘူး"

"ဆရာကြီး Round မှာမို့လို့ ပေးမဝင်သေးဘူး ဆရာ၊ ဆရာ ဆင်းသွားရင် တွေ့မှာပါ၊ သူတို့ ဆရာ့ကို သိပ်စိတ်ပူနေကြတယ်"

"ဩော်. . . ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သိမ်းဆည်းစရာ ပစ္စည်းဟူ၍ ဘာဆိုဘာမျှမရှိ။ ဆေးရုံဆင်းစာရွက်ကလေးကို အင်္ကျီအိတ်ထဲခေါက်ထည့်ပြီး ဖျားနာဆောင်၏ ရှည်မျောမျော အခန်းကျယ်ထဲက ဖြတ်ထွက်ခဲ့သည်။ ထဘီနီဝတ် သူနာပြုသင်တန်းသူလေးတွေ အခန်းအပေါက်ဝ တစ်ခုမှာ စုရပ်လျက် မျက်လုံးလေးတွေတချို့ သူ့ထံ ခပ်ဝေ့ဝေ့ ရောက်လာနေ၏။

"ဒါရိုက်တာဆိုလို့ အသားမည်းမည်း ဝဝကြီးလားလို့"

"မဆိုးဘူးနော်၊ နှာလန်ထ ဒီဇိုင်းနဲ့တောင် နည်းနည်းတော့ ကြည့်ကောင်းနေသေးတယ်"

တိုးတိုးကလေးပေမယ့် အသေအချာ ကြားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို ကိုက်ပြီး အောင့်ထားသည့်ကြားက ဟက်ခနဲ ရယ်လိုက်မိသေးသည်။



"ဆရာ. . ဆရာ တော်တော်ရက်စက်ပါလား"

"ကျွန်တော်တို့ကိုလဲ ပြန်ငဲ့ပါဦး ဆရာရယ်၊ ဆရာမရှိရင် ကျွန်တော်တို့ ဘယ်လို ထမင်းစားမလဲ"

"တစ်ပတ်လောင်ကြာလိုက်တယ်ဆို အစ်ကိုတော့အိမ်က ကိုရှမ်းကြီးက ထွက်လာပြောလို့ ကျွန်တော်တို့ ဒီတန်းလိုက်လာတာ"

ဘယ်သူ့စကားကို နားထောင်ရမှန်းမသိလောက်အောင် စကားသံတွေအနားမှာ ပြည့်ကျပ်ဆူညံနေခဲ့သည်။ သူ့ပခုံးကို ဝိုင်းဖက်ကြသည်။ သူ့ခါးကို ဝိုင်းဖက်ကြသည်။ ဘယ်တော့မှ နောက်ထပ်မတွေ့ရတော့ဘူးထင်ရလောက်အောင် အချိန်တိုအတွင်းမှာ စကားအကြောင်းအရာများစွာကို အလောတကြီး ပြောကြသည်။ အဲသည်စကားတွေအားလုံး သူ့ဦးနှောက်ထဲ ရောက်ချင်မှလည်း ရောက်မည်။ သို့ရွေ့ သူ ပျော်ရွှင်ပါသည်။

တစ်ထပ်တိုက်ပုလေးထဲမှာ တစ်ယောက်တည်း အထီးကျန်နေခဲ့သော နေ့ရက်များစွာကို သူ ခါးသက်ခဲ့ပြီ။ တကယ်

www.burmeseclassic.com



တော့ အောင်ထက်ရဲ့နေရာမဟုတ်ဘူးလေ။

လန်းဆတ်သော သဘာဝလေနှင့် အေးမြသော ရာသီ၊ စိမ်းလန်းသော စိုက်ခင်းများ၊ ရောင်စုံပန်းပွင့်များက သူ့စိတ်ကို အသွင်ပြောင်းလဲစေသည် မှန်ပေမယ့် ဖလင်ဆေးရည်အနံ့များ အလင်းရောင်နည်းပါးသော အခန်းများ၊ တချပ်ချပ် လည်နေသော ရုပ်ရှင်ပြစက် တိပ်ရီကော်ဒါများ၊ ဇာတ်ညွှန်းစာရွက်များသည်သာ အောင်ထက်၏ ကမ္ဘာဖြစ်သည်။

သည်ရုပ်ရှင်လောကကို အမှန်တကယ် စွန့်ခွာသွားဖို့ဆိုတာ သူ့ဝိညာဉ် ဆိတ်သုဉ်းမှသာ ဖြစ်လိမ့်မည်။

"အစ်ကို ကားပေါ်တက်၊ ကျွန်တော်တို့ သွားကြရအောင်၊ အိမ်မှာ မင်းသမီး စောင့်နေတယ်"

ကျော်လေးက ထင်းရှူးပင်ရိပ်မှာ ရပ်ထားသော Toyota Hiace ကားဆီ သူ့ကို အတင်းဆွဲခေါ်နေစဉ်မှာပဲ နက်ပြာရောင် ဆူပါ ဆလွန်း ကားတစ်စီး ဆေးရုံဝင်းထဲ မောင်းဝင်လာပြီး သူတို့ရှေ့ ခပ်လှမ်းလှမ်းမှ ငြိမ့်ခနဲ ရပ်တန့်သွားခဲ့သည်။

"ဟော. . . မင်းသမီး လိုက်လာပြီ"



နှင်းဆီဖြူတစ်ပွင့်ကို လက်မှာကိုင်ထားသော မိန်းကလေးသည် လွန်ခဲ့သည့် တစ်ပတ်ကမှ အကယ်ဒမီဆုကို လောလောလတ်လတ် ပိုင်ဆိုင်ထားခဲ့သည့် အကယ်ဒမီ မင်းသမီး ဖြစ်သည်။

ပြီးတော့. . . သူ ထုဆစ်ခဲ့သော ဖန်းပုရုပ်ကလေးဖြစ်သည်။

ပြီးတော့. . . သူ မြတ်နိုးခဲ့ရသည့် ပန်းကလေး ဖြစ်သည်။

အဲသည်ဝိသေသအားလုံးကို တစ်ပေါင်းတစ်စည်းတည်း သူ လက်ခံရှုလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်က ပြာလွင်သော ကောင်းကင်၏ အရောင်မျိုး ထက်အောက်ဆင်တူ ဝတ်စုံဖြင့် သူ့ထံ တစ်လှမ်းချင်း ခပ်ဖြည်းဖြည်း လျှောက်လာနေခဲ့သည်။ သူ ရင်းနှီးသော ချယ့် လမ်းလျှောက်ပုံမျိုးမဟုတ်ပေမယ့် ပိုပြီး သိမ်မွေ့နေခဲ့ပါသည်။ သူ ချယ့်ကို ငေးနေမိသည်မှာ အသက်ပင် ရှူမိပါရဲ့လားမသိ။ ရင်ဘတ်ထဲက လှိုက်ခနဲအေးစက်ပြီး ဟိုးအမြင့်ကြီးက ပြုတ်ကျလာသလို သူ ထိတ်ခနဲ ရင်ခုန်လာခဲ့သည်။

ချယ်က သူ့လက်တစ်ကမ်းအကွာမှာ ရပ်လိုက်သည်။

ဆူးချွန်တွေ ညှပ်ထားသည့် နှင်းဆီဖြူလေးနှင့်အတူ သူ့လက်ကို အုပ်မိုးဆုပ်ကိုင်လိုက်သည်။

ချယ့်လက်ဖဝါးတွေကတော့ နွေးထွေးနေသည်ပင်။ အပြုံးနှင့်အတူ ချယ့် နှုတ်ခမ်းသားလေးတွေ တုန်လှုပ်နေခဲ့သည်။ ချယ့်မျက်ဝန်းအိမ်တွေ စွတ်စိုနေခဲ့သည်။

ခွင့်လွှတ်ပါလို့ တောင်းပန်လိုသည်လား. . .။

ဒါမှမဟုတ်. . .။

ချယ့်ကို လွှတ်လပ်ခွင့် ပေးပါလို့တော့ တောင်းဆိုဖို့ မလိုအပ်တော့ဘူးထင်သည်။

နာကျင်စိတ်ဖြင့် သူ ဖြတ်ခနဲ မျက်နှာလွှဲပစ်လိုက်မိသည်။ သို့ပေမဲ့ သူ ကြားလိုက်ရသည့်စကားသံက သူ့ကို စကြဝဠာအပြင်ဘက်ရောက်အောင် တွန်းပို့လိုက်သလို ဖြစ်ခဲ့၏။



"လေးလေးအောင်ကို လက်ထပ်ပါရစေ"

ပေါးခနဲ အော်ဟစ်သံ၊ ရယ်သံတွေ ကျယ့်ကျယ်လောင်လောင်ကြားကပင် အတိုးတိမ်ဆုံး ရင်ခုန်သံကို သူ ကြားလိုက်ရလေသည်။

ရှား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





2001

ပန်းခွေသူ သွားရှေ့မယ်ဒေ

၁၈ FEBRUARY, 2001

SUNDAY

12:49 PM

www.burmeseclassic.com